

# ၂၀ရာစု အနုပညာရှင်များ

ရန်နောင်ဦး

စာအုပ်အမှတ် ( ၁၀၁ )

**Quality Publishing House**
အမှတ် ၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၂၀ ရာစု
# အနုပညာရှင်များ

ရန်နောင်ဦး

စာမူခွင့်ပြုချက်အမှတ် - ၁၄၇ / ၂၀၀၂ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၆၂ / ၂၀၀၂ (၆)

❖

**စီစဉ်သူ**

ကိုမြင့်ထွန်း

❖

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (၂၀၀၃၊ ဇန်နဝါရီလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ကောင်းထက်

ကာလာခွဲ - ***Alpha***

ကွန်ပျူတာစာစီ - ***Quality***

အတွင်းဖလင် - ***Quality***

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈)လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးသန်းဆွေ (စစ်သည်တော်စာပေတိုက်) (၀၁၄၇၃)

အမှတ် (၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊

ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၀၀၀ ကျပ်

# မာတိကာ


| | | |
|---|---|---|
| * | ရေးသူ့အမှာ | |
| ၁။ | ဂူဒီအယ်လန် | ၁ |
| ၂။ | လူးဝစ်အမ်းစ်ထရောင်း | ၃ |
| ၃။ | ဒဗလျူ အိပ်ချ် အော်ဒန် | ၅ |
| ၄။ | ဂျိုအန်ဘီးဇ် | ၈ |
| ၅။ | ဂျော့ ဘယ်လန်ချိုင်း | ၁၀ |
| ၆။ | ကောင့်ဘက်စီ | ၁၂ |
| ၇။ | ဆော်ဘဲလိုး | ၁၄ |
| ၈။ | ပီယေးဘိုးနတ် | ၁၆ |
| ၉။ | ဒေးဗစ်ဘိုဝီ | ၁၈ |
| ၁၀။ | အဲလ်ဘတ်ကမူး | ၂၀ |
| ၁၁။ | ချာလီချက်ပလင် | ၂၃ |
| ၁၂။ | ဂျော်ဂျီယို ဒီ ချီရီကို | ၂၅ |
| ၁၃။ | ဝူန် ကိုးလ် ထရိန်း | ၂၇ |
| ၁၄။ | အေ ဂျေ ကရိုနင် | ၂၉ |
| ၁၅။ | ဆာလ်ဗာဒေါ ဒါလီ | ၃၁ |
| ၁၆။ | မိုင်းလ်စ် ဒေးဗစ် | ၃၃ |

၁၇။ ဂျိမ်းစ်ဒင်း ၃၅
၁၈။ ဆီမွန်ဒီ ဘူးဗွား ၃၇
၁၉။ ကလော့ ဒီဗျူစီ ၃၉
၂၀။ ဝီလျံ ဒီကူးနင်း ၄၁
၂၁။ အန်ဒရေ ဒါရိန်း ၄၃
၂၂။ ဆာဂျီး ဒိုင်ယာဂီလက် ၄၅
၂၃။ ဝေါ့ ဒစ္စနေ ၄၇
၂၄။ မာဆယ် ဒူးချမ့် ၄၉
၂၅။ ရော ဂျူဖီ ၅၁
၂၆။ ဘော့ ဒိုင်လန် ၅၃
၂၇။ တီ အက်စ် အီလီယတ် ၅၅
၂၈။ ဂျူ အယ်လင်တန် ၅၉
၂၉။ ဝီလျံ ကလပ် ဂေဘယ် ၆၁
၃၀။ ဂျိန်း ဖွန်ဒါ ၆၃
၃၁။ ရောဘတ် ဖရော့စ် ၆၅
၃၂။ ဝီလျံ ကလပ် ဂေဘယ် ၆၇
၃၃။ ဂါဘရီယယ် ဂါစီမာ မားကွတ် ၆၉
၃၄။ ဂျူဒီ ဂါးလန်း ၇၁
၃၅။ ဘော့ ဂဲဒေါ့ဖ် ၇၃
၃၆။ ဂျော့ ဂါရှင် ၇၅
၃၇။ အလန် ဂျင်းစ်ဘတ် ၇၇
၃၈။ ဘန်နီဂွဒ်မန်း ၇၉
၃၉။ မက္ကဇင် ဂေါ်ကီ ၈၁
၄၀။ ကယ်ရီ ဂရန့် ၈၄
၄၁။ ဂျော့ ဟယ်ရစ်ဆန် ၈၆
၄၂။ အားနက်စ် ဟဲမင်းဝေး ၈၈
၄၃။ ဂျိမ်းစ် ဖလက်ချာ ဟမ်ဒါဆန် ၉၀
၄၄။ ဂျင်မီ ဟန်းဒရစ် ၉၂
၄၅။ ဟာမန်း ဟက်စ် ၉၄
၄၆။ အဲဖရက် ဟစ်ချ်ကော့ ၉၇
၄၇။ ဘီးလီး ဟောလီးဒေး ၉၉
၄၈။ မိုက်ကယ် ဂျက်ဆင် ၁၀၁

၄၉။ မစ်ဂျက်ဂါ ၁၀၃
၅၀။ အယ်လ်တန်ဂျွန် ၁၀၅
၅၁။ ဂျက်စပါဂျွန် ၁၀၇
၅၂။ ဂျိမ်းစ်ဂျွိုက် ၁၀၉
၅၃။ ဖရန့်ဇ် ကပ်ဖကာ ၁၁၁
၅၄။ ဝက်စလီ ကန်ဒင်းစကီး ၁၁၄
၅၅။ ပေါလ် ကလီး ၁၁၆
၅၆။ ဖရန့်ဇ် ကလိုင်း ၁၁၈
၅၇။ ကူရိုဆာဝါ အကီရာ ၁၂၀
၅၈။ ဆာ ဒေးဗစ်လင်း ၁၂၂
၅၉။ ဗီဗီလန် လိတ်ချ် ၁၂၄
၆၀။ ဂျွန်လင်နွန် ၁၂၆
၆၁။ မက်ဒေါနား ၁၂၈
၆၂။ ရီးန် မာဂရိ ၁၃၀
၆၃။ သောမတ်မန်း ၁၃၂
၆၄။ ဟင်နရီ မားတိစ် ၁၃၅
၆၅။ ဝီလျံ ဆမ္မားဆက်မွန် ၁၃၇
၆၆။ ဗလာဒီမာ မာယာကော့စကီး ၁၄၀
၆၇။ ပေါလ်မက္ကနေ ၁၄၃
၆၈။ ဟိုအန်း မီရိုး ၁၄၅
၆၉။ အမီဒီယို မိုဒီကလျာနီ ၁၄၇
၇၀။ ပီယေး မွန်ဒရီအမ် ၁၄၉
၇၁။ မာရီလင် မွန်ရိုး ၁၅၁
၇၂။ ဟင်နရီမိုး ၁၅၃
၇၃။ အယ်လ်ကာတို မိုးရေးဗီးယား ၁၅၅
၇၄။ ပါဘလို နီရူဒါ ၁၅၇
၇၅။ ဂျော်ဂျီယာ အိုကီးဖီး ၁၆၀
၇၆။ ချာလီပါကာ ၁၆၂
၇၇။ ပါဘလို ပီကာဆို ၁၆၄
၇၈။ ဂျက်ဆင် ပိုးလော့ ၁၆၇
၇၉။ အက်ဇရာ ပေါင်း ၁၆၉
၈၀။ အဲလ်ဗစ် ပရက်စလေ ၁၇၁

၈၁။ ဂျီယာကိုမို ပူစီနီ ၁၇၃
၈၂။ ဆာဂျီး ရပ်ခ်မာနီနော့ဗ် ၁၇၆
၈၃။ ရောဘတ်ရှိဆန်ကတ် ၁၇၈
၈၄။ ယန်း ရေနွား ၁၈၀
၈၅။ အလိန်း ရက်စ်နိုင့် ၁၈၂
၈၆။ ကလစ်ရစ်ချက် ၁၈၄
၈၇။ မော့က် ရကို ၁၈၆
၈၈။ ဂျော့ ရှူးအော့ ၁၈၈
၈၉။ အက်တာရှုဘင်စတိန်း ၁၉၀
၉၀။ ယန်းပေါ်ဆတ် ၁၉၂
၉၁။ အန်ဒရေ ဆီဂိုးဗီးယား ၁၉၅
၉၂။ ရာဗီ ရှန်ကာ ၁၉၇
၉၃။ ဂျော့ ဘားနတ်ရှော ၁၉၉
၉၄။ ဖရန့်ဲ ဆင်နာထရာ ၂၀၂
၉၅။ စတီဗင် စပီးဘတ် ၂၀၄
၉၆။ ဘရစ် စပရင်းစတင်း ၂၀၆
၉၇။ ရင်ဂိုစတား ၂၀၈
၉၈။ ဂါးထရူစတိန်း ၂၁၀
၉၉။ ဂျွန်စတိန်းဘတ် ၂၁၃
၁၀၀။ အဲဖရက် စတိုင်းဂလစ် ၂၁၅
၁၀၁။ အိုင်ဂါ စထရာဗင်စကီး ၂၁၇
၁၀၂။ ရာဘင်ဒြာနတ်တဂိုး ၂၂၀
၁၀၃။ အတ်တာတမ် ၂၂၂
၁၀၄။ ဒိုင်လန်သောမတ်စ် ၂၂၄
၁၀၅။ ဂျိန်းစ် သာဘာ ၂၂၆
၁၀၆။ အာတူရို တော်စတန်နီနီ ၂၂၉
၁၀၇။ ဂျွန် အပ်ပဒိုက် ၂၃၁
၁၀၈။ အန်ဒီ ဝါးဟိုး ၂၃၃
၁၀၉။ ဗာဂျီးနီးယားဝုဖ် ၂၃၅
၁၁၀။ ဝီလျံ ဘတ်တလာယိစ် ၂၃၈

# စာရေးသူ့အမှာ

၂၀ ရာစုသည် ရာစုနှစ်များထဲတွင် အရှိန်အဟုန်အပြင်းထန်ဆုံး ရာစုတစ်စုဖြစ်သည်။ သိပ္ပံပညာ၊ လူမှုရေး၊ နိုင်ငံရေးနှင့် အနုပညာ စသည့် နယ်ပယ်များတွင် တိုးတက်ပြောင်းလဲမှု မြန်ဆန်၍ မျိုးပေါင်းစုံလင်ခဲ့သော ရာစုတစ်ခုပင်။ ၂၀ ရာစုတွင် ယခင့်ယခင်က ကမ္ဘာတွင် မရှိဖူးသေးသော အနုပညာပုံစံသစ် အယူအဆသစ်များလည်း ပေါ်ပေါက်လာကြပါသည်။ ထိုရာစုတွင် အနုပညာသည် လူနေမှုဘဝကို လွှမ်းမိုး၍ လူနေမှုဘဝက အနုပညာကို လွှမ်းမိုးခဲ့သည်။ လူမည်းတို့၏ ဘလူးစ်ဂီ ဂျပ်ဇ်ဂီတများ၊ လူဖြူတို့၏ ရော့ခ်ဂီတများ၊ အနုပညာမြောက် ခေတ်သစ် ရုပ်ရှင်များနှင့် ပေါ့ပ်ပန်းချီများ၊ ရသပါသော ဓာတ်ပုံပညာရှင်တို့၏ ကြိုးပမ်းချက်များ၊ ခေတ်ကိုပြောင်းလဲပစ်နိုင်သော၊ ခေတ်ကိုထင်အပ်ပြနိုင်သော ဝတ္ထုများ ကဗျာများ၊ မီဒီယာနှင့် ဖျော်ဖြေရေးနယ်ပယ်တို့၏ စွမ်းပကားများ စသည်တို့က ၂၀ ရာစု၏ ထင်ရှားသော အတိုင်းအတာများ ဖြစ်ကြသည်။ ၂၀ ရာစု၏ အနုပညာကို တိုင်းတာရန်အတွက် ထိုရာစု၏ အနုပညာရှင်များအကြောင်းကို သိထားရန်လိုပေလိမ့်မည်။ ယခုစာအုပ်မှာ အောက်စဖို့ဒ်မှ ထုတ်ဝေသော 20th Century Biography စာအုပ်မှ ရွေးနုတ်ပြန်ဆိုထားခြင်းဖြစ်သည်။ မူရင်းစာအုပ်တွင်ကား ၂၀ ရာစုအတွင်း ထင်ရှားသော အားကစားသမားများ၊ အနုပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ စီးပွား

ရေးသမားများ၊ နိုင်ငံရေးခေါင်းဆောင်များ စသဖြင့် ပါဝင်ကြသည်။ စာရေးသူက ၎င်းတို့အထဲမှ အနုပညာရှင်များအကြောင်းကို သီးသန့် ရွေးဖယ်၍ ပြန်ဆိုထားခြင်းဖြစ်သည်။ ယခုစာအုပ်တွင်ကား စာရေးသူအနေဖြင့် တိုက်ရိုက်ပြန်ဆိုသောနည်းကိုသာ အသုံးပြုထားသည်။ အဘယ်ကြောင့်ဆိုသော် အောက်စဖို့ဒ်၏ လူပုဂ္ဂိုလ်များအပေါ် သုံးသပ်ချက်အမြင်များမှာ သင့်တင့်မျှတသည်၊ အချက်အလက် တိကျခိုင်လုံသည်ဟု တွေ့ရှိရ၍ဖြစ်သည်။ ဤမူရင်းစာအုပ်အား လက်ဆောင်ပေးခဲ့သူ သူငယ်ချင်းကောင်းထက်နှင့် စာမူမှသည် စာအုပ်ဘဝသို့ အသွင်ပြောင်းပေးခဲ့သည့် ထုတ်ဝေသူ ကိုမြင့်ထွန်းတို့အား ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းပြောပြလိုပါသည်။

**ရန်နောင်ဦး**



## ဂူဒီအယ်လန် [ Woody Allen ]

[ ၁၉၃၅ – ]

□ **အမေရိကန် ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ စာရေးဆရာ။**

ခေတ်မီသောလောကအတွင်းရှိ ခမ်းနား၍ ဂယောင်ချောက်ချားဖြစ်နေသော မတော်မတည့်ပုံရိပ်ကို ဖန်တီးခဲ့သည်။ မထူးခြားလှသော ဥပမိရုပ်ကို ဖော်ထုတ်အသုံးချခြင်းအားဖြင့် ညို့စားမှုအားကောင်းသော ပုံရိပ်တစ်ခုကို သရုပ်ဖော်နိုင်ခဲ့သည်။

အမည်အရင်းမှာ **အယ်လန် စတီးဝပ် ကိုနစ်စဘက်** (Allen Stewart Konigsberg) ဖြစ်သည်။ ဘရွတ်ကလင်မြို့၌ မွေးဖွားသည်။ အယ်လန်သည် ၁၈ နှစ်အရွယ်တွင် အချိန်မတိုင်မီ တက္ကသိုလ်မှ ထွက်ပြီး မဂ္ဂဇင်းများနှင့် ရုပ်မြင်သံကြားများအတွက် ပြက်လုံးရေးသူနှင့်ဟာသပြဇာတ်ရေးသူအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၆၀ အစောပိုင်းနှစ်များတွင် ဟာသသမားတစ်ယောက်အဖြစ် အခိုင်အမာရပ်တည်နိုင်ရန် လမ်းကြောင်းပြောင်းခဲ့သည်။ သူ့ကိုယ်ပိုင်အချက်အလက်များဖြင့် ပေါင်းစပ်ရေးသားထားသော What’s New Pussycat ကို ၁၉၆၅ တွင် ညကလပ်များ၌ တင်ဆက်ပြသပြီးသည့်

နောက်တွင် ရုပ်ရှင်လောကထဲသို့ ခွဲထွက်လာခဲ့သည်။ ဇာတ်ညွှန်းရေးဆရာနှင့် သရုပ်ဆောင်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၎င်းပြဇာတ်ကို Casino Royale အမည်ဖြင့် ၁၉၆၇ တွင် ရုပ်ရှင်ပြန်ရိုက်ခဲ့သည်။ သူ၏ဘဝရှေ့ဒ်ဝေးတွင် ကျော်ကြားခဲ့သော ပြဇာတ်နှစ်ပုဒ်ဖြစ်သည့် **ရေမသောက်နဲ့** (Don't Drink the Water ) နှင့် **ထပ်ကြိုးစားပါဦးဆမ်** (Play It Again Sam ) တို့ကို ၁၉၆၉ နှင့် ၁၉၇၂ တွင် အသီးသီး ရုပ်ရှင်ရိုက်ခဲ့ကြသည်။ မကြာမီပင် ကျိန်းသေ အမှတ်ရနေစေမည့် ဂန္တဝင်ဇာတ်လိုက် **ဟမ်ဖရီဘောဂတ်** (Haumphery Bogart) ကို သရုပ်ဖော်ခဲ့ကြရာတွင် အယ်လန်သည် ဟိတ်ဟန်မထုတ်ဘဲ မိမိကိုယ်ကိုယ် ချိုးနှိမ်ပြောဆိုသည့် ခပ်ညံ့ညံ့ဇာတ် ကောင်အဖြစ် ရယ်ရွှင်ဖွယ်ရာ ကွဲကွဲပြားပြား သရုပ်ဆောင်ခဲ့သည်။ Everything You Always Wanted to Know About Sex, But Were Afraid to Ask ကိုလည်း ၁၉၇၂ တွင် ရိုက်ကူးခဲ့သည်။ **ဒိုင်ယာနီကီတန်** (Diane Keaton) က သူနှင့် ဆန့်ကျင်ဘက်နေရာမှ သရုပ်ဆောင်ခဲ့သည့် **ထပ်ကြိုးစားပါဦးဆမ်** မှာ သူ့အခြားကားမျိုးစုံထဲတွင် အာရုံစိုက်ခံရသော ရုပ်ရှင်ကားတစ်ကား ဖြစ်သည်။ သူ၏အခြားသော ရုပ်ရှင်ကားများထဲတွင် Sleeper (၁၉၇၃)၊ Love and Death (၁၉၇၅) နှင့် အော်စကာဆုရ Annie Hall (၁၉၇၇) တို့ ပါဝင်လေသည်။

အန်နီခန်းမ ရုပ်ရှင်ကားအတွက် ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆု ကို ရရှိခဲ့သည်။ ၁၉၇၈ တွင် Interiors ဇာတ်ကားဖြင့် ဟာသဇာတ်လမ်းမှ ဦးဆုံးခွဲထွက်ခဲ့ပြီး အကောင်းဆုံးဒါရိုက်တာအဖြစ် အကယ်ဒမီစာရင်းတွင် အမည်တင်သွင်းခံခဲ့ရလေသည်။ ၎င်းနောက်ပိုင်းထွက်ရှိခဲ့သော သူ့ရုပ်ရှင်ကားများထဲတွင် Manhattan (၁၉၇၉)၊ Zelig (၁၉၈၃)၊ Broadway Danny Rose (၁၉၈၄)၊ အော်စကာဆုရ Hannah and Her sisters (၁၉၈၆) နှင့် Crimes and Misdemeanours (၁၉၉၀) တို့ပါဝင်ကြသည်။



**လူးဝစ်အမ်းစ်ထရောင်း**
**[Louis Armstrong]**
[ ၁၉၀၀ – ၇၀ ]

**▫ အမေရိကန် လူမည်း ဂျပ်ဇ်ထရမ်းပက်သမားနှင့် အဆိုတော်။**

**ဆက်ချ်မို** (Satchmo ) ဟုလည်း ခေါ်ကြသေးသည်။သူ၏ ခမ်းနားသော တီးမှုတ်မှု၊ ကြမ်းတမ်းသော အသံနှင့် ထိန်းချုပ်မှုကင်းမဲ့သော ပင်ကိုစရိုက်တို့က သူ့အား ရာစုနှစ်၏ ချစ်ခင်မှုအခံရဆုံး ဖျော်ဖြေသူတစ်ဦး အဖြစ် ထင်ပေါ်စေခဲ့သည်။

နယူးအော်လန်မြို့၌ မွေးဖွားသည်။ အသက်ဆယ့်သုံးနှစ်အရွယ်တွင် လမ်းမပေါ်၌ သေနတ်ပစ်ခတ်ကစားခဲ့သည့်အတွက် လူငယ်ပြုပြင်ရေး ဂေဟာ တစ်ခုသို့ အပို့ခံရချိန်တွင် ကောနက်အမှုတ်သင်ခဲ့ရသည်။ ၎င်းမှ လွတ်လာပြီး နောက် အလုပ်မျိုးစုံကို ကြိုးကြားကြိုးကြား လုပ်ခဲ့ရသည်။ ထို့နောက် ကင်း

အော်လီဗာနှင့် ဖလက်ချာဟမ်ဆင်ဒါဆင်တို့၏ ဂျပ်ဇ်ဝိုင်းများ တွင် ပါဝင်တီးမှုတ်ခွင့် ရလာခဲ့သည်။ ၁၉၂၅ မှ ၂၈ အတွင်း (နောင်တွင် Hot Fives နှင့် Hot Sevens ဟု လူသိလာကြမည့်) အုပ်စုငယ်လေးများ၏ ခေါင်းဆောင်အဖြစ် ဓာတ်ပြား ၁၆ ချပ်ခန့် သွင်းယူခဲ့သည်။ ၎င်းဓာတ်ပြားများက သူ့အား ပေါ့ပ်ဂီတသမိုင်းတွင် ခမ်းနားသည့် ပထမဆုံး တစ်ကိုယ်တော်တီးမှုတ်သူအဖြစ်ကို ရောက်ရှိစေခဲ့သည်။ ၎င်းကာလအတွင်း ကောနက်မှ ၎င်းထက်ပိုကြီးပြီး အသံတောက်ပသော ထရမ်းပက်သို့ ပြောင်းလဲကိုင်တွယ်ခဲ့သည်။ ၁၉၁၀ မှ ၁၉၄၇ အတွင်း မျိုးစုံသော ဂျပ်ဇ်ဝိုင်းကြီးများကို သူဦးဆောင်ခဲ့သည်။ ထို့နောက်တွင် The All Stars အမည်ရ ဝိုင်းငယ်ကလေးတစ်ခုကို ထပ်မံဖွဲ့စည်းခဲ့သည်။ သူ၏ တူရိယာကို ပြည့်ဝစွာ ကျွမ်းကျင်ပိုင်နိုင်မှု၊ ဟာမိုနီကို သဘာဝအလျောက် နားလည်မှု၊ သူမတူသော လက်တန်းဖွဲ့ဆိုမှု စသည့် အရည်အသွေးများကြောင့် ဂျပ်ဇ်ဂီတတွင် အဓိကဩဇာသက်ရောက်သူတစ်ဦး ဖြစ်လာခဲ့သည်။ ၁၉၃၂ အစောပိုင်းတွင် ဥရောပသို့လှည့်လည် ဖျော်ဖြေခဲ့သည်။ ၁၉၆၄ တွင် Helloy, Dolly ! ဓာတ်ပြားဖြင့် ရေပန်းစားခဲ့ပြီး ရုပ်ရှင်ကားများစွာ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၎င်းတို့အနက် The Birth of the Blues (၁၉၄၁)၊ High Society (၁၉၅၆) နှင့် Satchmo the Great (၁၉၅၇) တို့မှာ ထင်ရှားသည်။



**ဒဗလျူ၊ အိပ်ချ်၊**
**အော်ဒန်**
**[ W. H Auden ]**
**( ၁၉၀၇ – ၇၃ )**

▫ **ဗြိတိန်ကဗျာဆရာ။**

၁၉၄၆ တွင် အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။

အမည်အပြည့်အစုံမှာ ဝိုင်စတန် ဟုဂ်အော်ဒန် (Wystan Hugh Auden) ဖြစ်သည်။ ယောက်မြို့တွင် မွေးဖွားပြီး ဘာမင်ဂန်၌ ကြီးပြင်းခဲ့သည်။ ဖခင်မှာ ဘာမင်ဂန်တက္ကသိုလ်မှ ပြည့်သူ့ကျန်းမာရေး ပါမောက္ခဖြစ်သည်။ အော်ဒန်သည် ဂရီရှမ်ကျောင်းနှင့် အောက်စဖို့ဒ်ရှိ ခရစ်ယာန်ဘုရားကျောင်းတို့တွင် ပညာသင်ကြားခဲ့ရသည်။ အောက်စဖို့ဒ်တွင် ရှိနေသည့် ၁၉၂၀ နှစ်များတွင် အော်ဒန်သည် လူငယ်စာရေးဆရာများအတွင်း ထင်ရှားကျော်စောလာခဲ့ပြီး နောက်ဆယ်စုနှစ်၏ လက်ဝဲယိမ်းကဗျာဆရာများအတွက် ခေါင်းဆောင်ဖြစ်လာခဲ့သည်။

ရယ်စရာမောစရာဖြစ်ပြီး နည်းစနစ် ပိုင်းဆိုင်ရာ ပြီးပြည့်စုံသော **ကဗျာများ** (Poems) (၁၉၃၀)၊ **အပြောကောင်း သူများ** (The Orators ) (၁၉၃၂)၊ **လူစိမ်းဟေ့** (Look, Stranger!) (၁၉၃၆) တို့ကြောင့် လက်ခံမှုရရှိလာခဲ့သည်။ သူသည် မိတ်ဆွေဖြစ်သူ ခရစ္စတိုဖာအိုင်းရှားဝုဒ်နှင့်အတူ ပြဇာတ်များ ပူးတွဲရေးသားခဲ့သည်။ ၎င်းတို့အထဲတွင် **အရေးပြား အောက်ကခွေး** (The Dog Beneath the Skin ) (၁၉၃၅) နှင့် **အက်ဖ်စစ်၏တက်ရောက်ခြင်း** (The Ascent of F6 ) (၁၉၃၆) တို့ ပါဝင်ကြသည်။ **အောက်စဖို့ဒ်ပေါ့ပင်ကဗျာစာအုပ်** (Oxford Book of Light Verse ) (၁၉၃၈) ကိုလည်း သူတည်းဖြတ်ပေးခဲ့ရသည်။

စပိန်ပြည်တွင်းစစ် ကာလအတွင်း လူနာတင်ယာဉ်မောင်းသူအဖြစ် လုပ်ကိုင်ခဲ့ရပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေးသမားများမှာ ဥရောပစစ်မီးကို ရပ်တန့်နိုင်စွမ်းမရှိကြောင်း သဘောပေါက်သွားသော အော်ဒန် သည် ၁၉၃၉ တွင် အိုင်းရှားဝုဒ်နှင့်အတူ အမေရိကန်သို့ ပြောင်းရွှေ့နေထိုင် ခဲ့သည်။

အော်ဒန်သည် နယူးယောက်၌ အခြေချခဲ့သော်လည်း ဗြိတိန်နှင့် (အထူးသဖြင့် အောက်စဖို့နှင့်) ဆက်သွယ်မှုကား ပြတ်တောက်မသွားခဲ့ပေ။ ၎င်းတွင် ၁၉၅၆ မှ ၁၉၆၁ အထိ ကဗျာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အော်ဒန်သည် ကဗျာသစ်အတွဲများကို ဆက်လက်ထုတ်ဝေရာ ၎င်းထိုထဲတွင် **နောက်တစ်ချိန်** (Another Time )(၁၉၄၀)၊ **ပေါ်ပေါက်လာသော အချိန်အတွက်** (For the Time Being ) (၁၉၄၄)၊ ပူလစ်ဇာဆုချီးမြှင့်ခံရသည့် **သောကခေတ်ကြီး** (The Age of Anxiety )(၁၉၄၇)၊ **မရှိသောအရာများ** (Nones)(၁၉၅၁)၊ **ပျော့ကွက်ရဲ့ဒိုင်း** (The Shield of Achilles) (၁၉၅၆)၊ **ဆလီယိုသို့ ပူဇော်ခြင်း** (Homage to Clio) (၁၉၆၀)နှင့် **နံရံမဲ့မြို့တော်** (City without Walls) (၁၉၆၉) တို့ပါဝင်ကြသည်။

သူသည် ချက်စတာကောလ်မန်းနှင့် တွဲ၍ ဇာတ်သီချင်းများလည်း ရေးသားခဲ့ရာ စထရာဗင်စကီး၏ The Rake's Progress (၁၉၅၁) နှင့် ဟန်းစ်ဝါနာဟန်းဇ်၏ Elegy for Young Lovers(၁၉၆၁) တို့အပါအဝင် ဖြစ်သည်။ ၁၉၅၂ မှ ၁၉၅၅ အတွင်း သူ့အရေးအသား လက်ရွေးစင်များဖြစ်သည့် Kierkegoard သည် ၁၉၃၀ နှစ်များမှ မာ့က်စ် ဝါဒအစွဲအလန်းများမှ

နေ၍ ခရစ်ယာန်အတ္တဘဝမှန်ဝါဒ တစ်ရပ်စီသို့ သူ့အတွေးအခေါ် လှည့်ပြောင်းသွားသည်ကို ညွှန်ပြနေပေသည်။

ကဗျာပေါင်းချုပ်မျိုးစုံကိုလည်း တည်းဖြတ်ပေးခဲ့ပြီး၊ ဝေဖန်ရေးအက်ဆေးများ ရေးသားခြင်း၊ ဘာသာပြန်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့သည်။ ၁၉၆၆ တွင် **လက်ရွေးစင်ကဗျာတိုများ** (Collected Shorter Poemes) (၁၉၂၇–၅၇) ကို ထုတ်ဝေခဲ့ပြီး နှစ်နှစ်အကြာတွင် **လက်ရွေးစင်ကဗျာရှည်များ** (Collected Longer Poems) ထွက်ပေါ်လာခဲ့သည်။



**ဂျိုအန် ဘီးဇ်**
**[ Joan Baez ]**
**( ၁၉၄၁ – )**

## ◻ အမေရိကန်ကျေးလက်အဆိုတော်နှင့်နိုင်ငံရေးလှုပ်ရှားသူ။

ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်သည့် လူငယ်မျိုးဆက်၏ကိုယ်စား စကားပြောကြား၍ သီချင်းသီဆိုခဲ့သည်။

ဘော်စတွန်နှင့် နယူးယောက်ရှိကော်ဖီဆိုင်များတွင် သီချင်းစဆိုခဲ့သည်။ ၁၉၄၉ တွင် နယူးပေါ့ကျေးလက်ပွဲတော်၌ ပါဝင်သီဆိုခဲ့သည်။ သူမ၏ ဦးဆုံးဓာတ်ပြားများမှာ ၁၉၆၀ တွင် ထွက်ရှိခဲ့သည်။ သူမ၏အသံ၊ ကျေးလက်တေးများကို ဂစ်တာကိုယ်တိုင်တီး၍ သီဆိုဟန်တို့ကြောင့် ကျေးလက်ဂီတကို နှစ်ပေါင်းများစွာ လှစ်လျူရှုထားခဲ့သည့် အမေရိကားမှ လူများမှာ ကျေးလက်ဂီတကို စိတ်ဝင်စားလာခဲ့ကြသည်။ စင်မြင့်ဖျော်ဖြေပွဲကို အသံသွင်းထားသည့် သူမ၏ စတုတ္ထအယ်လ်ဘမ်တွင် ပြည်တွင်းအခွင့်အရေးနှင့် စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ၏ နိုင်ငံတော်သီချင်းဖြစ်လာမည့် We Shall Overcome သီချင်းပါဝင်ခဲ့သည်။ သူမ၏ ဆယ်ချပ်မြောက်ဓာတ်ပြားမှာ သူမမိတ်ဆွေ ဘော့ဒိုင်လန်၏ သီချင်းများကို သီဆိုထားခြင်းဖြစ်သည်။ ၁၉၆၅

တွင် အစမ္မမှုကို ဆန့်ကျင်သည့်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဂီတထက် နိုင်ငံရေးလှုပ်ရှားမှုကို ပိုမို စောင်းပေးလာခဲ့သည်။ ၁၉၆၈ တွင် ဒေးဗစ်ဟဲရစ်နှင့်လက်ထပ်သည်။ နောင်နှစ်တွင် ဟဲရစ်မှာ မူကြမ်းရေးဆွဲမှုကို ငြင်းဆန်သည့်အတွက် ထောင်ကျခဲ့သည်။ သူတို့မကြာမီ ကွာရှင်းခဲ့ကြသည်။ ၁၉၇၅ တွင် သူမသည် အချိန်ပြည့်သီချင်းပြန်ဆိုလေသည်။ ငွေလိုနေသည့်အတွက်ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့သည်။ **စိန်များနှင့် သံချေး** (Diamonds and Rust) အယ်လ်ဘမ်တွင် ကျေးလက်ရော့ခ်ဝိုင်းတစ်ဝိုင်းနှင့် တွဲဖက်၍ လျှပ်စစ်ဂစ်တာဖြင့် ခေတ်ပြိုင်သီချင်းများကို သီဆိုခဲ့သည်။ ခေါင်းစဉ်သီချင်းမှာ သူမနှင့် ဒိုင်လန်တို့၏ အဖြစ်နှင့်ဆက်စပ်နေသည်။ သူမသည် နိုင်ငံရေး၌ တက်ကြွဆဲပင်ဖြစ်သည်။ ၁၉၈၁ တွင် အမေရိကားသို့ ဂီတခရီးစဉ်လှည့်လည်သည်။ သူမ၏ နောက်ပိုင်းဓာတ်ပြားများထဲတွင် စင်မြင့်ပွဲဓာတ်ပြားဖြစ် သည့် European Tour (၁၉၈၁) နှင့် Ballad Rock (၁၉၈၄) တို့ပါဝင် သည်။ ၁၉၈၆ တွင် **မိုးသောက်ချိန်** (Daybreak) အမည်ရ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ကို ထုတ်ဝေသည်။ နောက်ပိုင်း၌ **ဆန်ပြုတ်တစ်ခွက်နှင့် ဆိုမားလီးယားမှအမှတ်တရများ** (One Bowl of Porridge: Memories of Somalia) (၁၉၈၇) အပါအဝင်စာအုပ်များကို ထုတ်ဝေခဲ့သည်။

## ဂျော့ ဘယ်လန်ချိုင်း [ George Balanchime ]
## ( ၁၉၀၄ – ၁၉၈၃ )

□ **ရုရှနိုင်ငံဖွား အမေရိကန်အကပညာရှင်နှင့် ဘဲလေးကကွက်များ စီစဉ်သူ။**

ဂျော်ဂျီယာပြည်နယ်သား ကျေးလက်ဂီတသမားတစ်ဦး၏ သားဖြစ်သူ ဘယ်လန်ချိုင်းသည် စံပြဘဲလေးကျောင်းနှင့် ပီထရိုဂရက်ဂီတကျောင်းတို့တွင် ပညာသင်ကြားခဲ့ရသည်။ အမည်ရင်းမှာ **ဂျော်ဂျီမီလ်တန်နိုဗစ်ချ်ဘယ်လန့်ချီဗက်ဇီ** (Georgi Melitonovitch Balant- chivadze) ဖြစ်သည်။ သူသည် အစောပိုင်းနှစ်များတွင် အချစ်ရေးနှင့် အကဝါသနာအကြား သောကပွားနေခဲ့ပြီး ဂီတသမားတစ်ဦး ဖြစ်လာရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ သူ၏ ပထမဆုံးဘဲလေးကကွက်အပိုင်းအစဖြစ်သည့် La Nuit ကို ဘဲလေးကဟန်နှင့် ဂီတမျိုးစုံကို စမ်းသပ်စပြုနေသည့် ၁၉ နှစ်အရွယ်တွင် ဖန်တီးခဲ့ သည်။ ၁၉၂၄ တွင် ဥရောပသို့ ခရီးလှည့်လည်ရာ၌ ဘာလင်အရောက်တွင် ဒိုင်ယာဂီလက်က သူ့အားငှားရမ်းခဲ့သည်။ တစ်နှစ်အတွင်းမှာပင် ၂၁ အရွယ် ဘယ်လန်ချိုင်းသည် နယ်လှည့်ရုရှားဘဲလေးကဇာတ်များအတွက် အခြေခံကကွက်များစီစဉ်ပေးရန် အပ်နှင်းခြင်းခံရ

သည်။ နောက်ထပ်လေးနှစ်အတွင်း ဘယ်လန်ချိုင်းသည် ဘဲလေးကဇာတ်ဆယ်ပုဒ်ကို ကကွက်စီစဉ်ပေးခဲ့သည်။ ၎င်းတို့အနက် အထူးခြားဆုံးမှာ စထရာဗင်စကီး၏ ဂီတကိုအသုံးပြုထားသော **အပိုလို** (Apollo) (၁၉၂၈) နှင့် ပရိုကော့ဖ်စကီး၏ ဂီတကို အသုံးပြုထားသော **အသုံးအဖြုန်းကြီးတဲ့သား** (The Prodigal Son) (၁၉၂၉) တို့ ဖြစ်သည်။ ၎င်းကာလအတွင်း ဘယ်လန်ချိုင်းသည် ကျယ်ကျယ်ပြန့်ပြန့် ခရီးထွက်ခဲ့ပြီး ၁၉၃၄ တွင် နယူးယောက်ရှိ အမေရိကန်ဘဲလေးကျောင်းကို ပူးတွဲတည်ထောင်ခဲ့သည်။ ထိုနှစ်မှာပင် သူ၏ပထမဆုံး အမေရိကန်ဘဲလေး **လူပျိုလှည့်တေး** (Serenade) ကို ကကွက်စီစဉ်ပေးခဲ့သည်။ ၎င်းဘဲလေးတွင် ဂန္ထဝင် ရုရှားဘဲလေးများကို ထိန်းသိမ်း၍ အသွင်းပြောင်းလိုသည့် သူ့ စိတ်ဝင်စားမှုမှာ ဖွံ့ဖြိုးလာခဲ့သည်။ ဇာတ်အဖွဲ့၏ အဆင့်မြင့်သောတင်ဆက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် ဘယ်လန်ချိုင်းက အလေးအနက်တိုက် တွန်းခဲ့သည်။ ၁၉၄၈ တွင် ထိုဇာတ်အဖွဲ့သည် နယူးယောက်မြို့တော်ဘဲလေးအဖွဲ့ဖြစ်လာပြီး ကမ္ဘာပေါ်တွင် အရေးအပါဆုံးဇာတ်အဖွဲ့အဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ဘယ်လန်ချိုင်းသည် ဘဲလေးကကွက်တစ်ရာကျော်ကို စီစဉ်တီထွင်ခဲ့ပြီး ဇာတ်သဘင်အားကျယ်ပြန့်သော ဂီတတေးသံများဖြင့် ပြန်လည်ရှင်သန်လာအောင် ပြုလုပ်ခဲ့သည်။ သူ့ဘဝတစ်လျှောက်တွင် စထရာဗင်စကီး၏ ဂီတများကို အဓိကစျာန်ဝင်စား၍ ကကွက်များဖန်တီးခဲ့သည်။ ၎င်းလက်ရာများမှာ **အာဂွန်** (Agon) (၁၉၅၇)၊ **မိုနူမန်တမ် ပရိုဂက်ဆူဒယ်ဒို** (Monnumentum pro Gesualdo) (၁၉၆၀) နှင့် **ပတ္တမြားများ** (Rubies) (၁၉၆၇) စသည်တို့ဖြစ်၏။ အခြားလက်ရာများထဲတွင် **ဘာရိုကိုကွန် ဆာတို** (Concerto barocco) (၁၉၄၁)၊ **ဒန်းဆက်ကွန်ဆာတန်တီ** (Danses Concertantes) (၁၉၄၄)၊ **အကြောင်းအရာနှင့်မူကွဲများ** (Theme and Variations) (၁၉၄၇) နှင့် Symphony in Three Movements (၁၉၇၂) တို့ပါဝင်ကြသည်။



## ကောင့်ဘက်စီ  [ Count Basie ]
## ( ၁၉၀၄ – ၁၉၈၄ )

□ **အမေရိကန် လူမည်း ဂျပ်ဇ်စန္ဒရားပညာရှင်၊ အော်ဂင်သမား နှင့် တီးဝိုင်းခေါင်းဆောင်။**

ဆွင်း (Swing) ဂီတလောကထဲတွင် လူသိအများဆုံး ဝိုင်းကြီးများကို ဦးဆောင်ခဲ့ပြီး နှစ်ပေါင်းများစွာပင် ထိုအလုပ်ကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

အမည်ရင်းမှာ ဝီလျံဘက်စီ (William Basie) ဖြစ်သည်။ နယူးဂျာစီပြည်နယ်ရှိ ရက်ဘန့်တွင် မွေးဖွားခဲ့သူဘက်စီသည် ဟာလန်ရပ်ကွက်ရှိ အကခန်းမများတွင် စန္ဒရားတီးခြင်းဖြင့် ဂီတဘဝစတင်ခဲ့သည်။ သူသည် ထိုခေတ်လူငယ်များကဲ့သို့ပင် ဟာလန်ရှိ အသံတိတ်ရုပ်ရှင်ရုံမှ **ဖက်စ်ဝေါလာ** (Fats Waller) ၏ အော်ဂင်တီးခတ်မှုနှင့် ဂီတခန့်ခွဲမှုကို မြတ်နိုးခဲ့သည်။ ၎င်းထံမှ စန္ဒရားသင်ခန်းစာများကို ရရှိခဲ့သည်။ နောက်ပိုင်းတွင် သူသည် ပြဇာတ်ရုံများနှင့် ပဒေသာကပွဲများတွင် တစ်ပြိုင်တည်း လှည့်လည် ဖျော်ဖြေခဲ့သည်။ ၁၉၂၈–၂၉ နှစ်များတွင် ဝေါလ်တာပေ့ဂျ် ၏ Blue Devils တီးဝိုင်း

တွင် တီးခတ်ပေးခဲ့ပြီး ၎င်းနောက်တွင် **ဘန်နီမိုတန်း** (Bennie Moten) ၏ တီးဝိုင်းနှင့် တွဲဖက်ဖျော်ဖြေခဲ့သည်။ ဘက်စီသည် ၁၉၃၆ တွင် Barons of Rythm အမည်ရ အဖွဲ့နှင့်အတူ ကန်ဆက်မြို့တော်မှ နေ၍အသံလွှင့်ခဲ့သည်။ ရေဒီယိုကြေငြာသူထံမှ **ကောင့်** (Count)ဟူသော အမည်ကိုရရှိခဲ့သည်။ ထိုတီးဝိုင်းအသံလွှင့်မှုကို တေးထုတ်လုပ်သူ ဂျွန် ဟမ်မွန်က ကြားသွားပြီး သူတို့အတွက်နယ်လှည့်ဖျော်ဖြေပွဲတစ်ပွဲ စီစဉ်ပေးခဲ့သည်။ ကြီးထွားလာသော ထိုတီးဝိုင်းသည် မျိုးစုံသော တစ်ကိုယ်တော် တီးမှုတ်သူများနှင့် အစွန်းရောက်သော အရည်အချင်းပြည့်ဝသည့် ရမ်သမ် ကဏ္ဍတစ်ခုကို ပိုင်ဆိုင်ခဲ့သည်။ အစောပိုင်း ၁၉၃၈ တွင် ဟာလန်ရှိ ဆာဗွိုင်း ဧည့်ခမ်းမ၌ ဆွဲဆောင်မှုရှိသော ဝိုင်းတစ်ဝိုင်းအဖြစ် အောင်မြင်ခဲ့သည်။ ဘက်စီသည် ၁၉၆၀ မရောက်မီ ကာလများတွင် သူ့ဝိုင်းကိုအတူ လက်တွဲ၍ ထိန်းထားခဲ့သည်။ [ချွင်းချက်အားဖြင့် ၁၉၅၀ နှင့် ၁၉၅၂ အကြားတွင် ရှစ်ယောက်ဝိုင်းတစ်ဝိုင်းကို ဦးဆောင်ခဲ့သည်] သူသည် ပြောင်းလဲထားသော ဝိုင်းသားများနှင့်အတူ ကမ္ဘာ့လှည့်၍ ဖျော်ဖြေခဲ့ပြီး တိုနီဘန်းနက်၊ အီလာ ဖစ်ဂျရယ်၊ ဖရန့်ဆန်နာထရာ စသည့် အဆိုတော်များနှင့်အတူ ဓာတ်ပြားများ သွင်းယူခဲ့သည်။ ဘက်စီသည် ဂျူအယ်လင်တန်ကဲ့သို့ပင် စန္ဒရား ရိုက်ပေါက် တီးခတ်သည့် ကိုယ်ပိုင်ဟန်၌ ကျွမ်းကျင်ရလှသည်။ စန္ဒရားတီးခတ်သူဘဝမှ ဝိုင်းခေါင်းဆောင်ဘဝသို့ ကူးပြောင်းခဲ့သော်လည်း သူ့တန်ဖိုးအမှန် မှာကား ဝိုင်းငယ်ကလေးများနှင့် အတူတီးခတ်ခဲ့သော ဂျပ်ဇ်စန္ဒရားပညာရှင်တစ်ဦး အဖြစ် အစဉ်သိသာထင်ရှားနေမည်ဖြစ်သည်။

## ဆောဘဲလိုး [ Saul Bellow ]
## ( ၁၉၁၅ – )

▢ **အမေရိကန်စာရေးဆရာ။**

နှစ်ဆယ်ရာစုအလယ်ပိုင်း အမေရိကန်ဝတ္ထုလောကကို ဦးဆောင်သူတစ်ဦး။ သူရရှိခဲ့သည့်ဆုများအတွင်း ၁၉၇၇ တွင်ရရှိသည့် စာပေနိုဘယ်ဆု၊ ၁၉၇၆ တွင် ရရှိသည့် ပူလစ်ဇာဆုတို့ ပါဝင်သည်။

ကနေဒါနိုင်ငံ ကွီဘက်မြို့၌ မွေးဖွားခဲ့သည်။ တိုင်းတစ်ပါးမှ ပြောင်းရွှေ့လာသည့် ရုရှားရဟူဒီ မိဘများမှ ဆင်းသက်လာသည်။ ဘဲလိုးသည် ကိုးနှစ်သားတွင် မိဘများနှင့်အတူ ချီကာဂိုသို့ ပြောင်းရွှေ့လာရသည်။ ချီကာဂို အနောက်မြောက်ပိုင်းနှင့် ဝစ္စကွန်ဆင်တက္ကသိုလ်များတွင် ပညာ ပြည့်စုံခဲ့သည်။ သူ၏ပထမဆုံး ဝတ္ထုရှည် **တကောက်ကောက်လိုက်သူ** (Dangling Man) မှာ ၁၉၄၄ တွင် ထွက်ရှိခဲ့ပြီး၊ ၎င်းနောက်တွင် **သားကောင်** (The Victim) (၁၉၄၇) နှင့် **အော်ဂျီမတ်ချ်၏စွန့်စားခန်း များ** ( The Adventure of Augie March ) (၁၉၅၃) တို့ထွက်ခဲ့သည်။ အော်ဂျီမတ်ချ်၏ စွန့်စားခန်းများသည် ၁၉၅၄ တွင် အမျိုးသားစာပေဆု ချီးမြှင့်ခံခဲ့ရသည်။ သူ၏အနုပညာ

စွမ်းရည်ကို အတည်ပြုခဲ့သည့် **မိုးနတ် မင်းဟမ်ဒါဆန်** (Henderson the Rain King) ၁၉၅၉ နှင့် ကိုယ်တိုင် ရေးအတ္ထုပတ္တိငယ်များပုံစံထည့်သွင်းထားသည့် သူ၏ပုဂ္ဂိုလ်ရေးအဆန်ဆုံး ဝတ္ထုရှည် **ဟားဇော့** (Herzog)၁၉၆၄ တို့မှာ ဝေဖန်ချီးမြှောက်ခံခဲ့ရသည်။ အခြားသောဝတ္ထုများထဲ၌ **မစ္စတာဆင်းမလားရဲ့ဂြိုလ်** (Mr . Sammler's Planet ) (၁၉၇၀)၊ **ဟမ်းဘော့၏လက်ဆောင်** (Humboldt's Gift)(၁၉၇၅)၊ **ဂိုဏ်းအုပ်၏ဒီဇင်ဘာ** (The Dean's December) (၁၉၈၂)၊ **အသည်းကွဲထပ်မံသေဆုံးခြင်း** (More Die of Heartbreak ) (၁၉၈၇) နှင့် **ဘယ်လာရိုဆာအဆက်အသွယ်** (The Bellarosa Comection) (၁၉၈၉) တို့ပါဝင်ကြသည်။ အခြားသောဝတ္ထုတိုပေါင်းချုပ်များတွင် **ပါးစပ်ထဲမှာ ခြေဖဝါးနဲ့လူ** (Him with this foot in His Mouth) (၁၉၈၄)၊ သည်းထိပ်ရင်ဖိုစွန့်စားခန်းသုံးပုဒ် စုစည်းထားသည့် **ဆယ်ယူသူ** (The Wrecker) (၁၉၅၄)၊ **နောက်ဆုံးခွဲခြမ်းစိပ်ဖြာမှု** (The Last Anakysis) (၁၉၆၄) နှင့် **အသားမာတစ်ဖု** (A Wen) (၁၉၆၅) တို့မှာ သူ့ဝတ္ထုရှည်များလောက် မအောင်မြင်ဟု သတ်မှတ်ကြသည်။ ဘဲလိုး၏ ရေးဟန်နှင့် လေသံအားလုံးသည် သရော်မှုနှင့် အကောင်းမြင်နှစ်မျိုးစလုံး ပါဝင်လေ၏။ သူ့ဝတ္ထုအားလုံး၏အချိတ်အဆက် အကြောင်းအရာသည် တစ်သီးပုဂ္ဂလဆန်သော ပြဿနာများသာ ဖြစ်ကြသည်။ ပြင်ပသဘာဝလောကနှင့်လူသား၏ အခြေခံလိုအပ်ချက်တို့ကို သူညှိနှိုင်းပေးလေ့ရှိသည်။ ဘဲလိုးသည် အိမ်ထောင်ပြုရာ၌ သုံးကြိမ်တိုင် ကွာရှင်းခဲ့ရသည်။ အိမ်ထောင်တစ်ခါပြုတိုင်း သားတစ်ယောက်စီရရှိခဲ့သည်။ သူသည် တက္ကသိုလ်ပါမောက္ခအဖြစ် အမှုထမ်းရင်း စာရေးဆရာအဖြစ် ဆက်လက်အသက်မွေးခဲ့သည်။ ပရင်စတန်နှင့် နယူးယောက်တက္ကသိုလ်များသို့ ခရီးထွက်၍ ဟောပြောပို့ချခဲ့ရပြီး မင်နီဆိုတာတက္ကသိုလ်ပါမောက္ခအဖြစ် တွဲဖက်တာဝန် ထမ်းဆောင်ခဲ့ရသည်။

## ပီယေးဘိုးနတ် [ Pierre Bonnard ]
## ( ၁၈၆၇ – ၁၉၄၇ )

### □ ပြင်သစ်ပန်းချီဆရာနှင့် ဂရပ်ဖစ်ပညာရှင်

မော်ဒန်ပန်းချီဆရာများထဲတွင် အရောင်ရွေးခြယ်ပုံ ကောင်းမွန်လှသူအဖြစ် သတ်မှတ်ခံရသည်။

ပါရီတွင် ဥပဒေကျောင်းသားအဖြစ် စာမေးပွဲကျခဲ့ရသော ဘိုးနတ်သည် မိသားစုကို ဆန့်ကျင်၍ ပန်းချီသင်ယူခဲ့ပြီး ၁၈၉၉ တွင်သူ၏ပထမဆုံး ပိုစတာဒီဇိုင်းကို ရောင်းချခဲ့သည်။ ၂၀ ရာစုအစပိုင်းနှစ်များ မရောက်မီအထိ သူသည် အက်ဒွပ်ဗြူးလာ့ဒ် အပါအဝင် **နာဘစ်** (Nabis)အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး ပိုစတာများ၊ ကားချပ်များ၊ ဇာတ်ခုံဒီဇိုင်းများ၊ ပါရှန်းလက်ရေးအလှနှင့်ဆင်သော သရုပ်ဖော်ပုံများနှင့် လမ်းပေါ်မှဘဝများကိုရေးဖွဲ့သော ပုံများကို ဖန်တီးခဲ့သည်။ ၎င်းပုံများကို ရေးဆွဲရာ၌ ရိုးရှင်းသော အပြားလိုက်ပုံစံများနှင့် အလှဆင်မျဉ်းများ အရောင်များကို အသုံးပြုခဲ့သည်။ ၁၉၅၀ ဝန်းကျင်တွင် ဘိုးနတ်သည် ပန်းချီဆွဲခြင်းကို စတင်အာရုံစိုက်လာသည်။ **နံနက်စာ** (The Breakfast) (၁၉၇၀) ကဲ့သို့ နေရောင်ဖြာသည့် အိမ်

အတွင်းပိုင်းကို စေ့စေ့စပ်စပ်ရေးဆွဲထားသော ရုပ်ပုံကားများသည် အင် ပရက်ရှင်းနစ်ဆန်သည့် အရောင်များဖြင့် တောက်ပနေကြသည်။ ဗြူးလာ့ဒ် နှင့် ဘိုးနတ်တို့၏လက်ရာများသည် နှောင်းအင်ပရက်ရှင်းနစ်လက်ရာများ အဖြစ် ဥရောပကို ဖြတ်သန်းကျော်ကြားလာခဲ့သည်။ ၁၉၁၀ မှစ၍ ဘိုးနတ်သည် ပြင်သစ်တောင်ပိုင်းသို့ ပုံမှန်ခရီးထွက်ခဲ့ပြီး ၎င်းဒေသတွင် ရှုခင်းပုံများကို အင်ပရက်ရှင်းနစ်အစဉ်အလာဆန်သည့် ကြီးကျယ်ခမ်းနားသောအရောင် များဖြင့် ရေးဆွဲခဲ့သည်။ သူ့လက်ရာ၏ ဖွဲ့စည်းမှုစွမ်းရည်ကို အာရုံစိုက်လာစေရန် သူစွမ်းဆောင်လေ့ရှိသည်။ ၁၉၂၀ မှစ၍ မကွယ်လွန်မီအထိ ဘိုးနတ်သည် ဥရောပနှင့်အမေရိကားတွင် ပြပွဲများကျယ်ပြန့်စွာ ပြသခဲ့သည်။ တစ်ခါတစ်ရံ သရုပ်ဖော်ပုံများ အပ်နှင်းခံရသည်။ **ရေချိုးခန်းမှအထွက်** (Getting out of the Bath) (၁၉၃၀) နှင့် **ရေချိုးခန်းမှဝတ်လစ်စလစ်** (Nude in the Bath) (၁၉၆၄) တို့သည် သူ့နှောင်းပိုင်းလက်ရာများ ဖြစ်ကြသည်။ ၎င်းကားများတွင် အရောင်များ ပိုမိုထူထဲတောက်ပလာပြီး ကြွယ်ဝခမ်းနားသော အရောင်ကူးလူးရောယှက်မှုများ ပါဝင်လာကြသည်။

FERGUS GREER--COLORIFIC



## ဒေးဗစ်ဘိုဝီ

**[ David Bowie ]**

**( ၁၉၄၇ – )**

□ **ဗြိတိသျှရော့ခ်အဆိုတော်၊ သီချင်းရေးသူနှင့် ရုပ်ရှင် သရုပ်ဆောင်။**

ပုတ်သင်ညိုကဲ့သို့ ဟန်နှင့်ပုံရိပ်များ မကြာခဏ ပြောင်းလဲမှုကြောင့် သတိပြုခံရသူ။

လန်ဒန်၌ မွေးဖွားသည်။ ဆယ်ကျော်သက်အရွယ်၌ပင် ဂီတဘဝ စတင်သည်။ တီးဝိုင်းများ၌ တစ်ကိုယ်တော် ဖျော်ဖြေသူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ အမူအရာဖြင့်သာ ကပြသော ပြဇာတ်များကို လေ့လာခဲ့ပြီး အစမ်းသဘော ကပြသော ပြဇာတ်ရုံများအတွင်း၌ အပျော်တမ်းလေ့လာလိုက်စားခဲ့သည်။ ၁၉၆၉ တွင် သူ၏ပထမဆုံးကျော်ကြားသော သီချင်းဖြစ်သည့် Space Odyssey ၌ သူ့ကိုယ်ပိုင်အကြောင်းအရာများဖြစ်သည့် အာကာသ စိတ်ကူးယဉ်နှင့် ဂြိုလ်သားအယူအဆတို့ကို ကြေညာခဲ့သည်။ အစောပိုင်း ၁၉၇၀ နှစ်များတွင် ဘိုဝီသည် အဓိကကြယ်တစ်ပွင့်အဖြစ် ပေါ်ထွက်လာခဲ့သည်။ The Rice and Fall and Ziggy Stardust (၁၉၇၂) နှင့် Aladdin Sane (၁၉၇၃) အယ်လ်ဘမ်တို့မှာ ဝေဖန်ရေးနှင့် စီးပွားရေး နှစ်ဘက်စလုံး၌ အောင်မြင်မှုရခဲ့သည်။ သူ၏ရုန်းရင်းဆန်ခတ်ဖြစ်စေသော ဒွိလင်

ပုံရိပ်နှင့် ပြည့်ဝသော စင်မြင့်တင်ဆက်မှုစွမ်းရည်တို့ကြောင့် ပိုမို ထင်ရှားလူကြိုက်များလာခဲ့သည်။ ဟန်နှင့်ပုံရိပ်များ မျိုးစုံပြောင်းလဲခဲ့ပြီး နောက် ၁၉၇၀ နှောင်းပိုင်းနှစ်များတွင် ဘာလင်သို့ ပြောင်းရွှေ့လေ၏။ ၎င်းတွင် Law(၁၉၆၇) နှင့် Heroes(၁၉၇၇) အပါအဝင် စမ်းသပ်သော အယ်လ်ဘမ်များ အတွဲလိုက်ဖန်တီးခဲ့သည်။ အစောပိုင်း ၁၉၈၀ ခုနှစ်များ အတွင်း ပေါ့ပ်ဂီတပင်မ ရေစီးသို့ ပြန်လည်ရွှေ့ပြောင်းခဲ့သည်။ Ashes to Ashes(၁၉၈၀) နှင့် Let's Dance (၁၉၃၈) တို့မှာ နံပါတ်တစ်စွဲကာ ကျော်ကြားခဲ့သည်။ ဘိုဝီသည် သရုပ်ဆောင်အဖြစ်လည်း ရံဖန်ရံခါ ပါဝင်လေ့ရှိသည်။ သူ သရုပ်ဆောင်ခဲ့သော ရုပ်ရှင်များထဲတွင် The man who Fell to Earth (၁၉၇၅) နှင့် Mr Lawrence (၁၉၈၂) တို့ ပါဝင် သည်။ ၁၉၈၀ တွင် ဘရော့ဒ်ဝေးရုပ်ရှင်မှ ထုတ်လုပ်သည့် The Elephant Man တွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့ရသည်။ ဘိုဝီသည် ပန်းချီ ဆွဲခြင်းကိုလည်း ဝါသနာပါပြီး ဒြပ်မဲ့ပန်းချီ ရေးဆွဲလေ့ရှိသည်။

## အဲလ်ဘတ်ကမူး [ Albert Camus ]
## ( ၁၉၁၃ – ၆၀ )

### ▫ ပြင်သစ်ဝတ္ထုရေးဆရာ၊ အက်ဆေးနှင့် ပြဇာတ်ရေးဆရာ။

*၁၉၅၇ တွင် စာပေဆိုင်ရာ နိုဘယ်ဆု ရရှိခဲ့သည်။*

ကမူးကို အယ်လ်ဂျီးယားရီရှိ မွန်ဒိုဗီမြို့၌ မွေးဖွားသည်။ လယ်ကူလီတစ်ဦးဖြစ်သည့် သူ့ဖခင်မှာ ပထမကမ္ဘာစစ်အတွင်း၌ ကွယ်လွန်ခဲ့ရသည်။ မိခင်မှာ ကြမ်းတိုက်၊ ပန်းကန်ဆေးအလုပ်မှ မလောက်မငင်ငွေဖြင့် အဲလ်ဘတ်နှင့် သူ့အစ်ကိုအား ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ အောက်ကျ နောက်ကျကလေးဘဝမှာပင် ကမူးသည် အယ်လ်ဂျီးရီးယား အထက်တန်းကျောင်းပညာတော်သင်ဆုကို ရရှိခဲ့ပြီး တက္ကသိုလ်တွင် ဒဿနပညာ သင်ယူ ခွင့်ရခဲ့သည်။ အဆုပ်ရောဂါက ပညာရေးကို ထိခိုက်စေသောကြောင့် ကမူးသည် သက်မွေးဝမ်းကျောင်းအလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ရသည်။ ထိုအလုပ်များထဲတွင် စာနယ်ဇင်းဆရာနှင့် ဇာတ်ဒါရိုက်တာ အလုပ်များလည်း ပါဝင်၏။ သူ၏ဇာတိမြေ မြောက်အာဖရိကကို ဖြတ်သန်းသည့် ဘဝတစ်လျှောက်တွင် မျိုးချစ်စိတ်အနှောင်အဖွဲ့ကို သိုမှီးသိမ်းဆည်း ထားခဲ့သည်။ ထိုနှောင်ဖွဲ့မှုကို သူ့အစောပိုင်း

အက်ဆေးများဖြစ်သည့် L’ Envers et L’ endroit (၁၉၃၇) နှင့် Noces (၁၉၃၈) တို့တွင် ထုတ်ဖော်ရေးသားခဲ့သည်။ ဒုတိယကမ္ဘာ စစ်ကာလအတွင်း ကမူးသည် ပြင်သစ်၌ Le Mythe de Sisyphe (၁၉၄၂) အက်ဆေးဖြင့် နေ့ချင်းညချင်းပင် ကျော်ကြားလာခဲ့သည်။ ၎င်းကို (၁၉၅၅) တွင် **စီစီဖတ်၏ ဒဏ္ဍာရီ** ( The Myth of Sisyphus ) အဖြစ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ထို့အပြင် သူ့ပထမဆုံးဝတ္ထု **စည်းအပြင် ကလူ** (The Outsider) (၁၉၄၂) ကြောင့်လည်း ထင်ရှားလာခဲ့သည်။ ထိုအက်ဆေးနှင့် ဝတ္ထုနှစ်ပုဒ်စလုံးပင် လူသား၏ ဖြစ်တည်မှုဆိုင်ရာ မိုက်မဲခြင်းနှင့်ပတ်သက်သော သူ့အယူအဆကို ထုတ်ဖော်ပြသနေကြသည်။ စည်းအပြင်ကလူ ဝတ္ထုတွင် အာရပ်တစ်ယောက်ကို သတ်မိသော လူငယ်တစ်ယောက်သည် သေဒဏ်ချမှတ်ခြင်းခံရပုံ၊ လူသတ်သည့်အပြစ်ထက် ဟန်ဆောင်ပန်ဆောင်လူ့အဖွဲ့အစည်းကို ဆန့်ကျင်မိသည့်အပြစ်က ပိုထင်ရှားနေပုံတို့ကို ရေးဖွဲ့ထားသည်။ ကမူးသည် ပြင်သစ်တော်လှန်ရေး အဖွဲ့နှင့် ၁၉၄၂ တွင် ဆက်သွယ်မိပြီး ထိုလှုပ်ရှားမှုအတွက် **ကွန်ဘက်** (Combat) ဂျာနယ်ကို တည်းဖြတ်ပေးခဲ့သည်။

ထိုကာလအတွေ့အကြုံများက သူ့အား နောက်ထပ်ဝတ္ထုရှည် La Peste (၁၉၄၇) ကို ရေးဖွဲ့ရန် အထောက်အကူပြုခဲ့သည်။ ၎င်းကို ၁၉၄၈ တွင် **ပလိပ်** (The Playue) အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ထိုဝတ္ထုတွင် မြောက်အာဖရိကရှိ အိုရန်မြို့တွင် ပလိပ်ရောဂါဖြစ်ပွားပုံကို ဇာတ်အိမ်တည်ထားသည်။ နာဇီဂျာမန်များ၏ ဆိုးသွမ်းပုံကို ရည်ညွှန်းသင်္ကေတပြု၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ L’ Homme révolé (၁၉၅၁) ဝတ္ထုတွင် ကမူးသည် တော်လှန်ရေးအတွေးအခေါ်ကို ဒဿနဝေါဟာရများဖြင့် ဆွေးနွေးထားပြီး ပိုမိုလူသားဆန်သော စိတ်ကူးများကို ရှေ့တန်းတင်၍ ကွန်မြူနစ်ဝါဒကို လူသိရှင်ကြားရှုတ်ချခဲ့သည်။ ထိုဝတ္ထုကို **သူပုန်** ( The Rebel) အဖြစ် ၁၉၅၃ တွင် ဘာသာပြန်ခဲ့သည်။ ၎င်းဝတ္ထုကြောင့် ၁၉၅၂ တွင် မိတ်ဆွေဖြစ်သူ ယန်းပေါဆတ်နှင့် အပြင်းအထန်အငြင်းအခုန်ဖြစ်ပွားခဲ့ရသည်။ လူသားဝါဒီဆန်လာသော ကမူးသည် သေဒဏ်ချမှတ်ခြင်းကို ရှုတ်ချသည့် စာများအား အာသာကိုစ်တလာနှင့် တွဲဖက်၍ ရေးသားခဲ့သည်။

ကမူး၏ပြဇာတ်အပေါ် စိတ်ဝင်စားမှုကား ယုတ်လျော့မသွားခဲ့ပေ။ သူ့ပြဇာတ်များတွင် **အထင်လွဲအမြင်လွဲ** (Le Malentendu ) (၁၉၄၄)၊ **ကာလီဂူလာ** (Caligula ) (၁၉၄၅) နှင့် Les Justes (၁၉၅၀) တို့

ပါဝင်ကြ၏။ သူသည် ဝီလျံဖော်ကနာ၏ **သီလရှင်အတွက် ဓမ္မတေး** (Requiem for a Nun) (၁၉၅၆) နှင့် ဒေါ့စတိုယက်စကီး၏ **ပိုင်ဆိုင်ခဲ့သော** (The Possessed) (၁၉၅၉) တို့ကိုလည်း မှီငြမ်း၍ ပြဇာတ်ရေးသားခဲ့သည်။ သူ၏ အခြားသော လက်ရာများထဲတွင် ကိုယ်တိုင် ရေးအတ္ထုပ္ပတ္တိဖြစ်သည့် **ကျဆုံးခြင်း** (La Chute) (၁၉၅၆)၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ် **ပြည်ပြေးနှင့် ဘုရင့်နိုင်ငံတော်** (Exile and The Kingdom) (၁၉၅၇) နှင့် သူ၏ဂျာနယ် ဆောင်းပါးအတွဲ သုံးတွဲ ဖြစ်သည့် Actuelles (၁၉၅၀ – ၅၈) တို့ပါဝင်ကြသည်။ ကားတိုက်မှုဖြစ်၍ ၄၆ နှစ်အရွယ်၌ သူကွယ်လွန်ခဲ့သည့်နောက်တွင် ၁၉၃၅ မှ ၁၉၅၉ အထိ သူ့လက်ရာများပါသည့် အတွဲသုံးတွဲ ရှိသည့် Carnets ကို ၁၉၆၂၊ ၁၉၆၄၊ ၁၉၆၆ တို့တွင် ထုတ်ဝေခဲ့ကြသည်။

## ချာလီချက်ပလင် [ Charlie Chaplin ]
## ( ၁၈၈၉ – ၁၉၇၇ )

### ◻ ဗြိတိသျှရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ။

*ခြေသလုံးအိမ်တိုင် ဟာသဇာတ်ကောင်ဖြင့် တစ်ကမ္ဘာလုံးကို ဖမ်းစားနိုင်ခဲ့သည်။ ၁၉၇၅ တွင် သူကောင်းပြုခံခဲ့ရသည်။*

လန်ဒန်တွင် မွေးဖွားခဲ့သည်။ ချာလီနှင့်သူ့အစ်ကို ဆစ်ဒနီတို့သည် အလွန်ငယ်သည့် အရွယ်ကတည်းကပင် မိဘမဲ့ကလေးများ ဂေဟာတွင်နေထိုင်ခဲ့ရသည်။ ပဒေသာကပွဲတွင် ဖျော်ဖြေသူဖြစ်လာခဲ့ပြီးနောက် ၁၉၀၆တွင် ဖရက်ကာနိုကုမ္ပဏီနှင့် ဆက်သွယ်မိသည်။ အမေရိကားသို့ လှည့်လည်ဖျော်ဖြေရေးအစီစဉ်တွင် မက်ဆန်းနက်ဆိုသူက ချာလီအားရွေးချယ်ပြီး ၁၉၁၃ တွင် ကီးစတုန်း စတူဒီယို၌ အလုပ်ခန့်ပေးခဲ့သည်။ သူ့ပွဲဦးထွက်ရုပ်ရှင် **အသက်မွေးဝမ်းကြောင်းတစ်ခု ဖန်တီးခြင်း** (Making a Living) ကို ၁၉၁၄ တွင် ရိုက်ကူးခဲ့ပြီး စုတ်ချာ၍သနားတတ်သော ခြေသလုံးအိမ်တိုင် လူကြီးလူကောင်းဇာတ်ကောင်ကို ပွဲထုတ်ပေးခဲ့သည်။ ၎င်းဇာတ်ကောင်မှာ သူ့ကိုယ်ပိုင်အမှတ်အသားဖြစ်လာခဲ့သည်။ ရုပ်ရှင်စတူဒီယိုမျိုးစုံအတွက် ရိုက်ကူးပေးခဲ့ရ

သော ဇာတ်ကားများကြောင့် ချာလီမှာ ကမ္ဘာကျော်လာခဲ့ရသည်။ ရုပ်ရှင်ကား အားလုံးပင် သူ၏ကရုဏာသက်စရာနှင့် ဟားကွက်များပါဝင်သော ဘားဂျမ်း အစွမ်းပြချက်များအပေါ်တွင် အခြေခံထားကြသည်။ သရုပ်ဆောင်ခြင်းအပြင် စာရေးခြင်း၊ ရိုက်ကူးခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့သည်။ ၁၉၁၉ တွင် ဒီဒဗလျူဂရစ်ဖတ်၊ ဒေါက်ဂလပ်ဖဲဘန့်စ်၊ မေရီပစ်ဖို့ဒ်တို့နှင့် အတူ United Artists အဖွဲ့ကို ပူးပေါင်းထူထောင်သည်။ ၁၂ နှစ်အတွင်း သူ၏အကောင်း ဆုံး ရုပ်ရှင်ကားအချို့ ထွက်ပေါ်လာကြသည်။ ၎င်းတို့ထဲ တွင် **ကလေးငယ်** (The Kid ) (၁၉၂၀) နှင့် **ရွှေခေတ်** (The Golden Rush ) (၁၉၂၅) တို့ပါဝင်ကြသည်။

အသံထွက်ရုပ်ရှင်ကို စိတ်မပါသော ချာလီသည် ဂီတနှင့် ပြုလုပ် ချက်များကို အနည်းငယ်သာ ဖြည့်စွက်ထားသည့် **မြို့ပြအလင်းများ** (City Lights) (၁၉၃၁) နှင့် **ခေတ်သစ်အချိန်များ** (Modern Times ) (၁၉၃၆) တို့ကို ရိုက်ကူးခဲ့သည်။ ဟစ်တလာကို သရော်ထားသည့် **အာဏာရှင်ကြီး** (The Grate Dictator ) (၁၉၄၀) ဇာတ်ကားတွင်လည်း စကားပြော အနည်းငယ်သာ ထည့်သွင်းထားခဲ့သည်။ ၁၉၄၀ ခုနှစ်များတွင်မူ အသံတိတ် ရုပ်ရှင်သည် ဆန်းသစ်သော တန်ဖိုးရှိသော်လည်း ပရိသတ်ထံတင်ပို့ရာ၌ အရှုံးပေါ်ခဲ့ရသည်။ ယင်းသည့်တိုင် ချက်ပလင်၏နာမည်မှာ ကမ္ဘာအနှံ့ ကျော် ကြားဆဲပင်ဖြစ်သည်။ ဦးထုပ်ဝိုင်းဆောင်းထားသော ခြေသလုံးအိမ်တိုင် ဇာတ် ကောင်မှာ ခေတ်စားလာခဲ့သည်။ စကားပြောရုပ်ရှင် **မွန်စီယာ ဗားဒေါက်စ်** (Monsieur Verdoux) (၁၉၄၇) တွင် ကား အောင်မြင်မှုမရှိခဲ့ပေ။ သို့သော် လည်း ၁၉၅၂ တွင် **စူးရှသောအလင်းရောင်**(Limelight) ရုပ်ရှင်ဖြင့် အောင် မြင်ခဲ့ပြန်သည်။ အသက်လေးဆယ်နောက်ပိုင်းတွင် ချက်ပလင်အား အမေရိကန် များက လက်ဝဲယိမ်းသူအဖြစ် စွပ်စွဲလာကြသည်။ သူငြင်းဆိုနေသည့်ကြားမှပင် သူ့အား ကွန်မြူနစ် ထောက်ခံသူအဖြစ် စွပ်စွဲလာကြသည်။ သူသည် စတုတ္ထ မြောက်ဇနီးသည် အိုနာအိုနီးလ်နှင့်အတူ ဆွစ်ဇာလန်၌ အခြေချခဲ့သည်။ သို့သော် ၁၉၇၃ တွင် ဒုတိယမြောက်အထူးအကယ်ဒမီဆုယူရန် အမေရိကန်သို့ ပြန်လာခဲ့သည်။ (ပထမဆုကို ၁၉၂၈ တွင် ရရှိခဲ့သည်) အကယ်ဒမီ ရပြီး လေးနှစ်အကြာ၌ သူကွယ်လွန်လေသည်။

## ဂျော်ဂျီယို ဒီ ချီရီကို [ Giorgio de Chirico ]
## ( ၁၈၈၈ – ၁၉၇၈ )

□ **အီတလီပန်းချီဆရာ။**

*တက္ကဗေဒပန်းချီကို တီထွင်သူနှင့် ဆာရီယယ်လစ်ဝါဒ၏ ရှေးတော်ပြေးပန်းချီဆရာ။*

အေသင်နှင့် မြူးနစ်မြို့များတွင် ပညာသင်ကြားခဲ့သည်။ ချီရီကို သည် ပါရီသို့ ထွက်လာခဲ့ပြီး သူ့ကို လူသိများလာစေမည့် အစောပိုင်း လက်ရာ အများစုကို ရေးဆွဲခဲ့သည်။ နိမိတ်မကောင်းသော အိပ်မက်ဆန်ဆန် အငွေ့ အသက်များပါဝင်သည့် သူ့ပန်းချီကားများထဲတွင် နက်ရှိုင်းသော အနီးအဝေး နှင့် ထင်ထင်ရှားရှား အဆက်အစပ်လွဲနေသော အဆောက်အဦ များကို ခပ်ကျဲ ကျဲနေရာချထားပေးပြီး လွတ်နေသော ကွက်လပ်များကိုလည်း ထည့်သွင်းပေး လေ့ရှိသည်။ ၁၉၁၃ တွင်ရေးဆွဲခဲ့သည့် **သာယာသောနေ့၏ ညှိုးနွမ်းမှု** (Melancholy of a Beautiful Day) တွင် ရင်ထိတ်သည်းဖို ဖြစ်စေသော မြို့ပြမြင်ကွင်းထဲမှ ရုပ်ထုနှင့် အထီးတည်းဖြစ်နေသော ရုပ်ပုံ များတွင် အရိပ် ရှည်များ ဦးတည်ကျရောက်နေပုံကို ရှုစားနိုင်သည်။ ၁၉၁၄ နောက်ပိုင်း သူ့ပန်းချီ

ကားများတွင် ရောမလက်အိတ်ကြီးများ၊ ဒြပ်မဲ့တည်ဆောက်ပုံများ စသည့် အရာဝတ္ထုများကို ပိုမိုကျစ်လစ်စွာ နေရာချပေးခဲ့ သည်။ ၁၉၁၅ တွင် ချီရီကိုသည် အီတလီသို့ ပြန်လည်ရောက်ရှိလာပြီး စပ်တပ်တွင် စစ်မှုထမ်းရန် ဆင့်ခေါ်ခံခဲ့ရသည်။ အာရုံကြောထိခိုက်မှုတစ်ခု ကြောင့် ဆေးရုံတက်နေရသောကာလတွင် ပန်းချီဆရာ **ကာလိုကာရဲ** (Corlo Carrà ) နှင့် ဆုံဆည်းခဲ့သည်။ စိတ်ရောဂါ ပြန်ကောင်းလာခဲ့ပြီးနောက် ၁၉၁၇ တွင် Scuola Metfisica အမည်ရှိ တက္ကဗေဒပန်းချီဂိုဏ်း ကို အတူတကွ ဖွဲ့စည်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ နှစ်နှစ်မပြည့်မီမှာပင် ချီရီကိုသည် သူ့ဟန်ကို ပြောင်းလဲခဲ့သည်။ အီတလီရိုးရာ ဂန္ထဝင်ပန်းချီ လက်ရာများကို မြတ်နိုးမှုက သူ့အား ရီနေးဆန်းခေတ် ဂန္ထဝင် ရှုခင်းလက်ရာ များ၊ ရောမဝင်းခြံကြီးများ၊ သူရဲကောင်းများ၊ ကျေးကျွန်များ အကြောင်း စိတ်ဝင်စားလာစေခဲ့သည်။ ၁၉၂၄ တွင် ပါရီသို့ပြန်လာခဲ့ပြီး မကြာမီပင် ဆာရီယယ်လစ်အဖွဲ့တစ်ဖွဲ့ ထူထောင်ကာ ထိုအဖွဲ့၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ၁၉၃၀ တွင် ဆာရီယာယ်လစ်ပန်းချီဆရာများနှင့် မကွဲမီကာလအထိ သူသည် အစောပိုင်း မိမိဟန်ဆီသို့ ပြန်လှည့်သွားခဲ့ပြီး ပို၍ သဘောတရား ဆန်လာသောဟန်ကို ပြန်လည်သုံးစွဲခဲ့သည်။



**ဂျွန်ကိုးလ်ထရိန်း [ John Coltrane ]**
**( ၁၉၂၆ – ၆၇ )**

## ☐ အမေရိကန် လူမည်း ဂျပ်ဇ်ဆက်ဆိုဖုန်းသမား။

*၁၉၆၀ နှစ်များ၏ လွှမ်းမိုးမှု အရှိဆုံးနှင့် ဈေးကွက်အရ အအောင်မြင်ဆုံး ဂျပ်ဇ်ဂီတပညာရှင်တစ်ဦး။*

အမည်အပြည့်အစုံမှာ **ဂျွန်ဝီလျံကိုးလ်ထရိန်း** (John Wiliam Coltrane) ဖြစ်သည်။ မြောက်ကာရိုလီးနားပြည်နယ်ရှိ ဟမ်းမလက်မြို့၌ မွေးဖွားသည်။ ရမ်သမ်အင်ဘလူးစ်အဖွဲ့တစ်ဖွဲ့နှင့် မဆက်သွယ်မီခင်၌ ကိုးလ်ထရိန်းသည် အမေရိကန်တပ်မတော်တီးဝိုင်းတွင် ပါဝင်ခဲ့သည်။ သူသည် ဂျပ်ဇ်ဂီတပညာရှင်အဖြစ် အခြေချပြီးနောက် ဒစ်ဇီဂေးလက်စပီ၊ အားလ်ဘိုးစတတ်၊ ဂျွန်နီဟော့ဒ်တို့ဦးဆောင်သော အဖွဲ့များတွင် ဝင်ရောက်တီးမှုတ်ခဲ့သည်။ ၁၉၅၅ – ၅၇ အတွင်း သူသည် မိုင်းလ်စ်ဒေးဗစ်၏ ခြောက် ယောက်ဝိုင်းတွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၎င်းတွင် ဝေဒနာပါသော ကော့ဒ်ဖြေ တီးလုံးများကို တီးမှုတ်ခဲ့သည်။ သူ၏အသံလွှာများ မှုတ်ယူသည့် နည်းစနစ် မှာ ဖွံ့ဖြိုးလာခဲ့သည်။

၁၉၅၇ တွင် Blue Train ကို သူ့အမည်ဖြင့် အသံ သွင်းယူသည်။ မူးယစ်ဆေးစွဲသူ ကိုးလ်ထရိန်းသည် ၁၉၅၇ ၏ ပထမ ခြောက်လအတွင်းမှာပင် ဆေးခြောက်၊ အရက်နှင့် ဘိန်းဖြူကို စွန့်လွှတ်ခဲ့ သည်။ ဂီတက သူ့ဘဝအတွက် ပိုအရေးကြီးသည်ဟု ဆုံးဖြတ်လိုက်၍ ဖြစ်သည်။ ထိုနှစ်၏နောက်ပိုင်း ခြောက်လအတွင်း **သီအိုလိုနီးယပ်မွန့်** (Thelonius Monk) ထံ၌ အလုပ်လုပ်ခဲ့သည်။ ၎င်းထံမှ အလွန်များပြား သော ရမ်သမ်နှင့်ဟာမိုနီတို့ကို သင်ယူခဲ့ရသည်။ ၁၉၅၉ တွင် ဒေးဗစ်ထံသို့ သူပြန်လာပြီး Kind of Blue ကိုအသံသွင်းလေသည်။ ၁၉၆၀ နှစ်လယ်ပိုင်း တွင် သူ့ကိုယ်ပိုင် လေးယောက်ဝိုင်းကို ဖွဲ့စည်း၍ မကြာမီပင် ကိုးလ်ထရိန်း သည် ချာလီပါကာပြီးလျှင် အလွှမ်းမိုးနိုင်ဆုံး ဂျပ်ဇ်ဂီတသမား ဖြစ်လာခဲ့ သည်။

တန်နာဆက်ဆိုဖုန်းအပြင် ဆိုပရာနိုဆက်ဆိုဖုန်းကိုပါ သူထပ်မံကိုင်ဆွဲ၍ အရှေ့တိုင်းမုဒ်များနှင့် လျှာခင်အကွဲမှုတ်နည်းများကို စူးစမ်းလေ့လာခဲ့သည်။ သူ၏ ဘာသာရေးဆိုင်ရာ ဂမ္ဘီရာ ယုံကြည်မှုကို ဆက်ဆိုဖုန်းဖြင့် တင်ပြနိုင်ရန် ကြိုးပမ်းခဲ့သည်။ ပုံမှန်မဟုတ်သော ဂျပ်ဇ်တင်ပြမှုဖြစ်သည့် မ,စည်းဖြင့် ရေးဖွဲ့ထားသော My Favourite Things တွင် ရှည်လျားသော လက်တန်းဖွဲ့ဆိုမှုများ ပါဝင်ကြသည်။ ၎င်းတွင် ဒရမ်သမား **အယ်လ်ဗင် ဂျုန်း** (Elvin Jones) နှင့် အပြန်အလှန် ဖွဲ့နွဲ့တီးမှုတ်ကြသော တေးသွားတစ်ခုလည်း ပါဝင်သည်။ A Love Supreme ကို သွင်းယူခြင်းသည် သူ့နောက်လိုက်များစွာအတွက် ဆယ်စုနှစ်၏ နာမ်ပိုင်းဆိုင်ရာ ရှာဖွေသော ယဉ်ကျေးမှုကို ပေါင်းစည်းပေးခြင်းဟု ထင်မှတ်ရသည်။ နည်းစနစ်ကျသော သူ့တီးမှုတ်ဟန်သည် ၁၉၅၀ နှစ်များ၏ သဟဇာတဖြစ်စွာ သိပ်သည်းသော ဂျပ်ဇ်နှင့် ၁၉၆၀ နှစ်များအတွင်း ဖြစ်ပေါ်လာသော လွတ်လပ်သည့် ဂျပ်ဇ်တို့အကြား ပေါင်းကူးမှုတစ်ရပ်ဖြစ်လာသည်။ သူသည်နူးညံ့၍ မိမိကိုယ်မိမိ ဆန်းစစ်တတ်သော စရိုက်ရှိသော်ငြားလည်း သူ့ဂီတမှာကား ကျယ်လောင်စွာ အသံမြည်တတ်ပေသည်။ ကိုးလ်ထရိန်းသည် ကင်ဆာရောဂါဖြင့် ကွယ်လွန် ခဲ့ရသည်။

## အေ ဂျေ ကရိုနင် [ A . J . Cronin ]
## ( ၁၈၉၆ – ၁၉၈၁ )

### □ စကော့တလန် စာရေးဆရာနှင့် ရူပဗေဒပညာရှင်။

အမည်အပြည့်အစုံမှာ **အာချီဘော ဂျိုးဇက် ကရိုနင်** (Archibald Joseph Cronin) ဖြစ်သည်။ ကရိုနင်အား စကော့တလန်ပြည်၊ ကားဒရော့မြို့၌ ဖွားမြင်သည်။ ပထမကမ္ဘာစစ်အတွင်း စစ်ဘက်ဆိုင်ရာ ဆေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၁၉ တွင် ဂလက်စဂိုးတက္ကသိုလ်မှ ရူပဗေဒဘွဲ့ရ ရှိခဲ့သည်။ ထို့နောက်တွင် ၁၉၂၃ မှ ၁၉၂၄ အတွင်း ဝေလပြည်နယ်၌ ဆေးသုတေသနပြုခဲ့ပြီး ဓာတုဆေးဝါးထုတ်လုပ်မှုကို သီးသန့် လေ့လာခဲ့သည်။ ၁၉၂၄ မှ ၁၉၃၀ အတွင်း လန်ဒန်၌ ဆေးကုခဲ့သည်။ သို့သော် သူ့ပထမဆုံးဝတ္ထု **ဟက်တာ၏ရဲတိုက်** (Hatter's Castle) (၁၉၃၁) အောင်မြင်ပြီးသည့်နောက်တွင် စာရေးသားရန်အတွက် ဆေးကုသခြင်းကို ရပ်နားလိုက်သည်။ ၎င်းဝတ္ထုကို ၁၉၄၁ တွင် ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။ **ငုံ့ကြည့်နေတဲ့ ကြယ်လေးတွေ** (The Stars Look Down)(၁၉၃၅) သည် ဝေလပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတောင်ကြားတွင် သူကြုံတွေ့ခဲ့သည် ဘဝအတွေ့အကြုံများကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ သူ့ပြဇာတ်ဖြစ်သည့် **ဂျူပီတာ**

**ရယ်မောခြင်းများ** (Jupiter Laughs) ကို ၁၉၄၀ တွင် ထုတ်ဝေသည်။ ၁၉၄၀ ခုနှစ်များတွင် ထုတ်ဝေခဲ့သည့် အခြားဝတ္ထုများမှာ **ဘုရင့်နိုင်ငံတော်၏ သော့များ** (The Keys of the Kingdom)(၁၉၄၂)၊ **အစိမ်းရောင်နှစ်များ** (The Green Years) (၁၉၄၄)၊ **ရှန်နွမ်ရဲ့လမ်း** (Shannon's Way) (၁၉၄၈) တို့ဖြစ်ကြသည်။ (ဘုရင့်နိုင်ငံတော်၏သော့များကို ၁၉၄၄၊ အစိမ်းရောင်နှစ်များကို ၁၉၄၆ တို့တွင် အသီးသီး ရုပ်ရှင်ရိုက်ကူးခဲ့ကြသည်) သူ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ **နှစ်လောကမှစွန့်စားခန်းများ** (Adventures in Two World) ကို ၁၉၅၂ တွင် ထုတ်ဝေခဲ့သည်။ နောက်ပိုင်းထုတ်ဝေခဲ့သည့်စာအုပ်များအတွင်း၌ **ယုဒသစ်ပင်**(The Judas Tree)(၁၉၆၁) နှင့် **ဂျုံတစ်အိတ်စာ** (A Pocketful of Rye)(၁၉၆၆) တို့ပါဝင်ကြ၏။ သူသိခဲ့သမျှ ဆေးပညာအတွေ့အကြုံနှင့် စကော့တလန်ဘဝတို့ကို ပေါင်းစပ်၍ ဖန်တီးခဲ့သည့် **ဒေါက်တာဖင်လေ၏မှတ်တမ်းစာအုပ်** (Dr. Finlay's Casebook) ရုပ်မြင်သံကြားဇာတ်လမ်းတွဲများမှာ လွန်စွာမှ ကျော်ကြားလူကြိုက်များခဲ့သည်။

## ဆာလ်ဗာဒေါ ဒါလီ [ Salvador Dali ]
## ( ၁၉၀၄ – ၁၉၈၉ )

### □ စပိန်ပန်းချီဆရာ။

*ဆာရီယယ်လစ် ပန်းချီကားများဖြင့် လူသိများသည်။*

သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် **ကျွန်ုပ်၏လျှို့ဝှက်သောဘဝ** (My Secret Life ) (၁၉၄၂) တွင် ပါရှိချက်အရမူ ဒါလီ၏ ကလေးဘဝသည် အကြမ်းဖက်မှုနှင့် ကယောင်ချောက်ခြားစိတ် အခြေအနေများဖြင့် ပြတ်တောင်းတောင်း ဖြစ်နေခဲ့သည်။ သူသည် ၁၉၂၆ တွင် တရားလွန်အပြုအမူကြောင့် မစ်ဒရစ်ပန်းချီကျောင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ သူ့ဘဝတစ်လျှောက်တွင် ကြောင်ခြင်းနှင့် ဟန်ရေးပြခြင်းတို့အား ပြုစုပျိုးထောင်ခဲ့ပြီး စိတ်ရောဂါအဖြစ်ခံစားကာ ၎င်းအား အနုပညာဖန်တီးရာ၌ ဈာန်ဝင်စားရာ ရင်းမြစ်တစ်ခုအဖြစ် အခိုင်အမာ ပြောဆိုခဲ့သည်။

၁၉၂၀ နှစ်များတွင် ဒါလီသည် ဟန်မျိုးစုံကို စမ်းသပ်နေခဲ့ပြီး အီတလီတက္ကဗေဒပန်းချီဆရာကြီးများဖြစ်ကြသော ချီရီကိုနှင့် ကာလိုကာရဲတို့၏ လွှမ်းမိုးမှုကို ခံခဲ့ရသည်။ ဆစ်ဂမန်ဖရွိုက်၏ အိပ်မက်နိမိတ်များနှင့်

၎င်းတို့၏ ရမ္မက်ဆိုင်ရာအမှတ်အသားများကို ဖတ်ရှုလေ့လာပြီးနောက် ၁၉၂၉ တွင် ဒါလီသည် ရင့်ကျက်သော ဆာရီယယ်လစ်ဟန်သို့ ရောက်ရှိလာ ပြီး ချက်ချင်းလိုပင် ပါရီရှိ ဆာရီယယ်လစ်သမားများ၏ ထူးခြားသော အဖွဲ့ဝင် တစ်ဦးဖြစ်လာခဲ့သည်။ သူ့ပန်းချီကားများမှာ မသိစိတ်ပုံရိပ်၏ **လက်ဖြစ် အိပ်မက်ဓာတ်ပုံ** များဖြစ်ကြပြီး နည်းစနစ်မြင့်စွာဖြင့် သရုပ်ကျကျ ရေးဆွဲ ထားခြင်းဖြစ်သည်။ ဒါလီ၏ထူးခြားသော နိမိတ်ပုံများမှာ နာရီများအရည် ပျော်ကျနေသည့် **အာရုံထက်ဝယ်စွဲမြဲခြင်း** (The Persistence of Memory) (၁၉၃၁)၊ လူသားမျက်နှာများမှအံဆွဲများ တစ်ပိုင်းတစ်စပွင့်နေသည့် **မီးလောင် နေတဲ့ ကုလားအုပ်** (Burning Giraffe)(၁၉၃၅)နှင့် ပုံတစ်ပုံထဲနှစ်ပုံမြင်ရ သည့် အမြင်မှောက်မှားမှုကို တင်ပြသော **မေးဝက်စ်** (Mae West) (၁၉၃၆) တို့ဖြစ်ကြသည်။ ၎င်းနောက် စပိန်ဒါရိုက်တာ လူးအစ်ဘန်နျူယယ်နှင့် တွဲဖက်၍ **အင်ဒလူး ရှင်းခွေး** (Un Chien andalou)(၁၉၂၈)နှင့် **ရွှေခေတ်** (L' Age d'or)(၁၉၃၁) အမည်ရ ဆာရီယယ်လစ် ရုပ်ရှင်ကားနှစ်ကား ဖန်တီးခဲ့သေးသည်။

၁၉၄၀ တွင် ဒါလီသည် နယူးယောက်သို့ ပြောင်းရွှေ့လာပြီး ၎င်း တွင် ဇာတ်ရုံအပြင်အဆင်များ၊ ဈေးဆိုင်များအတွက် ဒီဇိုင်းရေးဆွဲပေးကာ အောင်မြင်ကျော်ကြားရေးအတွက်လည်း အချိန်များစွာပေး၍ အာရုံစူးစိုက်ခဲ့ သည်။ ၁၉၅၅ တွင် စပိန်သို့ပြန်လာပြီး အာဏာရှင်ဖရန်ကို၏ အုပ်ချုပ်မှုအား ထောက်ခံခဲ့သည်။ ၁၉၅၀ နှောင်းပိုင်း သူ့လက်ရာများမှာ ဘာသာရေး အကြောင်းအရာများ ဖြစ်ကြသည်။ ၎င်းတို့အနက်မှ **စိန့်ဂျွန်ကို ကားစင်တင်ခြင်း** (Crucifixion of St.John of the Cross) (၁၉၅၁) ပန်းချီကားမှာ ထင်ရှားသည်။ ရမ္မက်ဆန်သော အကြောင်းအရာများကိုလည်း စူးစမ်းရှာဖွေ ရေးဆွဲခဲ့သည်။ ၁၉၆၀ ခုနှစ်များတွင် ဒါလီသည် ပန်းပုများ စတင်ထုလုပ် သည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနှစ်တွဲကျော်ကိုလည်း ရေးသားခဲ့ သေးသည်။ ၎င်းတို့အထဲတွင် **ပါရမီရှင်တစ်ဦး၏ဒိုင်ယာယီ** (Diary of a Genius) (၁၉၆၆) နှင့် **ဆာလ်ဗာဒေါဒါလီ၏ဖွင့်ဟမပြောထိုက်သော ဝန်ခံမှုများ** (The Unspeakable Confession of Salvador Dali)(၁၉၆၇) တို့ ပါဝင်ကြ သည်။ နောက်ဆုံးနှစ်များအတွင်း မီးလောင်မှုဖြစ်ပွား ပြီးနောက် အိပ်ရာပေါ်တွင် လဲနေခဲ့ပြီး မွေးရပ်မြေဖစ်ဂါရပ်၌ပင် ကွယ်လွန်ခဲ့သည်။



**မိုင်းလ်စ် ဒေးဗစ် [ Miles Davis ]**
**( ၁၉၂၆ – ၁၉၉၁ )**

□ **အမေရိကန် လူမည်း ဂျပ်ဇ်ထရမ်းပက်သမား၊ တီးဝိုင်း ခေါင်းဆောင်နှင့် တေးရေးသူ။**

***ကူးလ်ဂျပ်ဇ်*** *(Cool Jazz ) ဟု လူသိများလာသည့် ဂီတဟန်တစ်ရပ် ကို ဦးဆောင်ခဲ့သူ။*

အမည်အပြည့်အစုံမှာ **မိုင်းလ်စ် ဒီဝီ ဒေးဗစ်** (Miles Dewey Davis) ဖြစ်သည်။ အလယ်အလတ်တန်းစား လူမည်းမိသားစုမှ အေလင်နွိုက်ရှိ အေလ်တန်၌ ပေါက်ဖွားလာခဲ့သည်။ နယူးယောက်ရှိ ဂျူးလိယက်ကျောင်းတွင် ဂီတကို သင်ယူခဲ့သည်။ ထိုနှစ်မှာပင် သူသည် တီးဝိုင်းမျိုးစုံ၌ ပါဝင်တီးမှုတ်ခဲ့ပြီး ၁၉၄၅ တွင် ချာလီပါကာ၊ ကိုးလ်မန်းဟောကင်းနှင့်အခြား သူများနှင့်အတူ စတင်အသံသွင်းခဲ့သည်။ ၁၉၅၀ နှစ်များတွင် သူသည် **ဂေ အီဗန်** (Gil Evans )ဝိုင်းနှင့် တီးမှုတ်သွင်းယူခဲ့ပြီး ကျူးဘာနှင့် ပြင်သစ်

ဟွန်းတို့ကို အဓိကထား၍ ခန့်ခွဲ ရေးဖွဲ့ခဲ့သည်။ ၎င်းတို့သည် Birth of the Cool အသံလွှင့်ကဏ္ဍအဖြစ် လူသိများလာကြသည်။ ၁၉၅၅ မှ ၅၇ တွင် သူ၏ငါးမျိုးတွဲတေးသွားများ၌ ဂျွန်ကိုးလ်ထရိန်း၏ကဏ္ဍကို အဓိကထား ရေးဖွဲ့ခဲ့ပြီး၊ ၁၉၅၀ နှစ်များတွင် ဖန်တီးခဲ့သည့် သံစုံတီးဝိုင်းဓာတ်ပြားကို အီဗန်က စီစဉ်ခန့်ခွဲပေးခဲ့သည်။ ခြောက်ပေါက်သံဖြင့် သွင်းယူထားသော Kind of Blue (၁၉၅၉) သည် သူ၏အဆင့်မြင့်အယ်လ်ဘမ် တစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ၁၉၆၀ နှစ်များတွင်သူသည် ငါးမျိုးတွဲဂီတ၌ လျှပ်စစ်ကီးဘုတ်ကို စတင်အသုံးပြုခဲ့သည်။ ၎င်းမှာ ဂျပ်ဇ်နှင့် ရော့ခ်တို့ ပေါင်းစပ်သော ပထမဆုံး အောင်မြင်မှုဖြစ်သည်။ သို့သော်လည်း ပေါင်းစပ် သော သူ့ဂီတအား Fusion ဟူသော ဝေါဟာရဖြင့် ခေါ်ဆိုရန်ကို ဒေးဗစ်က လက်မခံခဲ့ပေ။ ရောင်းအားကောင်းသော Bitches Brew (၁၉၆၉) အယ်လ်ဘမ်ထွက်ရှိပြီးနောက်တွင် သူ့ဂီတသည် လျှပ်စစ်ဆန်လာပြီး ရမ်သမ် စနစ်တကျ ပြည့်စုံသည့် ပုံစံအား မကြာမကြာ တင်ဆက်လာခဲ့သည်။ သူသည် ထရမ်းပက်နှင့် **ဝါးဝါး ခြေနင်း** (Wah Wah pedal)တို့အား အသံချဲ့နိုင်ရန် မိမိဘာသာ ဖန်တီးခဲ့သည်။

မူးယစ်ဆေးစွဲနေသူ ဒေးဗစ်သည် ၁၉၅၀ အစောပိုင်းနှစ်များတွင် မိမိဘာသာ ဆေးဖြတ်ခဲ့သည်။ ၁၉၇၂ တွင် ကားတိုက်မှုကြောင့် ခြေနှစ်ဖက်စလုံး ကျိုးခဲ့ရသည့်နောက်တွင် နာကျင်မှုပြင်းစွာခံစားရ၍ ရောဂါသည်းလာခဲ့ပြီး ကာလရှည်ကြာနာမကျန်းဖြစ်ခဲ့ရသည်။ သူသည် ကမ္ဘာအနှံ့လှည့်လည်ဖျော်ဖြေခဲ့ပြီး တစ်ကမ္ဘာလုံး၏ လက်ခံမှုကိုရရှိခဲ့သည်။

## ဂျိမ်းစ်ဒင်း [ James Dean ]
## ( ၁၉၃၁ – ၁၉၅၅ )

### ▫ အမေရိကန်ရုပ်ရှင်ကြယ်ပွင့်။

*မတော်တဆကားတိုက်မှုဖြင့် အကြွေစောခဲ့ရခြင်းက ပုန်ကန်သော ထိုအမေရိကန်လူငယ်၏ ၁၉၅၀ နှစ်မှ သက္ကေတကို ဟောလီးဝုဒ်သမိုင်းတွင် အစဉ်တည်တံ့ခိုင်မြဲစေရန် အာမခံပေးခဲ့သည်။*

အင်ဒီယားနားပြည်နယ်ရှိ မာရီယွန်မြို့၌ မွေးဖွားခဲ့သည်။

အမည်အရင်းမှာ **ဂျိမ်းစ်ဘိုင်ရွန်** (James Byron) ဖြစ်သည်။ လော့အိန်ဂျယ်လိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး နောက် သရုပ်ဆောင်စတူဒီယို၌ ခေတ္တတက်ရောက်ကာ စတင်သရုပ်ဆောင်ခဲ့ သည်။ ရုပ်မြင်သံကြားဇာတ်လမ်းအချို့တွင် ပါဝင်ခဲ့ပြီး Sailor Beware (၁၉၅၁) နှင့် Fixed Bayonets (၁၉၅၁) စသည့်ရုပ်ရှင်ကား အချို့၌ အခန်းငယ်လေးများမှ ပါဝင်သရုပ်ဆောင်ခဲ့ရသည်။ ဘရော့ဒ်ဝေးတွင် See the Jaguar (၁၉၅၂) နှင့် The Immortalist (၁၉၅၄) ပြဇာတ်များ၌ ထင်ပေါ်လာခဲ့သည်။ သူ၏သရုပ်ဆောင်အဆင့်အတန်းကို ဖော်ပြနေသည့်

ရုပ်ရှင်သုံးကားမှာ East of Eden (၁၉၅၅)၊ Rebel Without a Cause (၁၉၅၅) နှင့် Giant (၁၉၅၆) တို့ဖြစ်သည်။ သူ့ပရိသတ်များ၏ မျက်စိထဲတွင် သူ၏ကြွဲပြားသော ပင်ကိုစရိုက်က ခေတ်စားသော ပုံရိပ်အဖြစ် တန်းဝင်လာခဲ့သည်။ သူ့အတ္ထုပ္ပတ္တိရုပ်ရှင် The James Dean Story ကို သူကွယ်လွန်ပြီး ၁၉၅၇ ၌ ရိုက်ကူးခဲ့ကြသည်။

## ဆီမွန် ဒီဘူးဗွား [ Simone de Beauvoir ]
## ( ၁၉၀၈ – ၁၉၈၆ )

### ▫ ပြင်သစ်စာရေးဆရာမနှင့် မ,ဝါဒီ။

ပါရီ၌ မွေးဖွားသော ဒီဘူးဗွားသည် ဆော့ဘွန်းမြို့တွင် ဒဿန ပညာကို စတင်မလေ့လာမီအချိန်အထိ အလွတ်ပညာသင်ကျောင်း အတော်များများ တွင် တက်ရောက်ခဲ့သည်။ ထိုသို့လေ့လာရင်းဖြင့် တစ်သက်တာလုံး တွဲဖက်မည့် ယန်းပေါ်ဆတ်နှင့် ၁၉၂၉ တွင် စတင်သိကျွမ်းခဲ့သည်။ ဖြစ်တည်မှု ပဓာနဝါဒကို အတူတကွဦးဆောင်ရှင်းပြခဲ့ကြပြီး ၁၉၄၅ တွင် Les Temps Moder nes သတင်းစာကို တည်ထောင်ခဲ့ကြသည်။ ဒီဘူးဗွားသည် ဒုတိယ ကမ္ဘာစစ်ကာလအတွင်း စာပေဘက်သို့ ဦးမလှည့်မီ အချိန်အထိ မာဆီးလီး၊ ရိုအမ်နှင့် ပါရီတို့၌ စာသင်ကြားခဲ့သည်။ သူ၏ပထမဆုံးဝတ္ထု L' Invitee ကို ၁၉၄၃ တွင် ထုတ်ဝေသည်။ နောက်ပိုင်းဝတ္ထုများတွင်မူ ဖြစ်တည်မှုအတွေး အခေါ်၏ သွင်ပြင်လက္ခဏာမျိုးစုံ ရောင်ပြန်ဟပ်လာ ခဲ့သည်။ ၎င်းတို့အထဲတွင် **အခြားသူများ၏သွေး** (Le Sang des autres) (၁၉၄၄)၊ **လူတွေဟာ သေမျိုးပဲ** (Tous les hommes sont mortels ) (၁၉၄၆)၊ တို့ပါဝင်ကြသည်။ အကောင်းဆုံးအဖြစ် အသိအမှတ်ပြုကြသည့် **လက်စ်မန် ဒရင်း**

(Les Mandarins) (၁၉၅၄) မှာ ပါရီစစ်ပြီးကာလကို ဇာတ်အိမ်ဖွဲ့ ထားပြီး ထိုဝတ္ထုဖြင့် ပရစ်ဂွန်ကုတ်ဆု ချီးမြှင့်ခံခဲ့ရသည်။ သူမ၏ကိုယ်ရေး အတ္ထုပ္ပတ္တိရှည် ပထမပိုင်းဖြစ်သည့် Memories d' une jeune fille rangée မှာ ၁၉၅၈ တွင် ထွက်ပေါ်လာသည်။ ၎င်းနောက်တွင် La Force de L'âge မှာ၁၉၆၀ ထွက်ရှိလာပြီး ၎င်းကို ၁၉၆၅ တွင် **ဘဝအစဦး** (The Prime of Life) အဖြစ် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ သည်။ ၁၉၆၆ တွင် **ရေပွက်ပမာ** (A Very Easy Death) အဖြစ် ပြန်ဆိုခဲ့ရသော Une Mort tres douce (၁၉၆၄) သည် သူ့မိခင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ရခြင်း အကြောင်းကို လွတ်လပ်သည့် ကိုယ်ပိုင် သဘောတရားဖြင့် ဇာတ်ကြောင်းပြန်ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ၎င်းနောက် တွင် ၁၉၇၄ ၌ **အားလုံးပြောခဲ့၊ အားလုံးပြီးဆုံးခဲ့** (All Said and Done) အဖြစ် ဘာသာပြန်ခဲ့သည့် Tout compte fait (၁၉၇၂) နှင့် ဆတ်၏ နောက်ဆုံးနှစ်များကို စိတ်လှုပ်ရှားဖွယ် ပြန်ပြောင်းရေးပြထားသော La Cérémonie des adieux (၁၉၈၁) တို့ ထွက်ရှိကြသည်။ ၎င်းစာအုပ်က ဆတ်၏အဖိုးတန်သော ထိုးထွင်းသိမြင်မှုစွမ်းရည်နှင့် ဆတ်နှင့် ဒီဘူးဗွားတို့ အကြားရှိ အတွင်းကျသော ဆက်ဆံရေးတို့ကို မီးမောင်းထိုးပြပေးခဲ့သည်။ ဒီဘူးဗွား၏ကျော်ကြားမှုမှာ Le Deuxième sexe (၁၉၄၉) စာအုပ်ကြောင့် ပိုမိုကြီးမားလာခဲ့ရ သည်။ ၎င်းကို ၁၉၅၃ တွင် **ဒုတိယလိင်** (Second Sex) အဖြစ် ဘာသာ ပြန်ဆိုခဲ့သည်။ ထိုစာအုပ်မှာ မဟာအမျိုးသမီးဝါဒ ပေါ်ပေါက်မှုတွင် မှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။ ထိုစာအုပ်တွင် လက်ထပ်ခြင်း နှင့်မိခင်ဘဝကို ငြင်းဆိုထားပြီး အမျိုးသားများက အပေါ်စီးမှ ချုပ်ကိုင် လွှမ်းမိုးထားသည့် အယူအဆအား ဆန့်ကျင်၍ တင်ပြခဲ့သည့်အပြင် အမျိုးသမီးများ၏ အကျပ်အတည်းကို အကျိုးသင့်အကြောင်းသင့် ဖြေရှင်း နိုင်ရန် ကြိုးပမ်းခဲ့သည်။ သူမ၏ ဝတ္ထုမဟုတ်သည့် အခြားလက်ရာများ ထဲတွင် အက်ဆေးများဖြစ်သည့် Pour une morale de l'ambiguité (၁၉၄၇) နှင့် Faut-il brûler Sade? (၁၉၅၁) တို့ပါဝင်ကြ၏။ သူမသည် **မေလရှည်** (La Longue Marche)(၁၉၅၇) ကဲ့သို့သော ခရီးသွား စာအုပ်များနှင့် Les Bouches inutiles (၁၉၄၅) ပြဇာတ်တို့ကိုလည်း ရေးသားခဲ့သေးသည်။

## ကလော့ ဒီဗျူစီ [ Claude Debussy ]
## ( ၁၈၆၂ – ၁၉၁၈ )

### ▫ ပြင်သစ်ဂီတစာဆိုနှင့် စန္ဒရားပညာရှင်။

*အင်ပရက်ရှင်းနစ်ဂီတ၏ မူလရင်းမြစ်ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရသည်။*

အမည်ရင်းမှာ **ကလော့အာချီလီဒီဗျူစီ** (Claude Achille Debussy)ဖြစ်သည်။ ဈေးဆိုင်ရှင်တစ်ဦး၏သားဖြစ်သူ ဒီဗျူစီသည် ၁၈၇၁ တွင် **မီမော်တီဒီ ဖလာဗီလီ** (Mme Maute de Fleuriville) ဆိုသူက သူ့ဂီတဝါသနာကို အားပေးခြင်းခံခဲ့ရသည်။ ထိုသူမှာ ရှိုပင်၏တပည့်ဟောင်းဖြစ်ပြီး ဗာလိန်း၏ယောက္ခမဖြစ်သည်။ ၎င်း၏ကဗျာကို မကြာမီပင် သူသံစဉ်ထည့်ပေးခဲ့ရလေသည်။ ဆယ်နှစ်အရွယ်တွင် ဒီဗျူစီသည် ပါရီအနုပညာကျောင်းတွင် ကျောင်းသားတစ်ယောက်ဖြစ်လာပြီး စန္ဒရားနှင့် သီအိုရီကို အဓိကထား သင်ယူခဲ့သည်။ ၁၈၄၄ တွင် အုပ်စုဖွဲ့သံပြိုင်တေးသီဆိုရာ၌ **ပရစ်ဒီရမ်း** (Prix de Rome) ဆုကို ရရှိခဲ့သည်။ သို့သော် ၁၈၇၇ တွင် သူသည် ပညာဆည်းပူးခြင်းကို ရပ်နား၍ တေးရေးဖွဲ့ရန် ပါရီသို့ပြန်လာခဲ့

သည်။ ထိုနေရာ၌ သူသည် ဂီတသမားများထက် ပန်းချီဆရာ၊ စာရေးဆရာများကို ပိုပေါင်းဖြစ်ခဲ့သည်။ သို့သော်သူ့အား **ဝဂ္ဂနာ** (Wagner)၊ **မူဆော့စကီး** (Mussorgsky)တို့နှင့် ၁၈၈၉ ပါရီပြပွဲတွင် ကြားခဲ့ရသည့် **ဂျာဗားဂီတ**တို့က လွှမ်းမိုးခဲ့သည်။ ၁၈၉၉ တွင် အပ်ချုပ်သည် အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ခဲ့ရာ အိမ်ထောင်ရေးအဆင်မပြေခဲ့ချေ။ အကြောင်းကား ဇနီးဖြစ်သူမှာ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း ခေါင်းပါးလှသောကြောင့် ဟုဆို၏။ ၁၉၀၅ တွင် သူတို့ကွာရှင်းခဲ့ကြပြီး **အမ်မာဘာဒက်** (Emma Bardac ) နှင့် လက်ထပ်သည်။ ၎င်းနှင့် **ကလော့အမ်မာ** အမည်ရှိ သမီးလေးတစ်ယောက် ထွန်းကားခဲ့သည်။ သမီးဖြစ်သူအတွက် **ကလေးများရဲ့ထောင့်** (Children's Corner )အမည်ရ စန္ဒရားတေးစုကို ရည်စူးရေးစပ်ခဲ့သည်။ ဂီတစာဆိုတစ်ယောက်အနေဖြင့် ဒီဗျူစီသည် ၂၀ ရာစု ဥရောပဂီတဖွံ့ဖြိုးမှု အပေါ်တွင် ကြီးစွာလွှမ်းမိုးခဲ့သည်။ အင်ပရက်ရှင်းနစ် ပန်းချီစိတ်ကူးများကို ပြင်သစ်ဟန်ဖြင့် ထူးခြားစွာ ဖန်တီးရန် သူဆောင်ကျဉ်းလာခဲ့ပြီး မုဒ်နှင့် ဝန်းကျင်အငွေ့အသက်များ ပေါ်ထွက်စေခဲ့သည်။ ဒီဗျူစီ၏ ပထမဆုံးသော အင်ပရက်ရှင်းနစ်သံစုံဂီတအပိုင်းအစ စစ်စစ်များဖြစ်ကြ သည့် Prélude à l'après-midi d'un faune (၁၈၉၉) ကို လူအများ လက်ခံလာကြသည်။ The Nocturnes (၁၈၉၉)၊ ဆင်ဖိုနီအကြမ်းများ ဖြစ်သည့် La Mer (၁၉၀၅)နှင့် ဘဲလေးပြဇာတ်အတွက် Jeux (၁၉၁၃) တို့က နောက်ထပ် ထွက်ပေါ်လာကြသည်။ သူ၏ Pelléas et Mélisande (၁၉၀၂) အော်ပရာမှာ မေးတာလင့်၏ သင်္ကေတပြဇာတ်ပေါ်တွင် အခြေခံထားသည်။ ၎င်းအော်ပရာက သူ့အားတန်းဝင် အနုပညာရှင်အဖြစ် အသိအမှတ်ပြုခြင်း ခံရစေသည်။ သူ၏ ကွဲပြားခြားနားသော စန္ဒရားဟန်မှာ စာအုပ်နှစ်အုပ်စာ ရေးဖွဲ့ထားသော Preludes (၁၉၁၀–၁၃) တွင် အပေါ်လွင်ဆုံးပင် ဖြစ်သည်။ မကြာမီပင် သူ့ဟန်သည် ဂန္ထဝင်ဆန်စွာ ပိုမိုရိုးစင်းလာခဲ့သည်။ စာအုပ်နှစ်အုပ်စာရေးဖွဲ့ ထားသည့် စန္ဒရားအတွက် Études (၁၉၁၅) နှင့် စန္ဒရားတေးစုနှစ်ခုဖြစ် သည့် En blance et noir (၁၉၁၅) တို့တွင် ၎င်းဟန်ကို တွေ့မြင်နိုင်သည်။ လူထုရှေ့တွင် ဖျော်ဖြေရန် အားမသန်သော ဒီဗျူစီသည် သူ၏ ကိုယ်ပိုင်လက်ရာများကို ၁၉၀၇ နှင့် ၁၉၀၈ တို့တွင် လန်ဒန်ရှိ ဘုရင်မခန်းမ၌ နှစ်ကြိမ်တိုင် ဝိုင်းခေါင်းဆောင် လုပ်၍ တင်ဆက်ခဲ့သည်။

## ဝီလျံ ဒီကူးနင်း [ Willem de Koonin ]
## ( ၁၉၀၄ – ၁၉၉၆ )

▭ **ဒပ်ချ်လူမျိုး အမေရိကန်ပန်းချီဆရာ။**

*၁၉၄၀ နှောင်းပိုင်းနှစ်များတွင် ဂျက်ဆင်ပိုးလော့နှင့်အတူ ဒြပ်မဲ့စိတ္တဇ ပန်းချီဂိုဏ်း၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ သူ၏ semi-abstract ရေးဟန် ဖြင့်ရေးဆွဲသော* ***မိန်းမ*** *(Woman) ပန်းချီကားအတွဲများ ကြောင့် ထင်ရှား သည်။*

၁၉၁၆ တွင် ဒီကူးနင်းသည် မွေးရပ်မြေ ရိုတာဒမ်ကို စွန့်ခွာပြီး အမ်စတာဒမ်ရှိ စီးပွားဖြစ် အလှဆင်သည့် ကုမ္ပဏီတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပန်းချီလေ့လာခြင်း၊ ပုံကြမ်း ရေးဆွဲခြင်းနှင့် ရိုးရာဟန်ဖြင့် ရေးဆွဲခြင်းတို့ကို စတင်လုပ်ကိုင်ခဲ့သည်မှာ တိုင်း ပြည်မှ ထွက်ခွာမသွားမီ ၁၉၂၆ အထိပင် ဖြစ်တော့သည်။ သူသည် အမေရိကား တွင် နေရင်း ကန်ဒင်းစကီးထံမှ ဆင်းသက်လာသည့် ဒြပ်မဲ့ဟန်များကို စမ်းသပ် နေခဲ့ပြီး မကြာမီပင် ကုဗဝါဒသမားဖြစ်လာကာ ပန်းချီဆရာ အာရှလီဂေါ်ကီနှင့် ရင်းရင်းနှီးနှီး ပေါင်းဖက်၍အလုပ်တွဲလုပ်ခဲ့သည်။ ၁၉၃၀ နှစ်များတွင် ဖက်ဒရယ်

ပန်းချီစီမံကိန်း၌ အလုပ်ရရှိခဲ့သောကြောင့် အချိန်ပြည့် ပန်းချီဆရာဖြစ်လာခဲ့သည်။ အရောင်မှိုင်းမှိုင်းဒြပ်မဲ့ပန်းချီမှသည် ရုပ်ပုံကို အသေးစိတ်ရေးဆွဲသော ပန်းချီအထိ ဟန်မျိုးစုံကို တန်းစီ၍ ရေးဆွဲခဲ့သည်။ သူ့ခဲခြစ်လက်ရာများက သူ့အားရာစုနှစ်၏ ခမ်းနားသော လက်မှုပညာသည် အဖြစ် ညွှန်ပြနေကြသည်။ သူသည် နယူးယောက်မှ ပန်းချီဆရာများ၏လွှမ်း မိုးမှုကို ခံခဲ့ရသော်လည်း ထိုလွှမ်းမိုးမှုမှာ ၁၉၄၈ ထိပင် မခံလိုက်ပေ။ ထိုနှစ် တွင် သူ့ပထမဆုံး တစ်ကိုယ်တော်ပြပွဲကို ပြသခဲ့ပြီးနောက် ဒြပ်မဲ့စိတ္တဇပန်း ချီဆရာများ၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ထိုကာလကို ထင်ဟပ်ပြနေ သည့်လက်ရာမှာ အနက်ရောင်ပုံသဏ္ဌာန်များဖြင့် ရေးဆွဲထားသော Painting (၁၉၄၈) ပန်းချီကား ဖြစ်သည်။ ဒီကူးနင်း၏ **တူးဖော်ခြင်း** Excavation (၁၉၅၀) သည် သူ့လက်ရာတွင် အရောင်အသွေးများ ပြန်လည်စိုပြည် လာခြင်းကို ညွှန်ပြနေသည့် ပန်းချီကား တစ်ချပ်ဖြစ်သည်။ ကိုယ်စားပြုခြင်း လော အရိပ်အမြွက်ပြခြင်းလောဟု မဆိုနိုင်သည့် သူ့အဓိကအကြောင်းအရာ ဖြစ်သည့် **မိန်းမ** (Woman) ပန်းချီကား အတွဲများကို ၁၉၅၂ တွင် စတင် ရေးဆွဲသည်။ သူ့ပန်းချီကားများသည် တင်စားမှုနှင့် ဒြပ်မဲ့ဆန်ခြင်းတို့ အကြားတွင် တစ်လှည့်စီ ဖြစ်ပေါ်နေကြပြီး ၁၉၇၀ နှစ်များအတွင်း ဒီကူးနင်းသည် တင်စားမှုဆန်သော စိတ္တဇပန်းပုထုလုပ်ခြင်းကို ပြောင်းလဲ လုပ်ကိုင်ခဲ့လေသည်။ ဒီကူးနင်းသည် အယ်ဇိုင်းမားရောဂါဖြင့် ကွယ်လွန် ခဲ့ရသည်။

## အန်ဒရေ ဒါရိန်း [ André Derain ]
## ( ၁၈၈၀ – ၁၉၅၄ )

### □ ပြင်သစ် ပန်းချီဆရာ။

အရောင်လွန်ပန်းချီဂိုဏ်း၏ ထင်ရှားသော အဖွဲ့ဝင်တစ်ဦး။

၁၉၀၁ တွင် ပါရီ၌ ပြသခဲ့သော ဗန်ဂိုးပန်းချီပြပွဲက ဒါရိန်းအား ပန်းချီဆရာတစ်ယောက်အဖြစ် ဖွံ့ဖြိုးလာစေရန် ပြင်းစွာ အကျိုးသက်ရောက်စေခဲ့သည်။ သူသည် ဗလမ်းမင့်နှင့် မားတိစ်တို့နှင့်အတူ အရောင်ကို လွတ်လပ်သော အလှဆင်မှုနှင့် အတွင်းစိတ်ကို ပေါ်လွင်စေသော လက္ခဏာအဖြစ် လေ့လာတင်ပြလာခဲ့သည်။ ယင်းသို့အားဖြင့် ရိုးရာခြယ်မှုန်းဖော်ပြ ဟန်များမှ လွတ်မြောက်လာခဲ့ရသည်။ ထိုအချက်ဖြင့် ၁၉၀၅ တွင် ထင်ရှားသော ဆောင်းဦးပန်းချီပြပွဲကို ပြသကြသောအခါ ပန်းချီကားများ၏ တောက်ပသော ဆောင် ရွက်မှုနှင့် စမ်းသပ်သော အရောင်အသွေးများကြောင့် ဝေဖန်ရေးဆရာ တစ်ဦး က **အရောင်လွန်သမားများ** (Fauves) ဟု အမည် ပေးခဲ့လေသည်။ နောက် ထပ် နှစ်နှစ်အတွင်း ဒါရိန်းသည် လန်ဒန်သို့ နှစ်ကြိမ်တိုင် ခရီးထွက်ခဲ့ သည်။ ၎င်းတွင် သိမ်းမြစ်နှင့် ဟိုက်ပန်းခြံမြင်ကွင်း များကို ပန်းချီရေးဆွဲခဲ့သည်။ ၎င်းပုံများနှင့် သူ့အခြားရှုခင်းများ၊ ရုပ်ပုံ ဖွဲ့စည်းမှုများနှင့် ပုံတူများတွင် သန့်စင်

သည့် အဝါများ၊ ခရမ်းရောင်များ၊ အပြာများ၊ အစိမ်းများနှင့် အနီများ ပြည့်နှက်၍ ပဋိပက္ခဖြစ်နေကြသည်။ သူ့အရောင်ဆေးတောင့်များအား အလင်းရောင်များ ထုတ်လွှတ်ပေးသော 'ဒိုင်းနမိုက်အတုံးများ' အဖြစ် သူသတ်မှတ်ခဲ့သည်။ အရောင်လွန်ဝါဒသည် အရှိန်ပြင်းထန်သော်လည်း သက်တမ်းတိုလှပေသည်။ ၁၉၀၈ တွင် ဒါရိန်း အပေါ်၌ ဆေဇန်း၏လက်ရာများနှင့် ပီကာဆိုနှင့် ဘရာ့ခ်တို့ ဖွံ့ဖြိုးစေခဲ့သော ကုဗဝါဒနည်းနာများ၏ ဩဇာတိုးပွားလာခဲ့သည်။ ပုံသဏ္ဍာန်များနှင့် ကန့်သတ်သုံးစွဲသော အရောင်များကို ပြောင်းလဲ စိတ်ဝင်စားလာခဲ့သည်။ သုံးနှစ်အကြာတွင် အစောပိုင်း ရီနေဆန်း ပန်းချီကျော်ကြီးများအပေါ် အခြေခံထားသည် ဟန်တစ်ရပ် ဖွံ့ဖြိုးလာခဲ့ သည်။ ၎င်း **ဂေါ်သကာလ** (gothi period) မှာ ၁၉၂၀ မတိုင်မီအထိ ဆက်လက် ဖွံ့ဖြိုးလာခဲ့သည်။ ၁၉၂၀ တွင် ဂန္ထဝင်ဆန်သော်ငြားလည်း မည်းမှောင်စိတ်ပျက်ဖွယ် သရုပ်မှန် ဟန်တစ်ရပ်ကို အခြေစိုက်နိုင်ခဲ့သည်။ ၎င်းဟန် မှာ ၁၉၂၀ နှစ်များရှိ ပန်းချီ ဆရာများကို ကြီးစွာလွှမ်းမိုးခဲ့သည်။ ဒါရိန်းသည် ဒီဇိုင်းများ၊ ဇာတ်ခုံ အပြင် အဆင်များနှင့် ဇာတ်ဝတ်စုံများကိုလည်း ဖန်တီးပေးခဲ့ပြီး ဘဝတစ်သက်တာ ကာလအတွင်း ရှေးကျသော ပန်းပုဟန်မျိုးစုံကို စမ်းသပ်လေ့လာ၍ နေခဲ့ သည်။

## ဆာဂျီး ဒိုင်ယာဂီလက် [ Sergei Diaghilev ]
## ( ၁၈၂၇ – ၁၉၂၉ )

### ▫ ရုရှားဇာတ်ဆရာ။

*ဘဲလေး ရုစ် (Ballets Russes) ဇာတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ရုရှား ခေတ်ပြိုင်အနုပညာများကို ဥရောပသို့ သယ်လာခဲ့သည်။ ဂီတပညာရှင်များ၊ ပန်းချီဆရာများနှင့် ကချေသည်များကို ပေါင်းစပ်အသုံးပြု၍ ဘဲလေးပြဇာတ်အား တော်လှန်ပြောင်းလဲပစ်ခဲ့သည်။*

နော့ဗ်ဂိုးရော့ရှိ မျိုးကြီးရိုးကြီး မိသားစုမှ ပေါက်ဖွားလာခဲ့သည်။ စိန့်ပီတာစဘတ်မြို့၌ ဥပဒေပညာသင်ယူခဲ့ပြီး ဥရောပတစ်ခွင်သို့ ခရီးထွက်ကာ ဗားဒီ၊ အင်မီလီဇိုလာ စသည့်အနုပညာရှင်များနှင့် တွေ့ဆုံခဲ့သည်။ သူ့ရည်မှန်းချက်ကား အနုပညာရပ်အားလုံးကို ကြီးမှူးပေးသူ ဖြစ်ရန်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကိုယ်ပိုင်ဝင်ငွေ မရှိသော မိန်းမလျာတစ်ဦးအနေဖြင့် ထိုကိစ္စသည် ရုရှားပြည်ရာစုနှစ်အပြောင်းအလဲကာလအတွင်း၌ ဖြစ်နိုင်ဖွယ်မရှိသော ရည်မှန်းချက်ပင်ဖြစ်သည်။ သို့ပင်ငြားလည်း ဒိုင်ယာဂီလက်သည် ၁၈၉၉ တွင် **အနုပညာကမ္ဘာ** (The World of Art) အမည်ရသတင်းစာကို စတင်ထုတ်ဝေပြီး ၎င်း၌အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၀၅တွင်ရုရှားအနုပညာလက်ရာမွန်များအားကောင်းကောင်းကြီးကြော်ငြာသည့် ပြပွဲကို စိန့်ပီတာစဘတ်တွင် သူ စီစဉ်၍ ပြသခဲ့သည်။ ထိုနှစ်အတွင်းမှာပင် ထိုပြပွဲကို ပါရီသို့ ယူဆောင်လာပြီး ရုရှားဂီတစာဆို ကြီးများ၏ ဂီတကို အခြေခံထားသည့် ကပွဲများကိုလည်း စီစဉ်ခဲ့သေးသည်၎င်းတင်ဆက်မှုများ၏ အထွတ်အထိပ်မှာ မူဆော့စကီး၏ Boris Godunov ကို အနောက်တိုင်းတွင် ပထမဆုံး တင်ဆက်သည့်ပွဲဖြစ်သည်။ ၎င်းအား ၁၉၀၈ တွင် ပါရီအော်ပရာဖြင့် တင်ဆက်ခဲ့ခြင်းဖြစ်သည်။ ထို အောင်မြင်မှုနောက်တွင် ၁၉၀၉ ၌ သူကိုယ်ပိုင်ဘဲ လေးကုမ္ပဏီ Ballets Russes ကို အန်နာပါဗလိုဗာ၊ မက်စ်လက်နစ်ဂျင်စကီး၊ မိုက်ကယ်ဖော့ကိုင်း စသည့် အကသမားများ၊ မက်ဆိုင်းနှင့် ဘယ်လန်ဂျိုင်းစသည့် ကကွက်စီစဉ် သူများစသည်တို့ဖြင့်ထူထောင်လေသည်။ဒိုင်ယာဂီလက်၏ဆော်ဩလမ်းပြမှုကြောင့် အဆိုပါဇာတ်အဖွဲ့အသစ်သည်အိုင်ဆာဒိုရာဒူကန်၏ရိုးရာသစ်တီထွင်ဆန်းသစ်ချက်များဖြင့် **ရုရှားအင်ပါယာ ဘဲလေးအဖွဲ့**၏ ပုံသေလက်ရာများမှ ခွဲထွက်နိုင်ခဲ့သည်။

ဒိုင်ယာဂီလက်သည် သူ၏ဘဲလေးကဇာတ်များအတွက် ဂီတဖန်တီးပေးရန်အလို့ငှာ စထရာဗင်စကီး၊ ရေဗယ်၊ ဒီဗျူစီနှင့် ပရိုကိုဖိဗ်စသည့်ဂီတစာဆိုကြီးများကို ငှားရမ်းအသုံးပြုလေ့ရှိသည်။ ထို့ကြောင့်ပင် ၎င်းဂီတစာဆိုတို့၏ လက်ရာများကို ကျယ်ပြန့်သော ပရိသတ်နှင့် မိတ်ဆက် ပေးခဲ့ရာ၌ သူ့ကျေးဇူးမကင်းဟု ဆိုရပေမည်။ သူတို့၏ တော်လှန်သောဘဲလေးဇာတ်အသစ်များထဲတွင် စထရာဗင်စကီး၏ **မီးငှက်** (The Firebird )(၁၉၁၀)၊ **ပီထရူစခါ** (Petrushka )(Petrushka )(၁၉၁၁)နှင့် **နွေဦးပွဲသဘင်** (The Rite of Spring )(၁၉၁၃)၊ ရေဗယ်၏ **ဒက်ဖနစ်နှင့်ချိုး** (Daphnis and Chloe )(၁၉၁၂)၊ **သုံးမြှောင့်ပုံဦးထုပ်** (The Three Cornered Hat) (၁၉၁၉) တို့ပါဝင်ကြသည်။ ၎င်းဇာတ်များအတွက် ဇာတ်ခုံ အပြင်အဆင်များကို ပီကာဆို၊ ဘရာ့ခ်နှင့် မားတိစ် စသည့်ပြုပြင်ပြောင်းလဲရေး ပန်းချီဆရာများက ဖန်တီးပေးကြသည်။ ဘဲလေးရစ် (The Ballets Russes ) အဖွဲ့သည် ၁၉၀၉ မှ ၁၉၂၉ အတွင်း ဥရောပနှင့်အမေရိကားသို့ လှည့်လည်ဖျော်ဖြေကြသည်။ ၎င်းတို့အဖွဲ့သည် ဘဲလေး ဇာတ်၆၈ပုဒ်ကို ပူးပေါင်းဖန်တီးခဲ့ကြပြီး ၎င်းဇာတ်အများစုမှာ ယနေ့တိုင် ပင်ခေတ်သစ်ဇာတ်ကွက်များအတွင်း၌ ပါဝင်နေဆဲဖြစ်သည်။ ဒိုင်ယာ ဂီလက်သည်စိတ်ကူးစိတ်သန်းများကို ဆက်လက်တင်ပြရန် ကြိုးပမ်းခဲ့သော် လည်းနှစ်ပေါင်းများစွာပင် ဆီးချိုဝေဒနာခံစားခဲ့ရသောကြောင့် အားအင် များလျော့နည်းလာခဲ့ကာ အသက် ငါးဆယ့်ခုနစ်နှစ်အရွယ်တွင်ဗင်းနစ်မြို့၌ကွယ်လွန်ခဲ့လေ၏။

## ဝေါ့ ဒစ္စနေး [ Walt Disney ]
## ( ၁၉၀၁ – ၁၉၆၆ )

□ **အမေရိကန် ကာတွန်းရုပ်ရှင်သမား၊ ရုပ်ရှင်ထုတ်လုပ်သူ။**

***မစ်ကီမောက်*** *(Mickey Mouse ) နှင့်* ***ဒေါ်နယ်ဒတ်*** *(Donald Duck ) စသည့် ကာတွန်းဇာတ်ကောင်များကို ဖန်တီးခဲ့သူ။*

အမည်အပြည့်အစုံမှာ **ဝေါလ်တာ အိလိယက် ဒစ္စနေး** (Walter Elias Disney )ဖြစ်သည်။ ချီကာဂို၌ မွေးသည်။ ကန်ဆက်အနုပညာသိပ္ပံတွင် တက်ရောက်ခဲ့ပြီးနောက် စီးပွားဖြစ်ပန်းချီဆရာနှင့် ကာတွန်းရုပ်ရှင်လုပ်သူအဖြစ်စတင်အသက်မွေးခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ပြင်သစ်တွင် ကြက်ခြေနီလူနာယာဉ်မောင်းသူအဖြစ် အလုပ်ဝင်လုပ်ခဲ့သည်။ သူ့လုပ်ဖော်ကိုင်ဖက် **အပ်အိုင်ဝပ်** (Ub Iwerks )နှင့်အတူ **လော့အိုဂရမ်** (Laugh O Grames) အမည်ရ ကာတွန်းရုပ်ကလေးများကိုတီထွင်၍ ပြဇာတ်ရုံများ သို့လှည့်ရောင်းခဲ့သည်။ သို့သော် ထိုစွန့်စားမှုမှာ မအောင်မြင်ခဲ့ပေ။ ၁၉၂၃ တွင် ဟောလီးဝုဒ်သို့ ပြောင်းရွှေ့လာခဲ့ပြီး ဒစ္စနေးသည် သူ့အစ်ကို **ရွိုင်** (Roy ) နှင့်လုပ်ငန်းစပ်တူထူထောင်ပြီးနောက် အိုင်ဝပ်နှင့် တွဲကာ **ကာတွန်း တိုင်းပြည်က အဲလစ်** (Alice in Cortoonland ) ကာတွန်းရုပ်ရှင်ကား အတွဲများကို ဖန်တီးလေသည်။ ထိုကာတွန်းရုပ်ရှင်များမှာလည်း မအောင်မြင် ခဲ့ပေ။ ဒစ္စနေးမိသားစုမှာလည်း လွန်စွာမှချို့တဲ့ခဲ့ရသည်။ သို့သော်လည်း ၁၉၂၇ တွင် ***ကံကောင်းတဲ့ ယုန်အော့စ်ဝဲလ်*** (Oswald The Lucky Rabbit ) ဖြင့် အောင်မြင်မှု

စတင်ရရှိလာသည်။ နေ့စဉ်တွေ့နေကျ ကြွက် ကလေး **မော်တီမာသည် မောက်** (Mootimer the Mouse) ၏ အမည် ကို အခြေခံ၍ **မစ်ကီ** (Mickey) ဟုအမည်သစ်ပေးကာ ဇာတ်ဆောင် လုပ်ခိုင်းထားသည့် ဒစ္စနေး၏ပထမဆုံး အသံထွက် ကာတွန်းကား **ရေနွေးငွေ့ သင်္ဘောဝီလီ** (Steamboat Willie) မှာ ၁၉၂၈ တွင် ထွက်ပေါ်လာသည်။ (၎င်းဇာတ်ကားတွင် ဒစ္စနေး၏အသံကို အသုံးပြု ခဲ့သည်) အခြားသော ဇာတ်ကောင်များထဲတွင် မစ်ကီ၏သူငယ်ချင်း **မင်နီ** (Minnie)နှင့်တကွ **ဂူဖီ** (Goofy) **ပလူတို** (Pluto)နှင့် ချစ်စဖွယ် **ဒေါ်နယ်ဒတ်** (Donald Duck ) တို့ပါဝင်ကြ၏။ ၎င်းတို့နှင့်ထပ်တူ အမှတ်ရဖွယ်များမှာ ၁၉၃၀ နှစ်များမှ **မိုက်မဲသော ဆင်ဖိုနီများ** (Silly Symphonies)၊ **ဝက်ကလေးသုံးကောင်** (The Three Little Pigs) နှင့် ၎င်းမှ ရေပန်းစားသည့်သီချင်း **ဝံပုလွေဆိုးကြီးကို ဘယ်သူကြောက် သလဲ** (Who's Afraid of the Big Bad Wolf )တို့ ဖြစ်ကြသည်။ အရည် အသွေးမီ ကာတွန်းကားများဖြစ်ကြသည့် **စနိုးဝိုက်နှင့်လူပုကလေး ခုနစ်ယောက်** (Snow White and the Seven Drawfs) (၁၉၃၈) **ဖန်တက်ဆီယာ** (Fantasia ) (၁၉၄၀) စသည်တို့လည်း ပေါ်ပေါက်လာကြ သည်။ ဖန်တက် ဆီယာ ကာတွန်းရုပ်ရှင်မှာ ဂန္ထဝင်ဂီတကို ရုပ်ရှင်ကြည့်ပရိ သတ်အများစု နားလည်ခံစားတတ်စေရန် ကာတွန်းရုပ်ကလေးများဖြင့် ရော စပ်၍ အဓိပ္ပါယ် ပေးသည့် ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည်။ အခြားသော စံချိန် မီ ကာတွန်းကား များထဲတွင် **ပီနိုချို** (Pinocchio) (၁၉၄၀)၊ **ဘမ်ဘီ** (Bambi) (၁၉၄၂)၊ **မိန်းမပျိုနဲ့ ခြေသလုံးအိမ်တိုင်** (Lady and the Tramp)(၁၉၅၅) နှင့် **ဂျန်းဂဲဘွတ်** (The Jungle BooK) (၁၉၆၇) တို့ ပါဝင်ကြ၏။ ကာတွန်း ကားမဟုတ်သည့် သဘာဝရုပ်ရှင်များထဲတွင် The Living Desert (၁၉၅၃)၊ Treasure Island (၁၉၅၀)၊ Kidnapped (၁၉၆၀)၊ The Incredible Journey (၁၉၆၃) တို့မှာ ထင်ရှားသည်။ ဒစ္စနေးကွယ်လွန်သွားသည့်တိုင် ကျယ်ပြန့်၍မျိုးစုံသော ရုပ်ရှင်ကားများမှာ ဒစ္စနေး၏နာမည်အောက်တွင် ဆက် လက်ထွက်ပေါ်နေကြသည်။ ဒစ္စနေးသည် သူ၏ဇာတ်လမ်းတိုများ၊ ကာတွန်း ရုပ်ရှင်များ အတွက် မရေတွက်နိုင်သော အကယ်ဒမီဆုများ၊ သီးသန့်ဆုများ ချီးမြှင့်ခံ ခဲ့ရသည်။ ကယ်လီဖိုးနီးယားရှိ သာယာရှုင်မြူးဖွယ် **ဒစ္စနေးကမ္ဘာ** (Disney Land)ကို ၁၉၅၅ တွင် ဖွင့်လှစ်ပြီး အလားတူ ပန်းခြံများကို ၁၉၇၁ တွင် ဖလော်ရီဒါ၌၊ ၁၉၈၃ တွင် တိုကျို၌ တည်ထောင်ခဲ့သည်။ ၁၉၉၂ တွင် ပါရီ၌လည်း ပန်းခြံတစ်ခု ဖွင့်လှစ်ခဲ့သည်။

## မာဆယ် ဒူးချမ့် [ Marcel Duchamp ]
## ( ၁၈၈၇ – ၁၉၆၈ )

### ▫ ပြင်သစ်ပန်းချီဆရာနှင့် ပန်းပုဆရာ။

*အမေရိကားရှိ "လှုပ်ရှားမှုပန်းချီ" ကို လွှမ်းမိုးဦးဆောင်ခဲ့သူ။ လှုပ်ရှားမှုများကို သူ့ပန်းချီများဖြင့် အမိအရဖမ်းယူခဲ့သည်။*

ပန်းချီဆရာမိသားစုမှ မွေးဖွားလာသူ ဒူးချမ့်သည် ၁၉၀၅ မှ ၁၉၁၀ အတွင်း ကာတွန်းနှင့် သရုပ်ဖော်ပုံများ ရေးဆွဲ၍ ပါရီတွင် နေထိုင်ရှင်သန်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပန်းချီဆွဲခြင်းကို လေ့လာခဲ့ပြီး လှုပ်ရှားမှုအား သရုပ်ဖော်ရခြင်းကို အထူးစိတ်ဝင်စားလာသည်။ ၁၉၁၂ တွင် (ယခုနာမည်ကျော်နေသည့်) **လက်ရမ်းလှေကားမှ ဆင်းလာသည့် လုံးတီးမယ်** (Nude Descending a Staircase) ပန်းချီကားကို ပြသခဲ့သည်။ ၎င်းပန်းချီကားတွင် ကုဗဝါဒလက္ခဏာရပ်များ ပါဝင်နေခဲ့ပြီး အီတလီရှိ အနာဂတ်ဝါဒသစ် လှုပ်ရှားမှုများအတွက် အဓိကကျခဲ့သည်။ အဆိုပါ နှစ်အတွင်း သူသည် သုံးဘက်မြင် ပန်းချီလက်ရာများနှင့် Bicycle Wheel (၁၉၁၃)၊ Bottlerack (၁၉၁၄) ကဲ့သို့သော ရယ်ဒီမိတ်ပန်းချီလက်ရာများကို စတင်ဖန်တီးလေသည်။

သာမန်အရာဝတ္ထုများကို ရေးစရာအကြောင်းအရာအဖြစ် ရွေးချယ်၍ အချိုးဖျက်ကာ ပြန်လည်ရေးဆွဲနိုင်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၁၅ တွင် ဒူးချမ့်သည် အမေရိကားသို့ ထွက်ခွာလာပြီး ၎င်းတွင် ၁၉၂၃ မတိုင်မီ အထိ အလုပ်လုပ်ရင်း သူ့အကောင်းဆုံးလက်ရာ Large Glass: the Bride Stripped Bare by her Bachelors Even ကို ဖန်တီးသည်။ ၎င်းမှာ ကိုးပေမြင့်ပြီး သတ္တုနှင့် မှန်များဖြင့် တည်ဆောက်ထားသော လက်ရာတစ်ခု ဖြစ်သည်။ သူ့အနုပညာလက်ရာများစွာကဲ့သို့ပင် အပြီးမသတ်သေးသော ၎င်းလက်ရာသည်လည်း ပြောင်းလဲမှုကို ဆန့်ကျင်သော သမားရိုးကျအနုပညာရသများကို ကျော်လွန်ကာ တွေးခေါ်မှုကိုအဓိကတောင်းခံခဲ့သည့် လက်ရာဖြစ်ပေသည်။ အမေရိကားသို့ သူရောက်သောအခါတွင် နာမည်ဆိုးဖြင့် ကျော်ကြားရန် အသင့်ဖြစ်နေသော ဒူးချမ့်သည် အခြားသူများအပေါ် ဩဇာလွှမ်းမိုးနိုင်ခဲ့သည်။ အိမ်သာခွက်တစ်ခုကို **စမ်းပေါက်** (Fountain) ဟု အမည်ပေးကာ ပြသခဲ့သည်။ ၁၉၂၀ တွင် မိုနာလီဇာကို နုတ်ခမ်းမွေး မုတ်ဆိတ်မွေးများ တပ်ဆင်၍ ထပ်ဆင့်တင်ပြခဲ့သည်။ ဒူးချမ့်သည် ၁၉၂၃ မှစ၍ ဖန်တီးမှုအလုပ်များကို မှန်မှန်ပင် လုပ်ဆောင်ခဲ့သည်။ စုပေါင်းပြပွဲများကို ကူညီဆောင်ရွက်ခြင်း၊ မဂ္ဂဇင်းစာစောင်ကို တည်းဖြတ်ခြင်း၊ ရုပ်ရှင် စမ်းရိုက်ခြင်း နှင့် စစ်တုရင်ကစားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဒူးချမ့်တွင် ဆန့်ကျင့်ဘက် ပန်းချီလှုပ်ရှားမှုများ၏ လွှမ်းမိုးမှု ဆက်လက်ကျန်ရှိနေသေးသော်လည်း ၎င်းလှုပ်ရှားမှုအား အထမမြောက်ခဲ့သယောင်ယောင်ဖြင့် ၁၉၆၂ တွင် သူပြော ခဲ့သေးသည်။ မည်သို့ပင်ဖြစ်စေ သူသည် ၂၀ ရာစုအတွင်းရှိ အနေအထားပျက်၍ ဖမ်းရခက်သော ပန်းချီသဘောတရားအား ထောက်ပံ့ပေးခဲ့သူ ဖြစ်ပေသည်။

## ရောလ် ဂျူဖီ   [ Raoul Dufy ]
## ( ၁၈၇၇ – ၁၉၅၃ )

### ☐ ပြင်သစ်ပန်းချီဆရာ။

လီဟာ့ဗ်နှင့် ပါရီတွင် ပန်းချီသင်ကြားခဲ့သည်။ ၁၉၀၅ တွင် မားတိစ်နှင့် မတွေ့မီအထိ နှောင်းအင်ပရက်ရှင်းနစ် ပန်းချီများကို ရေးဆွဲခဲ့ သည်။ မားတိစ်၏ Luxe, calme et volupte ပန်းချီကားက ဂျူဖီအား ကြီးစွာ လွှမ်းမိုးခဲ့သည်။ ထိုမှတစ်ဆင့် ပုံသဏ္ဍာန်ကို မြင့်မားလာစေရန်အတွက် သန့်စင်သော အပြားလိုက်အရောင်အား လွတ်လပ်စွာ သုံးစွဲရမည်ဟု နားလည်လာခဲ့သည်။ သူ့ပန်းချီကားများသည် ဖျော့တော့လာကြပြီး သူ့အာရုံစိုက်မှု များမှာ ဖွဲ့စည်းမှုနှင့် တည်ဆောက်ပုံဆီသို့ လှည့်ပြောင်းသွားခဲ့ သည်။ ၁၉၁၀ တွင် ဖက်ရှင်ဒီဇိုင်းသမား ပေါလ်ပွိုင်းရက်နှင့် တွေ့ဆုံရင်းနှီးခဲ့ပြီးအထည်ဒီဇိုင်းများ ပြုလုပ်ခြင်းကို စိတ်ဝင်စားလာခဲ့သည်။ ထိုကာလအတွင်းမြောက်များစွာသော သစ်ထွင်းပန်းချီများ၊ ကြွေးပုံနှိပ် လက်ရာများနှင့် အဝတ်အထည်ဒီဇိုင်းများကို ပြုလုပ်ခဲ့သည်။ ၁၉၂၀နှစ်များအတွင်း၌ လှေများ၊ ပင်လယ်ရှုခင်းများ၊ ပြေးလမ်းများစသည့် ရွှင်မြူးလန်းဆန်း၍ ကြည်နူးဖွယ် မြင်ကွင်းများကို ရေးဆွဲခဲ့ပြီး လူသိများ လာမည့် သူ့ကိုယ်ပိုင်ဟန်မှာ ဖွံ့ဖြိုးလာ ခဲ့သည်။ ၎င်းပန်းချီကားများ

တွင် ရေးခြစ်ထားသည့် အောက်ခံမျဉ်းများအပေါ်၌ တောက်ပသောအရောင်များ၏ အပြားလိုက် နယ်နိမိတ်များကို ကြမ်းကြမ်းတမ်းတမ်း ပိုင်းခြားထားကြသည်။ ဂျူဖီ၏ ရေးဟန် နောက်ဆုံးဖွံ့ဖြိုးမှုမှာ ၁၉၄၇ ဝန်းကျင်တွင် ဖြစ်ပွားသည်။ **အနီရောင်တယော** (The Rad Violin)(၁၉၄၈) နှင့် **မိုးဇက်သို့ ပူဇော်ခြင်း** (Hamage to Mozart) (၁၉၅၂) စသည့် လက်ရာများတွင် သူ့ပန်းချီကားများသည် တစ်ရောင်တည်းနီးပါး ဖြစ်လာခဲ့ကြသည်။



## ဘော့ဒိုင်လန် [ Bob Dylan ]
## ( ၁၉၄၁ – )

### ▫ အမေရိကန်တေးရေး၊ တေးဆို။

*သူ့တေးစာသားများ၏ အလျှံညီးညီး တောက်လောင်နေသော ဖွဲ့ဆိုမှုက သူ့အား ၁၉၆၀ နှစ်များ၏ ကြယ်တစ်ပွင့် ဖြစ်စေခဲ့သည်။*

၁၉၄၁၊ မေလ ၂၄ ရက်တွင် မင်နီဆိုတာပြည်နယ်၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ **ရောဘတ်အယ်လန် ဇင်မာမန်း** (Robert Allen Zimmerman) ဖြစ်သည်။ ဝေလနယ်သားကဗျာဆရာကြီး ဒိုင်လန်သောမတ်စ်ကို အစွဲပြု၍ ဘော့ဒိုင်လန်ဟု အမည်ပြောင်းခဲ့သည်။ ဒိုင်လန်ကို အဓိကလွှမ်းမိုးခဲ့သည်မှာ ကျေးလက်အဆိုတော်ကြီး **ဂူဒီဂပ်သရီ** (Woody Guthries) (၁၉၁၂–၆၇) ဖြစ်သည်။ ဂူဒီနာမကျန်းဖြစ်၍ ဆေးရုံတက်ရချိန် တွင် သီချင်းရေးစပြုနေသော ဒိုင်လန်က သွားရောက်တွေ့ဆုံခဲ့သည်။ ဂူဒီဂပ်သရီကလည်း ဒိုင်လန်အား ကျေးလက်တေးဂီတနှင့်ပတ်သတ်၍ နွေးနွေးထွေးထွေးပင် အကူအညီပေးခဲ့သည်။ (နောင်တွင် ဒိုင်လန်သည် ဂူဒီသို့ရည်ညွှန်း၍ Song to Woody သီချင်းကို ရေးစပ်ခဲ့သည်) ဒိုင်လန်သည် ကျေးလက်အဆိုတော်အဖြစ် အစပြုလာခဲ့သည်။ မင်နီဆိုတာတွင် ကျောင်းတက်နေသည့် တစ်ပြိုင်နက်မှာပင်

ကော်ဖီဆိုင်များတွင် ဂစ်တာနှင့် ဘာဂျာ တီးမှုတ်၍ သီချင်းလှည့်လည်သီဆို ခဲ့သည်။ ၁၉၆၃ တွင် နယူးယောက်သို့ ပြောင်းရွှေ့လာပြီး ဂရင်းနစ်အနုပညာ ရပ်ကွက်တွင် နေထိုင်သည်။ နယူးယောက်ရှိ ကလပ်များတွင် ကျေးလက် သီချင်းသီဆိုခဲ့သည်။ သူ့ ပထမဆုံးဓာတ်ပြားမှာ ၁၉၆၂ တွင် ထွက်ရှိခဲ့သည်။ သူရေးစပ်သည့် စစ်ဆန့်ကျင်ရေးသီချင်းများမှာလွန်စွာမှထင်ရှား၏ Blowin' in the Wind ကို ၁၉၆၃ တွင် ရေးဖွဲ့ခဲ့သည်။ The Times They are A-Changin နှင့် A Hard Rain's A-Gonna Fall တို့မှာလည်း ကျော်ကြား သော စစ်ဆန့်ကျင်ရေးသီချင်းများပင်ဖြစ်ကြသည်။ သို့သော် သူရေးဖွဲ့မှုများက မကြာမီပင် ကိုယ်ရေးကိုယ်တာဆန်လာခဲ့သည်။ သူ၏ ပဉ္စမမြောက် အယ်လ် ဘမ် Bringing It All Back Home (၁၉၆၅) တွင် Mr Tambourine Man အပါအဝင် သူ့အားပေးအခံရဆုံး သီချင်းကောင်းအချို့ ပါဝင်လေသည်။ သို့သော် ၎င်းဓာတ်ပြားတစ်ခြမ်းကို ရော့ခ်တီးဝိုင်းတစ်ဝိုင်း နှင့်တွဲဖက်တီးမှုတ် ထား၏။ အရိုင်းဆန်သော ရော့ခ် ပရိသတ်ကို စိတ်ဝင်စား သည့် ကြိုးပမ်းမှု တစ်ရပ်ပင်။ လျှပ်စစ်ဂစ်တာကို ကိုင်စွဲ၍ ရော့အင်ရိုးနှင့် စပ်ဆက်ခဲ့သည့်အတွက် ကျေးလက်ပရိသတ်များက သူ့အား ရှုံ့ချခဲ့ကြသည်။ ၁၉၆၅ တွင် မော်တော် ဆိုင်ကယ် ထိခိုက်မှုကြောင့် လည်ပင်းရိုးကျိုးခဲ့ရသည်။ ကာလရှည်ကြာစွာ အနားယူခဲ့ပြီးနောက် သူ၏ နားလည်ရန်အခက်အခဲဆုံး သီချင်းများကိုစုစည်း သည့် John Wesley Harding အယ်လ်ဘမ် ၁၉၆၈တွင်ထွက်ပေါ်ခဲ့သည်။ ၁၉၇၃ တွင် Pat Garrett And Billy the Kid ရုပ်ရှင်၌ပါဝင်သရုပ်ဆောင် ခဲ့သည်။ ထိုကား၏ ဇာတ်ဝင်တေး Knockin' on Heaven's Doon မှာ လူကြိုက်များခဲ့လေသည်။ ၁၉၇၀ နှစ်များအတွင်း ဂီတပွဲများတွင် လှည့်လည် ဖျော်ဖြေမှု များလာခဲ့သည်။ ၁၉၇၉တွင် Christian အယ်လ်ဘမ်ဖြင့် ပြန်လည် ပေါ်ထွက်လာပြီး သူ့သီချင်းများတွင် ငြိမ်းချမ်းသော ရိုးရှင်းမှုတို့ ပိုင်ဆိုင် လာကြသည်။ ၁၉၈၃တွင် **Infidels** အယ်လ်ဘမ်ဖြင့် ပြန်လည်ခေတ်စား လာခဲ့သည်။ နှောင်းပိုင်းကျသော အယ်လ်ဘမ်များထဲတွင် Oh Mercy (၁၉၈၉) သည်လည်း အပါအဝင် ဖြစ်သည်။

သူ့သီချင်းစာသားများကို စာပေအဖြစ်လည်း ထုတ်ဝေ၍ လေ့လာ ဆွေးနွေးခံရသည်။ ၁၉၉၈ တွင် Time Out of Mind အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု ရရှိခဲ့သည်။ ဘော့ဒိုင်လန်၏ တေးရေးဖွဲ့ပုံ၊ တွေးခေါ်ပြုမူနေထိုင် ပုံတို့သည် ခေတ်ပြိုင်နှင့်နှောင်းခေတ်ဂီတသမားများ အပေါ်ကြီးစွာမှ လွှမ်း မိုးခဲ့ပေသည်။



**တီ၊ အက်စ်၊ အီလီယတ်**
**[ T.S. Eliot ]**
**( ၁၈၈၈ – ၁၉၅၁ )**

□ **အမေရိကန်ဖွား ဗြိတိသျှကဗျာဆရာ၊ ဝေဖန်ရေးဆရာနှင့် ပြဇာတ်ရေးဆရာ။**

*စာပေဆိုင်ရာ နိုဘယ်ဆုကို ၁၉၄၈ တွင် ရရှိခဲ့ပြီး ထိုနှစ်အတွင်းမှာပင် OM ဆုကို ထပ်မံရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **သောမတ်စ်စတန်းအီလီယတ်** (Thomas Stearns Eliot) ဖြစ်သည်။ အီလီယတ်ကို မစ်ဆိုရီပြည်နယ် စိန့်လူးဝစ်မြို့၌ မွေးဖွားသည်။ ထိုမြို့ရှိ စမစ်ပညာသင်ကျောင်း၌ တက်ရောက်ခဲ့သည်။ ထိုမှတစ်ဖန် မန်ဆာချူးဆက်ပြည်နယ်ရှိ မီလ်တန်ပညာသင်ကျောင်းတွင် တက် ရောက်ခဲ့ပြီးနောက် ဟားဗတ်တက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ဆော့ဘွန်းမြို့တွင် တစ်နှစ်ကြာနေပြီးနောက် **ဖက်–အိပ်ချ်၊ ဘရက်ဒလီ** (F.H. Bradley) ၏ ဒဿနကို ပါရဂူဘွဲ့စာတမ်းတင်ရန်အတွက် ဟားဗတ်သို့ ပြန်လည်ရောက်ရှိလာသည်။ မည်သို့ပင်ဖြစ်စေ သူသည် ထို့အရင်ကပင် ကဗျာများ ရေးသားနေပြီ ဖြစ်ပြီး **(ဂျေ၊ အဲဖရက်၊ ပရူးဖရော့၏အချစ်သီ ချင်း)** The

Love Song of J. Alfred Prufrock ကဗျာကို ၁၉၁၀ နေ့စွဲဖြင့် ရေးသားခဲ့သည်။) သူ့အပေါ် ဩဇာသက်ရောက်သည့် အခြား အရေးအသားများကိုလည်း ကျေညက်စွာ ဖတ်ရှုခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် **ဂျူး လာဖောဂ်** (Jules Laforgue) ၏ကဗျာများနှင့် အိန္ဒိယ အတွေးအခေါ်များကို ဖတ်ရှုခဲ့သည်။ ၁၉၁၄ တွင် ဥရောပသို့ ခရီးထွက်ခဲ့ သည်။ သို့သော် ပထမကမ္ဘာစစ်ဖြစ်ပွားလာသောကြောင့် သူ့လမ်းကြောင်းမှာ အောက်စဖို့ဒ်တက္ကသိုလ်သို့ ပြောင်းသွားခဲ့သည်။ သူအမှန်တကယ် စိတ်ဝင် စားသောအရာမှာ ကဗျာဖြစ်သည်ဟု နားမလည်မီကာလအထိ ဘရက်ဒလေတွင် ဆက်လက် လုပ်ကိုင်ခဲ့သည်။ ၁၉၁၄ ဆောင်းဦးတွင် **အက်ဇရာပေါင်း** (Ezra Pound) နှင့်ဆုံစည်းခဲ့ပြီး ကဗျာရေးရန် စိတ်အားထက်သန်လာ ခဲ့သည်။ ၁၉၁၅ တွင် အိလိယတ်သည် ဗီဗီယန်ဟိုင်းဝုဒ်နှင့် လက်ထပ်ကာ အင်္ဂလန်တွင် အခြေချရန် ဆုံးဖြတ်လိုက်သည်။ မူလကမူ အိလိယတ်သည် သူ့စာတမ်းပြီးသောအခါ သူနှင့် သူ့ဇနီးသည်တို့မှာ ကျောင်းတွင် ပညာ သင်ကြားခွင့်ရမည်ဟု ခန့်မှန်းခဲ့သည်။ သို့သော်ငြားလည်းသူဘွဲ့ရပြီးချိန်၌ဟားဗတ်သို့ ဘယ်အခါမှပြန်မသွားတော့ပေ။ ထို့အစားသူသည် လွိုက်ဘဏ်၏ လန်ဒန်ရုံးခွဲတွင် စာရေးအဖြစ် တာဝန်ထမ်းဆောင်ပြီး အားလပ်ချိန်များ တွင် ကဗျာနှင့် ဝေဖန်ရေးများရေးသားလေသည်။ **ပရူးဖရော့နှင့် အခြား စူးစမ်းချက်များ** (Pru-frock and other Observations) ကို ၁၉၁၇တွင် ထုတ်ဝေခဲ့ပြီး၊ ၎င်းနောက်တွင် **ကဗျာများ** (Poems) (၁၉၁၉) နှင့် အက်ဆေးနှင့် သုံးသပ်ချက်များ စုစည်းထားသည့် **အထွတ်အမြတ် သစ်တော** (The Sacred Wood) (၁၉၂၀) တို့ထွက်ရှိခဲ့သည်။ ၁၉၂၁တွင် အလုပ်ပိခြင်းနှင့် ဇနီးသည်၏ စိတ်ကျန်းမာရေးချို့ယွင်းခြင်းတို့ကြောင့် အလုပ်မှ သုံးလကြာ အနားယူခဲ့ရသည်။ ထိုသို့ သောကပွားနေရသော အားလပ်ရက်ကာလအတွင်း၌ အိလိယက်သည် သူ၏နာမည်ကျော်လက်ရာ **ဖုန်းဆိုးမြေ** (The Waste Land) (၁၉၂၂) ကဗျာရှည်ကို ပြီးမြောက်အောင် ရေးဖွဲ့ခဲ့သည်။ အဓိပ္ပါယ်နက်နဲ၍ နည်းစနစ်ဆိုင်ရာတီထွင်ဖွဲ့ဆိုမှုများပါဝင်သော်လည်း ထိုကဗျာသည် သူ၏ အဓိကလက်ရာတစ်ခုအဖြစ် အသိအမှတ် ပြုခံရလေသည်။ ၁၉၂၂ တွင် အိလိယတ်သည် (ထိုကာလက ဩဇာအကြီး မားဆုံး) အင်္ဂလိပ်စာပေဂျာနယ် **မှတ်ကျောက်** (Criterion) ကို တည် ထောင်သည်။ ထိုဂျာနယ်မှာ ၁၉၃၉ မတိုင်မီ အထိ ရှင်သန်ခဲ့သည်။ ၁၉၂၅ တွင် **ဖေဘာအင်ဖေဘာ** စာအုပ်ထုတ် လုပ်ရေးနှင့် ဆက်သွယ်မိပြီး ကဗျာ

ရွေးချယ်သည့်အလုပ်ကို ဆောင်ရွက်ပေးခဲ့ရသည်။ ခရစ်ယန်ဘာသာနှင့် ပတ်သက်သည့် သူ့အမြင်များရုပ်ထွေးလာရခြင်းကို ၁၉၂၇ တွင် ထုတ်ဝေသည့် **မာဂီ၏ခရီး** (The Journey of the Magi) နှင့် ဘာသာရေးဆိုင်ရာ တရားထိုင်ခြင်းအကြောင်းဖြစ်သည့် (Ash Wednesday) **အက်ရှသော ဗုဒ္ဓဟူးနေ့** ကဗျာရှည်တို့တွင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ၁၉၃၂–၃၃ တွင် အိလိယတ်သည် ဟားဗတ်တက္ကသိုလ်ရှိ ချားအိလိယတ်နော်တွန်၏ ပို့ချချက်များကို ချိန်ရွယ်တိုက်ခိုက်ခဲ့သည်။ ၁၉၃၃တွင် သူသည် စိတ် ကျန်းမာရေးယိုယွင်းနေသော ဇနီးသည်နှင့် လမ်းခွဲခဲ့ရပြီး ထိုဆုံးဖြတ်ချက် အတွက် လည်း ပူဆွေးသောကကြီးစွာ ခံစားခဲ့ရသည်။ ၁၉၄၇ တွင် သူမကွယ်လွန်ပြီး ချိန်ကျမှ ဝေဒနာလျော့ပါးသွား ခဲ့ရသည်။ ထိုအကြောင်းကို သူ၏ထင်ရှားသော လက်ရာဖြစ်သည့် **လေးမျိုး တွဲလေးပုဒ်** (Four Quarters) (၁၉၄၄)တွင် ဝန်ခံရေးသားခဲ့သည်။**တောက်လောင်နေခဲ့သော နော်တွန်** (Burnt Norton) သည် ပထမဆုံးကဗျာလေးပုဒ်တွဲစာအုပ် ဖြစ်ပြီး ၁၉၃၅ တွင် ထုတ်ဝေသည်။ ၎င်းတွင် ခေါင်းစဉ်ကဗျာနှင့်တကွ **အိတ်ကုတ်ကာ** (East Coker) (၁၉၄၀)၊ **ခြောက်သွေ့နေသော ဆယ်ယူပစ္စည်းများ** (The Dry Salvage)(၁၉၄၁) နှင့် **အတန်ငယ် မူးဝေခြင်း** (Little Gidding) (၁၉၄၂) ဟူသည့် ကဗျာသုံးပုဒ် လည်း ပါဝင်သည်။ ပထမဆုံးပြဇာတ် Sweeny Agonistes (၁၉၂၄)မှာ ၁၉၃၄အထိ တင်ဆက်ခွင့်မရခဲ့ပေ။ ကန်တာဘူရီဘုရားကျောင်းမှ လူသတ် သမား စိန့်သောမတ်ဘက်ကက်၏ အကြောင်းကို ရေးဖွဲ့ထားသည့် **ဘုရား ကျောင်း ထဲမှ လူသတ်သမား** (Murder in the Cathedral) (၁၉၃၅) သည် အိလိယက်၏ လူသိအများဆုံး ပြဇာတ်ဖြစ်သည်။ နောက်ပိုင်းပြဇာတ် များ ဖြစ်သည့် **မိသားစုပြန်လည်တွေ့ဆုံခြင်း** (The Family Reunion) (၁၉၃၉)၊ **ကော့တေးပါတီ** (The Cocktail Party) (၁၉၅၀)၊ **လူယုံတော် စာရေး** (The Confidential Clerk) (၁၉၅၄) နှင့် **ဝါရင့်နိုင်ငံရေးခေါင်း ဆောင်** (The Elder Stateman) (၁၉၅၉) တို့သည် လောကီအကြောင်း အရာများ ဖြစ်ကြသော်လည်း ဂရိပြဇာတ်မှ စကားပြော များကို မကြာမကြာ ယူသုံးခဲ့သလို ဘာသာရေးသဘောများကို အခြေကျကျ စူးစမ်းရှာဖွေမှုများ လည်း ပါဝင်ခဲ့သည်။ နောက်ပြောင်ကျီစယ်သည့်သဘော ဖြင့် ရေးသားခဲ့သည့် **သားပိုက်ကောင်အိုရေးသော လက်တွေ့သမား ကြောင်များအကြောင်းစာအုပ်** (Old Possum's Book of Practical Cat) (၁၉၃၉) ကို ၁၉၈၁ တွင်

အင်ဒရူးလွိုက်ဘာက ဂီတသံစုံပြဇာတ် **ကြောင်များ** (Cats) အဖြစ် တင်ဆက်ခဲ့သည်။ ကိုယ်ပိုင်ကဗျာခလေ့နှင့် ရင်းရင်းနှီးနှီး တွယ်ဆက်ထားသော အီလီယက်၏ ဝေဖန်စာများသည် ခေတ် ပြိုင် စာရေးဆရာများအပေါ်၌ ပြင်းထန်စွာ ဩဇာသက်ရောက်ခဲ့သည်။ သူ၏ တက္ကဗေဒကဗျာဆိုင်ရာ အစောပိုင်းအက်ဆေးများနှင့် ဇာတ်ကူနည်းပါး လှသည့် ပြဇာတ်ပြကွက်ကြီးများသည် စာရေးဆရာများအား အသစ်ကိုပြန် လည်စိတ်ဝင်စားလာစေရန် အစဖော်ပေးခဲ့သည်။ သူ၏အခြားသော ဝေဖန် ရေးအတွဲများထဲတွင် **ဂျွန်ဒရိုင်ဒမ်သို့ဂါဝရပြုခြင်း** (Homage to John Dryden) (၁၉၂၄)၊ **လန်းဆလော့အင်ဒရူးအတွက်** (For Lancelot Andrews) (၁၉၂၈)၊ **ကဗျာကိုအသုံးပြုနည်းနှင့်ဝေဖန်ရေးအသုံးပြု နည်း** (The Use of Poetry and the Use of Criticism) (၁၉၃၃)၊ **ကဗျူပဒေသနှင့်ကဗျာများ** (On Poetry and Poets) (၁၉၅၇) နှင့် **ဝေဖန်ရေးဆရာသို့ဝေဖန်ရေး** (To Critize the Critic) (၁၉၆၅) တို့ပါဝင်ကြသည်။ ပထမဇနီးနှင့် ကွဲခဲ့ပြီးသည့်နောက်တွင် အီလီယတ်သည် လန်ဒန်တွင် မိတ်ဆွေပေါင်းစုံနှင့် တွဲ၍နေထိုင်ခဲ့သည်။ ၁၉၅၇ တွင် ထပ်မံ အိမ်ထောင်ပြုသည်။ အမျိုးသမီးမှာ ဗာလာရီဖလက်ချာ ဆိုသူဖြစ်ပြီး ၎င်း တစ်ကြိမ်တွင်မူ အိမ်ထောင်ရေးသာယာခဲ့သည်။ လန်ဒန်တွင် သူ ကွယ်လွန် ပြီးနောက် ၁၇ ရာစုအတွင်း၌ သူ့ဘိုးဘေးများ ပြောင်းရွှေ့အခြေချခဲ့သည့် ဆမ်းမားဆက်ကျေးရွာရှိ အိစ်ကုတ်ကာအရပ်၌ မြုပ်နှံခဲ့ကြသည်။



## ဂျူ့ အယ်လင်တန် [ Duke Ellington ]
## ( ၁၈၉၉ – ၁၉၇၄ )

□ **အမေရိကန်လူမည်း ဂျပ်ဇ် စန္ဒရားသမား၊ ဝိုင်းခေါင်းဆောင် နှင့် တေးရေးသူ။**

ရာစုနှစ်၏ ထူးချွန်ထင်ရှားသော ဂျပ်ဇ်ဂီတသမားတစ်ဦး၊သူ၏ များလှစွာသော တေးရေးဖွဲ့မှုများအတွက် အမှတ်ရစေသူ။၎င်းတေးများကို သူ့ကိုယ်ပိုင် သံစုံတီးဝိုင်းဖြင့် တမူထူးခြားစွာ အခိပ္ပါယ်ဖွင့်ဆိုပေးခဲ့သည်။

အမည်ရင်းမှာ **အက်ဒွပ်ကနေဒီအယ်လင်တန်** (Edward Kennedy Ellington) ဖြစ်သည်။ ဝါရှင်တန်ဒီစီ၌ မွေးဖွားခဲ့သည် ။ကျောင်းတွင် အမျိုးသားဝတ်စုံကို သေသပ်စွာဝတ်ဆင်တတ်မှုကြောင့် **အမတ်မင်း** (Duke) ဟူသော နာမည်ပြောင်ကို ရလာခဲ့သည်။ ကျောင်းမှ ထွက်ချိန်တွင်

ပြီးပြည့်စုံသော ဂီတသမားအဖြစ် အဆင်သင့်ဖြစ်နေလေပြီ။ နေ့တွင် သီချင်းရေးခြင်း၊ ညတွင် ကလပ်များ၌ စန္ဒရားတီးခြင်းဖြင့် ဝမ်းစာ ရှာဖွေခဲ့ရသည်။ ၁၉၂၀ နှောင်းပိုင်းနှစ်များတွင် အယ်လင်တန်သည် နယူးယောက်သို့ပြောင်းရွှေ့လာခဲ့ပြီး သရော်သောပြဇာတ်များနှင့် ညကလပ် မြေဝိုင်းပွဲများအတွက် ဂီတရေးဖွဲ့ပေးခဲ့ရသည်။ သူသည် ကျယ်ပြန့်သောရေးဖွဲ့မှုများကို ရေးသားခဲ့ပြီး ပထမဆုံး ကျော်ကြားလာသည့် ဂီတသမားတစ်ဦး ဖြစ်လာရသည်။ Mood Indigo၊ Solitude၊ Caravan၊ Sophisticate Lady စသည့် သီချင်းရာပေါင်းများစွာရေးဖွဲ့၍ ရသည့်တေးရေးခများဖြင့် စရိုက်သက်သာသော သံစုံတီးဝိုင်းကြီးတစ်ဝိုင်းကို ကာလရှည်ကြာစွာ စောင့်ရှောက်ထားနိုင်ခဲ့သည်။ ထိုကဲ့သို့ ကိုယ်ပိုင်ဝိုင်း ရှိသောကြောင့် ရေးဖွဲ့ပြီးသောသီချင်းကို ချက်ချင်းပင် ပြန်နားထောင်နိုင်သည်။ သူ့ဝိုင်း၌ ပထမတန်းစား ဂီတသမားများကိုသာ အစဉ်သုံးစွဲလေ့ရှိသည်။ ၎င်းဂီတသမားများစွာမှာ ဆယ်စုနှစ်ပေါင်းများစွာပင် သူနှင့်အတူ လက်တွဲ၍ တေးဂီတများကို အသေးစိတ် ဝိုင်းဝန်းစီမံ ခန့်ခွဲခဲ့ကြသည်း။ သူသည် အမေရိကားနှင့် ကမ္ဘာတစ်ဝှမ်းသို့ မနေမနား လှည့်လည်ဖျော်ဖြေခဲ့သည်။ဆန္ဒရှိပါက မည်သည့်နေရာတွင်မဆို တေးရေးဖွဲ့လေ့ရှိသည်။ သူသည် စန္ဒရားပညာရှင်တစ်ဦးအဖြစ် ဂျပ်ဇ်ဂီတနှင့်ထပ်တူ ဖွံ့ဖြိုးလာခဲ့သည်။ ၁၉၄၀နှစ်များ၌ သူ၏ ခုန်ပျံကျော်လွှားတီးဟန်သည် ထူးခြားကွဲပြားသည့် စန္ဒရားနည်းစနစ်ကို ပေါ်ပေါက်စေခဲ့သည်။ သိမ်မွေ့သော စရိုက်ရှိသည့် အယ်လင်တန်သည် အလွန့်အလွန် လျှို့ဝှက်တတ်သူ ဖြစ် သည်။ သူ့အကြောင်း အများဆုံးသိရသလောက်မှာ သူ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိဖြစ်သည့် **ဂီတသည်ကျွန်ုပ်၏ရည်းစား** (Music is My Mistress) စာအုပ်ထဲတွင် ဖော်ပြထားသရွေ့သာ ဖြစ်သည်။

## ဝီလျံ ဖော့ကနာ [ William Faulkner ]
## ( ၁၈၉၇ – ၁၉၆၂ )

□ **အမေရိကန်ဝတ္ထုရေးဆရာ။**

*ဆန်းသစ်တီထွင်သောရေးဟန်ဖြင့် ၂၀ရာစု၏ အရေးအပါဆုံး စာရေးဆရာ ဖြစ်လာခဲ့သည်။ ၁၉၄၉ တွင် စာပေနိုဘယ်ဆု၊ ၁၉၅၁ တွင် ပူလစ်ဇာဆုများ ရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **ဝီလျံဟယ်ရစ်ဆန်ဖော့ကနာ** (William Harrison Faulkner) ဖြစ်သည်။ မစ္စစ္စပီပြည်နယ်တွင် မွေးဖွားကြီးပြင်းခဲ့သည်။ ထိုအရပ်တွင် စနစ်မကျသောပညာရေးကို သင်ကြားခဲ့ရသည်။အလုပ်မျိုးစုံလုပ်ကိုင်၍ ခရီးစုံလှည့်လည်ပြီးနောက် ပထမကမ္ဘာစစ်အတွင်း ကနေဒါ လေတပ်နှင့်အတူ တိုက်ပွဲဝင်ခဲ့ရသည်။ နယူးအော်လန်၌နေသော ကာလအတွင်း **ရှားဝုဒ်အင်ဒါဆင်** (Sherwood Anderson) နှင့် ရင်းနှီး ခဲ့သည်။ ၎င်းက သူ့အားစာရေးရန် တိုက်တွန်းအားပေးခဲ့သည်။ ကဗျာများကို စုစည်းထားသည့် သူ့ပထမဆုံးပုံနှိပ်စာအုပ် **စကျင်တောစောင့်နတ်** (The Marble Faun )(၁၉၂၄) မှာ စိတ်ဝင်စားမှုအနည်းငယ်သာ ရရှိ ခဲ့သည်။ သို့သော်

သူ၏ ပထမဆုံးဝတ္ထုစာအုပ် **စစ်သား၏လစာ** (Soldier's Pay)(၁၉၂၆) မှာ နှစ်သက်ဖွယ် သုံးသပ်ခံခဲ့ရသည်။ ၎င်းဝတ္ထုကို အမိမြေသို့ သူပြန်လာချိန်က ရေးသားခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ့အဓိကအလုပ်မှာ ဝတ္ထုရေးခြင်းဖြစ်ကြောင်း ဖော့ကနာတွေ့ရှိသွားခဲ့သည်။ Sartoris (၁၉၂၉) မှာ ဖော့ကနာ၏ မိသားစုရာဇဝင်မှ ဆင်းသက်လာခဲ့ခြင်း ဖြစ်ပြီး မစ္စစ္စပီမြို့စား ဖော့ကနာပါတော်ဖာကို စိတ်ကူးဖြင့် ဖန်တီး၍ ဇာတ်အိမ်ဖွဲ့ထားသည်။ ထိုနှစ်အတွင်းမှာပင် ဖော့ကနာ၏သိစိတ်အလျှဉ်ရေးဟန် ထဲတွင် ပထမဆုံးဖြစ်သည့် **အသံနှင့်ဒေါသ** (The Sound and the Fury) သည် ငွေကြေးအားဖြင့် အရှုံးပေါ်ခဲ့သော်လည်း စာဖတ်သူအပေါ် တွေးတောဆင်ခြင်စရာများ ပေးစွမ်းနိုင်သည့်အတွက် ဝေဖန် ချီးကျူး ခံခဲ့ရသည်။ ၎င်းနောက်မှ ထွက်ရှိခဲ့သော အခြားအဓိကလက်ရာများထဲတွင် **သေလုနီးပါးငါလဲလျောင်းသလို** (As I Lay Dying ) (၁၉၃၀)၊ **ဩဂုတ်လရဲ့အလင်းရောင်** (Light in August) (၁၉၃၂) နှင့် Absalom, Absalom ! (၁၉၃၆) တို့ပါဝင်လေ၏။ မည်သို့ပင်ဖြစ်စေ ငွေရရန် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သော **ဘေးမဲ့နယ်မြေ** (Sanctuary) (၁၉၃၁) သည် လူလက်ခံမှုနှင့်အမြတ် အစွန်းနှစ်မျိုးစလုံးကို ရရှိခဲ့သည်။ ၎င်းအောင်မြင်မှု ကြောင့်ပင် ဟောလီးဝုဒ် အတွက် ဇာတ်ညွှန်းများ ရေးသားရန် အခွင့်အလမ်း ရရှိခဲ့ပြန်သည်။ ဖော့ကနာသည် နောက်ထပ် အနှစ်နှစ်ဆယ်အတွင်း ဇာတ်ညွှန်း ရေးခြင်းအား ကွက်တိကွက်ကျားပင် လေ့လာလိုက်စားခဲ့သည်။ သူ့ နောက်ပိုင်း ဝတ္ထုရှည်များထဲတွင် The Unvanquished (၁၉၃၈)၊ Go Down Moses (၁၉၄၂)၊ Intruder in the Dust (၁၉၄၈)၊ A Fable (၁၉၅၄) နှင့် The Reivers (၁၉၆၂) တို့ ပါဝင်ကြသည်။

## ဂျိမ်း ဖွန်ဒါ [ Jane Fonda ]
## ( ၁၉၃၇ – )

▫ **အမေရိကန်ရုပ်ရှင်မင်းသမီး။**

**ဟန်နရီဖွန်ဒါ** (Henry Fonda) ၏ သမီးဖြစ်သည်။ ၁၉၅၄ တွင် အိုဟားမားဇာတ်ရုံ၌ တင်ဆက်သည့် **ကျေးတောသူလေး** (The Country Girl) ပြဇာတ်၌ ဖခင်နှင့်အတူ ဇာတ်ခုံပေါ်သို့ ပထမဆုံး တက်ရောက်ခဲ့ရသည်။ သရုပ်ဆောင် စတူဒီယိုကိုလည်း တက်ရောက်ခဲ့ပြီး လီးစရက်ဘတ်နှင့်အတူ လေ့လာဆည်းပူးခဲ့သည်။ ၁၉၆၀တွင် ရုပ်ရှင်စတင်ရိုက်ကူးပြီး ဘရော့ဒ်ဝေး၌ ပွဲဦးထွက် ဖျော်ဖြေခဲ့သည်။ သူမ၏ ပထမဆုံး ရုပ်ရှင် **ဇာတ်လမ်းရှည်** (Tall Story) နောက်တွင် အခြား ဇာတ်ကားပေါင်းမြောက်များစွာ ရိုက်ကူးခဲ့သည်။ ၎င်းတို့ထဲတွင် သူမခင်ပွန်း ပြင်သစ်ဒါရိုက်တာ ရော်ဂျာဗာဒင်အတွက် သရုပ်ဆောင်ပေးခဲ့ရသော ကားအချို့လည်း ပါဝင်လေ၏။ အရုပ်အမောင်းကောင်းသော မင်းသမီးတစ်ယောက်အနေဖြင့် They Shoot Horses Don’t They ? (၁၉၆၉) ရုပ်ရှင်ကားတွင် အသိအမှတ်ပြုခံခဲ့ရသည်။ ၎င်းကားအတွက် နယူးယောက် အကဲဖြတ် အကောင်းဆုံးမင်းသမီးဆုရခဲ့ပြီး အော်စကာဆု ဆန်ကာတင်စာရင်းထဲတွင် ပါဝင်ခဲ့သည်။ Klute (၁၉၇၁)

ရုပ်ရှင်ကားဖြင့် အော်စကာဆု နှင့် နယူးယောက် ဝေဖန်ရေးဆုကို ရရှိခဲ့သည်။ သူမသည် ဗီယက်နမ် စစ်ဆန့်ကျင်ရေးအတွက် ဒေါ်နယ်ဆူးသားလန်းနှင့် အခြားသရုပ်ဆောင်များ အပါအဝင် ဇာတ်အဖွဲ့ကို ဦးဆောင်၍ အရှေ့တောင် အာရှသို့လှည့်လည် ဖျော်ဖြေခဲ့သည်။ ထိုခရီးစဉ်ကို ရုပ်ရှင်အဖြစ် မှတ်တမ်း တင်ခဲ့ပြီး Free The Army အမည်ဖြင့် ၁၉၇၂ တွင် ထွက်ပေါ်လာသည်။ စစ်ပြီးဆုံးသည့် နှစ်အနည်းငယ်အတွင်း သူမသည် **အိမ်ပြန်လာခြင်း** ( Coming Home)(၁၉၇၈) ဖြင့် အော်စကာဆု ဒုတိယအကြိမ် ရရှိခဲ့ပြန်သည်။ ၎င်းကား မှာ ဗီယက်နမ်စစ်ပွဲတွင် ဒဏ်ရာရရှိခဲ့သည့် အမှုထမ်းများ၏ ကြေကွဲဖွယ် အဖြစ် ကို တင်ပြထားခြင်းဖြစ်သည်။ အခြားသော ရုပ်ရှင်ကားများထဲတွင် ဗန်နက်ဆာ ရက်ဂရေဗ့်နှင့်အတူ သရုပ်ဆောင် ပြီးဆုရရှိခဲ့သော Julia(၁၉၇၇)၊ The China Syndrome(၁၉၇၉)၊ Agnes of God(၁၉၈၅)နှင့် Old Gringo(၁၉၈၉) တို့ပါဝင်ကြသည်။ နောက်ပိုင်းတွင် အောင်မြင်သော ရုပ်ရှင်ကားများဆက်လက် ထွက်ပေါ်လာသကဲ့သို့ပင် သူမ၏ ဒုတိယ ခင်ပွန်းဖြစ်သူ အစွန်းရောက်နိုင်ငံရေး သမား တွမ်ဟေဒင်နှင့်အတူ နိုင်ငံရေးလှုပ်ရှားမှုများအတွင်း၌ ပါဝင်လာခဲ့သည်။



**ရောဘတ်ဖရော့စ်** **[ Robert Frost ]**
**( ၁၈၇၄ – ၁၉၆၃ )**

□ **အမေရိကန်ကဗျာဆရာ။**

*ခေတ်ပြိုင် ကဗျာဆရာများထဲတွင် လွန်စွာမှ ကျော်ကြားသူ။ ဂုဏ်ထူးဆောင်ဘွဲ့ ၄၄ ခုနှင့် ဆုအများအပြား ရရှိခဲ့သူ။ ၁၉၂၄–၁၉၃၁– ၁၉၃၇ တို့ တွင် ပူလစ်ဇာဆုများ ရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **ရောဘတ်လီးဖရော့စ်** (Robert Lee Frost) ဖြစ်သည်။ ဆန်ဖရန်စစ္စကိုတွင် မွေးဖွားသည်။ ဖခင်ကွယ်လွန်ပြီး ၁၀နှစ်အကြာတွင် မိခင်နှင့်အတူ နယူးအင်္ဂလန်သို့ ပြောင်းရွှေ့ခဲ့သည်။ကာလ အတန်ကြာနေရသည့် နယူးအင်္ဂလန်ကို နှစ်သက်စိတ်က သူ့ကဗျာ အတွင်းသို့

စိမ့်ဝင်ခဲ့ပြီး ဒေသဖွဲ့ကဗျာဆရာများထဲတွင် အကောင်းဆုံးဖြစ် လာရသည်။ သူသည် ဘယ်အခါမှ ဘွဲ့မရရှိခဲ့ပေ။ ဒတ်မောက်ချ်နှင့် ဟားဗတ်တက္ကသိုလ်များတွင် ပညာရေးကံခေခဲ့ရပြီးနောက် မျိုးစုံသော အခိုင်းအစေအလုပ်များကို လုပ်ကိုင်ခဲ့ရပြီး ၂၁ အရွယ်မှာပင် အိမ်ထောင်ကျလေသည်။ ၁၉၁၂ တွင် သူ့ဇနီးနှင့်သားသမီးလေးယောက်အား အင်္ဂလန်သို့ ခေါ်လာခဲ့သည်။ ၎င်းတွင် ဂျော်ဂျီယာပြည်သား ကဗျာဆရာမျိုးစုံနှင့် သူထိတွေ့ခဲ့ရသည်။ ဤတွင်ဖရော့စ်၏ အရည်အသွေးမှာ စတင်ပေါ်ထွက်လာခဲ့သည်။ သူ၏ ပထမဆုံးကဗျာစာအုပ်နှစ်အုပ်ဖြစ်သည့် **ကောင်လေးတစ်ယောက်ရဲ့ဆန္ဒ** (A Boy's Will)(၁၉၁၃) နှင့် **ဘော်စတွန်မြောက်ပိုင်း** (North of Boston)(၁၉၁၄) တို့ကို အင်္ဂလန်၌ ဦးစွာ ထုတ်ဝေသည်။ ၁၉၁၅ တွင် အင်္ဂလန်သို့ သူပြန်လာချိန်၌ ဘော်စတွန်မြောက်ပိုင်းကဗျာစာအုပ်မှာ သူ့နိုင်ငံတွင် အသိအမှတ်ပြုခံရ၍ အောင်မြင်နေခဲ့လေပြီ။ နောက်ပိုင်းထွက်သည့် ကဗျာစုစည်းမှုများဖြစ်သည့် **တောင်တန်းကြားနေရာ** (Mountain Interval)(၁၉၁၆) နှင့် **နယူးဟမ့်ပ်ရှိုင်းယား** (New Hampshire)(၁၉၂၃) တို့၌ ဖရော့စ်၏အကောင်းဆုံးနှင့် အကျော်ကြားဆုံး ကဗျာအချို့ပါဝင်လေ၏။ သူ့နှောင်းပိုင်းစာအုပ်များတွင် **လက်ရွေးစင်ကဗျာများ** (Collected Poems)(၁၉၃၀)၊ **ပို၍ဝေးသောအကွာအဝေး** (A Further Range)(၁၉၃၆) နှင့် **သက်သေသစ်ပင်** (A Witness Tree) (၁၉၄၂) တို့ပါဝင်ကြသည်။ ရိုးရှင်းသောစကားနှင့်ပင် ရေးဖွဲ့ထားသည့် ဖရော့စ်၏ ကဗျာများမှ ထွေငေါ့သောလေသံနှင့် ဗန်းစကားဆန်သော ရေးဟန်ကြောင့် လိုရင်းကိုဆွဲခေါ်နိုင်သော ခေတ်ပေါ်ကဗျာဆရာတစ်ဦးအဖြစ် အောင်မြင်စွာ သက်မွေးဝမ်းကျောင်းပြုနိုင်ခဲ့ပြီး ၂၀ ရာစုအမေရိကန် ကဗျာလောကတွင် ဆရာတစ်ဆူအဖြစ် သတ်မှတ်ခံခဲ့ရလေသည်။

## ဝီလျံ ကလပ် ဂေဘယ် [ William Clark Gable ]
## ( ၁၉၀၁ – ၁၉၆၀ )

□ **အမေရိကန်ရုပ်ရှင်မင်းသား။**

***ဟောလီးဝုဒ်၏ဘုရင်****အဖြစ် အနှစ်သုံးဆယ်ကြာ လူသိများခဲ့သည်။*

အိုဟိုင်းအိုးပြည်နယ်ရှိ ကန်ဒစ်မြို့၌ မွေးဖွားသည်။ သရုပ်ဆောင်ဖြစ်ရန် ကြိုးပမ်းဆဲကာလတွင် လွှထိုးသမားနှင့် ဈေးသည်အဖြစ် လုပ်ကိုင်ခဲ့ရသည်။ အစပိုင်းတွင် ရုပ်ရှင်များနှင့်ပြဇာတ်များ၌ မထင်မရှား အခန်းများမှသာ ပါဝင်ခဲ့ရသည်။ သူ့ကို မင်းသမီး **ဂျိုစ်ဖင်း ဒီလီယွန်** (Joesphine Dellion) က သင်ကြားပေးခဲ့သည်။ (သူမသည် ဂေဘယ်၏ ပထမဇနီးဖြစ်လာသည်) ဘရော့ဒ်ဝေးတွင် ပထမဆုံးသူခေါင်းဆောင်ကပြရသောဇာတ်မှာ Machinal (၁၉၂၈)ဖြစ်၏။ ၎င်းနောက်တွင် **ဆေးခြယ်ထားသောကန္တာရ** (The Painted Desert) (၁၉၃၁) ဇာတ်ကား၌ ပါဝင်ခဲ့ရပြီး Susan Lennox (၁၉၃၁) ဇာတ်ကားတွင် ခေါင်းဆောင် မင်းသားဖြစ်လာခဲ့သည်။ ၎င်းနောက်ထွက်ပေါ်လာသည့် အလေးထား လောက်သည့် ရုပ်ရှင်များမှာ Red Dust (၁၉၃၂)၊ Mogambo (၁၉၅၃) နှင့် အော်စကာဆုရ It Happened One Night

(၁၉၃၄) တို့ဖြစ်ကြသည်။ သူ၏ ရုပ်ရှင်ကား ၇၀ အတွင်းမှ ဂုဏ်ယူစရာ ကားများမှာ Mutiny on the Bounty (၁၉၃၅)၊ San Francisco (၁၉၃၆) နှင့်အကျော်ကြားဆုံးကား ဖြစ်သည့် Gone With the Wind (၁၉၃၉) တို့ ဖြစ်ကြသည်။ ထိုကားတွင် ဗီလီယန်လိတ်ချ်နှင့် ဆန့်ကျင်ဘက်နေရာမှ သရုပ် ဆောင်ခဲ့သည်။ ငါးကြိမ် တိုင် အိမ်ထောင်ပြုခဲ့သူ ဂေဘယ်သည် သူ့တတိယ ဇနီး ကာရိုးလွန်ဘတ် လေယာဉ်တိုက်မှုတွင် ကွယ်လွန်သွားသည့်အတွက် ကြေကွဲထိခိုက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂေဘယ်သည် အမေရိကန် တပ်မတော်တွင် အမှုထမ်းခဲ့ပြီး သူရဲဘွဲ့နှစ်ကြိမ် ချီးမြှင့်ခံခဲ့ရသည်။ သူ၏ စစ်ပြီးခေတ် ရုပ်ရှင်များထဲတွင် **ကံကြမ္မာ၏စစ်သည်တော်** (Soldier of Fortune) (၁၉၅၅) နှင့် သူ၏နောက်ဆုံးကား **မတော်မတည့်များ** (The Misfits) (၁၉၆၁) တို့ပါဝင်သည်။ ထိုနောက်ဆုံးရုပ်ရှင်ကားတွင် မာရီလင် မွန်ရိုးနှင့် ဆန့်ကျင်ဘက်နေရာမှ သရုပ်ဆောင်ခဲ့သည်။



# ဂါဘရီယယ် ဂါစီယာ မားကွက်

**[ Gabried Garcia Marquez ]**

**( ၁၉၂၈ – )**

## □ ကိုလံဘီယာ ဝတ္ထုရေးဆရာ။

*ခေတ်သစ်တောင်အမေရိကစာပေကို အုတ်မြစ်ချသည့်သူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ၁၉၂၈ တွင် စာပေနိုဘယ်ဆု ချီးမြှင့်ခံခဲ့ရသည်။*

အာရာကတ်တာကာမြို့မှ အတန်ငယ်ကွာဝေးသော ကျေးရွာကလေးတွင် ဆင်းရဲချို့တဲ့စွာ ကြီးပြင်းလာခဲ့သည်။ သို့ပင်ငြားလည်း ဂါစီယာ မားကွက်သည် ကိုလံဘီယာနှင့် ဘိုဂိုတာတက္ကသိုလ်များ၌ ဥပဒေပညာနှင့်စာနယ်ဇင်းပညာတို့ကို ဆည်းပူးခဲ့သည်။ ၁၉၄၈ တွင် စာနယ်ဇင်းသမားဘဝကို ခံယူပြီး ရသဝတ္ထုတိုများ စုစည်းထားသော သူ့ပထမဆုံးစာအုပ် **သစ်ရွက်မုန်တိုင်း** (Leaf Storm)(၁၉၅၅) ကို စတင်ရေးသားခဲ့သည်။ ခေါင်းစဉ်

ဝတ္ထုတွင် သူမွေးရပ်မြေကိုလှေျာ့ရဲနဲ့အခြေခံထားသည့်တကယ်မရှိသော မာကွန်ဒိုကျေးရွာကို မိတ်ဆက်ပေးခဲ့သည်။ ၎င်းဝတ္ထုက ကိုလံဘီယာ သမိုင်းနှင့် အထောက်အထားတို့အား သင်္ကေတဆန်ဆန်ကြည့်မြင်သည့် သူ့လက်ရာကို ပေါ်လွင်စေခဲ့သည်။ ၁၉၅၅ မှစ၍ ဂါစီယာမားကွက်သည် လစ်ဘရယ် နေ့စဉ်သတင်းစာ El Espectador ၏ နိုင်ငံခြားသတင်း ထောက်အဖြစ် ပါရီနှင့် ရောမတို့တွင် အလုပ်လုပ်ခဲ့ရသည်။ ၁၉၅၉ ၌ ကျူးဘား တော်လှန်ရေး သတင်းများကို စိတ်အားထက်သန်စွာ ပေးပို့ခဲ့သော ကြောင့် သူ့အား ဟဗားနား နှင့် နယူးယောက်တို့ရှိ ကျူးဘားပုံနှိပ်တိုက် ကိုယ်စားလှယ်ရုံးတွင် နှစ်နှစ် ကြာအမှုထမ်းစေခဲ့သည်။ သူ၏ပထမဆုံး အဓိကဝတ္ထုရှည် **အကုသိုလ်နာရီ အတွင်းမှာ** (In Evil Hour ) မှာ ၁၉၆၂ တွင် ပေါ်ထွက်ခဲ့သည်။ သူ၏လက် ဝဲယိမ်းဝါဒကြောင့် ဂါစီယာ မားကွက်သည် ကိုလံဘီယာအစိုးရ၏ အလိုမကျ ခြင်းကို ခံလာရပြီး ၁၉၆၀ နှင့် ၁၉၇၀ နှစ်များတွင် မက္ကဆီကိုနှင့်စပိန်သို့ တိမ်း ရှောင်နေခဲ့သည်။ ၁၉၆၇ တွင် သူ့အကောင်းဆုံးလက်ရာဖြစ်သည့် **အထီးကျန် နှစ်တစ်ရာ** (One Hundred Years of Solitude) ကို ထုတ်ဝေသည်။ ၎င်းဝတ္ထုမှာ မာကွန်ဒိုရွာအား ဦးဆောင်သူ မိသားစုမျိုးဆက်ပေါင်းစုံတို့၏ ဘဝများနှင့် ထိုရွာ၏သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို သိပ်သည်းကျစ်လစ်စွာ ဆန်းစစ် လေ့လာထားသော လက်ရာတစ်ခုဖြစ်သည်။ ထိုစာအုပ်သည် သရုပ် မှန်နှင့် စိတ်ကူးယဉ်တို့ရောစပ်ထားသော **ပဉ္စလက်သရုပ်မှန်ဝါဒ** (Magic Realism )ကြောင့် ချီးမွမ်းထောပနာပြုခံရပြီး မကြာမီပင် အခြားသူများက ထိုရေးဟန်ကို တုပ၍ ရေးသားလာကြသည်။ **အဘိုးအို၏ဆောင်း ဦး** (The Autumn of The Patriarch ) (၁၉၇၅) သည် တောင်အမေရိက အာဏာရှင်စနစ်ကို ရှုပ်ထွေးနက်နဲစွာ သရော်ထားသော ဝတ္ထုဖြစ်သည်။ နိုဘယ်ဆုလက်ခံရရှိခဲ့သော ဂါစီယာမားကွက်သည် ကိုလံဘီယာသို့ ပြန်လာ ရန် ဖိတ်ခေါ်ခံရပြီး ယင်းအချိန်မှစ၍ ၎င်းတွင်သူပြန်နေထိုင်သည်။ နောက် ပိုင်းထွက်ရှိခဲ့သော **မာရဏာအိပ်မက်တစ်ခု၏မှတ်တမ်း** (A Chronicle of a Death Foretold )(၁၉၈၂)၊ **ကာလဝမ်းရောဂါဖြစ်ချိန်အချစ်** (Love in a Time of Cholera ) (၁၉၈၅)၊ လက်တင်အမေရိက ခေါင်းဆောင် ဘိုလီးဗီးယားအကြောင်း ဝတ္ထုဖွဲ့ထားသည့် **ဝင်္ကဘာထဲက ဗိုလ်ချုပ်** (The General in His Labyrinth ) (၁၉၉၀) တို့သည် ဥရောပနှင့် အမေရိက တို့တွင် အားပေးလက်ခံမှုရပြီး အောင်မြင်ခဲ့ကြသည်။



**ဂျူဒီဂါးလန်း**
**[ Judy Garland ]**
**( ၁၉၂၂ – ၁၉၆၉ )**

## ▭ အမေရိကန်ရုပ်ရှင်မင်းသမီးနှင့် အဆိုတော်။

*သူမဘဝမှာ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ကြေကွဲဖွယ်ရာ အကြွေစောခဲ့ရသည်။*

မင်နီဆိုတာပြည်နယ်ရှိ ဂရန်းရက်ပစ်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ **ဖရန့်ဆက်ဂမ်း** (Frances Gumm)ဖြစ်၏။ မိဘများမှာ ပဒေသာကပွဲဖျော်ဖြေသူများဖြစ်သည်။ ဂါးလန်းမှာ ငါးနှစ်မရောက်မီကပင် စင်မြင့်ပေါ်၌ ထင်ပေါ်နေခဲ့ပြီ။ သူမနှင့် အစ်မနှစ်ယောက်တို့သည် **ဂမ်းညီအစ်မလေးများအဖွဲ့**ကို ဖွဲ့စည်းသည်။ သို့သော် နောက်ဆုံးတွင် သူမတစ်ယောက်တည်းဖြစ်သွားချိန်၌ သူမအမည်ကို ဂျူဒီဂါးလန်းဟု ပြောင်းပစ်ခဲ့သည်။ သူမမိခင်၏ ကျေးဇူးကြောင့် ၁၃ နှစ်အရွယ်တွင် MGM ကုမ္ပဏီလက်အောက်တွင် လှုပ်ရှားခဲ့ရသည်။ သူမ၏ပထမဆုံးရုပ်ရှင်မှာ ဒင်းနာဒါဘင်နှင့် တွဲဖက်သည့် **တနင်္ဂနွေနေ့တိုင်း** (Every Sunday) (၁၉၃၆) ဇာတ်ကားဖြစ်သည်။ သူမ၏ နာမည်ကျော်သီချင်း Dear Mr Gable ကို သီဆို၍သရုပ်ဆောင် ခဲ့ရသည့် **၁၉၃၈၏ဘရော့ဒ်ဝေးတေးသွား** (Bradway Melody of 1938)(၁၉၃၇) ဇာတ်ကားတွင် ပရိသတ်က သူမကို အာရုံစိုက်လာခဲ့သည်။ ၁၉၃၀ နှစ်များတွင်

ဟောလိဝုဒ်၏ လူငယ် ခေါင်းဆောင်မင်းသား မစ်ကီရော်နီနှင့် ရုပ်ရှင် ၉ ကားရိုက်ကူးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ (The Wizard of Oz)ဇာတ်ကားတွင် ဒေါ်ရိုသီအဖြစ် သရုပ်ဆောင်ခဲ့ရပြီးနောက် နိုင်ငံတကာတွင် နာမည်ကျော်လာခဲ့သည်။ (မူလက ထိုဇာတ်ကောင်နေရာတွင် ရှာလီတမ်ပယ်ကို ကြံရွယ်ထားကြသည်) ၎င်း ဇာတ်ကားအတွက် သီးသန့်အော်စကာဆု ရရှိခဲ့သည်။ နောက်ပိုင်းထွက်ရှိသည့် အောင်မြင်သောအခြားရုပ်ရှင်များထဲတွင် **ကျွန်တော်နှင့်ကျွန်တော့် ကောင်မလေးအတွက်** (For Me and My Girl)(၁၉၄၂)၊ **စိန့်လူးဝစ်မှာဆုံစို့ကွယ်** (Meet Me in St.Louis)(၁၉၄၄)၊ **စားပွဲတင်နာရီ** (The Clock )(၁၉၄၅)၊ **အရှေ့တိုင်းဟန်ရေးပြ** (Easter Parade)(၁၉၄၈)၊ အော်စကာဆန်ကာတင်စာရင်းဝင်ခဲ့သည့် **ကြယ်တစ်ပွင့်ပေါ်ထွန်းပြီ** (A Star is Born)(၁၉၅၄) တို့ ပါဝင်ကြသည်။ သို့သော် ပျော်ရွှင်မှုကင်းမဲ့သော အထီးကျန်ဘဝ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့က နောက်ဆုံးတွင် သူမအား ဖျက်ဆီးခဲ့ကြသည်။ ၁၉၆၀ နှစ်များတွင် ကျန်းမာရေးပျက်ပြားမှုကြောင့် ဂီတနှင့်ကပွဲရုံဖျော်ဖြေပွဲများကို ထိခိုက်လာခဲ့သည်။ သို့သော်လည်း ရုပ်ရှင်ကားများဆက်လက် ရိုက်ကူးနေဆဲဖြစ်သည်။ ၎င်းတို့အထဲတွင် **နျူရင်ဘတ်မှစီရင်ချက်** (Judgement of Nuremgerg)(၁၉၆၀) နှင့် သူမ၏ နောက်ဆုံး ရုပ်ရှင်ကား **ကျွန်မသီချင်းဆက်ဆိုနိုင်တယ်** (I Could Go On Singing)(၁၉၆၃) တို့ပါဝင်၏။ သူမသည် ငါးကြိမ်တိုင်အိမ်ထောင်ပြုခဲ့သည်။ သူမ၏ ဒုတိယခင်ပွန်း ဗင်းဆင့်တီမင်နီလီနှင့်ရသည့် သူမသမီး **လီဇာ မင်နီလီ** (Liza Minnelli)မှာ ၁၉၇၀ နှစ်များတွင် ရုပ်ရှင်ကြယ်တစ်ပွင့် အဖြစ် ပေါ်ထွက်လာခဲ့သည်။

## ဘော့ ဂဲဒေါ့ဖ် [ Bob Geldof ]
## ( ၁၉၅၄ – )

### ▫ အိုင်ယာလန်အဆိုတော်၊ ဂစ်တာသမားနှင့် သီချင်းရေးသူ။

*၁၉၈၀ နှစ်များအတွင်း အငတ်ဘေးကယ်ဆယ်ရေးအတွက် မြောက်များစွာသော ရန်ပုံငွေ အစီအစဉ်များကို စည်းရုံးခဲ့သူ။ ၁၉၈၆ တွင် KBE ဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့ပြီး ငြိမ်းချမ်းရေး နိုဘယ်ဆုအတွက် အမည် စာရင်းတင်သွင်းခံခဲ့ရသည်။*

အလယ်အလတ်တန်းစား မိသားစုမှ ဒဗ္ဗလင်မြို့တွင် မွေးဖွားခဲ့သော ဂဲဒေါ့ဖ်သည် ဘလက်ရော့ခ်တက္ကသိုလ်ရှိ ဗရင်ဂျီဘုန်းကြီးများထံတွင် ပညာသင်ကြားခဲ့ရသည်။ ထိန်းချုပ်ရခက်သော ဆယ်ကျော်သက်အရွယ်တွင် ဗြိတိန်နှင့် ကနေဒါတို့၌ အခြေတကျမရှိသောဘဝကို ဖြတ်သန်းခဲ့ရသည်။ စာနယ်ဇင်းသမားအလုပ်အပါအဝင် အလုပ်များစွာကို အဆက်မပြတ် လုပ်ကိုင်ခဲ့ရသည်။ ၁၉၇၅ တွင် ဒဗ္ဗလင်မြို့အခြေပြု ရော့ခ်ဝိုင်းတစ်ဝိုင်းဖြစ်သည့် (Boo-mtown Rats )ကို ဖွဲ့စည်းရန် အကူအညီပေးခဲ့ပြီး ထိုအဖွဲ့၏ခေါင်းဆောင်အဆိုတော်ဖြစ်လာသည်။ ဂဲဒေါ့ဖ်၏ ပင်ကိုယ်အစွမ်းအစ တစ်စိတ်တစ်ဒေသကြောင့်ပင်

၎င်းတီးဝိုင်းသည် ပန့်ခ်ဂီတမြင်ကွင်းတွင် အောင်မြင်စွာနေရာ ရလာခဲ့တော့သည်။ နံပါတ်တစ်စွဲကာ လူကြိုက်များ သည့် Rat Trap(၁၉၇၈) နှင့် I don't Like Mondays (၁၉၇၉) သီချင်းများကြောင့် လက်ခံမှုရလာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၁၉၈၀ နှစ် များ၌ သူတို့၏ ကျော်ကြားမှုမှာ လျော့နည်းလာခဲ့သည်။ ၁၉၈၄တွင် ရုပ်မြင်သံကြားထက်မှ အီသီယိုပီးယားအငတ်ဘေးကို ကြည့်ပြီး စိတ်ထိခိုက်မိသော ဂဲဒေါ့ဖ်သည် ရော့ခ်အဆိုကျော်များကို စုစည်းကာ (Aid) တီးဝိုင်းဟု သူတို့ဘာသာနာမည်ပေးထားသော အဖွဲ့ဖြင့် အငတ်ဘေးဒုက္ခသည်များအား ကရုဏာသက်သော သီချင်းတစ်ပုဒ်ကို သွင်းယူရန် ကြိုးပမ်းခဲ့သည်။ ဘော့ ဂဲဒေါ့ဖ်နှင့်အဆိုတော် မစ်ဂျ်အာ (Midge Ure) တို့ရေးသားသော **ခရစ္စမတ် ရောက်မှန်းသူတို့သိကြပါသလား** (Do they Know It's Christmas)သီချင်းသည် ဗြိတိန်တွင် ထာဝရရောင်းအကောင်းဆုံး ဆင်ဂဲလ်ဖြစ်လာခဲ့ပြီး အငတ်ဘေးရန်ပုံငွေအတွက် ဒေါ်လာရှစ်သန်းရရှိစေခဲ့သည်။ ၎င်းအောင်မြင်မှုက (Live Aid)စီမံကိန်းဖြစ်မြောက်လာစေရန် ဦးဆောင်ပေးခဲ့ပြီး ၁၉၈၅၊ ဇူလိုင် ၁၃ ရက်တွင် လန်ဒန်နှင့် ဖီလာဒဲဖီးယားတို့၌ ရော့ခ်ဖျော်ဖြေပွဲရှည်နှစ်ပွဲကို တစ်ပြိုင်တည်းကျင်းပပေးခဲ့ကြသည်။ တစ်ကုဋေခွဲခန့်ရှိသောကြည့်သူများအား ကမ္ဘာအနှံ့ထုတ်လွှင့်ပေးခြင်းအားဖြင့် ထိုဂီတပွဲများသည် ဒေါ်လာသန်း ၅၀ ခန့် ဝင်ငွေတိုးမြှင့် ရရှိခဲ့ပြန်သည်။ Band Aid အသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရသော ဂဲဒေါ့ဖ်သည် ရန်ပုံငွေများကို စီမံခန့်ခွဲခြင်းနှင့် နီးနီးကပ်ကပ် ပါဝင်ပတ်သက်ခဲ့ရပြီး စစ်မြေပြင်ရှိ အငတ်ဘေးစီမံကိန်းများသို့ ခရီးလှည့်လည်ခဲ့သည်။ ၁၉၈၆ တွင် ထွက်ရှိ ခဲ့သော သူ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ Is That It? သည် အရောင်းရဆုံး စာအုပ် ဖြစ်လာခဲ့သည်။ တစ်ကိုယ်တော်အနုပညာရှင်အဖြစ် ဂီတလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ရာ၌မူ အောင်မြင်မှုအတန်အသင့်သာ ရရှိခဲ့တော့ သည်။



## ဂျော့ ဂါရှင် [ George Gershwin ]
## ( ၁၈၉၈ – ၁၉၃၇ )

□ **အမေရိကန်ဂီတစာဆိုနှင့် စန္ဒရားဆရာ။**

*သူ၏ကျော်ကြားသော သီချင်းများ၊ ဂီတများနှင့် ကျေးလက်အော်ပရာ Porgy and Bess ကြောင့် လူသိများသည်။*

အမည်ရင်းမှာ **ဂျက်ကော့ဂါရှိုဗစ်** (Jacob Gershovitz) ဖြစ်သည်။ တိုင်းတစ်ပါးမှ ပြောင်းရွှေ့လာသော ဆင်းရဲသည့်ရုရှားရဟူဒီမိဘများမှ ၁၈၉၈ စက်တင်ဘာ ၂၆ရက်တွင် မွေးဖွားခဲ့ပြီး နယူးယောက် မြို့တော် အရှေ့ပိုင်းတွင် ကြီးပြင်းခဲ့သည်။ ဆယ်နှစ်သားတွင် စန္ဒရား သင်ခန်းစာများအတွက် စေးရေးဖွဲ့ခဲ့ပြီး၊ ဆယ့်ခြောက်နှစ်အရွယ်တွင် ဂီတ ထုတ်လုပ်သူတစ်ဦးအတွက် သီချင်းဆက်သွယ်ပေးသူအဖြစ် လုပ်ကိုင်ပေးရင်း ဂီတနယ်ထဲသို့ ရောက်ရှိလာသည်။ ၁၉၁၆ တွင် သူ၏ ပထမဆုံး သီချင်းကို ဖြန့်ချိပြီး ၁၉၁၉ တွင် (Swanee) သီချင်းဖြင့် နာမည်ရလာ သည်။ ထိုသီချင်းမှာ **အယ်လ်ဂျိုဆန်** (Al Jolson ) ကြောင့် ကျော်ကြားလာခဲ့သည်။ ထိုနှစ်အတွင်း သူ၏ပထမဆုံးတေးသံစုံ La, La Lucille ထွက်ပေါ်လာသည်။ ဂါရှင်၏

အမှန်တကယ်အောင်မြင်သည့် ဦးဆုံး တေး သံစုံကား ၁၉၄၂ တွင် တင်ဆက်သည့် Oh, Lady Be Good ဖြစ်သည်။ ၎င်းတေးသံစုံတွင် (Fascinating Rythm) (Oh, Lady Be Good) နှင့် (The Man I Love )တို့ပါဝင်သည်။ ၎င်းတေးသံစုံကို တေးစာသား ရေးဖွဲ့သူ သူ့အစ်ကို **အိုင်ရာဂါရှင်** (Ira Gershwin) (၁၉၈၉– ၁၉၈၃)နှင့် တွဲဖက်ရေးစပ်ခဲ့ခြင်း ဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ဦးမှာ ဂျော့ မကွယ်လွန်မီ အထိ ဆက်လက်တွဲဖက်ခဲ့ကြပြီး ၎င်းလက်ရာများထဲတွင် (Funny Face) (၁၉၂၇)၊ (Girl Crazy )(၁၉၃၀)နှင့် (Of Thee I Sing) (၁၉၃၁) တို့ပါဝင်ကြသည်။ ၁၉၂၀ နှစ်များ၌ သူတို့၏သီချင်းများနှင့် ပြပွဲများ ကောင်းစွာပေါ်ထွက်လာသကဲ့သို့ ဂါရှင်သည် ဟင်နရီ ကောင်းဝဲလ်စသည့် ပြုပြင်ဆန်းသစ်လိုသူ ဂီတစာဆိုများနှင့်အတူ ဂီတဖွဲ့ဆိုခြင်းကို အချိန်များစွာ ပေး၍ လေ့လာခဲ့သည်။ ၁၉၂၄ တွင် သံစုံတီးဝိုင်း လောကထဲသို့ (Rhapsody in Blue )ဖြင့် တစ်ခေတ်ဆန်းသစ်စေခဲ့သည်။ ၎င်းမှာ ဂျပ်ဇ်ဂီတနှင့် ဖရန့်လဇ်ဆန်သော ရီမန်တစ်စန္ဒရားအဖွဲ့အနွဲ့တို့ကို ရောစပ်ထားခြင်း ဖြစ်သည်။ ၎င်းကို မြို့တော်ခန်းမဂီတပွဲတစ်ခုတွင် ရေးဖွဲ့သူကိုယ်တိုင် တီးခတ်၍ ပေါလ်ဝှိုက်မန်းတီးဝိုင်းနှင့်အတူ ဖျော်ဖြေရာ အောင်မြင်ခဲ့သည်။ ၎င်းမှာ ပရိသတ်အား စိတ်ကူးယဉ်ဆန်မှုနှင့် ဆက်သွယ်ပေးနိုင်ခဲ့သည့်လက်ရာတစ် ပုဒ်ဖြစ်သည်။ ၁၉၂၀ တွင် ရေးဖွဲ့သော စန္ဒရားကွန်ချာတိုတစ်ပုဒ်မှာ ကောင်းစွာ လက်ခံမှုမရရှိခဲ့ပေ။ ၁၉၃၁ တွင် ထွက်ပေါ်လာသည့် (An American in Paris )သံစုံတေးဂီတမှာ ကျော်ကြားလူကြိုက်များသလို ဂါရှင်၏ဆင်ဖိုနီ နည်းစနစ် သတ်မှတ်ချက်များအား ထုတ်ဖော်ပြနေသည့် လက်ရာတစ်ခုဖြစ်သည်။

အိုင်ရာဂါရှင်နှင့်အတူ ပူးတွဲရေးစပ်ခဲ့သည့် နီဂရိုးကျေးလက်အော်ပရာ (Porgy and Bess) (၁၉၃၅) မှာ သူကွယ်လွန်ပြီးမှ ပိုမိုကျော်ကြားလာခဲ့သည်။ သူ့ဘဝ၏ အထင်ရှားဆုံးအချိန်တွင် ဦးနှောက်၌ အကြိတ်ဖြစ်နေသည်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ခွဲစိတ်မှုပြုရာ၌ မအောင်မြင်ဘဲ တိမ်းပါးသွားရလေသည်။



**အလန် ဂျင်းစ်ဘတ် [ Allen Ginsberg ]**
**( ၁၉၂၆ – )**

□ **အမေရိကန် ကဗျာဆရာ။**

*ဘိ (Beat ) အုပ်စု စာရေးဆရာများကို ဦးဆောင်သူ၊ ၁၉၅၀ နှစ်များအတွင်း ထင်ပေါ်ကျော်ကြားခဲ့သည်။*

ရုရှားမှ ပြောင်းရွှေ့လာသော ဆင်းရဲသည့် ရဟူဒီ၏ သားဖြစ်သူ ဂျင်းစ်ဘတ်ကို နယူးဂျာစီပြည်နယ်ရှိ နယူးဝပ်၌ ဖွားမြင်သည်။ ကိုလံဘီယာ တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၎င်းတွင် လိုင်နယ်ထရေးလင်း နှင့် မာ့ခ်ဗန်ဒိုရန်တို့၏ လက်အောက်တွင် သင်ယူခဲ့ရပြီး ကဗျာဆုများ ရရှိခဲ့ဖူး သည်။ ကိုလံဘီယာတက္ကသိုလ်အနီးရှိ ဝီလျံဘာရော့ဂ်၏ အခန်းတွင် ဂျက် ကားရော့အပါအဝင် အခြားသူများဖြင့် ဆုံဆည်းခဲ့ရသည်။ ၁၉၄၈ တွင် နားလည်ရန်ခက်ခဲသည့် စမ်းသပ်မှုမျိုးစုံပြုလုပ်ပြီး တည်တံ့ခိုင်မြဲသော ကဗျာ ပုံသဏ္ဌာန်တစ်ခု ရရှိလာခဲ့သည်။ ဆန်ဖရန်စစ္စကိုသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၅၆ တွင် **အူသံနှင့် အခြားကဗျာများ** (Howl and Other Poems )ကို

ထုတ်ဝေ သည်။ ၎င်းစာအုပ်၌ သူ့အားညစ်ညမ်းသည်ဟု စွပ်စွဲမှုကို ဆန့်ကျင်၍ အောင်မြင်စွာ ခုခံရေးသားနိုင်ခဲ့ပြီး ၁၉၅၉ နှစ်များ၏ မိမိ ဘာသာမိမိ ကျေနပ်ခြင်းအပေါ် ဘိစာရေးဆရာများ၏ ထိုးနှက်ချက်ကို ပေါ်လွင်စေခဲ့သည်။ ဘလိတ်နှင့် ဝှစ်တမန်းတို့၏ ကျေးဇူးကြီးစွာရှိသော ယင်း ကဗျာစာအုပ်သည် သဘောတရားဆန်၍ လေးစားထိုက်သော ထိုခေတ် ကဗျာများ၏ဖွဲ့ဟန်နှင့် ဝေဖန်ရေးသစ်၏ လွှမ်းမိုးမှုတို့ကို ချိုးဖောက်လိုက် သည့် အချက်ပြမှုတစ်ခုပင်ဖြစ်သည်။

ဘာသာရေးဆိုင်ရာ တရားထိုင်မှုစသည့် အရှေ့တိုင်းပုံစံများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကို စိတ်ကူးယဉ်ဆန်စွာ တစ်လှည့်စီ ကျင့်သုံးသော ယဉ်ကျေးမှုတစ်ရပ်ကို သူတင်ပြခဲ့သည်။ သူ့အကောင်းဆုံးလက်ရာအဖြစ် သတ်မှတ်ခံရသည့် **ကက်ဒစ်ရှ်နှင့်အခြားကဗျာများ** (Kaddish And Other Poems) (၁၉၆၁) နှင့် **စစ်မှန်မှုအသားညှပ်ပေါင်မုန့်များ** (Reality Sandwiches) (၁၉၆၃) တို့ထပ်မံ ထွက်ရှိလာကြသည်။ ကဗျာရွတ်ကောင်းသော ဂျင်းစ်ဘတ်သည် ၁၉၆၀ နှစ်များတွင် နိုင်ငံတကာမှ ထောက်ခံသူများစွာ ရရှိ လာခဲ့သည်။ သူသည် ကဗျာကိုကျော်ကြားသော စကားပြောအနုပညာအဖြစ် ပြန်လည်အသက်ဝင်လာစေရန် ပံ့ပိုးခဲ့သူ ဖြစ်သည်။ ပြည်တွင်းအခွင့်အရေး၊ ငြိမ်းချမ်းရေး၊ မိန်းမလျာများလွတ်လပ် ရေးစသည့် ထိုကာလ၏ လှုပ်ရှားမှုမျိုးစုံ ထဲတွင် ထိရောက်သောအခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။ သူ့နောက်ပိုင်းလက် ရာများထဲတွင် **အမေရိကား ကျဆုံးခြင်း** (The Fall of America) (၁၉၇၂)၊ **စိတ်ဖောက်မှုများ** (Mind Breaks) (၁၉၇၇)နှင့် အဖြူရောင် အသုဘ ခြုံထည်ကဗျာများ (White Shroud, Poems)(၁၉၈၆) တို့ ပါဝင်ကြသည်။ **အဖြူရောင် အသုဘခြုံထည်** သည် သူ့အစောပိုင်း စာအုပ်များနှင့် စာ လျှင် ပိုမိုငြိမ်ဆိတ်၍ အဟုန်ပြင်းသော ရှားရှားပါးပါး နှိုင်းယှဉ်မှုများ ပါဝင်လေ သည်။ နောက်ပိုင်းတွင် သူသည် **နာယိုပါ** (Naropa) ဗုဒ္ဓဘာသာ လေ့လာ ရေးကျောင်းများတွင် အစောပိုင်း ဘိကဗျာဆရာတစ်ချို့နှင့်အတူ ပူးပေါင်း၍ နေထိုင်ခဲ့လေသည်။

## **ကယ်ရီ ဂရန့်  [ Cary Grant ]**
## **( ၁၉၀၄ –  ၈၆ )**

### ▢ **ဗြိတိန်ဖွား အမေရိကန်ရုပ်ရှင်မင်းသား။**

*ယောက်ျားပီသ၊ ယဉ်ကျေးချောင်း၍ မထီလေးစားနိုင်လှသော ထိုင်းမှိုင်းတွေဝေသည့် မြို့ကြီးသားစရိုက်သရုပ်ဆောင်ချက်ကြောင့် ထင်ပေါ်ကျော်ကြားသည်။*

အမည်အရင်းမှာ **အာချီဘော အလက်ဇန္ဒား လိချ်**( Archibald Alexander Leach )ဖြစ်သည်။ ဂရန့်သည် ဘားဂျွမ်းသမားများပါဝင်သည်။ နယ်လှည့်ဆပ်ကပ်အဖွဲ့တစ်ဖွဲ့နှင့် ဆက်သွယ်ရန်အတွက် ဆယ်ကျော်သက်အရွယ်တွင် ဇာတိမြို့ဘရစ္စတိုမှ ထွက်ပြေးလာခဲ့သည်။ ၎င်းအဖွဲ့နှင့်အတူ ၁၉၂၀ တွင် အမေရိကားသို့ ခရီးထွက်လာခဲ့သည်။ သုံးနှစ်ကြာပြီးနောက် အင်္ဂလန်သို့ ပြန်ရောက်ချိန်၌ တေးသံစုံဇာတ်မြူးများအတွင်း သင့်တော်ရာအခန်းများ၌ ပါဝင်သရုပ်ဆောင်ခဲ့ရသည်။ အာသာဟမ်မာ စတိန်းက **ရွှေရောင်အာရုဏ်** ( Golden Dawn ) တေးသံစုံပြဇာတ်တွင် အခန်းတစ်ခန်းမှ ပါဝင်သရုပ်ဆောင်ပါရန် သူ့အားကမ်းလှမ်းသောကြောင့် နယူးယောက်သို့ ပြန်

သွားခဲ့သည်။ နောက်ပိုင်းတွင် တေးသံစုံဇာတ်လမ်းများ ၌ ပါဝင်ခဲ့ပြီး ဘရော့ဒ် ဝေးပြဇာတ်များ၌ လည်းကောင်း၊ မစ်ဆိုရီပြည်နယ် စိန့်လူးဝစ်ပွဲတော်တွင် မြူနီ စီပယ် အော်ပရာကုမ္ပဏီနှင့်တွဲဖက်၍လည်းကောင်း သရုပ်ဆောင်ခဲ့သည်။ သူ့ ပွဲဦးထွက် This is the Night မှာ ၁၉၃၂ တွင် ထွက်ပေါ်ခဲ့ပြီး ၎င်းနောက် တွင် မာလင်းနိုင်ထရစ်နှင့်တွဲဖက်သော Blonde Venus (၁၉၃၂) နှင့် She Done Him Wrong(၁၉၃၃) တို့ ထွက်ပေါ်လာခဲ့သည်။ Topper(၁၉၃၇)၊ Bringing Up Baby (၁၉၃၈)၊ My Favourite Wife (၁၉၄၀) နှင့် Arseric and Old Lace(၁၉၄၄) တို့မှာ သူ၏ စံနမူနာတင်လောက်သော အသောဇာတ်များဖြစ်သည်။ အလွန်တရာ စွဲမက်တသဖွယ် သူ့သရုပ်ဆောင် ချက်များကို အဲလ်ဖရက်ဟစ်ကော့ချ် ၏ **သံသယ** (Suspicion)(၁၉၄၁)၊ **သူခိုးတစ်ယောက်ဖမ်းရန်ရှိသည်** (To Catch a Theif )(၁၉၅၅) နှင့် **မြောက်မှအနောက်မြောက်သို့** (North by Northwest)(၁၉၅၉) တို့တွင် ရှုစားနိုင်ပါသည်။ သူ့ နောက် ဆုံးဇာတ်ကားမှာ **မပြေးဘဲလျှောက်ပါ**(Walk Don't Run)ဖြစ်ပြီး ၁၉၇၀ တွင် အကယ်ဒမီ ဆုရရှိခဲ့သည်။ ပိတ်ကားထက် မှ အငြိမ်းစားယူလိုက်သော ဂရန့်သည် အလှဆီကုမ္ပဏီကြီး၏ အမှုဆောင်တစ် ယောက် ဖြစ်လာခဲ့သည်။

## ဂျော့ ဟယ်ရစ်ဆန် [ George Harrison ]
## ( ၁၉၄၃ – )

□ ဗြိတိသျှဂစ်တာသမား၊ အဆိုတော်နှင့် တေးရေးသူ။

*ဘီတဲလ်စ်အဖွဲ့တွင် လိဒ်ဂစ်တာတီး၍ သီချင်းဆိုခဲ့သည်။*

လစ်ဗာပူး၌ မွေးဖွားသည်။ ၁၉၅၆ တွင် ဟယ်ရစ်ဆန်သည် ပြည်တွင်းဂစ်တာဝိုင်းများ၌ တီးခတ်ခဲ့သည်။ ထိုအဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည့် (Quarrymen ) တွင် ဂျွန်လင်နွန်၊ ပေါလ်မက္ကနေတို့နှင့် ပူးပေါင်းမိပြီး ဘီးတဲလ်စ်အဖွဲ့အဖြစ် ကြီးစွာအောင်မြင်ခဲ့သည်။ (နောင်တွင် ရင်ဂိုစတားပါဝင်လာခဲ့သည်) ဟယ်ရစ်ဆန်၏သီချင်းတစ်ပုဒ်ဖြစ်သော Somethingသည် ၁၉၆၉ တွင် ဘီးတဲလ်စ်အဖွဲ့၏အကျော်အကြားဆုံး တေးသီချင်းတစ်ပုဒ်ဖြစ်ခဲ့သော်လည်း ထိုအဖွဲ့သည် ဟယ်ရစ်ဆန်၏ သီချင်းများကို အသံသွင်းရန် မလိုလားကြပေ။ ၎င်းမှာ ၁၉၇၀အတွင်း သူတို့အဖွဲ့လူစုကွဲရသည့် အကြောင်းတစ်ရပ်ဖြစ်သည်။ ဟယ်ရစ်ဆန်၏ တစ်ကိုယ်တော်ဘဝအတွင်း သူ၏အရောင်းရဆုံး စာရင်းဝင်သီချင်း My Sweet Lordသည် တရားရုံး၌ အမှုဆိုင်ခဲ့ရသည်။ တရားသူကြီးက သူသည် သတိမထားမိဘဲ ၁၉၆၃ ထွက် He’s So

Fine ဟုခေါ်သော သီချင်းတစ်ပုဒ်မှ သံစဉ်အား ငှားရမ်း အတုခိုးခဲ့ကြောင်း ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ၁၉၇၁ တွင် သူသည် ဘင်္ဂလား ဒေ့ရှ်လူထုအတွက် အထောက်အကူပြုသော ဂီတပွဲများကို စီစဉ်တင်ဆက်လေသည်။ ရလာဒ်ကား ဧည့်သည်ဂစ်တာသမားများစွာဖြင့် ဓာတ်ပြားသုံးချပ်တွဲ ထွက်လာခြင်းပင်။ ၎င်းဓာတ်ပြားသည် EMI ဆုရရှိခဲ့သည်။ ဒေါ်လာ ၁၀ သန်းမကသော ငွေများ ကို ဘင်္ဂလားဒေ့ရှ်အတွက် ရှာပေးခဲ့သော်လည်း ၎င်း ငွေအများစုသည် ၁၉၈၁ မတိုင်မီအထိ ကြန့်ကြာနေခဲ့သည်။ ထိုနှစ်တွင် နိုင်ငံတကာအကောက်ခွန်ဌာနမှ ဘီးတဲလ်စ်တို့၏ Apple ကုမ္ပဏီအား စစ်ဆေးခဲ့သည်။ သူ၏ ၁၉၇၄ ဓာတ် ပြား Dark Horse သည် အရောင်းစွံခဲ့သည်။ သို့သော် နောက်ပိုင်းဓာတ်ပြား များမှာ စိတ်ပျက်ဖွယ်အဖြစ် သတ် မှတ်ခံကြရသည်။ မျှော်လင့်စရာဆို၍ ၁၉၈၉ ထွက် Cloud Nine ဓာတ် ပြားသာရှိသည်။ ဟယ်ရစ်ဆန်သည် အခြားအနု ပညာရှင်များ၏ ဓာတ်ပြားများကိုလည်း ထုတ်လုပ်ခဲ့ပြီး အချို့ကို ပါ၀င်တီးခတ် ပေးခဲ့သည်။ သူသည် Monty Python ရုပ်ရှင်၏ ခန့်ခွဲ ထုတ်လုပ်သူ ဖြစ်လာခဲ့ပြီး နောက်ဆုံးတွင် သူ့ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီ Handmand Films ကိုထူထောင်လေသည်။ ၁၉၈၂ တွင် သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်သည့် I Me Mine ကိုထုတ် ဝေခဲ့သည်။



**အားနက်စ် ဟဲမင်းဝေး [ Ernest Hemingway ]**
**( ၁၈၉၈ – ၁၉၆၁ )**

□ **အမေရိကန်စာရေးဆရာ။**

*သူ့ဝတ္ထုများ၊ ဝတ္ထုတိုများသည် ၂၀ ရာစုတွင် လူသိအများဆုံး ဖြစ်ကြ၏။ ၁၉၅၄ တွင် စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။*

အမည်အပြည့်အစုံမှာ **အားနက်စ်မီလာဟဲမင်းဝေး** (Ernest Miller Hemingway) ဖြစ်သည်။ ဟဲမင်းဝေးအား အေလင်နွိုက်ဒေသရှိ ဂရိတ်လိတ်စ်တွင် မွေးဖွားကြီးပြင်းခဲ့သည်။ စာနယ်ဇင်းသမားအဖြစ် အသက်မွေးဝမ်းကျောင်းစတင်ခဲ့သော်လည်း ပထမကမ္ဘာစစ်အတွင်း၌ အီတလီတွင်လူနာတင်ကားမောင်းသူဖြစ် အမှုထမ်းခဲ့ရသည်။ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့ပြီးနောက် လူမမာအဖြစ် တပ်မှနုတ်ထွက်ခဲ့ရပြီး ၁၉၁၉တွင် အမေရိကန်သို့ ပြန်ခဲ့ရသည်။

နာလန်ထလာပြီးနောက် နိုင်ငံခြားသတင်းထောက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခရီးထွက်ခဲ့ရသည်။ ထို့နောက်နိုင်ငံသားအဖြစ်မှ စွန့် လွှတ်၍ ပါရီတွင် အခြေချခဲ့သည်။ ၎င်းတွင် နေထိုင်ရင်း **နေထွက်သော်ငြားလည်း** (The Sun Also Rises)(၁၉၂၆) ဝတ္ထုဖြင့် စာပေလောက၌ ပထမ ဆုံး အောင်မြင်မှုရရှိလာသည်။ ၎င်းနောက်တွင်ထွက်ရှိသည့် စာအုပ်များထဲ ၌ **ခေါင်းလောင်းထိုးသံ ဘယ်သူ့အတွက်လဲ** (For Whom the Bell Tolls)(၁၉၄၀)၊ **မြစ်ကိုဖြတ်၍ သစ်ပင်များအတွင်းသို့** (Across the River and Into the Trees)(၁၉၅၀)၊ **ပင်လယ်ပြာနှင့်တံငါအို** (The Old Man and the Sea) တို့ ပါဝင်သည်။ ထို့အပြင် ဝတ္ထုမဟုတ်သောလက်ရာများအဖြစ် နွားရိုင်းသတ်ပွဲနှင့်ပတ်သက်သော **နေ့လယ်ခင်းမှ သေခြင်းတရား** (Death in the Afternoon )(၁၉၃၂) နှင့် **အာဖရိက တောင်ကုန်းစိမ်းများ**(The Green Hills of Africa )(၁၉၃၅) တို့ကို ရေးသားခဲ့သေးသည်။ ဟဲမင်းဝေးသည် လိုက်မမီသော အရေးအသားဖြင့် လူသိများ၍ စီးပွားဖြစ်လာခဲ့သည်။ သူ၏ မူလဘူတမှာ အမေရိကန်၌သာ ကြွင်းကျန်သော်ငြားလည်း ဟဲမင်းဝေးသည် ဥရောပသို့ ဆက်လက်ခရီးထွက် ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်တွင် စစ်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စပိန်ပြည်တွင်းစစ် စတင်ချိန်၌ စပိန်သို့သွားရောက် သတင်းထောက်ခဲ့သည်။ ၁၉၃၈ တွင် အမေရိကန်သို့ ပြန်ရောက်လာပြီး ဖက်ဆစ်စနစ်ဆန့်ကျင်ရေးကို ဟောပြောခဲ့သည်။ ထို့နောက် စပိန်သို့တစ် ခေါက်ပြန်ပြီး ၁၉၄၅ တွင် ဟာဗနာရှိအိမ်သို့ ပြန်လာခဲ့သည်။ ဟဲမင်းဝေး၏ အိမ်ထောင်ရေးမှာ မတည်မြဲပေ။ ဇနီးလေးဆက်အထိ ပြောင်းရွှေ့ခဲ့ရသည်။ ပင်လယ်ပြာနှင့်တံငါအိုထွက်ရှိပြီး နှစ်နှစ်အကြာတွင် ထိုဝတ္ထုဖြင့် နိုဘယ်ဆု ရရှိသည်။ ၁၉၆၀ နောက်ပိုင်းတွင် ကျန်းမာရေး ကျဆင်းလာပြီး ကျူးဘား ၌ဆက်လက်နေထိုင်ခဲ့သည်။ အိုမင်းစပြုလာသကဲ့သို့ပင် စွမ်းအင်များ ကျဆင်းလာရသောကြောင့် ဆင်းရဲပင်ပန်းမှု တိုးပွားလာခဲ့ရသည်။ ဆီးချိုရောဂါကြောင့်လည်း စိတ်ဓာတ်ကျနေရသော ဟဲမင်းဝေးသည် နေအိမ်မှာပင် သူ့ ကိုယ်သူ သေနတ်ဖြင့် ပစ်၍ သတ်သေသွားခဲ့သည်။

# ဂျိမ်းစ် ဖလက်ချာ ဟမ်ဒါဆန်
## [ James Fletcher  Henderson]
## ( ၁၈၉၇ – ၁၉၅၂ )

- **အမေရိကန် လူမည်း ဂျပ်ဇ်စန္ဒရားသမား၊ တီးဝိုင်းခေါင်းဆောင်နှင့် ဂီတမှူး။**

*ဆွင်း (Swing )ဂီတခေတ်တွင် (Big-band )ဟန်ကို ခေါင်းဆောင်ခဲ့သူတစ်ဦး။*

ဂျော်ဂျီယာပြည်နယ်၊ ကျူဘာတ်မြို့၌ မွေးဖွားသည်။ ဓာတုဗေဒဘွဲ့ ရရှိခဲ့သည်။ သို့သော် ၁၉၂၁ တွင် ဝိုင်းခေါင်းဆောင်အလုပ်ထဲသို့ မျောပါသွားသည်။ ဂီတအရည်အသွေးကို မှန်မှန်ကန်ကန်အကဲဖြတ်နိုင်သည့် ဟမ်ဒါဆန်သည် ၁၉၂၃–၂၄ ကာလတွင် လူးဝစ်အမ်းစထရောင်း၊ ကိုးလ်မန်းဟောကင်းနှင့်ဒွန်ရက်ဒမန်းတို့ကို ငှားရမ်းခေါ်ယူခဲ့သည်။ သူသည် ၎င်းတို့နှင့်အတူတွဲ၍ လေမှုတ်တူရိယာများအား ကွဲပြားသော ကဏ္ဍများဖြင့် တီးမှုတ်စေပြီး ဧရာမဝိုင်းကြီးများအတွက် ဂျပ်ဇ်ဟန်သစ်ကို ဖွံ့ဖြိုးစေခဲ့သည်။ ၁၉၂၉ တွင် အဖွဲ့မှ ဒရက်မန်းထွက်သွားပြီးနောက် ဂီတမှူးတာဝန်ကို ယူခဲ့သည်။ ဟန်ဒါဆန်နှင့်

သူ့အစ်ကို ဟိုးရေ့စ်တို့သည် ဂွဒ်မန်း၏လူဖြူဝိုင်းအား နိုင်ငံနှင့်အဝှမ်း လက်ခံလာစေရန် ဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက်တွင် ဂွဒ်မန်းသည် ဟန်ဒါဆန်၏ ဂီတခန့်ခွဲမှုအတိုင်းသာ ဖျော်ဖြေခဲ့ပြီး သူ့အားလည်း အပြည့်အဝ ယုံကြည်စိတ်ချထားလေသည်။ ဟမ်ဒါဆန်သည် အခြားတီးဝိုင်းခေါင်း ဆောင်များအတွက်လည်း ဂီတခန့်ခွဲရေးဖွဲ့ပေးခဲ့သည်။ ၁၉၃၉ တွင် ဂွဒ်မန်း၏ ခြောက်ယောက်ဝိုင်းအတွက် စန္ဒရားတီးပေးခဲ့ရသည်။ ဟန်ဒါဆန်သည် လူမည်းဖြစ်သည့်အတွက် တစ်ပန်းရှုံးခဲ့ရရုံမျှမကဘဲ စီးပွားရေး၌လည်း မဖြစ်ထွန်းခဲ့ပေ။ အထူးသဖြင့် ၁၉၂၈ ကားတိုက်မှုတွင် ထိခိုက်ဒဏ်ရာရ ခဲ့ပြီးနောက်ပိုင်းတွင်ဖြစ်သည်။ ယင်းသို့ ဖြစ်သော်ငြားလည်း သူ့ ဂျပ်ဇ်ဝိုင်း သည် နိုင်ငံအတွင်းရှိ အကောင်းဆုံးလူ မည်းဂီတသမားအားလုံးကို အသုံးပြု ခဲ့သည့် ဂျပ်ဇ်ဝိုင်းများထဲတွင် အကောင်းဆုံးဝိုင်းတစ်ဝိုင်းအဖြစ် သတ်မှတ်ခံ ခဲ့ရသည်ကား အမှန်ပင်ဖြစ်တော့သည်။



**ဂျင်မီ ဟန်းဒရစ် [ Jimi Handrix ]**
**( ၁၉၄၂ – ၁၉၇၀ )**

## □ အမေရိကန် လူမည်း ဂစ်တာသမား၊ အဆိုတော်။

*၁၉၆၀ နှစ်များ၏ အကျော်ကြားဆုံး လျှပ်စစ်ဘလူးစ်ဂီတကို ဦးဆောင်သူ ဂီတသမား။*

အမည်ရင်းမှာ ဂျိမ်းစ်မာရှယ် ဟန်းဒရစ် (James Marshall Hendrix) ဖြစ်သည်။ ဥယျာဉ်မှူးတစ်ယောက်၏ သားဖြစ်ပြီး ဆီယက်တယ်မြို့၌ ဖွားမြင်သည်။ သူ့ဘိုးဘေးဘီဘင်များမှာ နီဂရိုးတစ်ပိုင်း၊ အင်ဒီယန်းတစ်ပိုင်း၊ မက္ကဆီကန်တစ်ပိုင်း ဖြစ်သည်။ သူသည် ၁၉၆၃ တွင် အမေရိကန်စစ်တပ်မှ ထွက်ခဲ့ပြီး၊ တောင်ပိုင်းပြည်နယ်များအတွင်း ရစ်သမ်အင်ဘလူးစ်အဆိုကျော်များအတွက် နောက်ခံတီးပေးရသောဂီတသမားအဖြစ် လှည့်လည်ဖျော်ဖြေခဲ့သည်။ ၁၉၆၆ တွင် နယူးယောက်၌ Jimmy James and his Blue Flames အမည်ရ ကိုယ်ပိုင်ဝိုင်းကို ဖွဲ့စည်းသည်။ ၎င်းတွင် ဗြိတိသျှရော့ခ်ဂီတသမား ချက်စ်ချန်ဒလာက သူ့တီးခတ်မှုကို ကြားသွားခဲ့ပြီး လန်ဒန်သို့ လာရောက်ပါရန် ဖိတ်ခေါ်ခဲ့သည်။ လန်ဒန်တွင် ဟန်းဒရစ်သည် Jimi

Hendrix Experience အမည်ရ သုံးယောက်ဝိုင်းကို ဖွဲ့စည်းပြန်သည်။ ထိုအဖွဲ့၏ ပထမဆုံးဓာတ်ပြား Hey Joe မှာ ၁၉၆၇ တွင် ဗြိတိန် အရောင်းစာရင်း၌ နံပါတ် ၆ ချိတ်ခဲ့သည်။ ၎င်းအဖွဲ့သည် Purple Haze နှင့်တကွ အခြားသော အောင်မြင်သည့်လက်ရာများကို ဖန်တီးနိုင်ခဲ့ကြသည်။ ထိုအဖွဲ့၏ အရိုင်းဆန်ဆန်တီးခတ်ခြင်း၊ နားအူမတတ်ဆူညံအောင် အသံချဲ့ခြင်းနှင့် လက်တန်းဖွဲ့ဆိုနိုင်သည့် စွမ်းရည်များကြောင့် ၁၉၆၇ မွန်ထရီပေါ့ပ်ပွဲတော်နှင့် ၁၉၆၉ ဝုဒ်စတော့ပွဲတော်တို့တွင် အောင်မြင်မှုကြီးမားစွာ ရရှိခဲ့သည်။ ဗြိတိန်တွင် အောင်မြင်မှုကြီးစွာရပြီးနောက် ဟင်းဒရစ်သည် အမေရိကားသို့ ပြန်လာကာ ဖျော်ဖြေခဲ့သည်။ သူ၏ဂီတပွဲစဉ်တစ်ခုကို **အမေရိကန်တော် လှန်ရေး၏ သမီးများ** (The Daughters of the America Revolution) အဖွဲ့မှ ပိတ်ပင်ခဲ့ကြသည်။ သူ့ဖျော်ဖြေမှုတွင် ညစ်ညမ်းသော ကိုရိုးကားယားအပြုအမူများပါဝင်သည်ဟု ၎င်းတို့က သတ်မှတ်ခဲ့ကြသည်။ တစ်နှစ်ကြာ သီးခြားနေခဲ့ပြီးနောက် ဟန်းဒရစ်သည် အခြားဝိုင်းတစ်ဝိုင်းကို ဖွဲ့စည်းပြန်သည်။ ထိုဝိုင်း၏အမည်မှာ **ဂျစ်ပစီများတီးဝိုင်း** (The Band of Gypsies)ဖြစ်ပြီး ၁၉၇၀ တွင် ဝိတ်ပွဲတော်၌ဖျော်ဖြေ၍ ဓာတ်ပြားတစ် ချပ်သွင်းယူသည်။ ဟန်းဒရစ်သည် လျှပ်စစ်ဂစ်တာအား သက်ဝင်လှုပ်ရှား၍ ပေါက်ကွဲလာစေရန် ဦးစွာ တီးခတ်နိုင်ခဲ့သူဖြစ်သည်။ မိုင်းဒေးလစ်နှင့် ဘော့ဒိုင်လန်တို့ကပင် လေးစားမြတ်နိုးရသော ဟန်းဒရစ်သည် နောက်မျိုးဆက် ဂီတသမားများအပေါ် ဩဇာသက်ရောက်ခဲ့သည်။ နယူးယောက်တွင် ကိုယ်ပိုင် စတူဒီယို တည်ဆောက်ခဲ့ပြီး ၁၉၇၀ တွင် စိတ်ငြိမ်ဆေးများ အလွန်အကျွံသောက်သုံးမိသောကြောင့် သေပွဲဝင်ရလေသည်။

## ဟာမန်း ဟက်စ် [ Hermann Hesse ]
## ( ၁၈၇၇ – ၁၉၆၂ )

□ ဂျာမန်ဖွား ဆွစ်ဇာလန်စာရေးဆရာ။

*၁၉၄၆ တွင် စာပေနိုဘယ်ဆု ရရှိခဲ့ပြီး သိပ်မကြာမီမှာပင် ဂျာမနီရှိ **ဂိုထေး** ဆုကို ရရှိခဲ့ပြန်သည်။*

ဝါတမ်ဘတ်အနီးရှိ ကောလ်မြို့၌ ဖွားမြင်သည်။ ဟက်စ်သည် အိန္ဒိယတွင် အမှုထမ်းခဲ့သည့် ခရစ်ယာန်သာသနာပြုများ၏ သားဖြစ်ပြီး သူ့အဖိုးမှာ အိန္ဒိယဘာသာစကား၌ ကျွမ်းကျင်ထင်ရှားသူ ဖြစ်သည်။ နာမ် ပိုင်းဆိုင်ရာတန်ဖိုးများကို အလေးထားမှု (အထူးသဖြင့် အိန္ဒိယမှ နက်နဲသော အယူဝါဒများ) က သူ့အရေးပါဆုံး နှောင်းပိုင်းအရေးအသားများကို အရည် အသွေးမြင့်စေခဲ့သည်။ (အထူးသဖြင့် အိန္ဒိယသို့အလည်အပတ်သွားခဲ့သည့် ၁၉၁၁ နောက်ပိုင်းတွင် ဖြစ်သည်။) ကလေးအရွယ်၌ ၁၈၈၁ မှ ၁၈၈၆ အထိ ဘာဆယ်တွင် နေထိုင်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသား အဖြစ်ခံယူခဲ့သည်။ ဂျာမနီရှိကျောင်းတစ်ကျောင်းတွင် ခေတ္တပညာသင်ကြားခဲ့ရပြီး မကြာမီပင် ထိုကျောင်းမှထွက်၍ ဆွစ်ဇာလန်တွင် စာအုပ်အရောင်းသမားအဖြစ်လုပ်ကိုင်ခဲ့

သည်။ ၁၉၀၄ မှစ၍ စာရေးခြင်း၌ အပြည့်အဝမြုပ်နှံအာရုံစိုက်ခဲ့၏။ ပထမဆုံးကဗျာတစ်တွဲရေးပြီးနောက် ၁၈၉၉ တွင် ဟက်စ်သည် ရိုမန်တစ် ဝတ္ထုများအတွဲလိုက်ဖြင့် ဂုဏ်သတင်းကျော်စောမှုကို ထူထောင်လိုက်သည်။ ၎င်းတို့မှာ **ပီတာကမ်မန်ဇင်း** (Peter Camenzind )(၁၉၀၄)၊ **အန်း တမ်းရဒ်** (Unterm Rad )(၁၉၀၆)၊ **ဂါးထရု**(Gertrud )(၁၉၁၀) နှင့် **နျူး**(Knulp) ဝတ္ထုတိုတို့ဖြစ်ကြသည်။ အိန္ဒိယသို့ ခရီးထွက်ခဲ့သည့် ၁၉၁၁ နောက်ပိုင်းတွင် ဘန်းမြို့၌အတန်ကြာသူနေထိုင်ခဲ့သည်။ စစ်မဖြစ်စေချင် သည့် ရွှေပြည်အေးဝါဒကို ၁၉၁၄ တွင်ထုတ်ဖော်ကြေညာမိခဲ့သူ ဟက်စ်သည် ဂျာမနီတွင် လူသိရှင်ကြားရှုတ်ချခံခဲ့ရပြီး (၁၉၂၃ တွင် အမြဲတမ်းဆွစ်ဇာလန် နိုင်ငံသားအဖြစ် ခံယူခဲ့သည်) ဒုတိယကမ္ဘာစစ်မပြီးမီအထိ သူ့ကျော်စောမှု မှာ မှေးမှိန်နေခဲ့သည်။ ၁၉၁၆ – ၁၇ တွင် စိတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု ကို တွေ့ကြုံခံစားခဲ့ရပြီး ထိုအတွေ့အကြုံက သူ့နောက်ပိုင်းလက်ရာအပေါ် တွင် နက်နက်နဲနဲ အကျိုးသက်ရောက်စေခဲ့သည်။ ၁၉၁၉တွင် မိသားစုကိုစွန့်ခွာပြီး **ဒင်မင်း**(Demian) ကိုထုတ်ဝေသည်။

၎င်းဝတ္ထုတွင် သူ့အစောပိုင်းလက်ရာများမှ အမြင်ကျဉ်းသော ရိုမန်တစ်အမြင်ကို ချိုးဖောက်လိုက်ပြီး ဖီလာဖြစ်သော ဆန့်ကျင်ဘက်ပုံစံများအတွင်းမှ စိတ်ပိုင်းဆိုင်ရာ သဘောတရားများကို တင်ပြလာခဲ့သည်။ ထိုဝတ္ထုအား (ပထမကမ္ဘာစစ် စသည့်) ယဉ်ကျေးမှုပျက်စီးခြင်း ဒုက္ခနှင့်အဆုံးသတ်ထားသော်လည်း ပြန်လည်မွေးဖွားလာမည့် အနာဂတ်ကို မှန်း၍ကြည့်ရှုထားကြောင်းတွေ့နိုင်သည်။ ဟက်စ်၏အဓိကလက်ရာများကို စစ်ပွဲကာလအတွင်း ဖြန့်ချိခဲ့ပြီး ကနဦး၌အောင်မြင်မှုမရရှိခဲ့သော်လည်း ၁၉၆၀ နှစ်များအတွင်း ပြန်လည်လွှမ်းမိုးခေတ်စားလာခဲ့ပြီး ၁၉၇၀နှစ်များတွင် အရှေ့တိုင်းဘာသာရေး၊ တရားထိုင်ခြင်းနှင့် ဂမ္ဘီရဝါဒများကို စိတ်ဝင်စားလာကြသောကြောင့် အောင်မြင်လာခဲ့သည်။ **သိဒ္ဓတ္တ** (Siddharth )(၁၉၂၂)သည် ဗြဟ္မဏလူ ငယ်တစ်ဦး၏ နာမ်ပိုင်းဆိုင်ရာ ပန်းတိုင်သို့ရောက်ရှိအောင် ကြိုးပမ်းမှုကို ဆန်းသစ်သော အတွေးအခေါ်ဖြင့် ဖွဲ့ဆိုထားသည့် ဝတ္ထုဖြစ်၏။ **စတက်ပင် ဝုဖ်** (Steppen Wolf )(၁၉၂၇)တွင် လူသားစိတ်နှင့် အရိုင်းစိတ်တို့အား ပြိုင်နေသည့် စရိုက်ရှိသူ ဟာရီဟောလားကို တင်ပြထားပြီး၊ ၎င်းဝိရောဓိ စိတ်များအားလူသားကမည်သို့ဖြေရှင်းပုံကို ရေးဖွဲ့ထားသည့်ဆာရီယယ်လစ် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ **မရဏာနှင့်အချစ်** (Narziss and Gold-mund) (၁၉၃၀) တွင်ကား

ဝိရောဓိလက္ခဏာများအား စူးစမ်းလေ့လာသည့် အလယ်ခေတ် ရဟန်းနှစ်ပါး၏ အားပြိုင်သည့်စရိုက်နှစ်ခုအပေါ် ဇာတ်အိမ်ဖွဲ့ထားလေ၏။ ဟက်စ်၏ အလေးထားဖွယ် နောက်ဆုံးလက်ရာမှာ သူ၏ အမြင်များအား အကျဉ်းချုပ်ရန် ကြိုးပမ်းသူတစ်ယောက်အကြောင်း ရေးဖွဲ့ထားသည့် **ဒက်ဂလက်စပါလန်စပီရယ်** (Das Glasperlenspiel )(၁၉၃၄) ဖြစ်သည်။ (၎င်းကို ၁၉၇၀ တွင် **ဖန်ပုတီးစေ့ကစားနည်း** The GlassBead Game အဖြစ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်) အနာဂတ်ကာလဖြစ်သည့် နှစ်ဆယ့်သုံးရာစုကို ဇာတ်အိမ်ဖွဲ့ထားသည့် ထိုဝတ္ထုသည် လူသားသဘာဝနှင့် ယဉ်ကျေးမှုတို့၏ ပြဿနာများကို နာမ်ပိုင်းဆိုင်ရာဖြင့် ဖြေရှင်းရန်လိုအပ်သည် ဟူသည့်အမြင်အပေါ်တွင် အခြေခံထားသည့် ဟက်စ်၏ နောက်ဆုံးတင်ပြချက်ဖြစ်သည်။ ဟက်စ်သည် ထိုဝတ္ထုဖြင့် စာပေ နိုဘယ်ဆု ရရှိခဲ့သည်။



**အဲဖရက် ဟစ်ချ်ကော့ [ Alfred Hitchcock ]**
**( ၁၈၉၉ – ၁၉၈၀ )**

## ▭ ဗြိတိသျှရုပ်ရှင်ဒါရိုက်တာ။

*၁၉၄၀ နောက်ပိုင်းတွင် ဟောလီးဝုဒ်၌ နေထိုင်ခဲ့သည်။ သူ့အား* ***ရင်ထိပ်သည်းဖို၏အရှင်သခင်*** *အဖြစ် သတ်မှတ်ကြရသည်။ ခြောက်ခြား ဖွယ်ကားများ ရိုက်ကူးရာ၌ ကျော်ကြားလှသည်။ ၁၉၈၀ တွင်သူကောင်းပြု ခံရသည်။*

လန်ဒန်၌ မွေးဖွားပြီး ဗရင်ဂျီဘုန်းကြီးများထံမှ ပညာသင်ယူခဲ့ရသည်။ စီးပွားဖြစ်ပန်းချီဆရာအဖြစ် အသက်မွေးပြီးနောက် ဟစ်ကော့ချ်သည် ရုပ်ရှင်လောကထဲသို့ ရောက်လာသည်။ ဒါရိုက်တာအဖြစ် ပွဲဦးထွက်လက်ရာမှာ **ပျော်ရွှင်မှုဥယျာဉ်** (The Pleasure Garden)(၁၉၂၅) ဖြစ်သည်။

သို့သော် စံထားလောက်သော သူ့အစောပိုင်းလက်ရာမှာကား **အိမ်ငှား** (The Lodger)(၁၉၂၆) ဖြစ်၏။ ၁၉၂၆ တွင် **အယ်လ်မာရက်ဗလီ** (Alma Reville)နှင့်လက်ထပ်ပြီးနောက် ဇနီးဖြစ်သူမှာ သူ့ရုပ်ရှင်ဇာတ်ညွှန်းများ စွာတွင် ပူးပေါင်းကူညီပေးခဲ့သည်။ သူ၏ပထမဆုံး အသံဆိုင်ရာ စွန့်စားမှု ပါဝင်သည့် ရုပ်ရှင်မှာ **နှုတ်ပိတ်ခတောင်းခြင်း** (Blackmail)ဖြစ်သည်။ ထိုကားမှာ ကားအစကတည်းက တိတ်ဆိတ်နေခဲ့ပြီး လမ်းကြောင်းအသစ် ဖောက်ခဲ့သော ရုပ်ရှင်ဖြစ်သည်။ ၁၉၃၀ နှစ်များတွင်ထွက်ရှိသော ကားများထဲတွင် **အများကြီး သိခဲ့သူ** (The Man Who Knew Too Much) (၁၉၃၄) **လှေကား သုံးဆယ့်ကိုးထစ်** (The Thirty-Nine Steps) (၁၉၃၅)နှင့် **ပျောက်ကွယ် သွားသောမိန်းမပျို** (The Lady Vanishes) (၁၉၃၈) တို့ပါ ဝင်ကြသည်။

သူ၏ပထမဆုံးအမေရိကန်ရုပ်ရှင် **ရေဘက်ဘာ** (Rebecca) (၁၉၄၀) မှာ အကောင်းဆုံးရုပ်ပုံ အော်စကာဆုရရှိခဲ့ပြီး သူ့အားလည်း အကောင်းဆုံးဒါရိုက်တာအဖြစ် စာရင်းတင်သွင်းခံခဲ့ရသည်။ ၁၉၄၀ နှစ် များ တွင် ရိုက်ကူးခဲ့သည့်အခြားသော ရုပ်ရှင်ကားများမှာ **ပြုစားခံ** (Spellbound) (၁၉ ၄၅) နှင့် **နာမည်ဆိုးဖြင့်ကျော်ကြားသော**(Notorious)(၁၉၄၆) တို့ဖြစ် ကြသည်။ ၁၉၅၀ နှင့် ၁၉၆၀ နှစ်များတွင် ထွက်ပေါ်ခဲ့သော ဟစ်ချ်ကော့၏ အကောင်းဆုံးလက်ရာအချို့ထဲတွင် **ရထားပေါ်ကလူစိမ်းများ** (Strangers on a Train)(၁၉၅၁)၊ **နောက်ဘက်ပြတင်း** (Rear Window)(၁၉၅၈)၊ **မြောက်မှအနောက်မြောက်သို့** (North by Northwest)(၁၉၅၉)၊ **စိတ္တဇ** (Psycho)(၁၉၆၀)နှင့် **ငှက်များ** (The Birds) (၁၉၆၃) တို့ ပါဝင်ကြ သည်။ သူ့နောက်ပိုင်းရုပ်ရှင်ကားများထဲတွင် **ကမူးရှူးထိုး** (Frenzy) (၁၉၇၂) နှင့် **မိသားစုအကြံ** (Family Plot) (၁၉၇၆)တို့ပါဝင်ကြသည်။ လူအုပ် မြင်ကွင်းများနှင့် အသေးစိတ်နေရာလေးများရိုက်ကူးရာ၌ ပီပြင်ပေါ်လွင်လှ သော သူ့ရုပ်ရှင်ကားများသည် ပရိသတ်အား ထိုင်ရာမှမထဘဲ ကြည့်ချင်နေ စေရန် ဆွဲဆောင်မှုရှိလှသည်။ ၁၉၇၉ တွင် သူ့အား အမေရိကန်ရုပ်ရှင်သိပ္ပံမှ ဘဝတစ်သက်တာ ကြိုးပမ်းမှု ဆုချီးမြှင့်ခဲ့သည်။




**ဘီးလီး ဟောလီဒေး [ Billie Holiday ]**
**( ၁၉၁၅ – ၁၉၅၉ )**

□ **အမေရိကန် လူမည်း ဂျပ်ဇ်အဆိုတော်။**

*အချိန်တိုင်းတွင် အခမ်းအနားဆုံး ဂျပ်ဇ်အဆိုတော်စစ်စစ်အဖြစ် မကြာမကြာဖော်ပြခံရသူ။*

အမည်အရင်းမှာ **အင်လန်ဒိုရာ ဖာဂန် ဟောလီးဒေး**(Eleanora Fagan Holiday)ဖြစ်သည်။ ဘယ်လ်တီမိုးမြို့၌ မွေးဖွားခဲ့သည်။ ရုပ်ရှင်ကြယ်တစ်ပွင့် ဖြစ်လာပြီးနောက် **ဘီးလီး** (Billie )ဟုခေါ်လာကြသည်။ သူမ၏ ဖခင် **ကလော်ရင့်ဟောလီဒေး** (Clarence Holiday)(၁၉၀၀ –၃၇)မှာ ဂျပ်ဇ်တီးဝိုင်းများတွင် ဂစ်တာတီးသူဖြစ်သည်။ သို့သော် ဘီးလီးသည် ပြည့်တန်ဆာအိမ်၌ အလုပ်လုပ်ရင်း ဘက်စီစမစ်နှင့် လူးဝစ် အမ်းစ်ထရောင်းတို့ကို နားမထောင်ရမီအချိန်အထိ ဂျပ်ဇ်ဂီတနှင့် မထိတွေ့မိသေးချေ။ ပြည့်တန်ဆာအိမ်မှ လွတ်မြောက်လာပြီးနောက် ဟာလန်ရပ်ကွက်ရှိ မထင်ရှားသောကလပ်

များ တွင် အဆိုတော်တစ်ယောက် ဖြစ်လာခဲ့သည်။ ထိုနေရာများ၌ သီချင်းဆိုရင်း ဓာတ်ပြားထုတ်လုပ်သူ ဂျွန်ဟာမ်မွန်က သူမကို တွေ့ရှိသွားခဲ့သည်။ ထိုအမျိုးသမီးက သူမ၏ ပထမဆုံးဓာတ်ပြားများကို ဘန်နီဂွဒ်မန်းတီးဝိုင်းနှင့်တွဲဖက် ၍ ၁၉၃၃ တွင် သွင်းယူစေခဲ့သည်။ ၁၉၃၅ –၄၂ ကာလအတွင်း သူမသည် ဂျပ်ဇ်အဖွဲ့ငယ်လေးများနှင့် ဓာတ်ပြား တစ်ရာကျော် သွင်းယူခဲ့သည်။ များသောအားဖြင့် စန္ဒရားပညာရှင် တက်ဒီဝီလ်ဆန်ကို ငှားရမ်းလေ့ရှိသည်။ ၎င်းတို့မှာဈေးကွက်တွင် ရောင်းချ ရာ၌ အရောင်းသွက်၍ ဈေးချိုသောဓာတ်ပြားများဖြစ်ကြသည်။ ယခုအခါ ၎င်းတို့အားလုံးမှာ ဂန္ထဝင်ဂျပ်ဇ်ဓာတ်ပြားများအဖြစ် အသိအမှတ်ပြုခံနေရ လေပြီ။ သူမ၏ဟန်မှာ တုပ၍မရနိုင်ပေ။ သူမသည် သီဆိုရာ၌ ဂျပ်ဇ်ဂီတ သမားတစ်ယောက် တစ်ကိုယ်တော်တီးမှုတ်သကဲ့သို့ပင် တေးသွားတစ်ခုကို သိမ်မွေ့စွာ လှည့်ပြောင်း၍ စာသားကို သီကုံးကာ သီဆိုလေ့ရှိသည်။ စည်းချက်၏နောက်တွင် မထီမဲ့မြင်သီဆိုလေ့ရှိသည်။ အားနည်းခြင်း၊ သည်းခံခြင်း၊ လွမ်းဆွတ်တသခြင်းတို့ကို ထင်မှတ်မှား ခံစားရစေရန် သူမဖန်တီးလေ့ရှိသည်။ အဆိုနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားမှုလုံးဝမရှိသလို နည်းစနစ်ပိုင်းဆိုင်ရာ ဗဟုသုတလည်းမရှိသော သူမသည် စိတ်ထဲတွင် ဖြစ်ပေါ်သည့် နည်းလမ်းအတိုင်းသာ သီဆိုလေ့ရှိသည်။ ကောင့်ဘက်စီ၊ အာတီရှောနှင့်အခြားတီးဝိုင်းများဖြင့်လည်း သီဆိုလေ့ရှိသည်။ ရုပ်ရှင်ကားများများ၌လည်း ထင်ပေါ်လာသည်။ (မှတ်မှတ်ရရအားဖြင့် ၁၉၄၇ ထွက် New Orleans ဇာတ်ကားတွင် ဖြစ်သည်) ကာနက်ဂျီခန်းမရှိ ဂီတဖျော်ဖြေပွဲ၌လည်း ပါဝင်ဆင်နွှဲတတ်သည်။ ရုပ်မြင်သံကြားတွင် ထင်ရှားလာခဲ့ပြီး ၁၉၅၀ နှစ်များတွင် ဥရောပသို့ ခရီးလှည့်ဖျော်ဖြေခဲ့သည်။ တစ်စုံတစ်ယောက် ကကိုယ်စားရေးပေးခဲ့သော သူမ၏ခါးသီးသော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် **ဘလူးစ်သီချင်းဆိုသောမိန်းမပျို** (Lady Sings the Blues) စာအုပ်ကို ၁၉၅၆ တွင်ထုတ်ဝေခဲ့သည်။ (ထိုနာမည်နှင့်ပင် သူမ၏ အတ္ထုပ္ပတ္တိ ကို ၁၉၃၅ တွင် ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ထိုကားမှာ အသိအမှတ်ပြု သိပ်မခံ ရပေ) သူမ၏ အစောပိုင်းကာလမှ ဆင်းရဲခြင်းနှင့် အရက်တကွဲဖြစ်ရပ်များ၏ ခြောက်လှန့်မှုမှာ ပြင်းထန်လှသောကြောင့် ထွက်ပေါက်ရှာရင်းဖြင့် မူးယစ်ဆေးဝါး၏ သားကောင်အဖြစ် ကျရောက်ခဲ့ရပြီး အချိန်မတိုင်မီ ကြွေလွင့်ခဲ့ရသည်။



**မိုက်ကယ် ဂျက်ဆင် [ Michael Jackson ]**

**( ၁၉၅၈ – )**

**□ အမေရိကန် လူမည်း ပေါ့ပ်အဆိုတော်နှင့် သီချင်းရေးသူ။**

*၁၉၈၀ နှစ်များ၏ အရောင်းရဆုံး ထိပ်တန်းပေါ့ပ် အနုပညာရှင် ဖြစ်သူ။ အကနှင့် ဂီတတွဲဖက်နေသော သူ့ပုံရိပ်ကြောင့်ထင်ရှားသည်။*

အင်ဒီးယားနားပြည်ရှိ ဂါရီ (Gary) ၌ မွေးခဲ့သည်။ ၁၉၇၀ နှစ်များတွင် အောင်မြင်ခဲ့သည့် ဂျက်ဆင်ညီအစ်ကို ငါးယောက်ဖြင့် ဖွဲ့စည်းထားသော လူမည်းပေါ့ပ်အဖွဲ့ Jackson Five တွင် ငယ်စဉ်ကတည်းကပင် ပါဝင်ခဲ့သည်။ (မကြာမီ ဂျက်ဆင်ခြောက်ယောက် ဖြစ်လာခဲ့သည်) အဖွဲ့၏ ဓာတ်ပြားအများစုအတွက် သူသီဆိုပေးခဲ့ရသည်။ သို့သော် သူ့ကိုယ်ပိုင်နာမည်ဖြင့် သီချင်းများမှာ ၁၉၇၁ တွင် ထွက်ပေါ်ခဲ့ပြီး Got to be There သည် အဓိက ကျော်ကြားသော တေးတစ်ပုဒ်ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ

သူ၏တစ်ကိုယ်တော်ဖျော်ဖြေရေးသမားဘဝမှာ ၁၉၇၉ မတိုင်မီအထိ အပြည့်အဝ မစတင်ရသေးချေ။ ၁၉၇၉ တွင် Of the Wall သည် ခေတ်ပေါ် လူမည်းအနုပညာရှင်တစ်ဦးအနေဖြင့် ရောင်းအကောင်းဆုံး အယ်လ်ဘမ် ဖြစ်လာသည်။ ၎င်းအယ်လ်ဘမ်တွင် ပေါလ်မက္ကာနေနှင့် မိုက်ကယ်ဂျက်ဆင် ကိုယ်တိုင်ရေးသောသီချင်းများ ပါဝင်သည်။ အရှိန်မြင့်လာသည့် Thriller (၁၉၈၃) အယ်လ်ဘမ်သည်လည်း ပိုမိုအောင်မြင်လာခဲ့ပြီး ဂျက်ဆင်၏ ရှုမငြီးသောအကစွမ်းရည်ကို ဂီတဗီဒီယိုဖြင့် ပူးပေါင်း၍ ဖော်ထုတ်အသုံးချခဲ့သည်။ Bad (၁၉၈၇) အယ်လ်ဘမ်မှ သီချင်းများ၏ အောင်မြင်မှုကြောင့်လည်း ဂျက်ဆင်သည် ဆယ်စုနှစ်၏ စီးပွားအဖြစ်ဆုံး အမေရိကန်ကြယ် တစ်ပွင့်အဖြစ် ခိုင်မြဲလာခဲ့သည်။ အယ်လ်ဘမ်များနှင့် ဗီဒီယိုများ၏ အောင်မြင်မှုကြောင့် ဂျက်ဆင်၏ သီခြားဆန်သော ဘဝနေဟန်နှင့် ပတ်သက်သည့် ဇာတ်လမ်းများမှာ ဗုန်းပေါလအော တိုးပွားခဲ့သည်။ အထူး သဖြင့် သူ၏ အချစ်တော်မွေးခြင်း၊ အစွန်းရောက်သော သတ်သတ်လွတ် စားခြင်းနှင့် မျက်နှာခွဲစိတ်ပြုပြင်ခြင်း စသည့် ခပ်ကြောင်ကြောင် ဇာတ်လမ်း များပင် ဖြစ်ကြသည်။



**မစ်  ဂျက်ဂါ [ Mick  Jagger ]**
**( ၁၉၄၃ –        )**

□ **ဗြိတိသျှ ရော့ခ်အဆိုတော်နှင့် သီချင်းရေးသူ။**

***ရိုးလင်းစတုန်း*** *(Rolling Stone) တီးဝိုင်း၏ခေါင်းဆောင်အဖြစ် နိုင်ငံတကာတွင် ကျော်စောခဲ့ပြီး၊ ၁၉၆၀ နှစ်များ၏ ရှည်ကြာတည်တံ့နိုင်ဆုံးသော ရော့ခ်ဂီတသမား ဖြစ်သည်။*

အမည်ရင်းမှာ **မိုက်ကယ် ဖီးလစ် ဂျက်ဂါ**(Michael Phillip Jagger) ဖြစ်သည်။ ၁၉၆၀ လန်ဒန် စီးပွားရေးကျောင်း၌ ကျောင်းသားဘဝတည်းကပင် အမေရိကန်လူမည်းတို့၏ **ရမ်သမ်အင်ဘလူးစ်** (Rythm N' Blues)ဂီတကို စိတ်အားထက်သန်ခဲ့သူ ဖြစ်သည်။ ရိုးလင်းစတုန်းအဖွဲ့၏ ပထမဆုံးဓာတ်ပြားမှာ ၁၉၆၃တွင် ထွက်ရှိခဲ့သော်လည်း သူတို့၏ ကိုယ်ပိုင်သီချင်း Satisfacation ကို စတင်မရေးသားမီ ၁၉၆၅ အထိ ၎င်းတို့မှာ အမေရိကန်အရောင်းစာရင်းတွင် နံပါတ်တစ်မစွဲခဲ့သေးပေ။ ဂျက်ဂါ၏ အရှက်

ကင်းမဲ့သော လိင်ဆွဲဆောင်မှုသည် ရိုလင်းစတုန်းအဖွဲ့၏ ပုံရိပ်ဖြစ် လာခဲ့သည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် အဖမ်းခံရသော ဂျက်ဂါသည် ၁၉၆၇ တွင် လန်ဒန်တိုင်းသတင်းစာ၏ ခေါင်းကြီးပိုင်း အကြောင်းအရာဖြစ်လာခဲ့ပြီး အကျဉ်းထောင်မှ ပြစ်ဒဏ်ရပ်ဆိုင်းခြင်း ခံခဲ့ရသည်။ ၁၉၆၈ ထွက် **သူဖုန်းစား၏ စားသောက်ပွဲကြီး** (Beggar's Banquet) အယ်လ်ဘမ်တွင် **မိစ္ဆာအတွက် ကရုဏာ** (Sympathy for Devil) သီချင်းပါဝင်သည်။ ထိုသီချင်းမှာ လူသားတို့၏ အမှုအကျင့်ကို သရော်စောင်းချိတ်သော ဝေဖန်ချက်တစ်ခုဖြစ်ပြီး မကောင်းဆိုးဝါးထောက်ခံ သည်ဟုပြောနေကြသော သူတို့အဖွဲ့၏ အပြစ်ကင်းမဲ့မှုကို ဖော်ပြထားသည်။ ၁၉၆၉ တွင် ကယ်လီဖိုးနီးယား ပေါ့ပ်ဂီတပွဲတော်၌ ဖျော်ဖြေရာတွင် ပေါ်ပေါက်ခဲ့သည့် လူသတ်ကောင်အကြောင်းကို ရေးထားသည့် သီချင်းကို Gimme Shelter ရုပ်ရှင်အတွက် အသံသွင်းပေးခဲ့ကြသည်။ Performance နှင့် (Ned Kelly) ရုပ်ရှင်ကားနှစ်ကားတွင်လည်း ဂျက်ဂါ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ခဲ့သည်။ (နှစ်ကားစလုံးမှာ ၁၉၇၀ တွင် ထွက် ပေါ်သည်) ဂျက်ဂါ၏ တင်ဆက်မှုစွမ်းရည်ကြောင့် သူတို့အဖွဲ့၏ ဓာတ်ပြား များနှင့် နယ်လှည့်ဂီတပွဲများမှာ ကြီးမားသော အောင်မြင်မှုရရှိခဲ့ကြသည်။ သူ၏ ပုဂ္ဂလိကဘဝမှာ ကာတွန်းရုပ်ပြောင်ဆရာများ အမြဲလိုပင် ရေးဆွဲစရာအကြောင်းတစ်ခု ဖြစ်ခဲ့ရသည်။ ၁၉၆၀ နှစ်များအတွင်း ပေါ့ပ်ကြယ်ပွင့်မာရီယင်းဖိတ်ဖူးလ်၏နေရာတွင် မိန်းကလေးမိတ်ဆွေဖြစ်သော ကိုယ်ဟာန်ပြမယ် ခရစ်စီ ရှရင်ပ်တွန်ကို အစားထိုး၍ တွဲခဲ့သည်။ (မာရီယင်းဖိတ်ဖူးလ်မှာ ကျော်ကြားသော As Tears Go By သီချင်းကို ဂျက်ဂါနှင့်တွဲ၍ ရေးသားခဲ့သူ ဖြစ်သည်) ၁၉၇၀ နှစ်များအတွင်း သူနှင့်ဇနီးသည် (ကိုယ်ဟာန် ပြမယ်) ဘိုင်ယန်ကာ ပါရက်ဇ်မိုရန်နာတို့သည် အားလပ်ရက်များတွင် ဂျက်လေယာဉ်ဖြင့် ခရီးထွက်လေ့ရှိကြသည်။ သူတို့ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် နှစ်ပေါင်းများစွာ မိန်းကလေးအဖော်အဖြစ်တွဲခဲ့သည့် တက္ကဆက်ပြည်နယ်သူ ကိုယ်ဟာန်ပြမယ် ဂျယ်ရီဟောလ်နှင့် လက်ထပ်ခဲ့သည်။



**အယ်လ်တန်ဂျွန် [ Elton John ]**

**( ၁၉၄၇ – )**

□ **ဗြိတိသျှ ပေါ့ပ်အဆိုတော်၊ စန္ဒရားသမား၊ သီချင်းရေးသူ။**

*တေးစာသားရေးသူ **ဘန်နီတော်ပင်** (Bernie Taupin) နှင့်အတူ တွဲဖက်၍ ၁၉၇၀ နှစ်များတွင် ကျော်ကြားသော တေးသီချင်းများစွာ ရေးဖွဲ့ခဲ့သည်။*

အမည်အပြည့်အစုံမှာ **အယ်လ်တန်ဟာ ကြူလီဂျွန်** (Elton Hercules John)ဖြစ်သည်။ နာမည်ရင်းမှာ **ရီဂျင်နော ကန်နက်ဒွိုက်** (Reginald Kenneth Dwight) ဖြစ်သည်။ ဂျွန်နှင့်တော်ပင်တို့သည် ၁၉၆၆ တွင် စတင်တွဲဖက်မိကြပြီး အခြားအဆိုတော်များနှင့်အဖွဲ့များအတွက် သီချင်းများ ရေးသားကြသည်။ ၁၉၆၈တွင် ဂျွန်သည် ၎င်းသီချင်းများကို ကိုယ်တိုင်

သီဆို၍ စတင်အသံသွင်းလေသည်။ တော်ပင်က စာသားများအား လျင်မြန်လွယ်ကူစွာ ရေးဖွဲ့သည်။ အယ်လ်တန်ဂျွန်က စာသားတစ်လုံးမှ မပြောင်းလဲဘဲ သံစဉ် ဖြည့်ပေးသည်။ သံစဉ်နှင့်စာသားနှစ်ခုမှာ အထူးကောင်းမွန်စွာ ပေါင်းဖက်မိကြလေသည်။ ၁၉၆၀ နှစ်များမှ ဂျွန်လင်နွန်နှင့် ပေါလ်မက္ကာနေသီချင်းရေးသမားအတွဲကဲ့သို့ပင် သူတို့သည်လည်း ဆယ်စုနှစ် တစ်ခု၏ခံစားမှုကို ဖမ်းဆုပ်နိုင်ခဲ့ကြသည်။ ဂျွန်၏လူထုဖျော်ဖြေပွဲများတွင် စန္ဒရားပေါ်၌ ကင်းမြီးကောက်ထောင်ခြင်း၊ ဖက်ရှင်ဆန်းများနှင့် ဧရာမ မှန်ကြီးများတပ်ဆင်ခြင်း စသည့်လုပ်ငန်းများကြောင့်လည်း ဆယ်ကျော်သက်ပရိသတ်၏ ထောက်ခံအားပေးမှုကောင်းစွာ ရရှိခဲ့သည်။ ၁၉၇၇ မှစ၍ အခြားစာသားရေးသားသူများနှင့် တွဲဖက်ရေးသားခဲ့သည်။ ၁၉၇၉ တွင် ဆိုဗီယက်ပြည်ထောင်စုသို့ ပထမဆုံး လာရောက်ဖျော်ဖြေသည့် ပေါ့ပ် အဆိုတော် ဖြစ်လာခဲ့ သည်။ သူ၏ထွက်ခဲ့သမျှအယ်လ်ဘမ်အများစုထဲတွင် Leather Jackets (၁၉၈၆) နှင့် Sleeping with the Past (၁၉၈၉) တို့ပါဝင်လေသည်။ ငွေကြေးကြွယ်ဝလာသောအယ်လ်တန်ဂျွန်သည် နိုင်ငံ သုံးနိုင်ငံတွင် အိမ်များဝယ်ယူထားလေ့ရှိသည်။ သူငယ်စဉ်ကတည်းက အား ပေးခဲ့သော **ဝက်ဖို့ဒ်** (Watford) ဘောလုံးအသင်းတွင် ၁၉၇၆ မှ ၁၉၉၀ အထိ အစည်းအဝေးသဘာပတိဖြစ်ခဲ့ပြီးယင်းနောက်ပိုင်း ၁၉၉၀ တွင် ထိုအသင်း၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

## ဂျက်စပါဂျွန် [ Jasper John ]
## ( ၁၉၃၀ – )

### ▫ အမေရိကန် ပန်းချီဆရာ၊ ပန်းပုဆရာနှင့် ပုံနှိပ်ပန်းချီဆရာ။

***ပေါ့ပ် ပန်းချီ** (Pop art )၏ ရှေ့တော်ပြေး။*

ကာရိုလီးနားတောင်ပိုင်း၌ ကြီးပြင်းခဲ့သည်။ တောင်ကာရိုလီးနား တက္ကသိုလ်၌ပင် တက်ရောက်ခဲ့သည်။ စစ်တပ်၌ ခေတ္တမျှအမှုထမ်းပြီးနောက် ၁၉၅၂ တွင် နယူးယောက်မြို့၌ အခြေချခဲ့သည်။ ၎င်းတွင် ကုန်လှောင်ရုံကြီးများ၌အလုပ်လုပ်ရင်း ပန်းချီရေးဆွဲခဲ့သည်။ သူ၏လူသိအများဆုံး ပန်းချီအတွဲများဖြစ်သည့် အလံများ၊ ပစ်မှတ်များနှင့် ကိန်းဂဏန်းများကို ၁၉၅၀ နှစ်များ၏ အလယ်တွင် ရေးဆွဲခဲ့သည်။ ဂျွန်သည် ရိုးရာပန်းချီနည်းစနစ်များကို အဓိက အသုံးပြု၍ ပတ်ဝန်းကျင်တွင် တွေ့နေကျနေရာများနှင့် အမေရိ ကန်အလံ စသည့် ကမ္ဘာလုံးဆိုင်ရာပုံရိပ်များကို အပြည့်အဝရေးဆွဲခဲ့သည်။ ပုဂ္ဂိုလ်စွဲမပါရှိသော ပန်းချီကိုရေးဆွဲနိုင်ရန် သူ့ရှာဖွေကြိုးပမ်းမှုအား ဒြပ်မဲ့ စိတ္တဇဝါဒကို ပြုပြင်ပြောင်းလဲလိုသည့် တုန့်ပြန်မှုအဖြစ်လည်း ကြည့်မြင် နိုင်သည်။ ၎င်းသည် တီထွင်ဆန်းသစ်ရေးလှုပ်ရှားမှု ရေစီးဖြစ်သကဲ့သို့ ပန်းချီ၏သဘာဝအား ဂျွန်အား

မေးခွန်းထုတ်ထားခြင်းလည်းဖြစ်လေသည်။ ပျားဖယောင်းအခြေခံ စဥ့်ကိုင် ပန်းချီကို အသုံးပြု၍ ပန်းချီ၏လှုပ်ရှားမှုကို အာရုံစိုက်မိစေရန် ပြုလုပ် ခဲ့သကဲ့သို့ သူ့စတူဒီယိုအတွင်းမှ အရာဝတ္ထုများကို ကင်းဗတ်စပေါ်တွင် ပူးကပ်၍လည်း ထည့်သွင်းပေးလေ့ရှိသည်။ တစ်ချိန် တည်းမှာပင် သူ့ပန်းချီကားထဲမှ အရေး ပါသော နေရာများတွင် မြင်ရသော်လည်း အဓိပ္ပါယ်မတိကျစေသည့် ရေးဆွဲမှု များ ထည့်သွင်းလေ့ရှိသည်။ ဥပမာအားဖြင့် **'အနီ'** ဆိုသော စကားလုံးကို ပန်းချီကားပေါ်တွင် ထည့်သွင်း ထားသော်လည်း ထိုစကားလုံးအား အပြာ ရောင်ခြယ်ချင်ခြယ် တတ်သည်။ နောက်ပိုင်း ၁၉၅၀နှစ်များတွင်လည်း ဂျွန်သည် ဘီယာဗူးနှင့် မီးသီးစသည့် အရာများကို ကြေးသွန်း၍ တိကျသော ပုံသဏ္ဍာန် များ ပါဝင်သည့် ပန်းပုများ ကို စတင်ဖန်တီးလေတော့သည်။ သူသည် ဥရောပ၊ အမေရိကနှင့် ဂျပန်တို့၌ ကျယ်ပြန့်စွာ ပြသခဲ့သည်။ မာစီကန်နင်ဂမ်၊ ဂျွန်ကေ့ တို့နှင့် တွဲဖက်၍လည်း မျိုးစုံသော ဇာတ်လုပ်ငန်းအဆောင်အယောင်များကို ဖန်တီးခဲ့သေးသည်။



**ဂျိမ်းစ်ဂျွိုက် [ James Joyce ]**
**( ၁၈၈၂ – ၁၉၄၁ )**

□ **အိုင်ယာလန်ဝတ္ထုရေးဆရာနှင့် ကဗျာဆရာ။**

*သူ့အဓိကအရေးပါဆုံး ဝတ္ထု **'ယူလီဆီး'** မှာ အကြီးအကျယ် ဂယက်ထခဲ့ပြီး၊ နောက်ပိုင်းတွင် မတော်မလျော်သော စာပုဒ်များကို ဖြတ်၍ ထပ်မံထုတ်ဝေခံခဲ့ရသည်။ နှစ်ဆယ်ရာစု ဝတ္ထုအရေးအသားထဲတွင် ဂျွိုက်ကြောင့် 'သိစိတ်အလျဉ် ရေးဟန်' ပေါ်ထွန်းလာခဲ့ရသည်။*

ဂျွိုက်ကို ဒဗ္ဗလင်ရှိ ရပ်ဂါ၌ မွေးဖွားသည်။ အစောပိုင်းတွင် ဗရင်ဂျီဘုန်းကြီးများထံမှ ပညာသင်ကြားခဲ့ရသည်။ ဒဗ္ဗလင်ရှိ ကက်သလစ် တက္ကသိုလ်တွင် ခေတ်သစ်ဘာသာစကားကို လေ့လာသင်ယူခဲ့ပြီး ၁၉၀၂တွင် ဘွဲ့ရရှိခဲ့သည်။ ၁၉၀၄ တွင် ဂျွိုက်သည် ကိုယ်တိုင်ရေးအတ္ထုပတ္တိဝတ္ထု ရှည်ဖြစ်သည့် **စတီဗင်သူရဲကောင်း** (Stephen Hero)ကို စတင်ရေးသားခဲ့သည်။ နောက်ဆုံးတွင် ၎င်းဝတ္ထုမှ ကုန်ကြမ်းများကို ပြန်လည်ရေးသားပြုပြင်၍ ၁၉၁၆တွင် **အနုပညာရှင်လူငယ်တစ်ယောက်၏ပုံတူ** (A Potrait of the Artists as a Young Man )အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ထို စာအုပ်သည် ဒဗ္ဗလင်တွင် သူနေခဲ့သည့်အစောပိုင်းနှစ်များ၏ အတွေ့အသက်များကို မြတ်နိုးစွာ ဖမ်းဆုပ်ထားခြင်းပင် ဖြစ်သည်။ သို့သော် အိုင်ယာလန် ယဉ်ကျေးမှု၏ကျဉ်းမြောင်း

သောအမြင်ကို ဆန့်ကျင်ကျီစယ်ချင်ခဲ့သလို ပြန်လည်ဆန်းသစ်သစ် လာသော ရေးဗြိတိသျှယဉ်ကျေးမှုနှင့် ဝီလျံ ဘတ်တလာယိစ်တို့ ဩဇာအောက်သို့လည်း ကျရောက်ခဲ့သော ဂျွိုက်သည် နိုင်ငံရပ်ခြားတွင် နေထိုင်၍ စာရေးရန်အတွက် အိုင်ယာလန်ကို ကျောခိုင်းခဲ့ သည်။ ဂျွိုက်သည် **နိုရာဘာနေ ကယ်** (Nora Barnacle) နှင့်ပေါင်းသင်း ၍ ၁၉၁၅ မတိုင်မီအထိ ထရပ်တီ၌ အခြေချခဲ့သည်။ (သူမနှင့် ၁၉၃၁ အထိ လက်မထပ်ခဲ့ပေ) သူ၏ ပထမဆုံးကဗျာစာအုပ်ဖြစ်သည့် **ခန်းမဂီတ** (Chamber Music) မှာ ၁၉၀၇ တွင် ထွက်ရှိသည်။ ၎င်းခေါင်းစဉ်ကိုယ် ၌က ဂျွိုက်၏အစောပိုင်း ဂီတစိတ်ဝင်စားမှုကို ရောင်ပြန်ဟပ်ပြနေခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ပါရီတွင် အမြဲတမ်းနေအိမ် မရှိသေးမီကာလ၌ ဇူးရစ် သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ သူ၏ အဓိကစာအုပ်မှာ ဇာတိမြို့အကြောင်း ဝတ္ထုတိုများအား စုစည်းထားသည့် **ဒဗ္ဗလင်မြို့သားများ** (Dubliners) (၁၉၁၄) စာအုပ်ဖြစ်သည်။ **ပြည်ပြေးများ** (Exiles)အမည်ရပြဇာတ် တစ်ပုဒ်ကိုလည်း ၁၉၁၈ တွင် ရေးသားထုတ်ဝေခဲ့သည်။ ထိုပြဇာတ်မှာ **အိုင်ဘ်ဆန်** (Ibsen)၏ လွှမ်းမိုးမှု ကြီးစွာပါဝင်လေသည်။ အကျင့်သိက္ခာဆိုင်ရာ စိတ်မသန့်ခြင်းများအား အာခံသည့် **ယူလီဆီး** (Ulysses)ဝတ္ထုကို ၁၉၂၂ တွင် ဖြန့်ချိခဲ့သည်။ အင်္ဂလိပ်စကား ပြောသည့်နိုင်ငံများတွင် နှစ်ပေါင်းများစွာ ပိတ်ပင်ထားသည့်အကြားမှပင် ထိုဝတ္ထုသည် သိစိတ်အလျဉ်ရေးနည်းကို အသုံးပြုထားသော တစ်သီးပုဂ္ဂလဆန်သည့် အကောင်းဆုံးလက်ရာတစ်ခုအဖြစ် လက်ခံမှုရရှိခဲ့သည်။ ဟိုးမား၏ **အော်ဒက်ဆီ** (Odyssey) ကဗျာရှည်ကြီးမှ ကျောရိုးယူထားသော ယူလီဆီးဝတ္ထုသည် ဒဗ္ဗလင်မြို့သား သုံးဦးဖြစ်သည့် လီယိုပိုး၊ မော်လီဘလွန်းနှင့် စတီဖင်ဒက်ဒလပ်စ်တို့၏ တစ်နေ့တည်းတွင်ဖြစ်ပျက်သော မှတ်တမ်းများပင်ဖြစ်ကြသည်။ ၁၉၃၉ တွင်ထွက်ရှိသော **ဖင်နီဂန်ဝိတ်** (Finnegans Wake) ဝတ္ထုသည် ပိုမိုခက်ခဲ၍ လျှို့ဝှက်နက်နဲလှပြီး အိပ်မက်အစီအစဉ်ကဲ့သို့ ကြံစည်စိတ်ကူး၍ ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ၁၉၃၇ တွင် ဂျွိုက်၏ **လက်ရွေးစင်ကဗျာများ** (Collected Poems)ကို ထုတ်ဝေသည်။ သူကွယ်လွန်သည့်တိုင်အောင် ဂျွိုက်၏လက်ရာသည် ဝေဖန်ရေးဋီကာများစွာကို စွဲဆောင်နေဆဲဖြစ်ပြီး နှစ်ဆယ်ရာစု စကားပြေအရေးအသားအားလုံးအပေါ်၌ ဩဇာကြီးခဲ့ပေသည်။



**ဖရန့် ကပ်ဖကာ [ Franz Kafka ]**

**( ၁၈၈၃ – ၁၉၂၄ )**

## □ ဩစတြီးယား ဝတ္ထုရေးဆရာနှင့် ဝတ္ထုတိုရေးသူ။

ဆာရီယယ်လစ်စာရေးဆရာများထဲတွင် အကြီးမားဆုံးသူ တစ်ဦး။ ကွယ်လွန်ပြီးနောက်တွင်မှ မီးရှို့ပစ်ခိုင်းခဲ့သော သူ့စာများဖြင့် ကမ္ဘာစာပေတွင် အဆင့်မြင့်သောနေရာကို ရရှိခဲ့သည်။

ပရပ်မြို့တွင်မွေးဖွားခဲ့သောကပ်ဖကာသည်အောင်မြင်သော ရဟူဒီလုပ်ငန်းရှင်တစ်ဦး၏တစ်ဦးတည်းသောသားဖြစ်သည်။ဖခင်ဖြစ်သူ ၏ဆန္ဒကို ကျိုးနွံစွာလိုက်နာ၍ ဂျာမန်စကားပြောကျောင်းများတွင်ပညာသင် ကြားခဲ့ရပြီး ပရပ်တက္ကသိုလ်တွင် ဥပဒေပညာသင်ယူကာ ၁၉၀၆ တွင် ဘွဲ့ရရှိ ခဲ့သည်။ အာမခံကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်၍ အခကြေးငွေရရှိခဲ့သည်။ ၁၉၁၇ တွင်အဆုပ်ရောဂါဖြစ်နေကြောင်းစပ်းသပ်တွေ့ရှိခဲ့ရပြီး ၁၉၁၉ တစ်နှစ်လုံးတွင်

တစ်နှစ်လုံးတွင် ဆေးရုံပေါင်းစုံ၌ တက်ရောက်နေထိုင်ခဲ့ရသည်။ ကျန်းမာရေးကြောင့် ၁၉၂၂ တွင် အလုပ်မှ နုတ်ထွက်ခဲ့ရသည်။ နှစ်နှစ်အကြာ တွင် ဗီယင်နာမြို့အနီးရှိ ဆေးရုံတစ်ရုံ၌ သူကွယ်လွန်၏။ ထိုအချိန်၌ သူ့ စာပေလက်ရာ အနည်းအကျဉ်းမျှသာ ပုံနှိပ်ရသေးသည်။ ကပ်ဖကာသည် အမျိုးသမီးများနှင့် ဆက်ဆံရေးတွင် မအောင်မြင်ခဲ့ပေ။ ထို့ပြင် အပေါ်စီးမှ ဆက်ဆံတတ်သော ဖခင်ကိုလည်း ကြောက်ခဲ့ရသည်။ ထိုအချက်များက သူ့လက်ရာပေါ်တွင် ကြီးစွာအကျိုးသက်ရောက်ခဲ့သည်။

ကပ်ဖကာ၏ သေတမ်းစာ၌မူ သူ၏ပုံမနှိပ်ရသေးသော လက်ရေးစာမူများကို ဖျက်ဆီးပြစ်ရန် မှာကြားခဲ့သည်။ သေတမ်းစာအတိုင်းဆောင် ရွက်ရန် အပ်နှင်းခံရသူ သူငယ်ချင်းစာရေးဆရာ **မက်စ်ဘရော့ဒ်** (Max Brod)က ထိုညွှန်ကြားချက်ကို လျစ်လျူရှုရန် ဆုံးဖြတ်လိုက်ပြီး ကပ်ဖကာ ကွယ်လွန်ပြီး မကြာမီမှာပင် သူ့အဓိကလက်ရာများကို စတင်ထုတ်ဝေခဲ့ သည်။ ဘရော့ဒ်သည် ကပ်ဖကာ၏ **လက်ရွေးစင်စာများ** (Collected Works)ကို ၁၉၃၅–၃၇ တွင် တည်းဖြတ်ခဲ့သည်။ သို့သော် ၎င်းမှာ ၁၉၅၀ မတိုင်မီအထိ ထွက်ရှိမလာခဲ့ပေ။ ကျယ်ပြန့်စွာ တည်းဖြတ်တည်းပြီးစီး၍ ထုတ်ဝေသောအခါကျမှသာ ကပ်ဖကာ၏အမည်သည် ၂၀ ရာစုဂျာမန်စာရေး ဆရာများထဲတွင် အသိအမှတ်ပြုခံလာခဲ့ရသည်။ ကပ်ဖကာတင်ပြသည့် အကြောင်းအရာများမှ စရိုက်သဘာဝထူးခြားသော ဖွဲ့ဟန်တွင် ရင်ထိပ် သည်းဖိုရသနှင့် အိပ်မက်ဆိုးများမှ နားလည်ရခက်သော အရည်အသွေးတို့ ပါဝင်ကြသည်။ သူ့စကားပြေမှာ ရှင်းလင်းနားလည်လွယ်၍ တစ်သီးတစ်ခြား တည်ရှိသည်။ သူ့ဇာတ်လမ်းများတွင် အပြစ်ရှိသောစိတ်က ခြောက်လှန့်နေ ကြသော်လည်း ၎င်းတို့သည် ဒဿနဗေဒ (သို့) စိတ္တဗေဒသရုပ်ဖော်ဝတ္ထုများ မဟုတ်ကြပေ။ ၎င်းတို့တွင် ပါဝင်သော အချင်းအရာများ၏ ကျိုးကြောင်း တရားမှာ အဓိပ္ပါယ်မတိကျဘဲ (သို့) ရှင်းမပြနိုင်ဘဲ မှားယွင်းသွားကြရစမြဲ ဖြစ်သည်။

Die Verwandlung ဝတ္ထုတိုထဲတွင် အဓိကဇာတ်ကောင် ဂျော် ဂျာမဆာသည် တစ်နံနက်တွင် အိပ်ရာမှနိုးလာပြီး သူ့ကိုယ်သူဧရာမန္တားချေး ပိုးကြီးအဖြစ် အသွင်ပြောင်းလဲသွားကြောင်းကို တွေ့ရှိရလေသည်။ ထိုအခြေ အနေတွင် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေရန် သူကြိုးပမ်းပုံများကို အသေးစိတ်ဖော်ပြထားသည်။ သူသေဆုံးသောအခါမှ သူ့မိသားစုမှာ စိတ် သက်သာရာရပြီး ပုံမှန်ဖြစ်သွားခဲ့ပုံကို ရေးဖွဲ့ထားသည်။ ၎င်းကို **အသွင်ပြောင်း**

**လဲခြင်း** (Metamorphosis)အဖြစ် ၁၉၁၅ တွင် အင်္ဂလိပ်ဘာသာ သို့ပြန်ဆိုခဲ့သည်။ **တရားခွင်** (The Trial)(၁၉၃၉) အဖြစ် ဘာသာပြန်ဆိုခဲ့သည့် Der Prozess (၁၉၂၅) ဝတ္ထုတွင်မူ အကြောင်းပြချက်မခိုင်လုံဘဲ ဂျိုးဇက်ကေအား ဖမ်းဆီး၍ စစ်ဆေးမေးမြန်းပုံကို ပြန်ပြောပြထားသည်။ တရားဝင်ဆင့်ခေါ်စာသည် မိုက်မဲသောစာပြောင်အဖြစ် ရှည်ကြာနေခဲ့ပြီး နောက်ဆုံးတွင် ဇာတ်လိုက်ကို လာရောက်ခေါ်ဆောင်ကာ လူမည်းပါးကွက်သားနှစ်ဦးက ဓားဖြင့် ထိုးသတ်လိုက်ကြသည်။ Das Schloss (၁၉၂၆) တွင်မူ မြေတိုင်းစာရေးတစ်ဦးဖြစ်သူ ကေသည် ဆောင်းကာလအတွင်း ကျေးရွာများနှင့် မလှမ်းမကမ်းရှိ ရဲတိုက်သို့ သွားရောက်ခွင့်ရရှိရန် ကြိုးပမ်းခဲ့သည်။ သို့သော် ရွာသားများနှင့် ရင်းနှီးအောင်လုပ်ခြင်း အပါအဝင် ကြိုးပမ်း မှုအားလုံးမှာ အရာမထင်ခဲ့သလို ရဲတိုက်တွင် နေထိုင်ရန် အခွင့်အရေးလည်း မရခဲ့ပေ။ ၎င်းကို ၁၉၃၀ တွင် **ရဲတိုက်** (The Castle)အဖြစ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ကပ်ဖကာ၏ ထူးကဲကောင်းမွန်သော ဝတ္ထုတိုများ အနက် အကောင်းဆုံးတစ်ပုဒ်မှာ In der Strafkolonie(၁၉၁၉) ဖြစ်ပြီး ကျွမ်းကျင်သော ပုံစံဖြင့် အဆုံးသတ်ထားသည်။ ထိုဇာတ်လမ်းထဲတွင် ထိတ်လန့်တုန်လှုပ်ဖွယ် သတ်ဖြတ်တတ်သော စက်ယန္တရားကြီးအား လူတစ်ယောက်က ကာကွယ်စောင့်ရှောက်ခဲ့ပြီး နောက်ဆုံးတွင် ၎င်း၏အသုံးဝင်ပုံ ကို သရုပ်ပြရန်အတွက် သူ့ကိုယ်သူ စိတ်အားထက်သန်စွာ စတေးခံလိုက်ရာတွင် ထိုယန္တရားကြီး ကျဆုံးသွားရပုံကို ရေးဖွဲ့ထားလေသည်။

## ဝက်စလီ ကန်ဒင်းစကီး [ Wassily Kandinsky ]
## ( ၁၈၆၆ – ၁၉၄၄ )

□ **ရုရှား ပန်းချီဆရာ။**

*ဒြပ်မဲ့ပန်းချီကို ဦးဆောင်ခဲ့သူ။*

အသက်သုံးဆယ် မတိုင်မီအထိ ကန်ဒင်းစကီးသည် (၁၈၉၃ တွင် စတင်ထမ်းဆောင်ခဲ့သည့် မော်စကိုတက္ကသိုလ်မှ) ဥပဒေပညာသင်ကြားရေး ကထိကရာထူးနှင့် ပညာသင်ကြားရသည့်ဘဝကို စွန့်ခွာရန် ဆုံးဖြတ်ချက်မချမှတ်ရသေးပေ။ ၁၈၉၇ တွင် မြူးနစ်သို့ ပန်းချီဆွဲရန်အတွက် ဇာတိမြို့ကို စွန့်ခွာခဲ့သည်။ ထိုနေရာ၌ ဆန်းသစ်တီထွင်လိုသည့် လှုပ်ရှားမှု ဖြစ်သည့် ပန်းချီရေစီးကြောင်း ဖြစ်ပေါ်နေခဲ့သည်။ ကန်ဒင်းစကီး၏အစောပိုင်းလက်ရာများသည် ကျယ်ပြန့်သောအပြားလိုက်အရောင် နယ်နိမိတ်များနှင့် ရမ်းသမ်းပြေပြစ်သော လိုင်းများဖြင့် ခေတ်သစ်ပန်းချီဟန်၏ ဂုဏ်အင်္ဂါရပ်ကို ဖော်ထုတ်ပြသနေခဲ့သည်။ ၁၉၀၃ မှ ၁၉၀၈ အတွင်း သူခရီးထွက်ခဲ့သည်။ သို့သော်လည်း ၁၉၁၄ မတိုင်မီအထိ မြူးနစ်မြို့၌ပင် ဆက်လက်အခြေချနေထိုင်ခဲ့သည်။ သမိုင်းပညာရှင်အများစုက ၁၉၁၀ နေ့စွဲတပ်ထားသော ကန်ဒင်းစကီး၏လက်ရာကို ပထမဆုံး ဒြပ်မဲ့ပန်းချီကားအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

သူ့ပန်းချီနည်းပြစာအုပ် (On the Spiritual in Art)(၁၉၁၂) တွင် ပန်းချီသည် ကမ္ဘာအပြင်ဘက်ရောက်သည့် တူညီမှု တစ်ထပ်တည်းကျမှုပေါ်တွင်မမှီခိုဘဲ ပင်ကိုရိုးရင်းစွဲဖြစ်သော အနုပညာရသခံစားမှု စည်းမျဉ်းပေါ်

တွင်သာ မှီခိုကြောင်း အကျိုးသင့်အကြောင်းသင့် တင်ပြခဲ့သည်။ **နာမ်ပိုင်းဆိုင်ရာတုန်ခါမှု** ကို သဘာဝလောက၏ အပေါ်ယံအသွင်အပြင် များထက် ပိုမိုအတွင်းကျ၍ အရေးပါသော ခံစားမှုများဖြင့် တင်ပြရန် သူလိုလားခဲ့သည်။ သူ့ပန်းချီကားများထဲမှ လေးနက်မှုနှင့် နာမ်ပိုင်းဆိုင်ရာ အရည်အသွေးများက ဂမ္ဘီရဆန်ခြင်းနှင့် တရားထိုင်ခြင်း စသည့် အယူဝါဒ များလွှမ်းမိုးနေသည့် သူ့စရိုက်ကို ရောင်ပြန်ဟပ်ပြနေကြသည်။ ပထမ ကမ္ဘာစစ်မဖြစ်မီ နှစ်နှစ်အတွင်း Blaue Reiter ပန်းချီဂိုဏ်းကို ကန်ဒင်း စကီးက ဦးဆောင်ခဲ့သည်။ သူတို့အားလုံးသည် အရာအဝတ္ထုမပါသော ပန်းချီနှင့် ခြားနားသော အနုပညာပုံစံများ အကြားရှိ ညီညွတ်မှုကို စိတ်ဝင် စားခဲ့ကြသည်။ နောက်ပိုင်းအယူအဆကို ကန်ဒင်းစကီး၏ **အဝါရောင်အသံ** (The Yellow Sound )စင်တင်ပြဇာတ်တွင် စူးစမ်းရှာဖွေပြခဲ့သည်။ ၁၉၁၄ တွင် စစ်ဖြစ်သောအခါ၌ ကန်ဒင်းစကီးသည် အခြားရုရှားလူမျိုးများ နှင့်အတူ ဂျာမနီကို စွန့်ခွာခဲ့သည်။ ရုရှားသို့ သူပြန်လာကာ တော်လှန်ရေး အပြီး ယဉ်ကျေးမှုဝါဒထဲတွင် ခြောက်နှစ်ကြာပင် နီးကပ်စွာ ပါဝင်ပတ်သက် ခဲ့သည်။ သူ့စိတ်ကူးများအား မလိုမုန်းထားမှုများ တိုးပွားလာသော်လည်း ၁၉၂၁ တွင် ဂျာမနီနိုင်ငံဝိုင်မာရှိ ဘောဟောအနုပညာကျောင်းတွင် ပါမောက္ခအဖြစ် ခန့်အပ်၍ အားပေးအားမြှောက်ပြုခြင်း ခံခဲ့ရသည်။ ၎င်းတွင် သူသည် ၁၉၂၂ မှစတင်သင်ကြားခဲ့သည်။ဘောဟောတွင် တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ကန်ဒင်းစကီး၏ ပန်းချီကားများသည် ပြင်ပစစ်မှန်မှု၏ ပဲတင့်သံများပါဝင်လာပြီး ဒြပ်မဲ့လုံးလုံး ဖြစ်လာခဲ့ကြသည်။ ၎င်းပန်းချီကားများ၌ အရောင်၊ မျဉ်းနှင့် အရိပ်တို့ကို စစ်မှန်စွာလိုက်နာကျင့်သုံးသည့် စွမ်းအင်နှင့် လှုပ်ရှားမှုများ ပြည့်နှက်နေခဲ့သည်။ ၎င်းပန်းချီ ကားများကို နေရာချထားပေးသော အထားအသိုများကလည်း ထိုရာစုနှစ် အတွင်းရှိ ဒြပ်မဲ့ပန်းချီအားလုံး၏ အခြေခံကို ထောက်ပံ့ပေးခဲ့သည်။ ၁၉၂၆ တွင် ဘောဟောအနုပညာကျောင်းက သူ၏သြဇာသက်ရောက်ဆုံးဖြစ်သည့် **အမှတ်၊ မျဉ်းနှင့် ပြင်ညီ** (Point, Line and Plane )ပန်းချီစာအုပ်ကို ထုတ်ဝေခဲ့သည်။ နာဇီများရန်ကြောင့် ၁၉၃၃ တွင်ဘောဟောကျောင်းပိတ်ရ သောအခါ (၁၉၂၇ တွင် ဂျာမနီနိုင်ငံသား ခံယူခဲ့သူ) ကန်ဒင်းစကီးသည် ပါရီတွင်နေထိုင်ရန် ထွက်ခွာသွားခဲ့ပြီး ၁၉၃၉ တွင် ပြင်သစ်နိုင်ငံသား ဖြစ်လာခဲ့သည်။ ၎င်းကာလအတွင်း သူ၏ အကောင်းဆုံးလက်ရာများကိုဆက်လက်ဖန်တီးနေခဲ့သည်။ ၎င်း လက်ရာများသည်ပိုမိုပျော့ပျောင်းလာပြီးလျော့နည်းလာသော ထောင့်ချိုးပုံများနှင့်အတူဂျီဩမေတြီဆန်ဆန်တင်းမာမှုများလျော့ပါးလာခဲ့ကြသည်။

## ပေါလ် ကလီး [ Paul Klee ]
## ( ၁၈၇၉ – ၁၉၄၀ )

### ▫ ဆွစ်ဇာလန် ပန်းချီဆရာနှင့် ဂရပ်ဖစ်ပညာရှင်။

*၂၀ ရာစုပန်းချီဆရာများထဲတွင် စိတ်ကူးအရင့်သန်ဆုံးနှင့် ဖန်တီးထုတ်လုပ်မှုအများဆုံး ပန်းချီဆရာတစ်ဦး။ တင်စားမှုနှင့် ဒြပ်မဲ့ဆန်သောဟန်များစွာပါဝင်သည့် သူ့လက်ရာနှင့် သင်ကြားမှုများက ထိုရာစုနှစ်၏တီထွင်ဆန်းသစ်သော ပန်းချီအပေါ်တွင် ပြင်းပြစွာ လွှမ်းမိုးခဲ့သည်။*

မိခင်မှာ ဆွစ်လူမျိုးဖြစ်၍ ဖခင်မှာ ဂျာမန်လူမျိုးဖြစ်သည်။ အသက် ၁၉ နှစ်တွင် မြူးနစ်မြို့၌ ပန်းချီသင်ယူရန်အတွက် ဘန်းမြို့ကို စွန့်ခွာခဲ့သည်။ သူ၏အစောဆုံးပုံများနှင့် သတ္တုပုံနှိပ်လက်ရာများမှာ စိတ်ကူးယဉ်နှင့် သရော်မှုတို့ ပါဝင်ပေါင်းစပ်နေသည့် စိတ္တဇဟန်တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ သည်။ ၁၉၀၀ ပြည့်အစောပိုင်းနှစ်များအတွင်း ထိုကာလ၏ လွှမ်းမိုးမှုအရှိဆုံး ပန်းချီဆရာများနှင့် သူဆက်သွယ်မိခဲ့သည်။ ၎င်းတို့ထဲတွင် ကန်ဒင်းစကီးလည်း ပါဝင်သည်။ ၎င်းက သူ့အား ၁၉၁၂ အတွင်း The Blaue Reiter ပန်းချီအဖွဲ့နှင့် ပါဝင်ပတ်သက်စေခဲ့သည်။၁၉၁၄တွင်တူနီးရှားခရီးကသူ့အား အရောင်ဆိုင်

ရာ သတိပြုမှုအသစ်တစ်ရပ်ကို နှိုးဆွပေးခဲ့ပြီး ပန်းချီ ရေးခြင်း၌ အာရုံပိုစိုက်လာစေခဲ့သည်။ စက္ကူနှင့်ကင်းဗတ်စလေးများ၌သာ အဓိကရေးဆွဲလေ့ရှိသည့် သူ့ပန်းချီကားများ၌ တိုးတက်ဆန်းသစ်သော သူ့လက်ရာအား ကလေးဆန်သော အရည်အသွေးဖြင့် ဖုံးအုပ်ထားသည်ကို တွေ့နိုင်သည်။ သူ့ရုပ်ပုံများ၏ ရစ်သမ်များနှင့် ပုံသဏ္ဍာန်များမှာ အင်ပရက် ရှင်းနစ်များအပေါ် အခြေခံထားသော်လည်း သူ့လက်ရာမှုကား လွတ်လပ် သော စိတ်ကူးယဉ်ပန်းချီတစ်ရပ်ဖြစ်သည်။ သူ့ပန်းချီရေးနည်းကို **တစ်ကြောင်းဆွဲရေးနည်း**ဟု သူ တစ်ခါက ဖော်ပြခဲ့ဖူးသည်။ ပထမ ကမ္ဘာစစ်အတွင်း ဂျာမန်စစ်တပ်တွင် အမှုထမ်းခဲ့ပြီးနောက် ၁၉၂၀ တွင် ကလီးသည် နိုင်ငံတကာမှ ချီးမွမ်းမှုကို ရရှိခဲ့သည်။ ထိုနှစ်အတွင်း၌ပင် **ဘောဟော** (Bauhas) ပန်းချီကျောင်းမှ ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။ ၁၉၂၄ တွင် သူ၏ပထမဆုံး အမေရိကားပြပွဲကို နယူးယောက်၌ကျင်းပခဲ့ပြီး ၁၉၂၅တွင် **ဆရာဖြစ်ပုံကြမ်းစာအုပ်**(Pedagogical Sketch-book)ကို ဘောဟောကျောင်း၌ထုတ်ဝေသည်။ **ဒူစယ်ဒေါ့ဖ်** (Dusseldorf) အနုပညာကျောင်းတွင် ပန်းချီသင်ကြားရန်အတွက် ၁၉၃၁တွင် ဘောဟောကျောင်းမှ ထွက်လာခဲ့သည်။ သို့သော် ၁၉၃၃ တွင် နာဇီ များက ၎င်းရာထူးမှ နုတ်ထွက်ရန် အဓမ္မတိုက်တွန်းခဲ့သည်။ နာဇီများက ၁၉၃၇ တွင် ပြသသော **ဆုတ်ယုတ်ညှိုးဖျင်းသောပန်းချီပြပွဲ** တွင် သူ့လက်ရာများအား ထည့်သွင်း ပြသခဲ့သည်။ ထိုအချိန်တွင် ကလီးမှာ ဘန်းမြို့သို့ပြောင်းရွှေ့ ခဲ့ပြီဖြစ်သည်။ ၎င်းတွင် စိတ်ကျရောဂါခံစားရပြီး နာမကျန်းမှုတိုးပွားလာခဲ့သည်။ သူ့ပန်းချီ ကားအားလုံးတွင် အစောပိုင်းအရောင်လင်းလက်မှု ပျောက်ကွယ်မသွားသော်လည်း သူ့ဘဝ၏ နောက်ဆုံး ခုနစ်နှစ်ကာလအတွင်း၌ နက်မှောင်သော အရောင်၊ ပိုမိုထူထဲလာသော မျဉ်းများနှင့်အတူ ဖျက်ဆီးခြင်းနှင့် မနာလိုခြင်းတို့ ဒွန်တွဲနေသော အကြောင်းအရာများ သာလွန်များပြားလာခဲ့သည်။



**ဖရန့်ဇ် ကလိုင်း [ Franz Kline ]**
**( ၁၉၁၀ – ၁၉၆၂ )**

□ **အမေရိကန်ပန်းချီဆရာ။**

*တရုပ်လက်ရေးဆန်သော သူ၏ အဖြူအမည်းရေးဟန် ပန်းချီကား များကြောင့် ထင်ရှားသည်။*

ပန်ဆိုက်ဗေးရီးယားပြည်နယ်ရှိ ဝေးစ်ဘာ (Wilkes-Barre) ၌ မွေးဖွားသည်။ ကလိုင်းသည် ၁၉၃၁ မှ ၁၉၃၅ အတွင်း ဘော်စတွန် တက္ကသိုလ်၌ ပညာသင်ယူခဲ့ပြီး လန်ဒန်ရှိ ဟဲသားလေးပန်းချီကျောင်း၌ ပန်းချီသင်ယူခဲ့သည်။ ၁၉၃၉ တွင် အမေရိကသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် မြို့ပြရှုခင်းများကို ရိုးရာပုံစံဖြင့် အဓိကထား ရေးဆွဲခဲ့သည်။ မည်သို့ဖြစ်စေကာမူ ၁၉၅၀ တွင် ဒြပ်မဲ့တင်ပြမှုဆန်သော သူ့ကိုယ်ပိုင်ဟန်မှာ ဖွံ့ဖြိုးလာခဲ့ပြီး ထိုနှစ်အတွင်းမှာပင် ပထမဆုံးတစ်ကိုယ်တော်ပြပွဲကို ပြသလေသည်။

၁၉၅၀ တွင် ရေးဆွဲခဲ့သည့် Chief ပန်းချီကားကဲ့သို့ပင် သူ့လက်ရာ အတော်များများတွင် မျဉ်းတန်းတစ်တန်းဖြင့် ရေးဆွဲထားသည်ကို တွေ့နိုင်

သည်။ Two Horizontals (၁၉၅၄) တွင် ထူထဲထင်ရှားသော အနက်ရောင်မျဉ်းများသည် အောက်ခံအဖြူကို ဆန့်ကျင်နေကြပြီး အရှေ့တိုင်းလက်ရေးအလှုပ်မျိုး မသိမသာ ပေါ်လွင်နေကြသည်။ သို့သော် လက်ရေးအလှနှင့် ကွဲပြားစွာပင် အဖြူ ရောင်မျက်နှာပြင်များသည် ပန်းချီကားထဲတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြသည်။ အဖြူနှင့်အမည်း (Black and White) (၁၉၅၀–၆၁) ပန်းချီကားသည် ကလိုင်း၏အရေးပါဆုံး လက်ရာတစ်ခုဖြစ်သည်။

ကလိုင်းသည် **တစ်ရောင်တည်းရေးဟန်** (Monocrome) ကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးနိုင်သူဖြစ်သည်။ ၁၉၅၀ နှစ်များတွင် ကလိုင်းသည် ပန်းချီဆွဲခြင်းနှင့် ပန်းချီသင်ကြားခြင်းကို ပေါင်းစပ်လုပ်ကိုင်ခဲ့သည်။ **အဖြူပုံသဏ္ဌာန်များ** (White Forms) (၁၉၅၅) သည် ကလိုင်း၏ နှောင်းပိုင်းတည်ငြိမ်သော လက်ရာတစ်ခုပင်။ သူ့ဘဝ၏နောက်ပိုင်းနှစ်များတွင် တောက်ပသောအရောင်အသွေးများကို အမည်းနှင့်အဖြူကဲ့သို့ပင် သုံးစွဲလာခဲ့သော်လည်း သူ့ဟန်မူကား ပုံသေကျန်ရှိဆဲပင် ဖြစ်သည်။



## ကူရိုဆာဝါ  အကီရာ [ Kurosawa  Akira ]
## ( ၁၉၁၀ –  ၁၉၉၈ )

### □ ဂျပန် ရုပ်ရှင်ဒါရိုက်တာ။

*ရိုးရာနှင့် ခေတ်သစ်ကို ရောစပ်ပေးသည့်စွမ်းရည်ကြောင့် အရှေ့တိုင်းနှင့်အနောက်တိုင်း ပရိသတ်နှစ်ဘက်စလုံးက ကျယ်ပြန့်စွာလက်ခံကြရသော ဂျပန်ရုပ်ရှင်ဒါရိုက်တာကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။*

ကူရိုဆာဝါကို တိုကျိုမြို့၌ မွေးဖွားသည်။ စစ်မှုထမ်းအရာရှိတစ်ဦး၏ သားသမီးရှစ်ဦးထဲတွင် အငယ်ဆုံးဖြစ်သည်။ ငယ်စဉ်က ပန်းချီဆရာဖြစ်လိုခဲ့သည်။ အနောက်တိုင်းဟန် ပန်းချီကျောင်းတစ်ကျောင်းတွင် လေ့ကျင့်ပြီးသည့်နောက်တွင် ကြေးစားပန်းချီဆရာအလုပ်ကို စွန့်လွှတ်ကာ ၁၉၃၆ တွင် ဒါရိုက်တာကြီး **ကာဂျီရို ယာမာမိုတို** (Kajiro Yamamoto) (၁၉၀၂–၇၄) ၏ လက်ထောက်ဒါရိုက်တာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့လေ သည်။ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် ပွဲဦးထွက်လက်ရာမှာ ၁၉၄၃ တွင် ထွက်ရှိခဲ့သည့် Sugata Sanshiro ဖြစ်သည်။ ၁၉၅၁ တွင် ဗင်းနစ်ရုပ်ရှင်ပွဲ

တော်၌ Rashomon ရုပ်ရှင်ကားဖြင့် ဆုရရှိခဲ့ပြီး နိုင်ငံတကာမှအားပေးမှုကို ခံယူခဲ့ရသည်။ ၁၉၆၄ တွင် The Outrage ကို အမေရိကန်၌ ရိုက်ကူးခဲ့သည်။ Ikiru (၁၉၅၂)၊ Seven Samurai (၁၉၅၄)၊ ဟောလီးဝုဒ်တွင် အသစ်တစ်ဖန်ပြန်လည် တင်ဆက်ခဲ့သည့် The Magnificent Seven, Throne of Blood (၁၉၅၇)၊ ရှိတ်စပီးယား၏ မက်ကဘက်ပြဇာတ်ကို အခြေခံထားသည့် Yojimbo (၁၉၆၁) နှင့် Sanjuro (၁၉၆၂) တို့မှာ ကူရိုဆာဝါ၏ အမှတ်ရဖွယ် ရုပ်ရှင်ကားများထဲတွင် ပါဝင်ကြသည်။ Dersu Uzala (၁၉၇၅) မှာ အကောင်းဆုံးနိုင်ငံခြားရုပ်ရှင် အော်စကာဆု ရရှိခဲ့ပြီး Kagemusha (၁၉၈၀)မှာ ကိန်းရုပ်ရှင်ပွဲတော်၌ ရွှေကမ္ဘာလုံးဆု ချီးမြှင့်ခံရသည်။ Ran (၁၉၈၅) ရုပ်ရှင်ကားမှာ ရှိတ်စပီးယား၏ လီယာမင်းကြီးကို ဂျပန်ပုံစံဖြင့် ပြန်လည်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ သူ၏ဂန္ထဝင် လက်ရာများထဲတွင် Dreams (၁၉၉၀)နှင့် Rhapsody in August (၁၉၉၁) တို့ ပါဝင်ကြလေသည်။ Ran ရုပ်ရှင်ကားရိုက်ကူးရာတွင် ဆောက်လုပ်ရေး ပစ္စည်းအစစ်များနှင့်ပြုလုပ်ထားသော ရဲတိုက်တစ်ခုကို မီးရှို့ပစ်ရန် ညွှန်ကြားခဲ့သည်။ **ရုပ်ရှင်ရိုက်ကူးခြင်းသည် ဘဝထက်ပို၍စစ်မှန်သည်** ဟု သူ ယူဆသည်။ ၁၉၉၈ စက်တင်ဘာလ ၆ ရက်တွင် တိုကျိုမြို့နေအိမ်၌ ကွယ်လွန်သည်။ ဂျပန်အစိုးရမှ သူ့အား **ပြည်သူ့ဂုဏ်ပြုဆု** (People Honer Award) ချီးမြှင့်ခဲ့သည်။ ကူရိုဆာဝါသည် ဂျပန်ရုပ်ရှင်အား ကမ္ဘာက လေးစားရလောင်အောင် မြှင့်တင်ပေးခဲ့သူ ဖြစ်သည်။

## ဆာ ဒေးဗစ်လင်း [ Sir David Lean ]
## ( ၁၉၀၈ – ၁၉၉၁ )

### ▫ ဗြိတိသျှ ရုပ်ရှင်ဒါရိုက်တာ။

ထင်ရှားကျော်ကြားသော ဗြိတိသျှရုပ်ရှင်ကား အတော်များများကို ရိုက်ကူးခဲ့သူ။ **ကွေမြစ်ပေါ်ကတံတား** (The Bridge on the River Kwai) ရုပ်ရှင်မှာ အများဆုံးချီးကျူးခံခဲ့ရသည်။ ၁၉၈၄ တွင် သူကောင်းပြု ခြင်းခံရသည်။

ခရွိုင်ဒွန်မြို့၌ မွေးဖွားသည်။ ၁၉၂၈ တွင် ဂါးမောင့်ရုပ်ရှင်၌ မှတ်တမ်းရေးသူအဖြစ် စတင်လုပ်ကိုင်ခဲ့ရသည်။ ထိုနောက် ဒါရိုက်တာအဖြစ် အဆင့်တက်လာပြီး တည်းဖြတ်ခြင်းနှင့် တိုက်ရိုက်အသံလွှင့်ခြင်းများကို ဂါးမောင့်နှင့်ဗြိတိသျှရုပ်သံသတင်းစဉ်အတွက် ဆောင်ရွက်ပေးခဲ့ရသည်။ နိုဝယ် ကောင်းဝပ်နှင့် တွဲဖက်၍ ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူးခဲ့သည့် In Which We Serve (၁၉၄၂) ကို မရိုက်ကူးမီအထိ ဒေးဗစ်လင်းသည် Pygmalion (၁၉၃၈) နှင့် The 49th Parallel (၁၉၄၁) စသည့်ကား များအား တည်းဖြတ်ပေးခဲ့ရသည်။ နောက်ပိုင်းတွင် သူကိုယ်တိုင်ဒါရိုက်တာ

လုပ်၍ မာဂရက်ရူသာဖို့နှင့် Coward's Blithe Spitrit (၁၉၄၅)၊ ထရီဗာဟိုးဝပ်နှင့်ဆီလီယာဂျွန်ဆင်တို့နှင့်အတူ Brief Encounter (၁၉၄၆)၊ ထင်ရှားသော ဒစ်ကင်း၏ ကျော်ရိုးကို မှီးငြမ်းထားသော Great Expectations (၁၉၄၆) နှင့် Oliver Twist (၁၉၄၈)၊ ဗြိတိသျှရုပ်ရှင် အကယ်ဒမီဆုရရှိခဲ့သည့် The Sound Barrier (၁၉၅၂)၊ ဂျွန်မေးလ်နှင့် ဘရန်ဒါဒီဘန်ဇီတို့ပါဝင်သော Hobson's Choice (၁၉၅၄) စသည့် ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့သည်။ The Sound Barr-ier တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် လင်း၏ဒုတိယဇနီး **အန်းတော့ဒ်** Ann Todd သည် သူ့ရုပ်ရှင်ကားနှစ်ကားဖြစ်သည့် The Passionate Firends (၁၉၄၉) နှင့် Madeleine (၁၉၅၀) တို့တွင် ပေါ်လွင်လာခဲ့သည်။ ကက်သရင်း ဟပ်ဘင်ပါဝင်သော Summer Madness (၁၉၅၅) ရုပ်ရှင်ဖြင့် လင်း သည် နယူးယောက်အကဲဖြတ်ဆုကို ရရှိခဲ့သည်။ အလက်ဂျီးနက်ပါဝင်သည့် The Bridge on the River Kwai (၁၉၅၇) ဖြင့် အော်စကာဆု ပထမဆုံး ရရှိခဲ့သည်။ ရှုမငြီးအောင် ဆွဲဆောင်နိုင်သည့် ပီတာအိုတူး သရုပ်ဆောင်သော Lawrence of Arabia (၁၉၆၂) ဇာတ်ကားဖြင့် ဒုတိယမြောက်အော်စကာဆုနှင့် အီတလီငွေရောင်ဖဲကြိုးဆုတို့ ရရှိခဲ့သည်။ ဆက်လက်၍ **ဒေါက်တာဇီဗားဂိုး** Doctor Zhivago (၁၉၆၅)၊ **ရိုင်ယမ်၏ သမီး** Ryan's Doughter (၁၉၇၀)၊ **အိန္ဒိယသို့သွားရာလမ်း** (A Passage to India) (၁၉၈၄) စသည့် ရုပ်ရှင်ကားကောင်းများကိုလည်း ရိုက်ကူးတင်ပြခဲ့သည်။



**ဗီဗီယန်   လိတ်ချ် [ Vivien  Leigh ]**
**( ၁၉၁၃ –   ၁၉၆၇   )**

## ▫ ဗြိတိသျှ ရုပ်ရှင်မင်းသမီး။

အိန္ဒိယတွင် မွေးဖွားသည်။ သရုပ်ဆောင်အနုပညာတော်ဝင်သိပ္ပံ၌ သင်ကြားခဲ့၏။ ၁၉၃၄ တွင် **မြင့်မြတ်ခြင်း၏မျက်နှာဖုံး** (The Mask of Virtue)(၁၉၃၄) ပြဇာတ်ဖြင့် အစောပိုင်းကတည်းကပင် ဇာတ်ခုံ၌ ထင်ပေါ်လာခဲ့သည်။ သူမ၏ ပွဲဦးထွက် ရုပ်ရှင် Things are Looking Up မှာ ၁၉၃၄ တွင် ထွက်ရှိလာခဲ့သည်။ ၎င်းနောက်တွင် ရောဘတ်တေလာနှင့်တွဲဖက်သရုပ်ဆောင်သော A Yonk at Oxford (၁၉၃၈)၊လောရင့်အော်လီဗာနှင့် တွဲဖက်သရုပ်ဆောင်သော Fire Over England (၁၉၃၇) စသည့် ဇာတ်ကားများ ထွက်ရှိခဲ့သည်။ လောရင့်အော်လီဗာနှင့် ၁၉၄၀ တွင် လက်ထပ်သည်။ ၁၉၃၉ တွင် လိတ်ချ်သည် **လေရူးသုန်သုန်** (Gone With the Wind )ရုပ်ရှင်ကားတွင် စကားလက်အိုဟာရာအဖြစ် ပီပြင်စွာ သရုပ်

ဆောင်၍ ကမ္ဘာကျော်လာခဲ့သည်။ ထိုရုပ်ရှင်အတွက် အော်စကာဆုနှင့် နယူးယောက်အကဲဖြတ်ဆုတို့ ရရှိခဲ့သည်။ အော်လီဗာနှင့်အတူ အင်္ဂလန်သို့ ပြန်လာခဲ့ပြီးနောက် ပြဇာတ်ပေါင်းများစွာ၌ ပါဝင်ခဲ့သည်။ ထိုကာလအတွင်း သူမသည် **ဝါတာလူးတံတား** (Waterloo Bridge)(၁၉၄၀)၊ **ဟမ်မီလ် တန်မိန်းမပျို** (Lady Hamilton)(၁၉၄၁)၊ **ဆီဇာနှင့်ကလီယိုပါထရာ** (Caesar and Cleopatra)(၁၉၄၅) ရုပ်ရှင်ကားများ၌ ပါဝင်ခဲ့သည်။ (Old Vic)(၁၉၄၇) ပြဇာတ်ကို သြစတေးလျနှင့် နယူးဇီလန်တို့၌ လှည့်လည် ဖျော်ဖြေခဲ့သည်။ အော်လီဗာညွှန်ကြားသော Blanche du Bois in A Streetcar Named Desire ပြဇာတ်ဖြင့်လည်း ဇာတ်ခုံပေါ်တွင် အောင်မြင်လာခဲ့သည်။ ထိုပြဇာတ်ကို ၁၉၅၁ တွင် ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့သည်။ ၎င်းရုပ်ရှင်ဖြင့် ဒုတိယမြောက် အော်စကာဆုနှင့် နယူးယောက်အကဲဖြတ်ဆုကို ရရှိခဲ့ သည်။ ၁၉၆၁တွင် လင်မယားကွာရှင်းပြီးနောက် သူမသည် Old Vic (၁၉၄၇) ပြဇာတ်ကို တင်ဆက်ရန်အတွက် ခရီးထပ်မံထွက်ခဲ့ရသည်။ ၁၉၆၃ တွင် ဘရော့ဒ်ဝေးတေးသံစုံ Tovarich၌ ပါဝင်ခဲ့သည်။ ၎င်းတေး သံစုံဖြင့် တိုနီဆုကို ရရှိခဲ့သည်။ နောက်ပိုင်းတွင် ကျန်းမာရေးမကောင်းလှဘဲ အမြဲတစေဖျားနေခဲ့၏။ သူမ၏ နောက်ဆုံးရုပ်ရှင်ကားမှာ **ရူးသွပ်မှု သင်္ဘော** (Ship of Fools)(၁၉၆၅) ဖြစ်သည်။

## ဂျွန်လင်နွန် [ John Lennon ]
## ( ၁၉၄၀ – ၁၉၈၀ )

□ **ဗြိတိသျှအဆိုတော်၊ ဂစ်တာသမား၊ သီချင်းရေးသူ။**

*(The Beatles )(၁၉၆၂ – ၇၀ )တီးဝိုင်း၏ အရေးပါဆုံး အဖွဲ့သား။*

လစ်ဗာပူးမြို့၌ မွေးသည်။ ၁၉၅၇ တွင် The Quarrymen အမည်ရ အပျော်တမ်းဂစ်တာအဖွဲ့ကို ပေါလ်မက္ကနေ၊ ဂျော့ဟယ်ရစ်ဆင် တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ မကြာမီရင်ဂိုစတား ပါဝင်လာသည်။ ၎င်းဝိုင်းသည် (The Beatles) အဖြစ် ဖွံ့ဖြိုးလာခဲ့သည်။ ထိုအဖွဲ့၏ ၁၉၆၄ ထုတ် ဆင်ဂဲလ်သီချင်း Can’t Buy Me Love သည် အမေရိကားနှင့် ဗြိတိန် ဈေးကွက်နှစ်ခု၌ တူညီစွာပင် ပထမဆုံး ဗိုလ်စွဲခဲ့လေသည်။ ဘီးတဲလ်စ်အဖွဲ့၏ ဂီတသံများသည် ပေါ့ပ်ဂီတတစ်ခုတည်းကိုသာမဟုတ်၊ ဆယ်ကျော်သက် မျိုးဆက်တစ်ခုလုံးကိုပါ နက်ရှိုင်းစွာလွှမ်းမိုးနိုင်ခဲ့သည်။ ဂျွန်လင်နွန်သည် ပေါလ်မက္ကေနေနှင့် တွဲဖက်၍ အောင်မြင်သော သီချင်းပေါင်းများစွာကို ရေးသားခဲ့သည်။ ၁၉၆၉ တွင် ဘီးတဲလ်စ်တစ်ယောက်အဖြစ် ကန့်သတ် ထားသည့် အဓိပ္ပါယ်ကို မလိုလား

သည်အနေဖြင့် လင်နွန်သည် ဘီးတဲလ်စ် အဖွဲ့မှ နုတ်ထွက်ကြောင်းကြေငြာခဲ့သည်။ ထိုနှစ်အတွင်းမှာပင် သူနှင့်ဒုတိယဇနီး ဂျပန်သူ ယိုကိုအိုနိုတို့သည် ကမ္ဘာ့ငြိမ်းချမ်းရေး မြှင့်တင့်သည့် အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ သူတို့၏ အိပ်ယာမှမထတမ်း ဆန္ဒပြမှုက ကမ္ဘာကို စိတ်ဝင်စားစေခဲ့သည်။ ဘီးတဲလ်စ်မှ ထွက်ပြီးနောက် သူနှင့်ယိုကိုတို့သည် Plastic Ono ဝိုင်းကို ထူထောင်သည်။ သူ၏ Imagine (၁၉၇၁)နှင့် Walls and Bridges (၁၉၇၄) ဓာတ်ပြားမှာ မြင့်မားစွာ အသိအမှတ်ပြုခြင်းခံရသည်။ အထူး သဖြင့် အမေရိကား၌ ကျော်ကြားသည်။ ခေါင်းစဉ်သီချင်း Imagine သည် အမေရိကားနှင့် ဗြိတိန်နှစ်ဘက်စလုံးတွင် အကျော်ကြားဆုံး သီချင်းဆယ်ပုဒ် စာရင်းဝင်ခဲ့ပြီး ၎င်းသည် သူ၏ ဘီးတဲလ်စ်နှောင်းပိုင်းကာလတွင် အမှတ်ရဖွယ် အကောင်းဆုံးသီချင်းတစ်ပုဒ် ဖြစ်လာသည်။ **နံရံများနှင့်တံတားများ** (Walls and Bridges) အယ်လ်ဘမ်ထဲမှ အယ်လ်တန်ဂျွန်နှင့် တွဲဖက်သီဆိုထားသည့် Whatever Gets You Through the Night သီချင်းသည် အမေရိကားတွင် အရောင်းရဆုံး စာရင်းဝင်ခဲ့သည်။ ကာလရှည်ကြာကြိုးပမ်းခဲ့ပြီးနောက် လင်နွန်သည် ၁၉၇၅၌ အမေရိကားတွင် တရားဝင်နေထိုင်ခွင့် ရရှိခဲ့သည်။ ထိုအချိန်တွင် ယိုကိုက သားလေးတစ်ယောက်မွေးဖွားခဲ့သည်။ ထိုနောက်ပိုင်းတွင် လင်နွန်သည် လူရှေ့မထွက်ဘဲ သီးခြားနေထိုင်ရင်း ဖခင်တစ်ယောက် အဖြစ်သာ အာရုံစိုက်ခဲ့သည်။ ဂျွန်နှင့်ယိုကိုတို့ လူထုရှေ့တွင် အလုပ်ပြန်စ လာကြချိန်၌ပင် လင်နွန်သည် သူ့နေအိမ် အဆောက်အဦ လှေကားထစ်၌ပင် စိတ်ဝေဒနာရှင်တစ်ဦး၏ သေနတ်ပစ်လုပ်ကြံမှုကို ခံရပြီး ကွယ်လွန်လေသည်။



## မက်ဒေါနား [ Madonna ]
## ( ၁၉၅၈ – )

□ **အမေရိကန် ပေါ့ပ်အဆိုတော်နှင့် ရုပ်ရှင်မင်းသမီး။**

*အခြားအမျိုးသမီးအဆိုတော်များထက် သာလွန်ပြီး ဓာတ်ပြားများ ကမ္ဘာနှင့်ချီ၍ ရောင်းချခဲ့ရသူ။*

အမည်ရင်းမှာ **မက်ဒေါနား လူစီ ဗာရွန်နီကာ ဆစ်ကွန်နီ** (Madonna Louise Veronica Ciccone)ဖြစ်၏။ မစ်ရှီဂန်ရှိ ရှော့ချက်စတာတွင် အီတာလျံမိသားစုမှ ဖွားမြင်သည်။ မက်ဒေါနားသည် သရုပ်ဆောင်အတတ်ပညာကို မစ်ရှီဂန်တက္ကသိုလ်တွင် သင်ယူခဲ့ပြီး နယူးယောက်ရှိ အယ်လ်ဗင်အယ်လီ စတူဒီယိုများ၌ အကသင်ခဲ့ပြန်သည်။ ၁၉၇၉ ခုနှစ်၌ သူမသည် ပါရီတွင် ကချေသည်အဖြစ် အလုပ်လုပ်ခဲ့ပြီး နယူးယောက်ရှော့ခ်ဝိုင်းများတွင်

ဖျော်ဖြေခဲ့သည်။ အဆိုတော်အဖြစ် သူမ၏ဦးဆုံးဓာတ်ပြားကို ၁၉၈၂ တွင် သွင်းယူသည်။ ၎င်းဓာတ်ပြားသည် အမေရိကန်ကလပ်များတွင် အောင်မြင်မှု အတန်အသင့်ရရှိခဲ့သည်။ ထိုနှစ် အတွင်း၌ပင် သူမ၏ပထမဆုံး အယ်လဘမ် ထွက်ပေါ်လာသည်။ သူမ၏ ဓာတ်ပြားများ၌ ကျိန်းသေကူးစက်တတ်သော ဆွဲဆောင်မှုရှိ သော်ငြားလည်း ၁၉၈၄–၈၅ တွင် ဗီဒီယိုကို ကျွမ်းကျင်စွာ အသုံး ပြုနိုင်ချိန်ကျမှ မက်ဒေါနား သည် နာမည်ကျော်လာခဲ့ရသည်။ ၎င်းတွင် သူမ၏ လှုပ်ခတ်စေသော အကြည့်များ၊ အကစွမ်းရည်နှင့် သန်စွမ်းသောပုံရိပ်တို့ ဖော် ထုတ်၍ အသုံးချ ခြင်းဖြင့် လူအများအား ဖမ်းစားနိုင်ခဲ့သည်။ ၁၉၈၈ တွင် **အပျိုစင်လေးလို** (Like a Virgin )အယ်လ်ဘမ်သည် ဥရောပနှင့် အမေရိကားနှစ်ဖက်စလုံး တွင် ချပ်ရေတစ်သန်း ရောင်းချခဲ့ရသည်။ ထိုအရေ အတွက်မှာ အရောင်းရဆုံး ဆင်ဂဲလ်ငါးခု၏ ရောင်းနှုန်းထက် မနိမ့်ပေ။ ထိုနှစ် အတွင်းမှာပင် Desperately Seeking Susan ဟာသဇာတ်လမ်းတွင် အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်ခဲ့ရသည်။ နောက်ပိုင်းရုပ်ရှင်ကားများ မှာ ကောင်းစွာလက်ခံမှု မရရှိခဲ့ပေ။ ၎င်းတို့အထဲတွင် Who’s That Girl (၁၉၈၇)နှင့် Dick Tracy (၁၉၉၀)တို့ပါဝင်ကြသည်။ သူမ၏အဆိုတော်ဘဝ သည် ၂၈ နိုင်ငံအရောင်းစာရင်းတွင် ဗိုလ်စွဲခဲ့သော True Blue (၁၉၈၆)၊ Like a Prayer (၁၉၈၉) စသည့် အယ်လ်ဘမ်များနှင့်အတူ ရေပန်းစားခဲ့ပြီး Vogue (၁၉၉၀)၊ Justify My Love (၁၉၉၉) စသည့် ဆင်ဂဲလ်များ ကြောင့် ဆက်လက်အောင်မြင်ခဲ့ရသည်။

အကင်းပါးသော မက်ဒေါနားသည် ဗီဒီယိုနှင့် စင်မြင့်ဖျော်ဖြေပွဲများ ၌ ဘာသာရေးကို ပြစ်မှားပြောဆိုခြင်း၊ ညစ်ညမ်းသော အပြုအမူများ လုံ့ဆော် ခြင်းတို့ဖြင့် ပရိသတ်စိတ်ဝင်စားလာစေရန်နှင့် အငြင်းအခုံဖြစ်စေရန် ပြုလုပ်ခဲ့ သည်။ တစ်ခါတစ်ရံ သူမကိုယ်တိုင်သူမ လိင်သင်္ကေတအဖြစ် အဆင့်တန်းမဲ့စွာ ပြုမူမြူဆွယ်ခဲ့သကဲ့သို့ (၁၉၈၉ – ၉၀) နှစ်များ၌ ဂုဏ်သရေရှိ မိန်းမတစ်ဦး အဖြစ်လည်း နေထိုင်ပြုမူပြခဲ့ကာ စိတ်ဝင်စားမှုကို ကဲ့ယူနိုင်ခဲ့သည်။ ၁၉၉၁ မှစ၍ အချိန်တိုင်းအတွက် ကြေးအကြီးဆုံး ဖျော်ဖြေသူတစ်ဦး ဖြစ်လာခဲ့ရသည်။



**ရီးန်  မာဂရိ  [ Rene Magritte ]**
**( ၁၈၉၈ – ၁၉၆၇ )**

### ▫ ဘယ်လ်ဂျီယန် ဆာရီယယ်လစ် ပန်းချီဆရာ။

မာဂရိ၏ပန်းချီဆရာဘဝသည် ငယ်စဉ်ဆယ်နှစ်သားကတည်းက ပုဂ္ဂလိက သင်ခန်းစာများဖြင့် စတင်ခဲ့သည်။ သူ ၁၄ နှစ်အရွယ်တွင် မိခင်ဖြစ်သူ သတ်သေသည့် ကြေကွဲစရာအဖြစ်ကို ကြုံတွေ့ခဲ့ရသည်။ ၁၈ နှစ်တွင် ဘရပ်ဆဲလ်မြို့၌ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့ပြီး အနာဂါတ်ဝါဒနှင့် တက္ကဗေဒပန်းချီဆရာ ဂျော်ဂျီရို ဒီချီရီကို၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိခဲ့သည်။ ချီရီကို၏ လက်ရာကို ၁၉၂၂ တွင် သူစတင်မြင်ဖူးခဲ့သည်။ ထိုနှစ်မှာပင် **ဂျော်ဂက်တီဘာဂါ** (Georgette Berger)နှင့် သူ လက်ထပ်သည်။ ဇနီးဖြစ်သူမှာ မာဂရိ၏ နှောင်းပိုင်းပန်းချီကားများအတွက် ကိုယ်ဟန်ပြပေးခဲ့သည်။ ၎င်းတို့အထဲတွင်

၁၉၂၅ တွင်ရေးဆွဲသည့် မာဂရိ၏ ပထမဆုံး ဆာရီယယ်လစ်ပန်းချီကားတစ်ချပ်ဖြစ်သည့် **ညီအစ်မနှစ်ယောက်** (The Two Sisters )ပါဝင်သည်။ ၁၉၂၅ မတိုင်မီအထိ မာဂရိသည် စီးပွားဖြစ်ပန်းချီ ရေး၍ အသက်မွေးခဲ့သည်။ သို့သော်ထိုကာလလွန်သည်နှင့် အချိန်ပြည့်ပန်းချီဆွဲလေတော့သည်။ ၁၉၂၇ တွင် ဆာရီယယ်လစ်ကားများကို ပထမဆုံးပြ ပွဲပြုလုပ်ပြသခဲ့ရာ မအောင်မြင်ခဲ့ပေ။ ထိုနောက်တွင် ပြင်သစ်သို့ သူထွက်ခွာခဲ့သည်။ ၎င်းတွင် ပါရီရှိ ဆာရီယယ်လစ်အုပ်စုနှင့် ထိတွေ့လာ ရသည်။ မာဂရိသည် ပန်းချီကားများကို လှိုင်လှိုင်ရေးဆွဲပြီး မကြာမီပင် ဥရောပနှင့် အမေရိကား၌ ကျယ်ကျယ်ပြန့်ပြန့် ပြသခဲ့သည်။ သူရေးဆွဲသည့် ဟန်ကို **ပဉ္စလက်သရုပ်မှန်ဝါဒ** (magic realism)ဟု သတ်မှတ်ခံရ သည်။ အဘယ့်ကြောင့်ဆိုသော် အကျွမ်းတဝင်ရှိသော အရာဝတ္ထုများကို မဆီလျော်သော အဆင်အပြင်များထဲတွင် မဖြစ်နိုင်ဘွယ်အနေအထားပျက်စွာဖြင့် အတူယှဉ်တွဲထားလေ့ရှိသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် **အန္တရာယ်အရိပ်အယောင် ရာသီဥတု** (Threatening Weather) (၁၉၂၈) ပန်းချီကား၌ ကုလားထိုင်၊ စားပွဲနှင့် လူကိုယ်လုံးတို့သည် ပင်လယ် ပေါ်တွင် တိမ်တိုက်များပမာ တည်ရှိနေကြသည်။ သူ့ပန်းချီကားများတွင် မတိကျသော အဓိပ္ပါယ်များကို စူးစမ်းရှာဖွေလေ့ရှိသည်။ ပမာဆိုရပါက ရုပ်ပုံနှင့် ရှုခင်းအကြားတွင် အဓိပ္ပါယ်မရေရာသည့် **လူ့အဆင့်အတန်း** (Human Condition )(၁၉၃၅) ကဲ့သို့သော ကားမျိုးဖြစ်သည်။ ၁၉၅၀ နှင့် ၁၉၆၀ နှစ်များအတွင်းတွင် နံရံပန်းချီကားများ ရေးဆွဲရန်သူ့ကို လာရောက်အပ်နှံကြသည်။ သူ၏ ကြည်လင်ရိုးရှင်းသောဟန်နှင့် ဆာရီယယ် လစ်စိတ်ကူး၊ နိမိတ်ပုံများကို စူးစမ်းရှာဖွေမှုကဖြင့် ပြောင်းလဲမသွားခဲ့ပေ။

## သောမတ်မန်း [ Thomas Mann ]
## ( ၁၈၇၅ – ၁၉၅၅ )

□ ဂျာမန်ဝတ္ထုရေးဆရာနှင့် အက်ဆေးရေးသူ။

*စာပေဆိုင်ရာ နိုဗယ်ဆုကို ၁၉၂၉ တွင်ရရှိခဲ့သည်။*

လူးဗက်မြို့၌ မွေးဖွားသော မန်းသည် ကုန်သည်ကြီးတစ်ဦး၏ သား ဖြစ်သည်။ မိခင်ကား ပရိုကျူဂတ်စ်ခရီးအို မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်သည်။ သူ့အစ်ကို **ဟိန်းနရစ်မန်း** (Heinrich Mann) (၁၈၇၁–၁၉၅၀) မှာလည်း ဝတ္ထုရေးဆရာဖြစ်လာသည်။ ၁၈၉၁ တွင် ဖခင်ကွယ်လွန် ပြီးနောက် သူတို့မိသားစုသည် မြူးနစ်မြို့သို့ပြောင်းရွှေ့ခဲ့ကြသည်။ မန်းသည် ၎င်းတွင် ၁၉၃၃ မတိုင်မီအထိ နေထိုင်၏။ ၁၈၉၀ နှစ်များတွင် ဝတ္ထုတိုများ စတင်ရေး သားနေခဲ့ပြီး မှုးမတ်မျိုးရိုး လူးဗက်မိသားစုတစ်စု၏ ဆုတ်ယုတ်မှုကို ရေးသား ဖော်ပြသည့် **ဗတ်ဒန်ဘရွတ်စ်**(Buddenbrooks)(၁၉၀၁)အမည်ရ နှစ်အုပ်တွဲ လုံးချင်းဝတ္ထုဖြင့် ကျော်စောမှုစိုက်ထူနိုင်ခဲ့သည်။ ၎င်းဝတ္ထုကဲ့သို့ သရော်သော ဟန်မျိုးကင်းစင်သည့် ဝတ္ထုလတ်နှစ်ပုဒ်မှာ ၁၉၀၃တွင်ထွက်ပေါ်လာသည်။ ၎င်းတို့မှာ**တိုနီယိုခရော့ဂျား**(TonioKroger)နှင့် **ထရစ္စတန်** (Tristan)

တို့ဖြစ်ကြသည်။ **ဘာဂျာနှင့် ကန်စလာ** (Burger and Kunstler) ဝတ္ထုအတွင်း၌မူ ဓနရှင်နှင့် အနုပညာရှင်လူတန်းစားတို့ အကြားရှိ ဝိရောဓိကို ပေါ်လွင်အောင်တင်ပြခဲ့ ပြီး၊ တစ်ဦးမှာ ထုံထိုင်းသော်လည်း ကျန်းမာသန်စွမ်း၍ အခြားတစ်ဦးမှာကား ခံစားတတ်၍ ထက်မြက်သော်လည်း ရောဂါစွဲကပ်စီးပွား ပျက်နေပုံကို ရေးဖွဲ့ခဲ့လေသည်။

၁၉၀၅ တွင် မန်းသည် ဝဂ္ဂနာမြို့ခေါင်းဆောင်တစ်ဦး၏ သမီးနှင့် လက်ထပ်သည်။ သူ့ဒုတိယဝတ္ထုရှည် **တော်ဝင်မြင့်မြတ်မှု** (Royal Highness )(၁၉၀၉)၏နောက်တွင် **ဗင်းနစ်မြို့၌သေဆုံးခြင်း** (Death in Venice) (၁၉၁၂) ဝတ္ထုထွက်ရှိခဲ့သည်။ ၎င်းဝတ္ထုမှ အဓိကဇာတ်ကောင် ဂတ် စတော့ဗွန်အက်ရှ်ဘတ်သည် လေးနက်သောစာများကို ရေးသားသည့် ဂုဏ်သရေ ရှိ စာရေးဆရာကြီးဖြစ်ပြီး ၁၄ နှစ်အရွယ် မိန်းကလေးကို အရူးအမူးချစ်မိသည့် ဇာတ်လမ်းဖြစ်သည်။ ၎င်းဝတ္ထုကို ၁၉၇၀ တွင် ဗစ်စ်ကွန်တီနှင့် ရုပ်ရှင်ရိုက်ကူး ခဲ့ရာ အောင်မြင်မှုကောင်းစွာ ရရှိခဲ့သည်။ **ပဉ္စလက်တောင်** (The Magic Mountain )(၁၉၂၄) ဝတ္ထု၌မူ ဆေးရုံ တစ်ရုံကို ဇာတ်အိမ်တည်ထားပြီး ထကြွလှုပ်ရှား၍ ဝေဒနာစွဲကပ်နေသော ခေတ်ပြိုင်ဥရောပ၏ပြယုဂ်အဖြစ် တင်ပြထားသည်။

ပထမကမ္ဘာစစ်အတွင်း၌ ကွန်ဆာဗေးတစ်ဖြစ်၍ ဂျာမနီလိုလားသူ ဖြစ်သော်လည်း မန်းသည် ဂျာမနီ၏ဖက်ဆစ်ဝါဒကို ပွင့်ပွင့်လင်းလင်းဆန့် ကျင်ပြီး **မာရီယိုနှင့်မှော်ဆရာ** (Mario and the Magician) (၁၉၃၀) ကဲ့သို့သော ဝတ္ထုများနှင့် ထိုးနှက်ခဲ့သည်။ ၁၉၃၃ တွင် ပြည်ပသို့ ရောက်ရှိနေစဉ် အတွင်း သူ့ကဗျာစာအုပ်ကို နာဇီများက သိမ်းယူခဲ့ကြသည်။ မန်းသည် ၁၉၃၉ ထိ ဆွစ်ဇာလန်၌နေထိုင်ကာ ဥရောပအား အန္တရာယ်ကျ ရောက်တော့မည်ဖြစ် ကြောင်း သတိပေးခဲ့သည်။ အမေရိကန်သို့ ပြောင်းရွှေ့အခြေချပြီးနောက် ၁၉၄၄ တွင် အမေရိကန်နိုင်ငံသား ဖြစ်လာခဲ့သည်။ သို့သော် ၁၉၅၂တွင် ဆွစ်ဇာလန်သို့ ပြန်လာခဲ့သည်။ ၁၉၄၉ တွင် **ဂိုထေး** (Gothe )ဆု ချီးမြှင့်ခံရသည်။ သူ့နောက် ပိုင်း လက်ရာသုံးပုဒ်မှာ ထင်ရှား ကျော်ကြားလာခဲ့သည်။ လေးအုပ်တွဲဖြစ်သည့် **ဂျိုးဆက်နှင့်ညီများ** (Joseph and his Brothers )(၁၉၃၃ – ၄၃) သည် သမ္မာကျမ်းစာနှင့် ပတ်သက်၍ အသေးစိတ်လေ့လာထားပြီး ယဉ်ကျေး သောဘဝ၏ အနှစ်သာရ ကို စူးစမ်းရှာဖွေထားသည်။ **ဒေါက်တာဖော့စတပ်** (Doktor Faustus) (၁၉၄၇) ဝတ္ထု၌မူ ပါရမီရှင်ဂီတစာဆို၏ လက်ရာ

အတွင်းမှ အဖျက်အင်အား များ ပေါ်ထွက်လာခြင်းကို စစ်အတွင်းဂျာမနီနှင့် ဥရောပတို့တွင်ဘုရားသခင် ကိုးကွယ်မှုအယူအဆ ပြိုလဲခြင်းတို့ဖြင့် နှိုင်းယှဉ်ပြထားသည်။ လူလည်ကျ စွန့်စားခန်းများပါဝင်သည့် အပြီးသတ်မသွားသော **လူယုံတော်ဖီးလစ်ခရူး ၏ဖွင့်ဟဝန်ခံချက်များ** (Confessions of Felix Krull, Corfidence Man)(၁၉၅၅) ဝတ္ထုတွင် အရာရာကို အောင်မြင်နိုင်သည့် နှစ်လိုဖွယ် ကောင်းသူ လူလိမ်ခလူးကို ရုပ်လုံးဖော်ထားသည်။ မန်း၏ အရေးပါသော ဝေဖန်ရေးလက်ရာများကို **ဆယ်စုနှစ်သုံးခုစာအက် ဆေးများ** (Essays of Three Decdes)(၁၉၄၇) စာအုပ်၌ စုစည်းထား ခဲ့သည်။



**ဟင်နရီ မားတိစ် [ Henri Matisse ]**
**( ၁၈၆၉ – ၁၉၅၄ )**

**□ ပြင်သစ်ပန်းချီဆရာနှင့် ပန်းပုဆရာ။**

*အစောပိုင်း ၁၉၀၀ ပြည့်နှစ်များတွင် ပေါ်ပေါက်ခဲ့သည့်* ***အရောင်လွန်အုပ်စု*** *(Fauve Group )၏ ခေါင်းဆောင်ဖြစ်ပြီး ထိုရာစုနှစ်အတွင်း အရောင်၌ အကျွမ်းအကျင်ဆုံး ပန်းချီဆရာကြီးအဖြစ် အသိအမှတ်ပြုခံရသည်။ ပစ်စဘတ်မြို့တွင် ကာနက်ဂျီနိုင်ငံတကာဆုကို ၁၉၂၇ တွင် ပထမဆုံးအဖြစ်ရရှိခဲ့ပြီး ဗင်းနစ်ဘိနေးဆုကို ၁၉၅၀ တွင် ရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **ဟင်နရီ အမ်မလီ ဘန်းနော့မားတိစ်** (Henri Emile Benoit Matisse )ဖြစ်သည်။ ဂျုံကုန်သည်တစ်ဦး၏ သားဖြစ်သူ မားတိစ်သည် ပါရီတွင် ဥပဒေပညာသင်ယူခဲ့ပြီး ၁၉၈၀ တွင် အူအတက်ရောင်ရောဂါဖြစ်ပွား၍ နာလန်ထလာချိန်အတွင်း ပန်းချီဆွဲရန် ရည်မှန်းချက်ပြောင်းလာခဲ့လေသည်။ ထို့မတိုင်မီအထိ တရားရေး႒ာနတွင် အမှုထမ်းခဲ့သည်။ ထို့နောက်တွင်မူ ဥပဒေပညာကို စွန့်ခွာပြီး ပါရီတွင် ပန်းချီ ပညာသင်ယူလေသည်။

သူ့အစောပိုင်းလက်ရာများတွင် စွန့်စားလုပ်ဆောင်မှု များ မပါရှိသေးပေ။ သို့သော်လည်း အလုဆင်သူအဖြစ် အချိန်ပိုင်း အလုပ်လုပ်နေစဉ်အတွင်း အရည်အသွေးမြင့်မားသော သက်ငြိမ်ပုံများနှင့် အိမ် အတွင်းပိုင်းပုံများကို ရေးဆွဲနိုင်ခဲ့သည်။ ၁၈၉၇ ဝန်းကျင်တွင် အင်ပရက် ရှင်းနစ်သမားများနှင့်အတူပင် မားတိစ်၏လက်ရာများကိုလည်း အနည်းအကျဉ်းမျှ လူသိလာကြသည်။ ထိုအချိန်မှစ၍ သူ့ပန်းချီကားများတွင် အရောင်သည် အဓိကအကျဆုံး အခြေခံလက္ခဏာဖြစ်လာခဲ့ရသည်။ Potrait of Modame Matisse (၁၉၀၅) နှင့် Open Window Collioure (၁၉၀၅) ကဲ့သို့သော ပန်းချီကားများအတွင်းမှ အရောင်၏ စွမ်းအင်နှင့် ဖြာထွက်မှု သဘောသဘာဝ စမ်းသပ်ချက်များကြောင့် မားတိစ်သည် **အရောင်လွန်ဝါဒ** (Fauvism)၏ခေါင်းဆောင်ဖြစ်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ သူ့ရည်မှန်းချက်များမှာ အင်ပရက်ရှင်းနစ် သမားများ၊ သက်တမ်းတိုသော အရောင်လွန်ဝါဒီများနှင့် ကွဲပြားခြားနားခဲ့သည်။ သူ့ ရည်မှန်းချက်ကား ကြီးမားသော ရုပ်ပုံဖွဲ့စည်းမှုများကို ပို၍ပို၍ ရိုးရှင်းသော ပုံစံများဖြင့် သရုပ်ဖော်ရန်ဖြစ်သည်။ ၎င်း ၁၉၀၅ – ၁၀ ကာလ အတွင်း (Luxe, calme et Volupte)(၁၉၀၅)၊ (Joie de vivre) (၁၉၀၆)၊ (La Danse)(၁၉၁၉) အပါအဝင် ပန်းချီကားများကို ရေးဆွဲခဲ့ဖြစ် ခဲ့သည်။ ထိုကာလအတွင်း မားတိစ်သည် နွေရာသီများ၌ ပြင်သစ်တောင်ပိုင်းသို့ သွား၍ ပန်းချီဆွဲလေ့ရှိသည်။ ၁၉၀၇ မှ ၁၉၁၄ အတွင်း ခရီးများများထွက် ခဲ့ပြီး အရှေ့တိုင်းပန်းချီကို မြတ်နိုးလာခဲ့သည်။ ပြည်ပမှလာသော အလှဆင် ပန်းချီများအား သူအာရုံဝင်စားခဲ့ပုံကို သူ့ပန်းချီကားအများစု၌ တွေ့မြင်နိုင်သည်။ ပထမကမ္ဘာစစ်အတွင်း ကုဗဝါဒကို အနည်းငယ်မျှ စိတ်ဝင်စားခဲ့သည်။ ထိုနောက် မားတိစ်သည် သူ့ယခင်လက်ရာများနှင့် ကွဲပြားသည့် ကိုယ်ဟန်ပြနှင့် အနီးအဝေးတို့အား ပေါင်းစပ်ဖွဲ့စည်းထားသော လက်ရာများကို ဖန်တီးခဲ့သည်။ ၁၉၄၈ မှစ၍ ပန်းပုအချို့နှင့် ရောင်စုံစက္ကူများကို ဖြတ်တောက်ပြုလုပ်ထားသည့် ဒြပ်မဲ့ပန်းချီကားများကိုလည်း ဖန်တီးခဲ့သည်။ သူ၏ ရင့်ကျက်လာချိန်တွင် ရေးဆွဲသော နာမည်ကျော်လက်ရာနှစ်ခုမှာ ဆိုက်ဖေးနီးယားရှိ ဘာရန်ဖောင်ဒေးရှင်းအတွက် နံရံပန်းချီ **အက** (The Dance)(၁၉၃၀–၃၂) နှင့် ဗန့်စ်ဝတ်ပြုခန်းမအတွက် အလှဆင်ပေးသည့် လက်ရာတို့ဖြစ်သည်။ ၁၉၅၂ တွင် သူမွေးဖွားသည့် **လီကိုကျူကမ်ဘရီဆစ်** (Le Cateau-Cambresis)၌ **မားတိစ်ပြတိုက်** ကို ဖွင့်လှစ်ခဲ့သည်။

## ဝီလျံ ဆမ္မားဆက် မွန်
## [ William Somerset Maugham]
## ( ၁၈၇၄ – ၁၉၆၅ )

### ▫ ဗြိတိသျှဝတ္ထုရေးဆရာ၊ ဝတ္ထုတိုရေးသူနှင့် ပြဇာတ်ရေး ဆရာ။

ဆမ္မားဆက်မွန်ကို ပါရီတွင် မွေးဖွားသည်။ ဖခင်မှာ ဗြိတိသျှသံရုံးမှ တရားဝင်အကြံပေးအရာရှိဖြစ်သည်။ ကလေးဘဝ၌ ပြင်သစ်တွင် နေထိုင်ခဲ့ရသည့်အတွက် ပထမဆုံးပြောသည့်ဘာသာစကားမှာ ပြင်သစ်စကား ဖြစ်လာသည်။ သူ့မိဘများ ကွယ်လွန်သောအခါတွင် အင်္ဂလန်သို့ စေလွှတ်ခံရပြီး ကင်းနှင့်ကန်တာဘာရီ ကျောင်းများ၌ ပညာသင်ကြား ခဲ့ရသည်။ ကျန်းမာရေးချူချာသည့်အပြင် သိသိသာသာ စကားထစ်ခြင်း တို့ကြောင့် ပျော်ရွှင်မှုကင်းမဲ့ခဲ့ရသည်။ ဟိုင်ဒယ် ဘတ်တက္ကသိုလ်တွင် တက်ရောက်ပြီးနောက် ကျောင်းပိတ်ရက်တွင် အဆုတ်ရောဂါဖြစ်ရာမှ ပြန်လည်နာလန်ထလာခဲ့သည်။ ၁၈၉၂ တွင် လန်ဒန်ရှိ စိန့်သောမတ်ဆေးရုံတွင် ဆေးကျောင်းသား ဖြစ်လာသည်။ ဆေးရုံတွင် ဖြတ်သန်းစဉ်ကာလ အတွင်း လန်ဒန်ဆင်းရဲသားရပ်ကွက်မှ ဘဝများကိုထိတွေ့ခဲ့ရပြီး ၎င်းတို့ကို အာရုံဝင်စား၍ သူ့ပထမဆုံးဝတ္ထု **လမ်းဘက်ရဲ့ လီဆာ** (Liza of Lambeth) (၁၈၉၇)ကို ရေးဖွဲ့ခဲ့သည်။ ပထမ

ဆုံးဝတ္ထုမှာ အောင်မြင်မှု ရရှိသောကြောင့် ဘွဲ့ရပြီးနောက်တွင် ဆေးပညာကို စွန့်ခွာ၍ စာရေးခြင်း ၌သာ အာရုံစူးစိုက်ခဲ့သည်။ ထို့နောက် မထင်ရှားသော ဝတ္ထုအချို့ကို ထပ်မံရေးဖွဲ့သည်။ သို့သော် ၁၉၀၃ တွင် သူ့ပထမဆုံး ပြဇာတ် **ဂုဏ်ပြုအပ်သူ**(A Man of Honour) ကို စတင်ပြသခဲ့ရပြီး ၁၉၀၇ တွင် **လေဒီဖရက်ဒရစ်** (Lady Frederick)ပြဇာတ်မှာ ထူးကဲစွာ အောင်မြင်ခဲ့သောကြောင့် အကျော်ကြားဆုံးပြဇာတ်လေးပုဒ်ကို ရေးဖွဲ့ဖြစ်ခဲ့သည်။ ပထမကမ္ဘာစစ်မတိုင်မီ နှစ်များအတွင်း အဓိကလုံးချင်းဝတ္ထုဖြစ်သည့် **လူသားအနှောင်အဖွဲ့** (Of Human Bondage)(၁၉၁၉) ကိုရေးဖွဲ့ခဲ့သည်။ စစ်ကာလအတွင်း ပြင်သစ်နှင့် ရုရှားတို့ရှိ ဗြိတိသျှအသံ၌ အမှုထမ်းခဲ့သည်။ ဆိုင်ရီဝဲလ်ကမ်းနှင့် လက်မထပ်ဘဲ ပေါင်းသင်းနေထိုင်ခဲ့ပြီး (ဆေးဝါးထုတ်လုပ်သူ ဆာဟင်နရီဝဲလ်ကမ်းနှင့်ကွာရှင်း၍) ၁၉၁၆ တွင် သူတို့လက်ထပ်ခဲ့ကြသည်။ ၁၉၂၇ တွင် သူနှင့်ဆိုင်ရီတို့ ကွာရှင်းခဲ့ကြသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် ခါးခါးသီးသီးအပြစ်တင်သည့် ဆက်ဆံရေးမျိုး ဆက်လက်ကျန်ရှိနေဆဲပင် ဖြစ်သည်။ ဆမ္မားဆက်မွန်၏ အိမ်ထောင်ရေးပြိုကွဲရသည့် အဓိကအချက်မှာ အမေရိကန်သူကလေး ဂါးလန်းဟက်စတန်နှင့် ဆက်သွယ်မိသည့်အတွက် ဖြစ်သည်။ သူတို့နှစ်ဦး သည် ရွှေလည်တွဲ၍ ခရီးထွက်ခဲ့ကြပြီး ဟက်စတန်အား ဗြိတိန်မှပိတ်ပင်ခံရ သောအခါ၌ ပြင်သစ်တောင်ပိုင်းတွင် အခြေချခဲ့ကြသည်။ ထိုအတောအတွင်း၌ ရောင်းအကောင်းဆုံးဝတ္ထုများကို ဆက်လက်ရေးသားခဲ့သည်။ ၎င်းတို့အတွင်း၌ **လမင်းနှင့်ခြောက်ပဲနိ** (The Moon and Sixpence)(၁၉၂၅)၊ **ကိတ်မုန့်များနှင့်ဘီယာ** (Cakes and Ale) (၁၉၃၀) တို့ ပါဝင်ကြသည်။ သူသည် ဝတ္ထုတိုများကိုလည်း ဆက်လက်ရေးသားခဲ့ရာ ၎င်းတို့ကို အတွဲလိုက်စုစည်း၍ **ပင်လယ်ကဗွီးပင်** (The Casuarina Tree) (၁၉၂၆) အမည်ဖြင့် ထုတ်ဝေခဲ့သည်။ သူ့ဝတ္ထုတိုအတော်များများ ကိုလည်း ရုပ်ရှင်ပြန်ရိုက်ခဲ့ကြသည်။

ဆမ္မားဆက်မွန်သည် ၁၉၀၄ တွင် နာဇီရန်မှ လွတ်မြောက်ရန်အတွက် ပြင်သစ်မှ ထွက်ပြေးခဲ့သည်။ စစ်ကြီးမဖြစ်မီအထိ အမေရိကန်၌ အနှောင့်အယှက်ကင်းစွာ နေထိုင်ခဲ့သည်။ အဖော်ဖြစ်သူ အလန်ဆာရေးနှင့် ပြင်သစ်သို့ ပြန်လာချိန်တွင် ဟက်စ်တန်မှာ ၁၉၄၄ ကတည်းက ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ဆမ္မားဆက်မွန်၏ အရေးပါဆုံး နောက်ဆုံးဝတ္ထုလုံးချင်း **သင်တုန်းဓားသွား** (The Razor's Edge)ကို ၁၉၄၄ တွင် ဖြန့်ချိသည်။ သို့

သော် သူသည် အက်ဆေးများ၊ ဝတ္ထုတိုများနှင့်ရာဇဝင်ဝတ္ထုများကို ဆက်လက်ရေးသားနေခဲ့သည်။ သူသည် အစောပိုင်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများ ဖြစ်ကြသည့် **သက်သေအထောက်အထား** (The Summing Up) (၁၉၃၈) နှင့် **တိတိကျကျပုဂ္ဂိုလ်ရေး** (Strictly Personal)(၁၉၄၁)တို့ကို ထပ်မံဖြည့်စွက်သည့်အနေဖြင့် နာမည်ဆိုးဖြင့်ကျော်ကြားသော ကိုယ်ရေးမှတ်တမ်းစာအုပ်ဖြစ်သည့် **နောက်ပြန်ကြည့်ခြင်း**(Looking Back)(၁၉၆၂) ကိုရေးသားခဲ့သည်။ ထိုစာအုပ်မှာ သူနှင့် ဆိုင်ရီတို့အကြားရှိ ခါးသီးမှုများကို ပြန်လည်ဆန်းစစ်ထားခြင်းဖြစ်သည်။

**ဗလာဒီမာ**

**မာယာကော့စကီး**

**[ Vladimir Mayakovsky]**

**( ၁၈၉၃ – ၁၉၃၀ )**



**□ ရုရှားကဗျာဆရာနှင့် ပြဇာတ်ရေးသူ။**

*အနာဂါတ်ဝါဒကို ဦးဆောင်ခဲ့သူ၊ ဘော်ရှီဗစ်များအား ထက်ထက်သန်သန် ထောက်ခံခဲ့သူ။*

ဂျော်ဂျီယာပြည်နယ်အတွင်းရှိ ဘာဂဒ်ဒီ၌ မွေးဖွားသူမာယာကော့စကီးသည် ဆင်းရဲသော သစ်တောလုပ်သား တစ်ဦးဖြစ်သည်။ အမည်အပြည့်အစုံမှာ **ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် မာယာကော့စကီး** Vladimir Vladimirovich Mayakovsky) ဖြစ်သည်။ သူ ကလေးဘဝ၌ပင် မိသားစုသည် မော်စကိုသို့ ပြောင်းရွှေ့ခဲ့ပြီး ပင်စင်လစာမလောက်မငဖြင့် အသက်ဆက်ရန် ကြိုးပမ်းခဲ့ကြရသည်။ မာယာကော့စကီးသည် ပန်းချီ ဆွဲခြင်းကို စိတ်ဝင်စားကြောင်း ဦးစွာပြသခဲ့သည်။ သို့သော် မကြာမီပင် စာပေနှင့်ပြဇာတ်၌ အစွမ်းအစရှိကြောင်း သိရှိလာခဲ့သည်။ သူသည် ရုရှား အနာဂါတ်ဝါဒီများနှင့် ပူးပေါင်းကာ ရိုးရာပုံစံများနှင့် စာပေဟန်များအား (ခေတ်သစ်နှင့်မသက်ဆိုင်သည့် ခေတ်ကုန်နေသောကျေးလက်ဘွဲ့ တင်ပြမှု များအဖြစ်) ငြင်းပယ်ခဲ့ကြသည်။ နှစ်ဆယ်ရာစု၏ သီးသန့်အရည်အသွေး များကို တင်ပြရန်အတွက် ဟန်သစ်များကို လိုအပ်

သည်ဟု ယူဆကြသည်။ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အကြိမ်ပေါင်းများစွာ အဖမ်းခံရသော မာယာကော့စကီးသည် နိုင်ငံရေးနယ်ပယ်ထဲသို့ ကျရောက်သွားပြီး ပြုပြင် ဆန်းသစ်ရေးလက်ရာများ ဖန်တီးနိုင်ရန် ဇောက်ချလုပ်ကိုင်ခဲ့သည်။ သူ၏ အကြိုတော်လှန်ရေးလက်ရာများမှာ သူကိုယ်တိုင် ရေးသားညွှန်ကြားသရုပ်ဆောင်သည့် **ဗလာဒီမာ မာယာကော့စကီး၏အလွမ်း ဇာတ်** (Vladimir Mayakovsky Tragediya)(၁၉၁၃)၊ **ဘောင်းဘီဝတ် မိုးတိမ်** (A Cloud in Trousers) ကဗျာများနှင့် **အမာခံပုလွေ** (The Back-bone Flute)တို့ဖြစ်ကြသည်။ ၎င်းတို့မှာ ခေနရှင် လူတန်းစား ကို ထိုးနှက်ရန်နှင့် သူ့ကဗျာများကို အာရုံစိုက်လာစေရန်အတွက် ကြံရွယ်ရေး သားခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးအနုပညာများအဖြစ် စိတ်ကူးခဲ့ခြင်းမဟုတ်ပေ။

မည်သို့ဖြစ်စေကာမူ ၁၉၁၇ မှစ၍ မာယာကော့စကီးသည် ဘော်ရှီဗစ်တော်လှန်ရေးနှင့် လူ့ဘောင်သစ်တို့အတွင်းမှ အနာဂါတ်ဝါဒအတွက် သဘာဝကျသော အခန်းကဏ္ဍကို တွေ့မြင်လာခဲ့သည်။ သူသည် ဆန်းသစ် ပြောင်းလဲလိုသော ဝါဒဖြန့်ချိရေးပို့စတာများအတွက် ထက်ထက်မြက်မြက်ပင် ပုံစံထုတ်ပေးခဲ့ပြီး တီထွင်ဆန်းသစ်သည့် သူ့ကဗျာဟန်အား ရယ်မောမှတ်သားဖွယ်ကောင်း၍ ကျော်ကြားသော ဆွဲဆောင်မှုများရရှိစေရန်အတွက် ပြောင်းလဲပစ်ခဲ့သည်။ ၎င်းဟန်သစ်ပါဝင်သော **မစ္စတာကျွဲ** (Misteriya Buff)(၁၉၁၈) ပြဇာတ်နှင့် **ဆယ့်ငါးကုဋေ** (150,000,000)(၁၉၁၉–၂၀) ကဗျာ နှစ်ပုဒ်စလုံးမှာ တော်လှန်ရေးဆန်သော ဂန္ထဝင်လက်ရာများဖြစ် ကြသည်။ ၁၉၂၃ တွင် လက်ဝဲ အနုပညာတပ်ဦး (L E F)ကိုဖွဲ့စည်း၍ ၎င်းအဖွဲ့၏ အပတ်စဉ်ဂျာနယ်ကို တည်းဖြတ်ပေးခဲ့သည်။ ၁၉၂၀ နှစ် များတွင် ကဗျာရွတ်ဆိုခြင်း၊ အလုပ်ရုံများအတွက် ပိုစတာများ ပုံစံထုတ်ပေး ခြင်း၊ ရုပ်ရှင်ဇာတ်ညွှန်းများ ရေးသားခြင်းတို့ဖြင့် တက်ကြွသော လူထုအခန်း ကဏ္ဍ၌ပါဝင်ခဲ့သည်။ သူသည် လူထု၏လိုအပ်ချက်များအတွက် သင့်တော်သော ကဗျာများကိုလည်း ဖန်တီးခဲ့ရာ ၎င်းတို့အထဲတွင် **လီနင်** (Lenin)(၁၉၂၄)နှင့် အောက်တိုဘာ တော်လှန်ရေး ဆယ်နှစ်မြောက်နေ့အတွက် ရေးသားသော **ကောင်းပဟေ့** (Good !)(၁၉၂၇) ကဗျာများ ပါဝင်ကြသည်။ မည်သို့ပင်ဖြစ်စေ အနာဂါတ်ဝါဒသည် တစ်ခါက ၎င်း ကိုယ်တိုင် ထုထောင်ခဲ့သည့် မွန်းကျပ်သော ကွန်ဆာဗေးတစ်အရသာများနှင့် အဆင်မပြေတော့ချေ။ မာယာကော့စကီး၏ လက်ရာသည် ပို၍ ပို၍ ယဉ်ကျေးလာပြီး ပါတီအရာရှိများက သူ့ကိုမထီမဲ့မြင်လုပ်နေကြောင်းလည်း သိသွား

ခဲ့ရသည်။ **ကြမ်းပိုး** (The Bedbug)(၁၉၂၉)နှင့် **ရေချိုးခန်း** (The Bath House) (၁၉၆၃) ပြဇာတ်များမှာ တော်လှန်ရေးကို ဗြူရိုကရေစီစနစ်နှင့် သစ္စာဖောက်နေကြသည့်အတွက် စိုးရိမ်မှုကို ရောင်ပြန် ဟပ်နေကြသည်။ မာယာကော့စကီးသည် အိမ်ခန်းထဲတွင် သူ့ကိုယ်သူ့ သေနတ်နှင့်ပစ်၍ ကွယ်လွန်သွားခဲ့သည်။ သူ့ကိုယ်သူ့သတ်သေရသည့် အကြောင်းအရင်းကို မသိရသော်လည်း ကိုယ်ရေးကိုယ်တာ အကျပ်အတည်း နှင့် သက်ဆိုင်သည်ဟု ယူဆကြသည်။ စတာလင်က မာယာကော့စကီးသည် အရည်အသွေးအရှိဆုံး ရုရှားကဗျာဆရာကြီးဖြစ်သည့်အတွက် သူ့စိတ်နှင့် သူ့လက်ရာများ၏အပြစ်ရှိမှုကို လျစ်လျူရှုကြပါရန် မှတ်ချက်ချခဲ့သည့် ၁၉၃၅ ကျမှ ဆိုဗီယက်ပြည်ထောင်စုတွင် သူ့အောင်မြင်မှုမှာ ပြန်လည်တည်မြဲခဲ့တော့သည်။ သူ၏မွေးရပ်မြေ ဘာဂန်ဒီကို သူ့အားဂုဏ်ပြုသောအားဖြင့် **မာယာကော့စကီး** ဟု အမည်ပြောင်းပေးခဲ့သည်။ သို့သော် ၁၉၉၁ မှစ၍ မူလနာမည်ကိုသာ ပြန်လည်သုံးစွဲကြလေတော့သည်။

## ပေါလ်မက္ကာနေ [ Paul Mc Cartney ]
## ( ၁၉၄၂ – )

### ▫ ဗြိတိသျှ ဂစ်တာသမား၊ အဆိုတော်၊ တေးရေး ။

*ဘီးတဲလစ်စ်အဖွဲ့၏ ဘေ့စ်ဂစ်တာသမား၊ ဘီးတဲလ်စ်၏ နောက်ပိုင်းလေးနှစ်တာကာလတွင် အများဆုံးအောင်မြင်ခဲ့သူ။*

လစ်ဗာပူမြို့တွင် မွေးဖွားသည်။ ၁၉၅၆ တွင် ဂစ်တာတစ်လက်ဝယ်ယူခဲ့ပြီး တစ်နှစ်အကြာတွင် (The Quarrymen) တီးဝိုင်းနှင့် ဆက်သွယ်မိသည်။ အဆိုပါ ဂစ်တာအဖွဲ့ကို ဦးဆောင်သူမှာ ဂျွန်လင်နွန် ဖြစ်သည်။ ၎င်းအဖွဲ့သည် မကြာမီပင် (The Beatles)တီးဝိုင်းအဖြစ် ထူးထူးကဲကဲအောင်မြင်လာခဲ့သည်။ လင်နွန်၏ ခါးခါးသီးသီး အပြုအမူနှင့် မက္ကာနေ၏ ယဉ်ကျေးသိမ်မွေ့မှုတို့ ပေါင်းစပ်ခြင်းက သူတို့အား ၁၉၆၀ နှစ်များ၏ သီချင်းရေးသူများအပေါ် လွှမ်းမိုးနိုင်သည့်အဖွဲ့ ဖြစ်စေခဲ့သည်။ ၁၉၇၀ တွင် ဘီးတဲလ်စ်ပြိုကွဲသွားသည့်နောက် မက္ကာနေသည် Wings တီးဝိုင်းကို တည်ထောင်သည်။ ၎င်းအဖွဲ့သည် (အဖွဲ့သားအပြောင်းအလဲ ရှိသော်လည်း) ဘီးတဲလ်စ်ထက် သက်တမ်းပိုကြာစွာ ရပ်တည်နိုင်ခဲ့သည်။ နောက်ဆုံးတွင် ၁၉၈၀

ကျမှ အဖွဲ့ဖျက်သိမ်းလိုက်သည်။ သူ၏ နောက်ပိုင်း ဂီတကို ဝေဖန်သူများက ကောင်းစွာမချီးကျူးခဲ့ကြသော်လည်း လူအများ နားဆင်လိုသည့် ဂီတကို ဖန်တီးနိုင်သည့် မက္ကာနေ၏အရည်အသွေးကြောင့် အမေရိကားတွင် လူကြိုက်များသည့် ဓာတ်ပြား ၂ ဒါဇင်ကျော်ကို ထုတ်လုပ် နိုင်ခဲ့သည်။ ၁၉၈၀ ကတည်းက ကျော်ကြားခဲ့သည့် သူ့အယ်လ်ဘမ်များ အတွင်း၌ Pipes of Peace (၁၉၈၃) နှင့် Flowers in the Dirt (၁၉၈၉) တို့ ပါဝင်ကြသည်။ သူကိုယ်တိုင် ရေးသားထုတ်လုပ်၍ သူနှင့်သူ့ဇနီး လင်ဒါ တို့ပါဝင်ခဲ့သော Give My Regard to Broad Street (၁၉၈၄)မှာ အောင်ပွဲခံခဲ့သော ရုပ်ရှင်ကားဖြစ်သည်။ ၁၉၈၄ တွင် ပြသခဲ့သည့် (Rupert and the Frog Song) ရုပ်ရှင်ကိုလည်း သူကိုယ်တိုင် ဇာတ်ညွှန်းရေးသား ထုတ်လုပ်ခဲ့သည်။ ၎င်းရုပ်ရှင်ကားသည် အကောင်းဆုံးကာတွန်းကား အတွက် (BAFTA) ဆု ရရှိခဲ့သည်။ သူ၏ပထမဆုံး ဂန္ထဝင်တေးဖွဲ့မှုဖြစ်သည့် The Liverpool Oratorio ကို ကားလ်ဒေးဗစ်နှင့်တွဲဖက်ရေးသားကာ ၁၉၉၁ တွင် ပထမဆုံး အကြိမ် တင်ဆက်ဖျော်ဖြေခဲ့သည်။ သူ့ကိုနှင်းအပ်ခဲ့သော ဘွဲ့ထူးဂုဏ်ထူးများထဲတွင် Ivor Novello ဆုများလည်း ပါဝင်သည်။ မက္ကာနေသည် သီချင်းမူပိုင်ခွင့်အတွက် အမြော်မြင်ကြီးစွာ ရင်းနှီးမြှုပ်နှံခဲ့သလို ဘီးတဲလ်စ်လက်ထက်မှ ပိုင်ဆိုင်ခွင့်များကြောင့်လည်း ယခုအခါ ကမ္ဘာ့လူချမ်းသာစာရင်းတွင် ပါဝင်နေပြီဖြစ်သည်။ သူသည် မူးယစ်ဆေးဝါးများကို ရောင်းဝယ်သည့်အတွက် အကြိမ်ပေါင်းများစွာ အဖမ်းခံခဲ့ရပြီး ဆေးခြောက်ကို နှစ်သက်ကြောင်းလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ဖူးသည်။

## ဟိုအန်း မီရိုး [ Joan Miro ]
## ( ၁၈၉၃ – ၁၉၈၃ )

□ **စပိန် ဆီးမီးအပ်ဘ်စထရက် (semi - abstract) ပန်းချီဆရာနှင့် ဂရပ်ဖစ်ပန်းချီဆရာ။**

*စိတ်ကူးယဉ်ဆန်၍ ပျော်ရွှင်ဖွယ်ကောင်းသော သူ့ကမ္ဘာအတွင်းသို့ ကလေးသူငယ်ဆန်သောရေးခြစ်မှုများဖြင့် ခေါ်ဆောင်သွားခဲ့သည်။*

ဖခင်မှာ ဘာစီလိုနာမှ ရတနာကုန်သည်တစ်ဦးဖြစ်သည်။ မီရိုးသည် ဖခင်၏ဆန္ဒကို ဆန့်ကျင်၍ ပြည်တွင်းပန်းချီကျောင်းတွင် တက်ရောက်ခဲ့သည်။ သူ့ပထမဆုံးပုံတူများနှင့် ရှုခင်းများတွင် ကတ်တလန်ရိုးရာပုံပြင်အကြောင်းအရာနှင့် ပါရီတွင် ခေတ်စားနေသည့် အရောင်လွန်ဝါဒ၏ အရောင်ကြွယ်သော နည်းစနစ်တို့ ပါဝင်ရောစပ်နေကြသည်။ မီရိုးသည် ၁၉၁၉ တွင် ပါရီသို့ ခရီးထွက်ခဲ့ပြီး တစ်ပြည်တည်းသားဖြစ်သော ပီကာဆိုနှင့် စတင်ရင်းနှီးလာသည်။ ပီကာဆို၏လွှမ်းမိုးမှုကို မီရိုး၏ ထိုကာလပန်း ချီကားများတွင် တွေ့မြင်နိုင်သည်။ မီရိုးသည် ၁၉၂၀ တွင် ပါရီ၌အခြေချပြီး ဒါဒါအုပ်စုနှင့် ဆက်သွယ်မိသည်။ သို့သော်လည်း မကြာမီပင် ဆာရီယယ် လစ်သမားများ

နှင့် ဆက်စပ်မိခဲ့သည်။ ၁၉၂၆ တွင် ဆာရီယယ်လစ်များ၏ ပထမဆုံးပြပွဲ၌ ပူးပေါင်းပါဝင်ခဲ့သည်။ ထိုကာလတွင် သူ၏ ပြည့်စုံသော ပုဂ္ဂလိကဟန်ပေါက်ဖွားလာခဲ့ပြီး ထိုဟန်မှာ ဘဝတစ်လျှောက်လုံးတွင် ဆက်လက်ဖွံ့ဖြိုးလာခဲ့သည်။ သူ့ပန်းချီကားများတွင် ပြင်ညီနောက်ခံကို ဆန့်ကျင်သည့် ချွန်ထက်သော လက်ရေးအလှပုံစံများဖြင့် အရောင်အသွေးတောက်ပသော စိတ်ကူးယဥ်ကမ္ဘာကို သင်္ကေတပြုဖော်ပြခဲ့သည်။ မျဉ်းများနှင့် ရုပ်ပုံ တစ်ဝက်တစ်ပျက်သာပါသော ပုံစံများသည် အမျိုးအမျိုးအဖုံဖုံ ထောင့်ချိုးလိုလို ပိုးမွှားလိုလိုပုံစံများဖြင့် ကျောက်ဂူပန်းချီများနှင့် ဆင်တူနေကြသည်။ ဖြတ်ညှပ်ကပ်ပန်းချီ၊ အစုအဝေးပန်းချီနှင့် ဂရပ်ဖစ်ဒီဇိုင်းများကို ၁၉၃၀ နှစ် များတွင် စတင်စိတ်ဝင်စားလာခဲ့ပြီး ၁၉၄၀ တွင် ကြွေထည်ပန်းချီကို အာရုံညွှတ်လာခဲ့သည်။ စပိန်ပြည်တွင်းစစ်ကာလအတွင်း စပိန်ကိုသူစွန့်ခွာ၍ ပါရီ တွင် နေထိုင်သည်။ ၎င်းတွင်ရေးဆွဲသည့် သူ့လက်ရာများတွင် ရွှင်မြူးလန်း ဆန်းသည့်သဘာဝများ ပျောက်ကွယ်သွားခဲ့သည်။ **မိန်းမတစ်ယောက်ရဲ့ဦးခေါင်း** (Head of a Woman) (၁၉၃၈) ကဲ့သို့သော ပန်းချီကားများတွင် ကျရောက်လုဆဲဆဲ ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် ပတ်သက်သည့် သူ့အာရုံ ကို တင်ပြထားခဲ့သည်။ ၁၉၄၀ တွင် ဒုတိယကမ္ဘာစစ်ရန်မှ လွတ်ကင်းရန် အတွက် စပိန်သို့ သူပြန်လာခဲ့သည်။ ၁၉၅၀ နှစ်များတွင် ပါရီရှိ ယူနက်စကို အဆောက်အအုံအတွက် ဧရာမနံရံပန်းချီကားကြီးနှစ်ကား ရေးဆွဲပေးခဲ့ရ သည်။ ၁၉၅၄ တွင် ဗင်းနစ်ဘီနေးလ်တွင် ဂရပ်ဖစ်ပန်းချီအတွက် **ဂရန်းပရစ်** (Grand Prix)ဆိုရရှိခဲ့သည်။

## အမီဒီယို မိုဒီဂလျာနီ [ Amedeo Modigliani ]
## ( ၁၈၈၄ – ၁၉၂၀ )

### □ အီတာလျံပန်းချီဆရာ၊ ပန်းပုဆရာနှင့် လက်မှုပညာသည်။

*သူ၏ စိတ်ညှိုးနွမ်းဖွယ် ရှည်မျောမျော ပုံတူများကြောင့် လူသိများသည်။*

ငွေကြေးဥစ္စာများဆုံးရှုံးသွားသည့် အီတလီနိုင်ငံသား ရဟူဒီဘဏ်လုပ်ငန်းရှင်တစ်ဦး၏သားဖြစ်သည်။ တိုတောင်းလှသော သက်တမ်းအတွင်း မိုဒီဂလျာနီသည် ဆင်းရဲခြင်းနှင့် နာတာရှည်နေမကောင်းခြင်းတို့ကို ခံစားခဲ့ရသည်။ ၁၁ နှစ်အရွယ်တွင် အဆုတ်အမြှေးရောင်ရောဂါ ဖြစ်ခဲ့ပြီးနောက် ကျောင်းမှထွက်အပြီး ၁၄ နှစ်သားတွင် အဆုတ်နာရောဂါ ထပ်ဖြစ်ခဲ့ ပြန်သည်။ ဖလောရင့်မြို့ လစ်ဗွန်နိုတွင် ပန်းချီပညာကို လေ့လာသင်ယူခဲ့ပြီးနောက် ဗင်းနစ်နှင့် ဖလော်ရင့်မြို့များသို့လည်း လှည့်လည်ဆည်းပူးခဲ့သည်။ ၁၉၀၆ တွင် ပါရီသို့ ရောက်ရှိခဲ့သည်။ ထိုနေရာတွင် ဖမ်းစားမှုအားကောင်း သော ပါရီရပ်ကွက်ရှိ ပန်းချီဆရာများအလယ်၌ နေထိုင်ခဲ့သော်လည်း အခြား သူများနှင့်မတူသော ကိုယ်ပိုင်ဟန်ထွက်ပေါ်လာခဲ့သည်။ ပုံသဏ္ဍာန်ရိုးစင်းမှု နှင့် ကုဗဝါဒ၊ စိတ္တဇ

ဝါဒဟန်များအကြားမှာပင် သူ့ပန်းချီလက်ရာများအပေါ် ၌ **ဘော်တီစီလီ** (Botticelli)စသည့် ၁၄ ရာစု အီတာလျံပန်းချီဆရာ ကြီးများက ဩဇာသက်ရောက်ခဲ့သည်။ ရှည်မျောမျောပုံစံများနှင့် သူရေးဆွဲ လေ့ရှိသည့် ပုံတူများသည် မောပန်း၊ ကြေကွဲ၍ ထိခိုက်လွယ်သည့်ဟန် ပေါ်လွင်နေကြသည်။ ထိုပုံတူများအား ပန်းချီဆရာက အဆွဲခံသူ၏စရိုက်ကို အမိဖမ်းသည့် အာရုံဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ မျဉ်းဖြောင့်ဟန်ဖြင့်ပင် ရေးဆွဲသော လုံးတီးပုံများသည် ရမ္မက်ဆန်သောသဘာဝဖြင့် လှုပ်ရှားသက်ဝင်နေကြသည်။ သူ့ ပန်းချီကားများကို ရုံဖန်ရံခါမှသာ ပြသလေ့ရှိပြီး ထိုသို့ပြသဖြစ်အောင်လည်း သူ့လက်ရာအများစုကို ဝယ်ယူလေ့ရှိသည့် ဖောက်သည်နှစ်ဦးက ထောက်ပံ့ကူညီခဲ့ကြသည်။ မိုဒီဂလျာနီ၏ ပါရီတွင် နေထိုင်သည့်ဘဝကို အနည်းငယ်သာ သိကြရသော်လည်း သူ့အားစိတ်ကူးယဉ်ပါရမီရှင်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ယောက်ျားပီသ ခန့်ညားး၍ အငတ်ငတ်အပြတ်ပြတ်ဖြင့် သောကဖိစီးကာ ပန်းချီရေးဆွဲခဲ့ရ သော မိုဒီဂလျာနီသည် အရက်နှင့်မူးယစ်ဆေးဝါးကို သုံးစွဲ၍ မိမိကိုယ်ကိုယ် ဖျက်ဆီးကာ ငယ်ငယ်ရွယ်ရွယ်အချိန်မှာပင် အဆုတ်ရောဂါနှင့် ကွယ်လွန်ရလေသည်။

**ပီယေး မွန်ဒရီအမ် [**
**Piet Mondrian ]**
**( ၁၈၇၂ – ၁၉၄၄ )**



□ **ဒပ်ချ်ပန်းချီဆရာ။**

*De Stijl လှုပ်ရှားမှုကို ဦးဆောင်ခဲ့သူ၊ **အသစ်ပုံသွင်းခြင်းဝါဒ** ကို ထုတ်ဖော်တင်ပြသူ၊ ဂျီသြမေတြီဆန်သော ဒြပ်မဲ့ပန်းချီများကို အစောပိုင်း ကတည်းက ရေးဆွဲခဲ့သောသူ။*

နာမည်အပြည့်အစုံမှာ **ပီယက်တာကော်နယ်လစ် မွန်ဒရီအမ်း** (Pieter Cornelis Mondriaan )ဖြစ်သည်။ ဟော်လန်ရှိ အမ်မာစ်ဖို့၌ မွေးဖွားသည်။ အမ်စတာဒမ် အနုပညာတက္ကသိုလ်တွင် ပန်းချီသင်ယူခဲ့သည်။ အစောပိုင်းက သရုပ်မှန်လက်ရာများသာ ရေးဆွဲခဲ့သည်။ အမ်စတာဒမ်မှ လေ့လာသင်ယူခဲ့ပြီးနောက် သူ၏ရှုမျှော်ခင်းပုံများမှာ အရောင်အသွေး တောက်ပ လာကြသည်။ (ဥပမာ – The Red Tree –၁၉၀၈ ကိုရှု) ၁၉၁၁ တွင် ပါရီ၌နေထိုင်ရာ သင်္ကေတဝါဒီသမားတစ်ဦးဖြစ်နေခဲ့ပြီး နောက်ဆုံးတွင် ကုဗဝါဒ သမား ဖြစ်လာပြန်သည်။ မကြာမီ ကုဗနွယ်သည့်လက်ရာများ တိုးတက်လာ ပြီး Still Life with Ginger Pot (၁၉၁၂) ကဲ့သို့ လက်ရာမျိုး ထွက်ပေါ်လာ

သည်။ မျဉ်းများနှင့် ထောင့်မှန်ပုံစံများဆီသို့ ဦးတည်သည့် Composition in Grey, Blue and Pink ကို ၁၉၁၃ တွင် ရေးဆွဲခဲ့သည်။ ပထမကမ္ဘာစစ် မပြီးဆုံးမီတွင် နယ်သာလန်၌ နေထိုင် ခဲ့ရာ သီအိုဒိုဗန်းဒိုးစ်ဘတ်တို့နှင့်အတူ De Stijl အုပ်စုကို ဖွဲ့စည်းသည်။ ၎င်းတို့၏ ပန်းချီအမြင်သစ်များကို တင်ပြရန် အတွက် De Stijl စာစောင် ကိုလည်း ထုတ်ဝေခဲ့သည်။ ၎င်းအဖွဲ့ဝင်များသည် ရေပြင်ညီမျဉ်း၊ ထောင် လိုက်မျဉ်းများ၊ ထောင့်မှန်များ၊ အခြေခံအရောင်များကို သုံးစွဲလေ့ရှိသည်။ ထိုဟန်နှင့်အယူအဆကို မွန်ဒရီအမ်က **အသစ်ပုံသွင်းခြင်းဝါဒ** (Neopolasticism) ဟုအမည်ပေးခဲ့သည်။ ပါရီတွင်နေထိုင်သည့် ၁၉၂၀ မှ ၁၉၃၀ နှစ်များအတွင်း မွန်ဒရီ၏ လက်ရာများသည် နည်းနည်းနှင့် ကျဲကျဲပိုဖြစ်လာခဲ့သည်။ De Stijl အုပ်စုဝင်များက သူ့ရုပ်ပုံများအတွင်းသို့ ထောင့်ဖြတ်မျဉ်းများထည့်သွင်း၍ ရေး ဆွဲလာသည့်အတွက် ထိုအဖွဲ့နှင့် လမ်းခွဲခဲ့သည်။ ၁၉၃၈ တွင် ပါရီကိုစွန့်၍ လန်ဒန်သို့သွားခဲ့ပြီး ၁၉၄၀ တွင် နယူးယောက်သို့ ပြောင်းရွှေ့ခဲ့သည်။ နယူးယောက်၏ မြို့ပြဘဝက သူ့အားလွှမ်းမိုးခဲ့ပြီး ရိုးစင်း၍လျော့နည်းသော ပန်းချီဟန်တစ်ခုကို စျာန် ဝင်စားစေခဲ့သည်။ ဂျပ်ဇ်ဂီတနှင့် ဂျပ်ဇ်အကကို လည်း သူစိတ်ဝင်စားခဲ့သည်။ ၎င်းတို့ကို တောက်ပသောအရောင်များဖြင့် စတုရန်းကွက်ကလေးများ ရေးဆွဲ၍ ရုပ်ပုံဖြင့်တင်ပြနိုင်ရန် ကြိုးစားခဲ့သည်။ ဤသို့ဖြင့် Boogie - Woogie ပန်းချီကားအတွဲများ ထွက်ပေါ်လာရသည်။ မွန်ဒရီအမ် သည် ပန်းချီနှင့်ပက်သက်သော ဆောင်းပါးများ၊ အက်ဆေးများလည်း ရေးသားခဲ့ သည်။ ၎င်းတို့အနက် Plastic Act & Pure Plastic Art (၁၉၃၇) အက်ဆေးမှာ ထင်ရှားသည်။ မွန်ဒရီအမ်၏ စတုရန်းကွက်များသည် ခေတ်သစ်ကမ္ဘာ၏အသုံးအဆောင်များအပေါ် လွှမ်းမိုးလာခဲ့သည်။

**မာရီလင် မွန်ရိုး [ Marilyn Monroe ]**
**( ၁၉၂၆ – ၁၉၆၂ )**



□ **အမေရိကန်ရုပ်ရှင်ကြယ်ပွင့်။**

*လိုင်သင်္ကေတပြု ညို့အားပြင်း ရုပ်ရှင်မင်းသမီး။*

နာမည်ရင်းမှာ **နော်မာဂျင်းဘေကာ** (Norma Jean Baker) ဖြစ်သည်။ **မော်တန်ဆန်** (Mortenson )ဟုလည်း ခေါ်ကြသေးသည်။ ပျော်ရွှင်မှုကင်းမဲ့သော ကလေးဘဝမျိုး ရှိခဲ့သည်။ မိဘမဲ့ကလေးဘဝဖြင့် လော့အိန်ဂျယ်လိစ်ရှိ မိဘမဲ့ကလေးဂေဟာသို့ ရောက်ခဲ့ရ၏။ မိခင်၏စိတ်ကျန်းမာရေးယိုယွင်းမှု၊ ဖခင်အမည်မပေါ်မှု၊ အချိန်တိုတိုဖြင့် ပြိုကွဲခဲ့ရသော ဆယ်ကျော်သက်အရွယ်မှ အိမ်ထောင်ရေးနှင့် ဓာတ်ပုံကိုယ်ဟန်ပြသူအဖြစ် အစောပိုင်း ရုန်းကန်ခဲ့ရမှုများက ဟောလိဝုဒ်၏ ရင်ထိပ်သည်းဖို့ဓာတ်လမ်းတစ်ပုဒ်အဖြစ် မူးယစ်ဆေးလွန်ကဲ၍ ဘဝနိဂုံးချုပ်ရမည်ဟု ကြိုတင်ဟောကိန်းထုတ်နေဘိသကဲ့သို့ ဖြစ်နေသည်။ မွန်ရိုးသည် Scudda - Hoo Scudda - Hay ! ရုပ်ရှင်ကားထဲတွင် အခန်းငယ်တစ်ခန်း၌ ပွဲဦးထွက် သရုပ်ဆောင်ခဲ့ရသည်။ နောက်ပိုင်းတွင် Ladies of the Chorus ဓာတ်ကား၌ ပိုမိုကောင်းမွန်သောနေရာ၌ သရုပ်ဆောင်ခွင့်ရလာခဲ့သည်။ (နှစ်ကား စလုံးမှာ ၁၉၄၈ က ရိုက်ကူးခဲ့ခြင်း ဖြစ်သည်) သူမ၏ စွဲဆောင်မှုစွမ်းရည်မှာ ၁၉၅၀ ပြသခဲ့သည့် ဂျွန်ဟူစတန်၏ The Asphalt Jungle တွင် ဦးစွာ ပေါ်လွင်လာခဲ့သည်။ Don’t Bother to Knock (၁၉၅၂) ဆိုသည့်သာမည လျှို့ဝှက်သည်းဖို

ဇာတ်ကား၌ ပထမဆုံးခေါင်းဆောင် ပါဝင်ခဲ့ရသည်။ သက်မွေးဝမ်းကျောင်းအတွက် အကျပ်အတည်းဆိုက်နေသည့် ထိုကာလတွင် မွန်ရိုးသည် ပြက္ခဒိန်တစ်ခုအတွက် ဝတ်လစ်စလစ်ပုံများအရိုက်ခံခဲ့ရသည်။ ယင်းကဲ့သို့ လုပ်ရခြင်းမှာ ငတ်လွန်းလှ၍ လုပ်ရခြင်းပါဟု မွန်ရိုးက ကာကွယ်ဖြေရှင်းခဲ့သည်။ ထိုကဲ့သို့ မွန်ရိုး၏မိမွေးတိုင်း အလှထုတ်ဖော်ပြသခြင်းကို ဟောလိဝုဒ်က ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချ၍ ကမ္ဘာလုံးဆိုင်ရာ လိင်ဆွဲအား သင်္ကေတအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ထိုကဲ့သို့ ရုပ်ရှင်စတူဒီယိုများက အမြတ်ထုတ်ခဲ့ပြီးနောက် ၁၉၅၃ တွင် မွန်ရိုးသည် သောက်သောက်လဲအောင်မြင်သော ရုပ်ရှင်ကား သုံးကား ရိုက်ကူးနိုင်ခဲ့သည်။ ၎င်းတို့မှာ **နိုင်ယာဂရာ**(Niagara)၊ **လူယဉ်ကျေးတွေက ဆံနီလေးတွေကို ပို နှစ်သက်တယ်** (Gentlemen Prefer Blondes) နှင့် **သန်းကြွယ်သူဌေး တစ်ယောက်ကို ဘယ်လိုလက်ထပ်မလဲ** (How to Marry a Millionaire) တို့ဖြစ်ကြပါသည်။ ထို့နောက် ဘေ့စ်ဘောကစားသမား ဂျိုးဒီမာဂျီယိုနှင့်သူလက်ထပ်ခဲ့သည်။ သို့သော် မွန်ရိုး၏ ဒုတိယအိမ်ထောင်မှာ တစ်နှစ်မပြည့်တပြည့်သာ ခံလိုက်သည်။ ပုဂ္ဂလိကဘဝဆိုးရွားလင့်ကစား ဝေဖန်ရေးသမားများက မွန်ရိုးအား စတင်နှစ်သက်လာခဲ့ကြသည်။ သူမ၏ လိင်ဆွဲဆောင်မှုနှင့် အလှကိုကြည့်၍ ဟာသဇာတ်များကို ပူးတွဲတင်ဆက်ရာ၌ အရည်အသွေးထူးကဲလှသော မင်းသမီးဟု သူတို့က သုံးသပ်ကြသည်။ နောက်ထပ်ထွက်ပေါ်လာသည့် ရုပ်ရှင်ကားများဖြစ်ကြသည့် **ခုနစ်နှစ်တာအယား** (The Seven Year Itch)(၁၉၅၅)၊ **ဘတ်စကားမှတ်တိုင်**(Bus Stop )၊ **ရွှေမင်းသားနဲ့အငြိမ့်သမ**(The Prince and the Showgir) (၁၉၅၇)၊ **တစ် ချို့ကရှူမှကြိုက်တယ်** (Some Like it Hot)(၁၉၅၉)နှင့် **ချစ်ကြစို့လားကွယ်** (Let’s Make Love )(၁၉၆၀) တို့မှာ အားပေးမှုကြီးစွာရရှိခဲ့သည်။ ထိုကာလအတွင်း ပညာတတ် ပြဇာတ်ရေးဆရာ အာသာမေလာနှင့်လက်ထပ်ခဲ့သည်။ လိုက်ဖက်မညီသော ၎င်းတို့အိမ်ထောင်ရေး အဆုံးမသတ်မီကာလအတွင်း မေလာက သူမ၏ နောက်ဆုံးရုပ်ရှင်အတွက် ဇာတ်ညွှန်းရေးပေးခဲ့သည်။ ရုပ်ရှင်ကားနာမည်ကို သူတို့အဖြစ်နှင့်ကိုက်ညီစွာ **မတော်တရော်တွေ** (The Misifits)ဟုအမည်ပေးခဲ့သည်။ ၁၉၆၀ တွင် သူတို့နှစ်ဦးကွာရှင်းပြတ်စဲသည်။ များမကြာမီ (ပိတ်သားပြင်ပေါ်၌ အောင် မြင်သော်လည်းဘဝတွင် ဆက်တိုက်ကျရှုံးခဲ့ရသည့်) စိတ်ညှိုးငယ်နေသော မွန်ရိုးသည် မူးယစ်ဆေးလွန်ကဲခြင်းဖြင့် ၁၉၆၂ ၌ နိဂုံးချုပ်လေသည်။



**ဟင်နရီ မိုး**
**[ Henry Moore ]**
**( ၁၈၉၈ – ၁၉၈၆ )**

**▫ ဗြိတိသျှ ပန်းပုဆရာနှင့်လက်မှုပညာရှင်။**

*၁၉၆၃ တွင် (OM) ဆု ချီးမြှင့်ခံရသည်။*

ရော့ရှိုင်းယားပြည်နယ် သတ္တုတွင်းလုပ်သားတစ်ဦး၏သားဖြစ်သူ မိုးသည် စစ်တပ်တွင်အမှုထမ်းပြီးနောက် လိဒ်စ်အနုပညာကျောင်းတွင် သင်ယူ ဆည်းပူးခဲ့သည်။ ထို့နောက် ၁၉၂၁ တွင်လန်ဒန်ရှိတော်ဝင် အနုပညာကောလိပ်သို့ တက်ရောက်ခဲ့သည်။ မိုးသည် အလယ်ခေတ်နှင့် သမိုင်းဦးခေတ် ပန်းပုများနှင့် မက္ကဆီကိုရှိ ကိုလံဘီယာအကြိုခေတ် အနုပညာစသည့် မျိုးစုံသော ဩဇာသက်ရောက်မှုများအား သဘောပေါက်ခံယူကျင့်သုံးခဲ့သည်။ ထိုအချက်ကို သူ၏ **မိခင်နှင့်ကလေး** (Mother and Child) (၁၉၂၄–၂၅) ပန်းပု၌ တွေ့နိုင်သည်။ အီတလီသို့ခရီးထွက်ပြီးနောက် မိုး သည် RCA ကျောင်း၌ ကျောင်းဆရာအဖြစ် သင်ကြားခဲ့သည်။ ၁၉၂၆ တွင် သူ၏ ပထမဆုံးသော လူထုလက်ရာဖြစ်သည့် **မြောက်လေ** (North Wind) ကို လန်ဒန်သယ်ယူပို့ဆောင်ရေးဌာနချုပ်အတွက် ထုလုပ်ပေးခဲ့ သည်။ ၁၉၃၀ တွင် မိုးသည် **ခုနစ်နဲ့ငါး** (Seven and Five)အမည်ရှိ အရှေ့တိုင်းဒြပ်မဲ့အဖွဲ့နှင့် ဆက်

သွယ်မိပြီး ၁၉၃၂ မှ ၁၉၃၉ အထိ ချယ်လက်ဆီ အနုပညာကျောင်းတွင် သင်ကြားမှုပြုလုပ်ခဲ့သည်။

၁၉၃၀ မှ ၁၉၃၆ အတွင်း ဆာရီယယ်လစ်ဝါဒနှင့် ရုပ်ဝတ္ထုမဲ့ ဂျီသြမေတြီပန်းပုတို့ကို စူးစမ်းလေ့လာနေခဲ့ သည်။ ထို့နောက် လှုပ်လျှောက်နေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် လူသားပုံစံများဆီသို့ အာရုံလည်သွားခဲ့ သည်။ သူ့လက်ရာတစ်ခုချင်း၌ အလုတရားထက်စာလျှင် သန်စွမ်းမှုနှင့် ခွန်အားကို ပိုဖော်ပြနိုင်ရန် ရည်မှန်းထားခဲ့သည်။ ထိုလှုပ်ရှားမှုမဲ့ စွမ်းရည်ကို ပေါ်လွင်စေရန်အတွက် မိုး သည် ကျောက်တုံးများ၊ ခရုခွံများနှင့် အရိုးများ စသည့် သဘာဝနှင့် အင်္ဂါအစိတ် အပိုင်းပုံသဏ္ဍာန်များကို အာရုံဝင်စားခဲ့ရ သည်။ ၎င်းအရာများကို လူသား၏ ပုံသဏ္ဍာန်အတွင်းသို့ သဘောပေါက်နားလည်စွာ ထည့်သွင်းပေးခဲ့သည်။ ထိုအယူအဆသည် နှောင်းပိုင်း ၁၉၃၀ နှစ်များတွင် သူဖန်တီးခဲ့သည့် ကြိုးအပိုင်းအစများနှင့် သံခမောက်ဦးခေါင်း စသည့် လက်ရာအားလုံးကို လွှမ်းမိုး ချုပ်ကိုင်ခဲ့ပေသည်။ စစ်ပွဲကို သရုပ်ဖော်သည့် ပန်းချီဆရာတစ်ယောက်အနေဖြင့်လည်း ဟင်နရီမိုးမှာ အောင်မြင်ခဲ့သည်။ သူ ရေးဆွဲခဲ့သော လန်ဒန်မြေအောက် ရထား လိုဏ်ခေါင်းအတွင်းရှိ ဗုံးခိုနေသည့် ရုပ်ပုံများမှာ လွန်စွာမှကျော်ကြား၍ အသိအမှတ်ပြုခံရလေသည်။

၁၉၄၀ တွင် သူ့လန်ဒန် စတူဒီယိုအား ဗုံးကြဲခံရသောအခါ ဟတ်ဖို့ဒ်ရှိုင်းယားသို့ ပြောင်းရွှေ့ခဲ့၏။ သူသည် ချက်ချင်းပင် ဗြိတိန်အနုပညာလောကတွင် ဩဇာညောင်းသူဖြစ်လာပြီး၊ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် နိုင်ငံတကာ၌ပါ ထင်ရှားလာကာ နိုင်ငံပေါင်းစုံမှ ဂုဏ်ပြုမှုမျိုးစုံနှင့် နိုင်ငံတကာ ပန်းပုဆုများ ချီးမြှင့်ခံရသည်။ ၁၉၄၈ တွင် ဗင်းနစ်ဘိနေး ဆုချီးမြှင့်ခဲ့ရသည်။ အပ်နှင်းခံရ၍ ထုလုပ်ခဲ့ရသော လဲလျောင်းနေ သည့်ရုပ်ထုများတွင် လန်ဒန်ရှိ တိုင်းမ်–လိုက်ဖ်အဆောက်အဦနှင့် ပါရီရှိ ယူနက်စကိုအဆောက်အအုံအတွက် ရုပ်ထုများလည်း ပါဝင်သည်။ သူ၏ စစ်ပြီးခေတ်လက်ရာများမှာ တည့်မတ်သော မျက်နှာများ၊ အတွင်းအပ ပုံစံများ၊ မိသားစုများနှင့် ဒြပ်မဲ့ဆန်သော လဲလျောင်းနေသည့် ရုပ်ပုံ အပိုင်းအစများပင် ဖြစ်ကြသည်။ ၁၉၆၄ မှ ၁၉၆၆ အတွင်း ချီကာကို တက္ကသိုလ်အတွက် ဖန်တီးခဲ့သော **အဏုမြူအပိုင်းအစ** (Atom Piece) ပန်းပုရုပ်မှာ အလေးထားခံရသည်။ ဟတ်ဖို့ဒ်ရှိုင်းယားအား အခြေပြုခဲ့သော် လည်း မိုးသည် ၁၉၇၇ မှစ၍ အီတလီရှိ ဖော့တီဒိုင်မန်မီ၌လည်း အလုပ်လုပ်ခဲ့သည်။

## အယ်လ်ဘာတို မိုရေးဗီးယား [ Alberto Moravia ]
## ( ၁၉၀၇ – ၁၉၉၀ )

### □ အီတလီစာရေးဆရာ။

*သူ့ဝတ္ထုများနှင့် ဝတ္ထုတိုများအား ကျွမ်းကျင်သော ဇာတ်ကြောင်းပြန် ပြောဟန်နှင့် စိတ်ပိုင်းဆိုင်ရာပေါ်လွင်စေသည့် စွမ်းရည်တို့ဖြင့် တင်ပြ နိုင်သည့် အရည်အချင်းရှိသည်။*

အမည်အရင်းမှာ **အယ်လ်ဘာတိုပင်ရှာလီ** (Alberto Pincherle) ဖြစ်သည်။ မိုရေးဗီးယားကို ရောမမြို့ရှိ ရဟူဒီမျိုးရိုးမှ မွေးဖွားခဲ့ သည်။အသက် ၁၆ နှစ်အရွယ် အဆုတ်ရောဂါဖြင့် နေမကောင်းဖြစ်ပြီးသည့် နောက်ပိုင်းတွင် စာစတင်ရေးသားခဲ့သည်။ နှစ်နှစ်တိုင်တိုင်ပင် ဆေးရုံပေါင်းစုံသို့ တက်ရောက်ခဲ့ရသည်။ နာလန်ထလာသောအခါ၌ တူရင်မြို့နှင့်လန်ဒန်တို့၌ စာနယ်ဇင်းသမားအဖြစ် လုပ်ကိုင်ခဲ့သည်။ သူ၏ပထမဆုံးဝတ္ထု **သာမန်ကာလ** (The Time of Indifference)(၁၉၂၉) မှာ အလွန်အောင်မြင်၍ စိတ်ဝင်စား ခံခဲ့ရသည်။ သူ့လက်ရာအများစုကဲ့သို့ပင် ၎င်းဝတ္ထုသည် အလယ်အလတ်

တန်းစားများ၏ အကျင့်စာရိတ္တညံ့ဖျင်းပုံနှင့် စိတ်ဝင်စားဖွယ် ကင်းမဲ့ပုံတို့ကို သရုပ်ဖော်ထားသည်။ ထိုကဲ့သို့သော အကြောင်းအရာများမှာ ဖက်ဆစ်ကြီးစိုးသည့် အီတလီတွင် ကောင်းစွာ လက်ခံမှုမရခဲ့ပေ။ ဒုတိယကမ္ဘာ စစ်အတွင်း မိုရေးဗီးယားနှင့် သူ့ဇနီးဝတ္ထု ရေးဆရာမ **အီလ်ဆာမိုရန်တီ** (Elsa Morante) တို့သည် ဖက်ဆစ်ရန်မှ ကင်းလွတ်ရန် ခေတ္တမျှ ပုန်းအောင်းနေခဲ့ရသည်။ ထို အတွေ့အကြုံကို မိုရေးဗီးယား၏ **မိန်းမနှစ်ယောက်** (Two Women) (၁၉၅၇) ဝတ္ထုတွင် ရောင်ပြန်ဟပ်ထားခဲ့သည်။ မိုရေးဗီးယား၏ ဝတ္ထုများနှင့် ဝတ္ထုတိုများတွင် ထင်ယောင်ထင်မှားအဖြစ်မှ ကင်းလွတ်ခြင်းနှင့် စိတ်ပျက်ရခြင်း တို့မှာ ပုံမှန်ပါဝင်မြဲဖြစ်သည်။ သူ့ဝတ္ထုများထဲမှ လူသိအများဆုံးမှာ **အလှအယဥ် ဝတ်ဆင်ပွဲ** (The Fancy Dress Party )(၁၉ ၄၂)၊ **ရောမမြို့ကမိန်းမ** (The Woman of Rome )(၁၉၄၇)၊ **စည်းဖောက်ခြင်း** (Disobedience) (၁၉၄၈)၊ **လိုက်လျောသူ**(The Conformist )(၁၉၅၁)၊ **ဗလာကင်းဗတ်စ** (The Empty Canvas )(၁၉၆၁)၊ **လိမ်ညာမှု** (The Lie )(၁၉၆၅) တို့ဖြစ်ကြသည်။ သူ့ဝတ္ထုတိုများထဲတွင် **ရောမပုံပြင် များ** (Roman Tales )(၁၉၅၄)၊ မာဇိုတို ဆုရရှိသည့် Nuovi racconti romani (၁၉၅၉)၊ L'automa (၁၉၆၁)၊ Una cosa e una cosa (၁၉၆၆)နှင့် (Io e lui) (၁၉၇၁) တို့ပါဝင်ကြသည်။ ၁၉၆၁ တွင် သူ့လက်ရာ အားလုံးအတွက် **ဗီယာရက်ဂီယို** (Viareggio ) ဆုချီးမြှင့်ခံရသည်။

သူ့အခြားလက်ရာများ အတွင်း၌ ဘဝနှင့်စာပေဆိုင်ရာအက်ဆေးလက်ရွေးစင်ဖြစ်သည့် **နိဂုံးချုပ် လူသား** (Man as an End )(၁၉၆၆)၊ ပြဇာတ်မျိုးစုံနှင့် **တရုပ်ပြည်မှယဥ်ကျေးမှုတော်လှန်ရေး** (The Cultural Revolution in China )(၁၉၆၇) စာအုပ်တို့ ပါဝင်ကြ၏။ သူသည် ၁၉၈၄ တွင် ဥရောပပါလီမန်အဖွဲ့ဝင် တစ်ဦးဖြစ်လာသည်။

## ပါဘလို နီရူဒါ [ Pablo Neruda ]
## ( ၁၉၀၄ – ၁၉၇၃ )

### ▫ ချီလီကဗျာဆရာနှင့် သံအမတ်ကြီး။

*စာပေဆိုင်ရာ နိုဘယ်ဆုကို ၁၉၇၁ တွင် ရရှိခဲ့သည်။*

အမည်အရင်းမှာ **ရီကာဒို အီလီဇာ နက်ဖ်တာလီရိုင်းစ်** (Ricardo Elizer Neftali Reyes)ဖြစ်သည်။ ၁၉၂၀ တွင် ချက်ကဗျာဆရာ **ဂျန်နီရူဒါ** (Jan Neruda)ကို လေးစားသောအားဖြင့် နီရူဒါအမည်ကို လက်ခံသုံးစွဲခဲ့ပြီး ၁၉၄၆ တွင် မဲဆန္ဒပေးရာ၌ သူ့အမည်ကို ပြောင်းလဲခဲ့သည်။ ရထားမောင်းသူ တစ်ဦး၏ သားဖြစ်သော နီရူဒါသည် မိခင်ကွယ်လွန်ပြီးနောက် ဖခင်နှင့်အတူ ချီလီတောင်ပိုင်းရှိ **တမ်မူကို** (Temuco) သို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုနေရာ တွင် ပညာသင်ကြားခဲ့ပြီး (နောက်ပိုင်းတွင် သူ့ဆရာမဖြစ်လာမည့်) ကဗျာ ဆရာမ **ဂါဘရီလာ မစ်ထရယ်** (Gabriela Mistral) နှင့် ဆုံတွေ့ခဲ့သည်။ (သူမသည် ၁၉၅၄ တွင် နိုဘယ်ဆုရရှိခဲ့သည်) ၁၉၂၀ တွင် စန်တီယာဂိုမြို့သို့ ကျောင်းသား အဖြစ်သွားရောက်ခဲ့ပြီး ကဗျာစာအုပ်သုံးအုပ် ကို ၁၉၂၁၊ ၁၉၂၃၊

၁၉၂၄တို့၌ ထုတ်ဝေသည်။ ထိုစာအုပ်များကြောင့် လက်တင်အမေရိကားကို ဖြတ်၍ ကျော်စောမှုရရှိလာခဲ့သည်။ ၁၉၂၇ မှ ၁၉၄၃ အထိ နီရူဒါသည် ခရီးသာ ထွက်နေခဲ့ရသည်။ ခြောက်နှစ်တိုင်တိုင် ချီလီ ကောင်စစ်ဝန်အဖြစ် ရန်ကုန်နှင့် ဂျာဗားတို့၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၃၄ မှစ၍ စပိန်၌ နေထိုင်ရသည်။ ၎င်းတွင်နေရင်းဖြင့် ၁၉၃၅ တွင် မစ်ဒရစ်မြို့၌ Caballo verde para La poesia အမည်ရှိ ကဗျာမဂ္ဂဇင်းကို တည်ထောင်သည်။ ထိုမဂ္ဂဇင်းတွင် ဂါဆီယာလော်ရကာ၊ ဂိုင်လန်နှင့် အခြားစာရေးဆရာများ၏လက်ရာများကို ပုံနှိပ်ဖော်ပြခဲ့ပြီး စပိန်ပြည်တွင်းစစ်စတင်ချိန်ကျမှသာ မဂ္ဂဇင်းရပ်သွားခဲ့ သည်။ အယ်ဒီတာအဖြစ်နှင့် နီရူဒါသည် **သန့်စင်သောကဗျာ** ဂိုဏ်းကို တိုက်ခိုက်ခဲ့ပြီး ၎င်းကဗျာအယူအဆအစား ဘဝ၏ စစ်မှန်မှုများကို တာဝန် ယူရေးဖွဲ့သည့် **မသန့်စင်သောကဗျာ** အယူအဆကိုရှင်းလင်းတင်ပြခဲ့သည်။ ထိုသဘော တရားကို သူ့ကိုယ်ပိုင်လက်ရာ Residencia en la tierra (၁၉၂၅–၃၁) တွင် လက်ခံကျင့်သုံး၍ ရေးသားခဲ့သည်။ ၎င်းကို ၁၉၃၅ တွင် အကျယ်ချဲ့၍ ပြန်လည်ရေးသားခဲ့ပြီး ၁၉၄၆ တွင် **မြေကမ္ဘာနှင့် အခြား ကဗျာများ** (Earth and Other Poems )စာအုပ်၌ **အတည်တကျနေအိမ်** (Residence) အဖြစ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ၁၉၃၉ တွင် နီရူဒါသည် ပါရီသို့ ထွက်ပြေးလာပြီး ၎င်းတွင် ခိုလှုံနေထိုင်ရင်းဖြင့် မကြာမီပင် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်မိလေသည်။

ချီလီသို့ ပြန်လာပြီးနောက် ၁၉၄၅ တွင် အထက်လွှတ်တော်အမတ် အဖြစ်အရွေးခံခဲ့ရသည်။ ၁၉၃၅ မှ ၁၉၄၅ အတွင်း ရေးခဲ့သည့်ကဗျာများကို စုစည်းထားသည့် Tercera Residencia ကို ၁၉၄၇ တွင် ဖြန့်ချိသည်။ ၎င်းစာအုပ်ကို ထူးခြားထင်ရှားစွာ သဘောပေါက်နားလည်လွယ်သည့်ဟန် ဖြင့် ရေးသားထားသည်။ ထို့နောက် အဓိက ကဗျာလက်ရာဖြစ်သည့် မော် ကွန်းကဗျာရှည် **ကန်တွန်ဗိုလ်ချုပ်** (The Canton General)ကို ထုတ်ဝေ သည်။ (၎င်းကို ၁၉၅၀ တွင် ရေးဖွဲ့ပြီးစီးခဲ့သည်) ချီလီပြည်ပေါ်ရှိ မော်ကွန်း ကဗျာအဖြစ် မူလအစက ကြံစည်စိတ်ကူးခဲ့သော်လည်း ထိုကဗျာသည် အမေ ရိကားနိုင်ငံအားလုံး၏ ကနဦးသမိုင်း၊ အစောပိုင်းယဉ်ကျေးမှုများနှင့် ခေတ် သစ်လွတ်မြောက်ရေးတိုက်ပွဲများကို ဖုံးလွှမ်းသည့်ကဏ္ဍများစွာဖြင့် ကျယ် ပြန့်လာခဲ့သည်။ ၁၉၄၈ တွင် ချီလီမှ ထွက်ခွာရန် ဖိအားပေးခံရသော နီရူဒါ သည် အရှေ့ဥရောပ၊ ဆိုဗီယက်ပြည်ထောင်စုနှင့် တရုပ်နိုင်ငံများသို့ ခရီးထွက်ခဲ့

သည်။ ၁၉၅၀ တွင် သူ့အား ဆိုဗီယက်ပြည်ထောင်စုမှ ကမ္ဘာ့ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့သည်။ ၁၉၅၂ တွင် ချီလီသို့ပြန်ရောက်လာခဲ့သည်။ **သဘာဝမော်ကွန်းဘွဲ့** (The Elemental Odes )(၁၉၆၁) အဖြစ် အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည့် Odas elenentales (၁၉၅၄)နှင့် Tercer lihro de las odas (၁၉၅၉) တို့နောက်တွင် သူ့ကဗျာအပြည့်အစုံအား တည်းဖြတ်ထားသော **Obras completas**(၁၉၆၈) ထွက်ရှိခဲ့သည်။ သို့သော်လည်း ထို့နောက်တွင် ကဗျာအတွဲပေါင်းစုံကို သူဖန်တီးခဲ့သေးသည်။ သူသည် ၁၉၇၀ တွင် သမ္မတအဖြစ် ဝင်ရောက်အရွေးခံခဲ့သည်။ သို့သော် **အယ်လန်ဒီ** (Allende) ကို မျက်နှာသာပေးသောအားဖြင့် နောက်ဆုတ်ခဲ့သည်။ ထိုနှစ်မှာပင် ပြင်သစ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၆၁ မှစ၍ နီရူဒါ သည် အိုင်လာနီဂရာရှိ နေအိမ်၌ နေထိုင်သည်။ ထိုအိမ်အား ချီလီရှိ ကြေးပြား အလုပ်သမားများအား သူအမွေပေးခဲ့သည်။ ကိုယ်ရေးအတ္တုပတ္တိကဗျာ Memorial de Isla Negra (၁၉၆၄) တွင် Confieso que he vivido ဟူသော စကားပြေတစ်ပုဒ်ကို နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြခဲ့ သည်။



**ဂျော်ဂျီယာ  အိုကီးဖီး [ Georgia O'Keeffe ]**
**( ၁၈၈၇ – ၁၉၈၆ )**

□ **အမေရိကန်ပန်းချီဆရာမ။**

*အမေရိကားရှိ မော်ဒန်ဝါဒကို ဦးဆောင်တစ်ဦး။*

ချီကာဂိုနှင့် နယူးယောက်တို့တွင် ပန်းချီပညာကို သင်ယူခဲ့သည်။ ၁၉၁၈ မတိုင်မီအထိ တက္ကဆက်နှင့် ဗာဂျီးနီးယားပြည်နယ်များတွင် ပန်းချီသင်သည့် အလုပ်များလုပ်ကိုင်ခဲ့သည်။ အချိန်ပြည့် ပန်းချီဆရာမအဖြစ် ခံယူသည့် အချိန်မှစ၍ ပန်းချီသင်ကြားခြင်းကို စွန့်လွှတ်ခဲ့သည်။ ၁၉၁၆ တွင် **အဲဖရက် စတိုင်းဂလစ်** (Alfred Stieglitz)နှင့်ဆုံဆည်းခဲ့သည်။ ၎င်းမှာဓာတ်ပုံဆရာနှင့် မော်ဒန်ပန်းချီစုဆောင်းသူ ဖြစ်ပြီး သူမ၏အရည်အသွေးကို သိရှိဖော်ထုတ်ခဲ့သူဖြစ်သည်။ ၁၉၂၄ တွင် သူတို့လက်ထပ်ခဲ့ကြ သည်။ ပန်းပွင့်နှင့် သစ်ပင်များအား အကြီးချဲ့ထားသော ပုံစံများအပေါ်အခြေ ခံသည့် ဒြပ်မဲ့နီးပါးပန်းချီကားများဖြင့် သူမကို လူသိများလာကြသည်။ ၎င်းတို့မှာ ခမ်းနားတင့်တယ်၍ စည်းဝါးပြေပြစ်သော သွက်လက်မှုတို့ပါဝင်သည့် လက်ရာများဖြစ်ကြသည်။ သူမ၏ခံစားမှုအားကောင်းသော ပုံသဏ္ဍာန်များကို လိင်ဆိုင်ရာတင်စားမှုများအဖြစ်

အချို့ကယူဆကြသည်။ ၁၉၂၉ တွင် နယူးမက္ကဆီကို သဲကန္တာရဒေသကို တွေ့ရှိသဘောကျခဲ့ပြီး ထိုဒေသတွင် လည်ပတ်နေထိုင်၍ ကန္တာရရှုခင်းများအား ပန်းချီရေးဆွဲခဲ့သည်။ သူမ ခင်ပွန်း ကွယ်လွန်ပြီးနောက် ၁၉၄၆ တွင် ထိုဒေသ၌ သွားရောက်နေထိုင်ခဲ့သည်။ နယူးယောက်မြို့ပြမြင်ကွင်းများ၊ မိုးမျှော်အဆောက်အအုံများနှင့် အလင်းရောင် လွန်ကဲသော ရှုခင်းများကိုလည်း သူမရေးဆွဲခဲ့သည်။ **အတိအကျဝါဒီ** (Pre-cisionists)များက သူမကိုခေါင်းဆောင်အဖြစ် သတ်မှတ်ကြသည်။ သူမ၏ တည်ကြည်၍ လွတ်လပ်သော ဘဝနေဟန်ကြောင့်လည်း လူအများ လေးစားခြင်းကိုခံရသည်။ ၁၉၅၀ နှစ်များအတွင်း ခရီးကျယ်ကျယ်ပြန့်ပြန့် ထွက်ခဲ့သည်။ သူမ၏နှောင်းပိုင်းပန်းချီကား အများစုသည် မြေကြီး၊ ကောင်း ကင်၊ မိုးတိမ်တို့ကို လေယာဉ်ပေါ်မှကြည့်၍ ဈာန်ဝင်စားခဲ့ခြင်းဖြစ်သည်။ အိုကီးဖီးသည် အသက် ၉၉ နှစ်အထိ နေခဲ့ရလေသည်။



**ချာလီပါကာ [ Charlie Parker ]**
**( ၁၉၂၀ – ၁၉၅၅ )**


□ **အမေရိကန်လူမည်း ဂျပ်ဇ်ဆက်ဆိုဖုန်းပညာရှင်။**

*(Bird )ဟု နာမည်ပြောင်ဖြင့် ချစ်စနိုးအခေါ်ခံရသူ။ တိုတောင်း သောဘဝသက်တမ်းအတွင်း၌ပင် သူ့မျိုးဆက် ဂျပ်ဇ်ပညာရှင်များထဲတွင် အရေး အပါဆုံးလူတစ်ဦးဖြစ်ခဲ့သည်။*

အမည်အရင်းမှာ **ချားလ်စ်ခရစ္စတိုဖာပါကာ** (Charles Christopher Parker )ဖြစ်သည်။ ဂျပ်ဇ်ဂီတအသစ်မှာ ဥခွံမှ ထိုးထွက်နေသည့် ကာလအတွင်း ကန်ဆက်မြို့တော်၌ သူကြီးပြင်းခဲ့သည်။ တီးဝိုင်းစင်မြင့်ပေါ် တွင် အရှက်တကွဲဖြစ်ခဲ့ရပြီးနောက်ပိုင်းတွင် ကီးတစ်ခုမှတစ်ခုသို့ အသံနေ အသံထား ချက်ချင်းပြောင်းလဲသွားခြင်းကို မိမိဘာသာလေ့ကျင့်သင်ကြားခဲ့ သည်။ ၁၉၃၀ နှောင်းပိုင်းနှစ်များတွင် သူသည် Jay Mc Shann တီးဝိုင်း နှင့်အတူ တီးမှုတ်၍ အသံသွင်းယူခဲ့ပြီးနောက် **အားလ်ဟိုင်းန်** (Earl Hines)

နှင့်တွဲ၍ တန်နှာဆက်ဆိုဖုန်းကိုတီးမှုတ်ခဲ့သည်။ သို့သော် ၁၉၄၄ တွင် နယူးယောက်သို့ ရွှေ့ပြောင်းလာပြီး ကိုယ်ပိုင်အဖွဲ့ငယ်လေးများဖြင့် အလွတ်သဘောတီးမှုတ်၍လည်းကောင်း ဦးဆောင်၍လည်းကောင်း ပါဝင် ဆင်နွှဲခဲ့သည်။ ဂျပ်ဇ်ဟန်သစ်တစ်ခုသည် **သီလိုနီးယပ်မွန့်** (Thelonius Monk)၊ **ဒစ်ဇီဂေးလက်စ်ပီ** (Dizzy Gillespie)နှင့်အခြားသူများ၏ ဦးဆောင်မှုဖြင့် စတင်ပေါက်ဖွားလာခဲ့သည်။ ထိုကာလအတွင်း၌ ပါကာသည် (ယနေ့တွင် မြင့်မားစွာ အသိအမှတ်ပြုနေရပြီဖြစ်သည့်) ဓာတ်ပြားများ အား ၁၉၄၅ တွင် သွင်းယူခဲ့သည်။ သူသည် ၎င်းကာလ၏ ဖန်တီးမှုအား ကောင်း၍ နည်းစနစ်ကျွမ်းကျင်သောဂီတသမားတစ်ဦးအဖြစ် ကျော်ကြားလာခဲ့သည်။ ကံမကောင်းအကြောင်းမလှစွာပင် ချာလီပါကာသည် အရွယ်ရောက်ချိန်ဘဝတစ်လျှောက်လုံးတွင် ဘိန်းဖြူစွဲနေခဲ့သည်။ ဆေးဖြတ်ရန် အခါခါကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သူ့ကိုလေးစားသော လူငယ်ဂီတသမားများအား သူ့ကိုအတုမခိုးပါရန် ဖျောင်းဖျလေ့ရှိသည်။ အရက်ကိုလည်း အလွန်အကျွံသောက်သုံးပြန်သည်။ ကွယ်လွန်သောအခါ သူ့၌ အဆုတ်ရောင်ရောဂါ၊ ပြည်တည်နာ၊ အသည်းကြွပ်ရောဂါနှင့် နှလုံးအားနည်းခြင်းတို့ စွဲကပ်နေသည်ကိုတွေ့ရသည်။ ဆေးပညာရှင်များက သူ့သက်တမ်းကို ငါးဆယ့်သုံးနှစ်ခံမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း ၃၄ နှစ်၌ပင် ကွယ်လွန်လေ၏။

# ပါဘလို ပီကာဆို
## [ Pablo Picasso ]
## ( ၁၈၈၁ – ၁၉၇၃)



□ **စပိန်ပန်းချီဆရာ။**

*သူ၏ ထုတ်လုပ်မှုအားကောင်းလှသော တီထွင်မှုများ၊ နည်းစနစ်များနှင့် တောက်ပသော တင်ပြမှုများကြောင့် နှစ်ဆယ်ရာစု ပထမပိုင်း ထက်ဝက်ကာလအတွင်းရှိ ပြုပြင်ဆန်းသစ်ရေး ပန်းချီအား လွှမ်းမိုးချုပ်ကိုင် နိုင်ခဲ့သည်။ သူ့အမည်ကို ယခုအခါတွင် မည်သည့်ပန်းချီဆရာထက်မဆို ပိုမိုတွင်ကျယ်စွာ ကြားသိနေရပြီဖြစ်သည်။*

ပီကာဆိုကို မာလာဂါမြို့၌ ဖွားမြင်သည်။ ပန်းချီနည်းပြဆရာ **ဂျို့စ် ရုဇ်ဘလန်ကို** (Jose Ruiz Blanco )နှင့် **မာရီယာပီကာဆို** (Maria Picasso) တို့၏သားဖြစ်သည်။ အမည်အပြည့်အစုံမှာ **ပါဘလို ရုဇ် ပီကာဆို** (Pablo Ruiz Picasso )ဖြစ်သည်။ နောင်တွင် ဖခင်အမည်ကို ဖြုတ်၍ ပန်းချီကားများတွင် 'ပါဘလိုပီကာဆို' ဟူ၍သာ လက်မှတ်ရေးထိုးလာခဲ့သည်။ ပါရမီရင့်သန်သော ဗီဇကို အစောပိုင်းကတည်းကပင် ပြသခဲ့သည်။ ၁၉၀၁ တွင် ပါရီသို့ ခရီးမထွက်မီအချိန်အထိ ဘာစီလိုနာရှိ ပန်းချီဟန်မျိုးစုံကို ကျွမ်းကျင်စွာဆည်းပူးခဲ့သည်။ သူ၏ **အပြာရောင်ကာလ** (Blue Period) မှာ ၁၉၀၁ မှ ၁၉၀၄ အတွင်းဖြစ်ပြီး ထိုကာလအတွင်း ဆင်းရဲသားများ၊ နာဖျားသူများ နှင့် အိုးမဲ့အိမ်မဲ့များကို သရုပ်ဖော်ရန်အတွက် ညှိုးနွမ်းသောအပြာရောင်ကို သုံးစွဲခဲ့သည်။ ၁၉၀၄ တွင် မွန်မက်ထရီ၌ အခြေချပြီး ဘားကျွမ်းသမားများ၊

ကချေသည်များနှင့် လူရွှင်တော်များအား ပန်းရောင်၊ မီးခိုးရောင်တို့ဖြင့် ရိုးရိုးစင်းစင်းပင် ရေးဆွဲသရုပ်ဖော်လေ၏။ ၎င်းမှာ သူ၏နှင်းဆီရောင်ကာလ (Rose Period ) (၁၉၀၅–၁၉၀၆) ဖြစ်သည်။ ၁၉၀၇ တွင်ပြသခဲ့သော ဆေဇန်း အမှတ်တရပြပွဲနှင့် အာဖရိက မျက်နှာဖုံးစွပ်များကို နှစ်သက် စိတ်ဝင်စားသွားသော ပီကာဆိုသည် ၁၉၀၇ မှ ၁၉၀၉ အတွင်း ပုံသဏ္ဍာန်၏ဖွဲ့စည်းမှုနှင့် ရိုးရှင်းမှုတို့အပေါ် အာရုံစူးစိုက် လာခဲ့သည်။ ၎င်းမှာ သူ၏ **နီဂရိုးကာလ** (Negro Period )ဖြစ်သည်။ ၁၉၀၇ တွင် ပီကာဆိုသည် သူ့အသိုင်းအဝိုင်းရှိ ပြုပြင်ဆန်းသစ်မှုအရှိဆုံး ပန်းချီဆရာများအား တောက်ပသော ရိုးရှင်းမှုနှင့် အချိုးဖျက်ထားသော လူပုံစံများပါဝင်သည့် **အာဗီနွန်မှမိန်းမများ** (Les Demoiselles d' Avignon )ပန်းချီကားဖြင့် သိမ့်သိမ့်တုန်သွားစေခဲ့သည်။ ၎င်းပန်းချီ ကားမှာ ဥရောပပန်းချီမှ လမ်းခွဲထွက်လာခဲ့သည့် ကုဗဝါဒပန်းချီကားပင် ဖြစ်တော့ သည်။ ၎င်း **ကုဗဝါဒ**( Cubism )အား ပီကာဆိုသည် ၁၉၀၉ ကတည်းက ဘရာ့ခ်နှင့်တွဲ၍ ဖွံ့ဖြိုးအောင်ကြိုးပမ်းခဲ့သည်။ ဘရာ့ခ် နှင့် ပီကာဆိုမှာ ၁၉၀၇ တွင် တွေ့ဆုံခဲ့သည်။ ကုဗဝါဒကား ထိုရာစု၏ တော်လှန်ဆန်းသစ်သော အနုပညာရသလှုပ်ရှားမှုပင် ဖြစ်တော့သည်။ ကုဗဝါဒ ၏ ပထမ အဆင့် ဖြစ်သည့် **ခွဲခြမ်းစိတ်ဖြာသော ကုဗဝါဒ**(analytical cub-ism)သည် ပန်းချီဆရာများအား အမြင်စစ်မှန်မှုကို ကိုယ်စားပြုသည့် ကြည့်မြင်ပုံ နည်းလမ်းသစ်များကို ပံ့ပိုးပေးခဲ့သည်။ ဒုတိယအဆင့်ဖြစ်သည့် **ပေါင်းစပ် ဖွဲ့စည်းထားသော ကုဗဝါဒ**( synthetic cubism )တွင်ကား ဖြတ်ညှပ်ကပ် ပန်းချီသုံးစွဲပုံများ ပါဝင်လာပြီး ကမ္ဘာလောကကြီးအား ပုံတူကူးရန်မဟုတ်ဘဲ သူ့ကိုယ်ပိုင်အမှန်တရားကို တင်ပြရန်ဟူသည့် သဘောတရားကို ထူထောင်လာကြသည်။

ဘရာ့ခ်နှင့်ရင်းနှီးမှုမှာ ဘရာ့ခ်စစ်ထဲသို့ ဝင်သည့် ၁၉၁၄ တွင် အဆုံးသတ်သွားခဲ့သည်။ ပီကာဆိုသည် ရုရှားဇာတ်ဆရာဒိုင်ယာဂီလက်၏ **ဘဲလေးရုစ်** ( Ballets Russes )ဇာတ်အဖွဲ့တွင် အဝတ်အစားဒီဇိုင်းထုတ်ရန်နှင့် ရှုမျှော်ခင်းရေးဆွဲရန်အတွက် ၁၉၁၇ တွင် ရောမသို့ ထွက်ခွာခဲ့သည်။ အဆိုပါနှစ်အတွင်း၌ပင် ဘဲလေးကချေသည် **အိုလ်ဂါကော့လိုဗာ** (Olga Ko-klova) နှင့်လက်ထပ်ပြီး ၁၉၂၁ တွင် သားလေးပေါလ်ကို မွေးဖွားခဲ့သည်။ ကုဗဝါဒ ပန်းချီကားများ ဖန်တီးသကဲ့သို့ပင် ပီကာဆိုသည် ဂန္ထဝင်သစ် လက်ရာပန်းချီကားများကိုလည်း ဖန်တီးလေ၏။ ၁၉၂၅ နောက်ပိုင်းတွင် သူ့ပန်းချီကားများ၌ အစောပိုင်းတည်ငြိမ်မှုများ ကွယ်ပျောက် သွားကြပြီး ပြင်းစွာတုန်လှုပ်စေသော

လှုပ်ရှားမှုနည်းလမ်းများ ပါဝင်လာ ကြသည်။ ဥပမာအားဖြင့် **ကချေသည်သုံးယောက်** (The Three Dancers )(၁၉၂၅)ကို ရှုလေ] ထို့နောက် ပီကာဆိုသည် ဆာရီယယ်လစ်သမားများ နှင့် ပူးပေါင်း၍ပြသခဲ့သည်။ ပေါက်ကွဲမှုနှင့် ပြင်းပြမှုပါသော ပုံရိပ်များသည် ၁၉၂၈ မှစ၍ တိုးကာတိုးကာ လွှမ်းမိုးလာခဲ့ပြီး ပီကာဆို၏ကြီးမားသော အကောင်းဆုံးလက်ရာ **ဂွာရာနီကာ** (Guernica )(၁၉၃၇)တွင် အမြင့်ဆုံး သို့ ရောက်ရှိလာခဲ့သည်။ ၎င်းပန်းချီကားမှာ ၁၉၃၇ တွင် **ဘတ်စကွီး** (Basque )မြို့ကလေးကို ဗုံးကြဲချသည့် ဖက်ဆစ်တို့၏ ကျူးကျော်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုကို တင်ပြထားခြင်းဖြစ်သည်။ ပီကာဆိုသည် ထိုနှစ်မှ စ၍ စိပိန်သို့ဘယ်အခါမှ မပြန်တော့ပေ။ ထိုအတောအတွင်း ပြင်သစ် ရဲတိုက်တစ်ခုလုံးကို ၁၉၃၂ တွင် ဝယ်ယူပြီးနောက် ၎င်းတွင်နေထိုင်ရင်း ဧရာမသံပန်းပုများနှင့် ပလာစတာဦးခေါင်းများကို သူဖန်တီးလေသည်။ ဇနီးဟောင်းကို ၁၉၃၅ တွင် ကျောခိုင်းခဲ့ပြီး ဇနီးသစ် **မာရီသီရာဆီ ဝေါလ်တာ** (Marie Therese Walter )နှင့် သမီးလေးတစ်ယောက် ထွန်းကားလေ၏။

ဒုတိယကမ္ဘာစစ်အတွင်း နာဇီများက သူ့လက်ရာများကို ပြသရန် တားမြစ်ခဲ့သော်လည်း ပီကာဆိုသည် ပါရီ၌ပင် နေထိုင်ခဲ့သည်။ ပါရီလွတ်မြောက်သွားပြီးနောက် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်လေသည်။ ထို့နောက်တွင် သူသည် **ဖရန်ဆစ်ဂေးလော** (Francoise Gilot)နှင့်ပေါင်းသင်းနေထိုင်ခဲ့သည်။ သူတို့တွင် သားလေးကလော့ဒ်နှင့် သမီးလေးပါလိုမာတို့ ထွန်းကားခဲ့သည်။ ဗောလောရစ်တွင် ပီကာဆိုသည် ကြွေထည်ပန်းချီများနှင့် နွားရိုင်းသတ်ပွဲများကို ရေးဆွဲရန် ရောဂါထခဲ့သည်။ ၁၉၃၅ မှစ၍ သူ၏ နောက်ဆုံးအဖော်မှာ သူ၏ကိုယ်ဟန်ပြမယ် **ဂျက်ကလင်းရ** (Jacqucline Roque) ဖြစ်ပြီး ၁၉၆၁ တွင် လက်ထပ်ခဲ့သည်။ ထို့နောက် သရုပ်ဖော်ပုံများ၊ သတ္တုပန်းပုများ၊ ကြွေထည်ပန်းချီများ၊ ဂန္ထဝင်ပန်းချီကားကြီးများနှင့် ဂရပ် ဖစ်ဒီဇိုင်းများကို ဆက်လက်ဖန်တီးနေခဲ့ရာ ၎င်းလက်ရာများထဲတွင် ကျော်ကြားသော ပုံနှိပ်ပန်းချီအတွဲများ ၃၄၇ ချပ်ပါဝင်သည်။ ထိုပန်းချီကားအများစုမှာ ရမ္မက်ဆန်ကြသည်။ ပီကာဆိုသည် ပြင်သစ်တောင်ပိုင်းတွင် ဆက်လက်နေထိုင်ခဲ့ပြီး ကိန်းအနီးရှိ မြူဂင်စ်၌ ကွယ်လွန်ခဲ့သည်။

## ဂျက်ဆင်ပိုးလော့ [ Jackson Pollock ]
## ( ၁၉၁၂ – ၁၉၅၆ )

□ **အမေရိကန်ဒြပ်မဲ့စိတ္တဇပန်းချီဆရာ။**

***လှုပ်ရှားမှုပန်းချီ (action painting)*** *အမည်ရဟန် တစ်ရပ်ကို ဖွံ့ဖြိုးစေခဲ့သူ။*

ပိုးလော့အား **ဝိုင်းမင်း** ရှိ **ကုတ်ဒီ** ၌ မွေးဖွားသည်။ ၁၃ နှစ်အရွယ်တွင် ကယ်လီဖိုးနီးယား တောင်ပိုင်းသို့ ရွှေ့ပြောင်းခဲ့သည်။ နယူးယောက်ရှိ ပန်းချီကျောင်းသားများ အစည်းအရုံးတွင် ပန်းချီသင်ယူခဲ့ပြီး သရုပ်မှန်အတိုင်း တင်ပြသော လက်ရာများရေးဆွဲခဲ့သည်။ ၁၉၃၈ မှ ၁၉၄၂ အတွင်း ပိုးလော့သည် ဖက်ဒရယ်ပန်းချီလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်၍ အခကြေးငွေရရှိခဲ့ပြီး ၁၉၄၀ တွင် သူ့ပထမဆုံးပြပွဲကို ဝီလျံဒီကူးနင်းနှင့် တွဲဖက်၍ ပြသခဲ့သည်။ ၁၉၄၀ နှစ်များတွင် ပိုးလော့၏ရေးဟန်သည် သရုပ်မှန်ဝါဒမှ ဝေးရာသို့ ရွေ့လျားလာခဲ့သည်။ သို့သော် ၁၉၄၇ မရောက်မချင်း ပန်းချီနည်းစနစ် မဖွံ့ဖြိုးသေးပေ။ နောက်ထပ်လေးနှစ်လွန်သောအခါ သူ့ကို ဒြပ်မဲ့စိတ္တဇပန်းချီလှုပ်ရှားမှု၏ အဓိကဦးဆောင်သူအဖြစ် အသိအမှတ် ပြုခြင်း ခံလာရလေသည်။ လှုပ်ရှားမှု

ပန်းချီပှ သိလာကြသည့် ငင်းနည်းစနစ်သည် ကင်းဗတ်ပိတ်စကြီးကို နံရံ(သို့) ကြမ်းပြင်ပေါ်တွင် သံမှိုစွဲ၍ ၎င်းအပေါ်သို့ ဆေးရောင်များကို စည်းချက်တကျ သွန်းလောင်းပြီး ကင်းဗတ်စတစ်ခုလုံးအား အစက်အပြောက်များ ဖုံးအုပ်စေသည့် နည်းစနစ် ဖြစ်သည်။ ရုံဖန်ရံခါ၌ ပန်းချီဆေးကို သဲ (သို့) မှန်ကွဲစများဖြင့် ရောနှောတတ်သေးသည်။ စုတ်တံများအစား တုတ်ချောင်းများ၊ ပန်းရံသံလက်များ၊ ဓားများကိုလည်း သုံးစွဲလေ့ရှိသည်။ ထို့ကြောင့် ကင်းဗတ်စသည် ပန်းချီဆရာ၏ မသိစိတ်မှ စိတ်လှုပ်ရှားမှုများ ပြုမူလှုပ်ရှားရာ ကစားကွင်းတစ်ခု ဖြစ်လာခဲ့ရသည်။ ပိုးလော့သည် ၎င်းဟန်အား မော်တော်ကားတိုက်မှုဖြစ်ပွား၍ မကွယ်လွန်မီကာလအထိ ဆက်လက်ရေးဆွဲသွား ခဲ့သည်။

## အက်ဇရာ ပေါင်း [ Ezra Pound ]
## ( ၁၈၈၅ – ၁၉၇၂ )

### □ အမေရိကန်ကဗျာဆရာ၊ ဝေဖန်သူနှင့် ဘာသာပြန်ဆရာ။


*ခေတ်ပြိုင်ကဗျာဖွံ့ဖြိုးမှုတွင်အဓိကအကျဆုံးသူ။ အမေရိကန်စာပေကို အထောက်အကူပြုသည့်အတွက် ၁၉၂၈ တွင် ဒိုင်ယယ်ဆုချီးမြှင့်ခံရပြီး ၁၉၄၉ တွင် ဘိုးလင်းဂန်းဆုရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **အက်ဇရာ ဝက်စတန် လွန်းမစ်ပေါင်း** (Ezra Weston Loomis Pound)ဖြစ်သည်။ အင်ဒါဟိုဥ္ဌ မွေးဖွားသူ ပေါင်းသည် ကလေးဘဝကို ဖီလာဒဲဖီးယားအနီးတွင် ကုန်လွန်ခဲ့ရပြီး နယူးယောက်ရှိ ဟမ်မီလ်တန်ကောလိပ်တွင် ပညာသင်ကြားခဲ့ရသည်။ ထို့နောက် ပန်ဆိုက်ဗေးနီးယားတက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး ၎င်းတွင် ဂန္ထဝင်နှင့် ရိုမန်တစ်ဘာသာစကားဆိုင်ရာ ဗဟုသုတများ ကျယ်ပြန့်စွာ ရရှိခဲ့သည်။ ဥရောပသို့ ခရီးထွက်ရန် ပညာတော်သင်ဆုအငယ်စားရရှိခဲ့ပြီး ၁၉၀၈ တွင် အမေရိကန်မှ ထွက်ခွာလာခဲ့သည်။ ပေါင်း၏ပထမဆုံး ကဗျာစာအုပ် **အလူးမ်စပန်တို** (A Lume Spento)ကို ၁၉၀၈ တွင် မိမိစရိတ်ဖြင့်ပင် အီတလီ၌ ဖြန့်ချိခဲ့သည်။ ၎င်းတွင် တယောဆရာမ **အိုလ်ဂါရုဂ်** (Olga Rudge)နှင့် ဆုံဆည်းမိပြီး အကြောင်း

ပါ၍မေရီအမည်ရှိ သမီးတစ်ယောက်ရရှိလာခဲ့သည်။ မကြာမီ လန်ဒန်တွင် 'စိတ်ကူး ယဉ်လှုပ်ရှားမှု'ကို ရစ်ချက်အယ်လ်ဒင်တန်တို့နှင့် ပူးပေါင်း၍ ထူထောင်သည်။ ၎င်းလှုပ်ရှားမှုသည် ကဗျာသမိုင်းတွင် ကြာရှည်စွာ လွှမ်းမိုးခဲ့သည့် ဗစ်တိုးရီးယားကဗျာဝါဒကို ငြင်းပယ်၍ အရပ်သုံးစကား၏ အရေးပါမှု၊ ကဗျာကာရန်သစ်များ ဖန်တီးမှုနှင့် အကြောင်းအရာရွေးချယ်ရာ၌ အပြည့်အဝ လွတ်လပ်မှုတို့ကို အလေးပေး၍ ရေးဖွဲ့ခဲ့ကြသည်။ သူသည် ကဗျာလက်ရွေးစင်စာအုပ်ပေါင်းစုံထုတ်ဝေခဲ့ရာ ၎င်းတို့အထဲတွင် **ပျော်ရွှင်ဝမ်းမြောက်မှုများ** (Exultations) (၁၉၀၉) နှင့် **ထိုးနှက်ချက်များ** (Ripostes) (၁၉၁၂)၊ **ကတ်သေး** (Cathay) (၁၉၁၅) တို့ပါဝင်ကြ၏။ ပထမကမ္ဘာစစ်၏ ဒဏ်ချက်က ပေါင်းကို နာမည်ကျော်ကဗျာများ ထွက်ပေါ်လာစေရန် နှိုးဆော်ပေးခဲ့သည်။ **ဆက်စတပ် ပရိုပါးတီးယပ်သို့ပူဇော်ခြင်း** (Homage to Sextus Propetius) (၁၉၁၇) နှင့် Hugh Selwyn Mauberley (၁၉၂၀) တို့ကို သူ၏အထွတ်အထိပ်ကြိုးပမ်းမှုများအဖြစ် သတ်မှတ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ သူ၏အကျော်ကြားဆုံး ကဗျာအဖွဲ့အနွဲ့မှာ **လက်ာရှည် အပုဒ်များ** (The Contos) ၌ ပေါ်လွင်လာခဲ့သည်။ ၎င်းကို အစောပိုင်း ၁၉၁၃ ကတည်းက ကြံစည်စိတ်ကူးခဲ့သော်လည်း မပြည့်စုံခဲ့ပေ။ အဘယ့် ကြောင့်ဆိုသော် ကဗျာဆရာ၏ စိတ်ကူးနှင့် ရည်မှန်းချက်များမှာ အစဉ်မပြတ် စီးဆင်းရွေ့လျားနေ၍ ဖြစ်သည်။ နောက်ဆုံးတွင် ၎င်းလက်ရာမှာ အထမမြောက်ဟု ပေါင်းကိုယ်တိုင်က သတ်မှတ်ခဲ့လေသည်။

ပေါင်းသည် ၁၉၂၁ တွင် ပါရီမှ ထွက်ခွာလာပြီး အီတလီသို့ ရွှေ့ပြောင်း၍ သုံးနှစ်ကြာနေထိုင်ခဲ့သည်။ ၎င်းတွင် ဒုတိယကမ္ဘာစစ်ကိုဖြတ်ကျော်ခဲ့ပြီး မူဆိုလီနီအား ထောက်ခံအားပေးကြောင်း ဖော်ထုတ်တင်ပြ၍ အင်္ဂလန်ရှိ ဖက်ဆစ်ဝါဒဖြန့်ချိရေးအတွက် အသံလွှင့်ပေးခဲ့သည်။ ထို့ကဲ့သို့ပါဝင်ပတ်သတ်မှုကြောင့် ပေါင်းမှာ ဂုဏ်သရေညှိုးနွမ်းခဲ့ရပြီး မိတ်ဆွေအပေါင်းအသင်းများကလည်း ဖဲကျဉ်ကြကုန်သည်။ ၁၉၄၅ တွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အဖမ်းခံရသည်။ သို့သော် စိတ်မနှံ့တော့ကြောင်း သိသွားပြီး တရားရုံးသို့ မပို့ဘဲ ဝါရှင်တန်ဒီစီရှိ စိန့်အဲလိဇဘတ် ဆေးရုံသို့ တင်ပေးခဲ့ကြသည်။ ပေါင်းသည် ထိုဆေးရုံတွင် ဆယ်နှစ်ကြာနေထိုင်ခဲ့ရသည်။ ၎င်းကာလ အတွင်း **ပီဆန်လက်ာပိုဒ်များ** (Pisan Cantos) (၁၉၄၈) ကိုရေးသားလေသည်။ ၎င်းကဗျာအား ပေါင်း၏ဖန်တီးမှု ပိုအားကောင်းလာသော အအောင်မြင်ဆုံး လက်ရာအဖြစ် အသိအမှတ်ပြုကြရလေ၏။ ပေါင်းသည် ၁၉၅၈ တွင် လွတ်မြောက်လာပြီး အီတလီသို့ ပြန်လာကာ ၈၇ နှစ် အရွယ် တွင် ကွယ်လွန်လေ၏။

## အဲလ်ဗစ် ပရက်စလေ [ Elvis Presley ]
( ၁၉၃၅ – ၁၉၇၇ )



### ▭ အမေရိကန်ပေါ့ပ်အဆိုတော်။

*ပထမဦးဆုံးသော Rock N' Roll ကြယ်ပွင့်။ ပေါ့ပ်ဂီတအား သူ၏ ကျေးလက်နှင့်ရမ်သမ်အင်ဘလူးစ်ရောစပ်သည့်ဟန်ဖြင့် ပြင်းပြစွာ ပြောင်းလဲ ပစ်ခဲ့သည်။*

အမည်အပြည့်အစုံမှာ **အဲလ်ဗစ်အေရွန်ပရက်စလေ** (Elvis Aaron Presley) ဖြစ်သည်။ မစ်ဆူရီပြည်နယ်၊ တူပီလိုမြို့အရှေ့ပိုင်းရှိ ဆင်းရဲသားမိသားစုမှ မွေးဖွားသည်။ ဘုရားကျောင်းတစ်ကျောင်းတွင် တက်ရောက်ခဲ့ရာ ဓမ္မတေးသီဆိုခြင်းများက သူ့အားလွှမ်းမိုးခဲ့သည်။ ၁၉၅၄ ဇူလိုင်လတွင် တန်နက်စီရှိ မန်းဖစ်၌ သူ့ပထမဆုံးဓာတ်ပြားကို ဆန်းဓာတ်ပြားတိုက်အတွက် အသံသွင်းခဲ့သည်။ ထိုစဉ်က ပရက်စလေမှာ ထရက်ကားမောင်းသူဘဝ၌သာ ရှိသေးသည်။ ကျေးလက်ရေဒီယိုအစီအစဉ်များတွင် သူထင်ပေါ်လာခဲ့သည်။ သူ့အစောပိုင်းဓာတ်ပြားများသည် ကျေးလက် အရောင်းစာရင်းတွင် ရေပန်းစား

လာကြသည်။ ၁၉၅၅ တွင် သူ့စာချုပ်နှင့် ဆန်းဓာတ်ပြားတိုက်မှ သူ့ဓာတ်ပြား အားလုံးကို RCA ဓာတ်ပြားတိုက်မှ ဒေါ်လာ ၃၅၀၀၀ နှင့် ပြန်လည်ဝယ်ယူခဲ့ သည်။ ၎င်းပမာဏမှာ ထိုခေတ်က အလွန်များပြားလှသည့် တန်ဖိုးဖြစ်သည်။ RCA ဓာတ်ပြားတိုက်မှ ၁၉၅၆ တွင်ထွက်သည့် သူ့ပထမဆုံးဓာတ်ပြား **အသည်းကွဲဟိုတယ်** (Heartbreak Hotel) မှာ ကျေးလက်၊ ပေါ့ပ်နှင့် ရမ်သစ်အင်ဘလူးစ် အရောင်းစာရင်းသုံးခုစလုံးတွင် ထိပ်ဆုံးချိတ်ခဲ့သည်။ ထို နှစ်အတွင်း ထွက်သည့် သူ့ဓာတ်ပြားအားလုံးသည် ဂန္ထဝင်တွင်သည့် ရော့စ် သီချင်းများ ဖြစ်လာခဲ့ သည်။ ၎င်းတို့အထဲတွင် (Money Honey)၊ (I Got a Woman) နှင့် (Blue Suede Shoes) တို့ပါဝင်သည်။ သူဆိုသော သီချင်းအားလုံးမှာ အခြားသူများ၏ မူရင်းတေးများသာ ဖြစ်သော်လည်း သူ၏ ထူးခြားသော လက်တန်းသီဆိုသည့်ဟန်ဖြင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဆယ်ကျော် သက်များ၏ စိတ်ကူးကို ဖမ်းစားနိုင်ခဲ့သည်။ ဂျာမနီရှိ အမေရိကန်တပ်မတော် တွင် ၁၉၅၈ မှ ၁၉၆၀ ထိ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၆၀ မှ ၁၉၆၉ အကြား တွင် သူ၏ဂီတရုပ်ရှင်ကားများ သုံးဆယ်ကျော် ထွက်ပေါ်လာခဲ့ သည်။ ဝေဖန်ကြိုဆိုမှုမရှိခဲ့ပေ။ ၁၉၆၉ တွင် ပရက်စလေသည် လက်စ်ဗီးဂပ် (Las Vegas) ၌ အများဆုံးနေထိုင်၍ ကိုယ်ရေးကိုယ်တာများကို ပြန်လည် လုပ်ကိုင်သည်။ ပရက်စလေသည် သူ့ဘဝအချိန်အများစုကို မန်းဖစ်ရှိ **ဂရေ့စ် လန်း** (Graceland) စံအိမ်ကြီးတွင် မိခင်နှင့်မိတ်ဆွေများဝန်းရံ၍ ကုန်လွန်စေ လေသည်။ သူသည် အလွမ်းတေးများကို ကျွမ်းကျွမ်းကျင်ကျင် သီဆိုနိုင်သူ ဖြစ်လာပြီး ပထမတန်းစားဂီတသမားများကို နောက်ခံထား၍ တီးမှုတ်စေ သည်။ မူးယစ်ဆေးဝါး မတော်တဆလွန်ကဲမှုဖြင့် သူ့နေအိမ်၌ မကွယ်လွန်မီ အထိ သူသည် အကြီးမားဆုံး ပေါ့ပ်ကြယ်ပွင့်အဖြစ် တည်ရှိခဲ့သည်။

## ဂျီယာကိုမို ပူစီနီ [ Giacomo Puccini ]
## ( ၁၈၅၈ – ၁၉၂၄ )

### ▫ အီတလီ ဂီတစာဆို။

*အီတာလျှံ အော်ပရာထဲတွင် ဗားဒီပြီးလျှင် အဓိကအရေးအပါဆုံးသူ။*

ပူစီနီကို လပ်ကာ၌ မွေးဖွားသည်။ ထိုနေရာတွင် သူ့မိသားစုများမှာ စိန့်မာတီနိုဘုရားကျောင်းရှိ ဂီတညွှန်ကြားသူ မျိုးဆက်ပေါင်းစုံကို ပံ့ပိုးပေးခဲ့သည်။ ဂျီယာကိုမိုသည် မျိုးရိုး၏ ခြေရာကို နင်းနိုင်ရန်အတွက် ပဲ့ပြင်ဆုံးမခံခဲ့ရပြီး ၁၄ နှစ်အရွယ်တွင် ဘုရားကျောင်းအော်ဂင်သမား ဖြစ်လာခဲ့ရသည်။ ၁၈၈၀တွင် မီလန်ဂီတကျောင်း၌ စတင်သင်ယူခဲ့သည်။ ဗားဒီ၏ **အီဒါ** (Aida) ကိုဖျော်ဖြေသည့်ပွဲက အော်ပရာအား လေးစားအပ်သော ဂီတအဖြစ် ဖော်ထုတ်နိုင်မည့် သူ့အရည်အသွေးကို ပေါ်လွင်စေခဲ့သည်။ ၁၈၈၄ တွင်ဘွဲ့ ရပြီးနောက် သူ၏ပထမဆုံးအော်ပရာ Le Villi ကို တိုတိုတောင်းတောင်းပင် ဖန်တီးခဲ့သည်။ ထိုအော်ပရာဖြင့် အတန်အသင့်အောင်မြင်မှုရရှိလာခဲ့သည်။ ဒုတိယအော်ပရာ Edgar(၁၈၈၉) မှာ လက်ခံမှုအနည်းငယ်သာရရှိခဲ့သည်။ အဘယ်

ကြောင့်ဆိုသော် မဆီလျော်သော ဇာတ်သီချင်းများကိုလည်း ထည့် သွင်းအသုံး ပြုထားသောကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ပူစီနီသည် အိမ်ထောင်ရှိမိန်းမ အယ်ဗီးယားဂျမ်မစ်ဂနန်နှင့် ခိုးရာလိုက်ပြေးသည့် အတွက် ဇာတိမြို့တွင် သွား ပုတ်လေလွှင့်ပြောခံခဲ့ရသည်။ အယ်ဗီးယား၌ သူနှင့် သားတစ်ယောက်ရသော်ငြားလည်း သူ့ခင်ပွန်းမကွယ်လွန်မီ ၁၉၀၄ အထိ သူတို့စုံတွဲမှာ လက်မထပ်ခဲ့ကြချေ။ ခရီးအတန်ငယ်ထွက်ပြီးနောက် သူတို့သည် တော်ရီဒယ်လက်ဂိုး၌ အခြေချခဲ့ကြသည်။ ထိုနေရာမှာတူစကန်နီ ရေကန်နံဘေးမှ ကျေးရွာဖြစ်ပြီး ၎င်းအရပ်တွင် သူ့ဂုဏ်သတင်းကိုမွှေးပျံ့စေ မည့် Manon Lescaut အော်ပရာကို ရေးဖွဲ့ခဲ့သည်။ ပူစီနီသည် အလားတူ ဇာတ်သီချင်းများ ဖြစ်ကြသည့် Luigi Illica နှင့် Giuseppe Giacosa တို့ကို သူ့နောက်ထပ်လက်ရာသုံးပုဒ်ဖြစ်ကုန်သော La Boheme (၁၈၉၆) Tosca (၁၉၀၀) နှင့် Madama Butterfly (၁၉၀၄) တို့အတွက် ရေးဖွဲ့ခဲ့ လေသည်။ တည်တံ့ခိုင်မြဲသော လူကြိုက်များသည့် ၎င်းလက်ရာများသည် အဓိက ဇာတ်ကောင်အမျိုးသမီး တစ်ဦး၏ ကြေကွဲဖွယ် အခြေအနေကို ဗဟိုပြုထားသော ချစ်ပုံပြင်များဖြစ်ကြသည်။ ထိုအမျိုးသမီးမှာ နောက်ဆုံးတွင် ကြေကွဲဖွယ် အဆုံးသတ်ခဲ့ရသည်။ ၎င်းတွင် ပူစီနီ၏ ကြေကွဲဖွယ် တုန်လှုပ်ဖွယ်စွမ်းအား၊ သံစုံတီးဝိုင်းကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုနှင့် ပင်ကိုခံစားချက်ပါသော တေးသွားပါရမီတို့ကို အပြည့်အသိပ်ပင် တင်ပြထားခဲ့သည်။ ပူစီနီနှင့် သူ့ဇနီးတို့၏ လိပ်ခဲတည်းလည်း ဖြစ်နေသော ဆက်ဆံရေးသည် ၁၉၀၈ တွင် တိုင်းသိပြည်သိပေါက်ကွဲလာခဲ့သည်။ အမျိုးသမီးအစေခံတစ်ဦး သူ့ကိုယ်သူ့ သတ်သေသွားရခြင်းသည် ခင်ပွန်း ဖြစ်သူ၏ ခြေရှုပ်မှုကြောင့်ဟု အယ်ဗီးယားက စွပ်စွဲခဲ့သည်။ မိန်းကလေး၌ အပြစ်ကင်းကြောင်း ခိုင်လုံသောအခါ၌ သူမ၏ ဆွေမျိုးများက စွဲချက်တင်လာကြသည်။ ပူစီနီမှာ ထိုကဲ့သို့သတင်းကြီးရခြင်းကြောင့် ထိတ်လန့်တုန်လှုပ်လာခဲ့မိသည်။ ထိုအဖြစ်က သူ့ဖန်တီးမှုကို အကျိုးသက်ရောက်စေခဲ့သည်။ သူ့အခြားသော အော်ပရာ La fanciulla del West (The Girl of the Golden West) ကို ၁၉၁၀ တွင် နယူးယောက်၌ ဖန်တီးထုတ်လုပ်ခဲ့သည်။ ၎င်းအော်ပရာအား ကာရူဆိုက တန်နာ အဆိုတာဝန်ယူ၍ တော့စကန်နီနီက အချက်ပြညွှန်ကြားပြီး အသံသွင်းယူခဲ့သည်။ ၎င်းအော်ပရာသည် ဒီဗျူစီနှင့် စထရပ် စသည့် ဂီတစာဆိုများကိုပါ လွှမ်းမိုးနိုင်ခဲ့ပြီး ပူစီနီ၏ ဟန်နှင့် အကြောင်းအရာများသည် ပုံသေဆန်လာပြီဟူသော ဝေဖန်မှုများကိုလည်း ငြင်း

ဆိုပြီးသား ဖြစ်ခဲ့သည်။ ထိုငြင်းဆိုမှုသည် Turandot အော်ပရာ ၌ ပိုမိုသိသာထင်ရှားလာခဲ့သည်။ ၎င်းမှာ စိတ်ကူးယဉ်နတ်သမီးပုံပြင်ဖြစ်ပြီး ထိုအော်ပရာကို သူ ကွယ်လွန်သည့်အထိ ရေးဖွဲ့သွားခဲ့သည်။ အော်ပရာ၏ ဂီတခန်းခွဲမှုကိုလည်း သူ့တပည့်တစ်ယောက် ဖြည့်စွက်၍ အပြီးသတ်ပေးခဲ့ပြီး ၁၉၂၆ တွင် ၎င်းအော်ပရာကို မီလန်၌ အသံသွင်းယူထုတ်လုပ်လေသည်။ ထိုအချိန်မှစ၍ ပူစီနီသည် အီတလီတွင် အမျိုးသားဂီတဆိုဖြစ်လာခဲ့သည်။ သူကွယ်လွန်သောအခါတွင် လူထုက နှမြောတသပြီး ဂုဏ်ပြုခဲ့ကြလေသည်။

## ဆာဂျီး ရပ်ခ်မာနီနော့ဗ် [ Sergei Rachmaninov ]
## ( ၁၈၇၃ – ၁၉၄၃ )

### □ ရုရှားဂီတစာဆို၊ စန္ဒရားဆရာနှင့်အချက်ပြခေါင်းဆောင်။

*ရုရှားရိုမန်တစ်ရိုးရာထဲတွင် စည်းကမ်းတင်းကျပ်စွာ ရေးဖွဲ့လေ့ရှိသော ကြီးကျယ်ခမ်းနား၍ စိတ်ခံစားမှုပါဝင်သည့် သူ့ဂီတကို ကမ္ဘာတစ်ဝှမ်းတွင် ယဉ်ပါးနေပြီဖြစ်သည်။ သူသည် ထူးချွန်ပြောင်မြောက်သော စန္ဒရားပညာရှင်ဖြစ်ကြောင်းကိုလည်း သူ့ဓာတ်ပြားများက ပြသနေကြသည်။*

ချမ်းသာသော်လည်း ရှေ့ရေးကို မမြော်မြင်တတ်သည့် မိသားစုမှဆင်းသက်လာသော ရပ်ခ်မာနီနော့ဗ်သည် အစပိုင်းတွင် ကိုယ့်အားကိုယ်ကိုး၍ ပညာသင်ကြားခဲ့ရသည်။ စိန့်ပီတာစဘတ်ဂီတကျောင်းတွင် ဦးစွာ သင်ယူခဲ့ပြီးနောက် မော်စကိုဂီတကျောင်း၌ ဆက်လက်သင်ယူခဲ့ရသည်။ ၎င်းတွင် စည်းကမ်းတင်းကျပ်သော ဆရာများဖြစ်ကြသည့် **ဇက်ဗ်ရက်** (Zverev)၊ စန္ဒရားဆရာ **ဇီလော့တီ** (Ziloti)၊ သံပြိုင်ရေးဖွဲ့မှုသင်သူ **တန်နီရက်ဗ်** (Taneyev)၊ တေးရေးဖွဲ့မှုဆရာ **အာရင်စကီး** (Arensky)တို့လက်အောက်တွင် သင်ယူခဲ့ရသည်။ ၁၈၉၂ တွင် ရွှေတံဆိပ်နှင့်ဘွဲ့ရခဲ့ သော ရပ်ခ်မာနီနော့ဗ်သည် မကြာမီ

ပင် ထက်မြက်သော စန္ဒရားသမားဖြစ် လာခဲ့သည်။ နောက်ပိုင်းတွင် သူသည် တေးရေးဖွဲ့ခြင်းကို ပို၍ စိတ်ပါ လာခဲ့သည်။ သူ့ပထမဆုံး စန္ဒရားကွန်ဆာတို (၁၈၉၀–၉၁) ကို ၁၉၁၇တွင် ပြန်လည်ပြင်ဆင်တည်းဖြတ်ခဲ့သည်။ ဘွဲ့ယူ သင်ခန်းစာဖြစ်သည့် တစ်ယောက်တည်းသရုပ်ဆောင်ရသော အော်ပရာ Aleko နှင့်ထင်ရှားသော စန္ဒရားအတွက် တေး Prelude in C Sharp minor (၁၈၉၂) တို့သည် သူ့ အစောပိုင်းလက်ရာများ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ သူ့ပထမဆုံး ဆင်ဖိုနီ (၁၈၉၇) ကိုတင်ဆက်ခဲ့စဉ်က လက်ခံမှု သိပ်မရှိခဲ့သောကြောင့် ရပ်ခ်မာနီနော့ဗ်သည် စိတ်မချမ်းမသာဖြစ်ခဲ့ရပြီး သူ့ ဒုတိယကွန်ဆာတို (၁၉၀၀–၀၁) နိုင်ငံတကာတွင် အောင်မြင်မှုမရချိန်အထိ သီချင်းရေးခြင်းကို သုံးနှစ် ကြာ ရပ်နားခဲ့သည်။ ၁၉၀၉ တွင် စန္ဒရားဆရာအဖြစ် အမေရိကတွင် ပွဲဦးထွက်ဖျော်ဖြေခဲ့ပြီး ထိုနှစ်ထဲမှာပင် သံစဉ်ပါသောကဗျာဖြစ်သည့် **သေခြင်း၏ကျွန်း** (The Isal of the Death) ကိုရေးဖွဲ့လေ၏။ ထို့နောက် ၁၉၁၃ ၌ တေးသံ ပြိုင်ဆင်ဖိုနီဖြစ်သည့် **ခေါင်းလောင်းများ** (The Bells) ကို ရေးဖွဲ့ပြန်သည်။ ၁၉၁၇ တော်လှန်ရေးပြီးနောက် ရပ်ခ်မနီာနော့ဗ်နှင့် ဇနီးသည် နာတာလျာတို့သည် ရုရှားကိုစွန့်ခွာပြီး ဆွစ်ဇာလန်သို့ ထွက်လာခဲ့ကြသည်။ (သူ့ဇနီးမှာ နမ ဝမ်းကွဲတော်ပြီး ၁၉၀၂ တွင် လက်ထပ်ခဲ့သည် ) ၁၉၃၆ တွင် ရပ်ခ်မာနီနော့ဗ်သည် အမေရိကားသို့ပြောင်းရွှေ့အခြေချပြီး ထိုနေရာ၌ပင် ဘီဗာဟေးရှိ နေအိမ်၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ရပ်ခ်မာနီနော့ဗ်၏ လက်ရာများတွင် ဆင်ဖိုနီသုံးပုဒ်၊ စန္ဒရားကွန်ဆာတို လေးပုဒ်၊ အော်ပရာသုံးပုဒ်နှင့် (ခန်းမ နှင့် စန္ဒရားဂီတဖြစ်ပြီး သီချင်းများစွာ ပါဝင်သည့်) Rhapsody on a Theme of Paganini (၁၉၃၄) တို့ပါဝင် ကြသည်။

## ရောဘတ်ရိုဆန်ဘတ် [ Robert Rauschenberg ]
## ( ၁၉၂၅ – )

□ **အမေရိကန်ပန်းချီဆရာနှင့် စမ်းသပ်လေ့လာရေးပညာရှင်။**

*ပေ့ါပ်ပန်းချီကို ဦးဆောင်ခဲ့သူ တစ်ဦး။*

ရိုဆန်ဘတ်ကို တက္ကဆက်ရှိ ပေ့ါအာသာ၌ ဖွားမြင်သည်။ တက္ကဆက်တက္ကသိုလ်တွင် ဆေးဝါးဖော်စပ်မှုပညာကို သင်ယူခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း စစ်မှုထမ်းခဲ့သည်။ ထို့နောက် ကန်ဆက်မြို့တော်နှင့် ပါရီတို့၌ ပန်းချီပညာကို ဆည်းပူးသင်ယူခဲ့ပြီး ၁၉၄၈ တွင် ဘလက်မောင်တိန်ကောလိပ်ရှိ ဂျိုးဆက်အယ်လ်ဘာ၏ လက်အောက်တွင် ပညာသင်ယူခဲ့သည်။ နယူးယောက်ရှိ ပန်းချီကျောင်းသားများ အစည်းအရုံးတွင် ကာလအတန်ကြာ သင်ယူခဲ့ပြီးနောက် ၁၉၅၁ တွင် သူ့ပန်းချီကားအတွဲများကို ပြသခဲ့သည်။ ထိုပန်းချီကားများမှာ အဖြူခံပေါ်တွင် အနက်ရောင်ကိန်းဂဏန်းများ (သို့) သင်္ကေတများကို ရေးဆွဲသရုပ်ဖော်ထားခြင်း ဖြစ်သည်။

၁၉၅၀ နှင့် ၁၉၆၀ နှစ်များအတွင်း ရိုဆန်ဘတ်သည် သူ၏ လူသိများသည့် ‘စုပေါင်းစပ်ပေါင်းပန်းချီ’ ကားများကို ဖန်တီးခဲ့သည်။ **ချားလီးန်**

(Ch-arlene) (၁၉၅၄)၊ **အိပ်ယာ** (Bed)(၁၉၅၅)၊ **ပဟေဠိ ရုပ်ပုံ** Rebus (၁၉၅၅) စသည့် ပန်းချီကားများတွင် လက်သည်းများ၊ အဝတ်စများ၊ ပုလင်းများ စသည့် ဖြတ်စညှပ်စများကို ပန်းချီနှင့်စုစည်း၍ ပေါင်းစပ်ပေးခဲ့သည်။ ၎င်းပုံများအား ရိုဆန်ဘတ်က 'အနုပညာနှင့် ဘဝတို့ ကြားရှိကွာဟချက်' အတွင်း သူပြုလိုသည့်အတိုင်း တင်ပြသွားခဲ့ခြင်းဟုဆိုသည်။ ၁၉၆၀ နှစ်များအတွင်း လက်ရေးအလှများနှင့် ပိုးသား ပုံနှိပ် ပန်းချီများ၊ သုံးဘက်မြင်တည်ဆောက်ပုံများကို သူစမ်းသပ်ခဲ့သည်။ ၁၉၆၄ တွင် ဗင်းနစ်ဘိနေးဆုကို ပထမအကြိမ်ရရှိခဲ့ပြီး ၁၉၆၆ တွင် EAT အမည်ရှိ 'အနုပညာနှင့်နည်းစနစ်စမ်းသပ်ချက်များ' အသင်းကို ထူထောင်လေသည်။ ထိုအသင်း၌ ပန်းချီဆရာများ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များ ယှဉ်တွဲပါဝင်ကြပြီး အနုပညာလက်ရာများအတွင်း နည်းစနစ်သစ်များ အသုံးချပုံကို စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ကြသည်။ ထိုစုံစမ်းမှု၏ ရလဒ်အဖြစ် ၁၉၆၈ တွင် **အသံပြုခြင်းများ** (Soun-dings) ထွက်ပေါ်လာခဲ့သည်။ ၎င်းမှာ ပွဲကြည့်သူတို့ပြောသည့်အသံများဖြင့် လက်ရာများအား နှိုးဆွပေးရသည့် ပတ်ဝန်းကျင်တစ်ခုပင် ဖြစ်သည်။

၁၉၇၀ နှစ်များ၌ ရိုဆန်ဘတ်သည် အဝတ်စ၊ ကတ်ထူပြားစသည့် ပျက်စီးလွယ်သော ပစ္စည်းများကို အသုံးပြုရန် နည်းလမ်းများကို စူးစမ်းရှာဖွေလျက်ရှိသည်။ ၁၉၅၀ နှစ်များမှစ၍ ဓာတ်ကုမ္ပဏီများနှင့် ပတ်သက်လာခဲ့သည်။ ထို့နောက်တွင် သူသည် ဓာတ်ပုံနည်းစနစ်များဖြင့် ကျယ်ကျယ် ပြန့်ပြန့်ပင် လုပ်ဆောင်ခဲ့လေသည်။

## ယန်း ရေနွား [ Jean Renoir ]
## ( ၁၈၉၄ – ၁၉၇၉ )

### ▭ ပြင်သစ်ဖွား ရုပ်ရှင်ဒါရိုက်တာ။

*ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်သို့ ထွက်ခွာခဲ့သည်။ သို့ သော် နောက်ပိုင်းတွင် ဥရောပသို့ ပြန်လာခဲ့သည်။*

ပါရီ၌ မွေးဖွားသည်။ အင်ပရက်ရှင်းနစ် ပန်းချီဆရာ **ပီယေးသြဂတ်စ်တီ ရေနွား** (Pierre Auguste Renoir) (၁၈၄၁–၁၉၁၉) ၏သား ဖြစ်သည်။ ပထမကမ္ဘာစစ်အပြီးတွင် အခိုက်အတန့်မျှ အချိန်ဖြုန်းနေခဲ့ပြီး ၁၉၂၄ တွင် ရုပ်ရှင်ဖြင့် စတင် အသက်မွေးခဲ့သည်။ သူ့ အစောပိုင်း အသံတိတ် ရုပ်ရှင်ကားများတွင် (သူ့ဖခင်၏ ကိုယ်ဟန်ပြမယ်ဖြစ်ခဲ့သော) သူ့ဇနီး ကက်သရင်းဟက်စလင်း ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၎င်းကားများအတွင်း မှတ်သားဖွယ်ကားမှာ ပြင်သစ်စာရေးဆရာကြီး ဇိုလာ၏ ဝတ္ထုကို ရိုက်ကူး သော **နာနာ** (Nana) (၁၉၂၆) ရုပ်ရှင်ကားဖြစ်သည်။ ရေနွားနှင့် သူ့ဇနီးတို့ သည် Le P' tite Lille (၁၉၂၉) နှင့် Little Red Riding Hood (၁၉၃၀) စသည့် ရုပ်ရှင်ကားများဖြင့် ထင်ပေါ်လာကြသည်။ အချိန်တိုတိုအတွင်းမှာပင် သူတို့

လမ်းခွဲခဲ့ကြသည်။ အသံထွက်ရုပ်ရှင်ခေတ် ပေါ်လာသောအခါ ရေနွား သည် **မဒမ်ဘိုဗာရီ** (Madame Bovary) (၁၉၃၄)၊ Toni (၁၉၃၅)၊ Les Bas-Fonds (၁၉၃၆) စသည့် ရုပ်ရှင်များဖြင့် ပို၍ကျော်ကြားလာခဲ့သည်။ ထို့နောက် La Grande Illusion (၁၉၃၇)၊ La Bete humaine (၁၉၃၈) ဇာတ်ကား များကြောင့် နိုင်ငံတကာမှ အသိအမှတ်ပြုမှု ရရှိလာသည်။ ပထမဆုံးပြသစဉ်က အရှုံးပေါ်ခဲ့သော La Regle du jeu (၁၉၃၉) သည် နောက်ပိုင်းတွင် အကောင်း ဆုံးလက်ရာအဖြစ် အသိအမှတ်ပြုခံရ သည်။ ရေနွားသည် အမေရိကားတွင် **တောင်ပိုင်းသား** (The Southerner) (၁၉၄၅)နှင့် **ကမ်းခြေကမိန်းမ** (The Woman on the Beach) (၁၉၄၇) စသည့် ကားများကိုရိုက်ကူးခဲ့သည်။ သူ၏ ပထမဆုံးဆေးရောင်စုံ ဇာတ်ကားဖြစ်သည့် **မြစ်** (The River) (၁၉၅၁) ကို သူ့တူ ကင်မရာသမား ကလော့ဒ်ရေနွားနှင့်အတူ အိန္ဒိယတွင် သွားရောက် ရိုက်ကူး ခဲ့သည်။ ဥရောပသို့ ပြန်လာပြီးနောက် ရေနွားသည် ၁၉၆၀ ဝန်းကျင် လှိုင်းသစ်ရုပ်ရှင် သမားများအပေါ်တွင် ဩဇာကြီးစွာသက်ရောက်ခဲ့သည်။ ထို ကာလအတွင်း ရုပ်ရှင်မျိုးစုံ သူရိုက်ကူးခဲ့ရာ Le Coporal epingle (၁၉၆၂) နှင့် သူ့ နောက်ဆုံးလက်ရာဖြစ်သည့် ရုပ်မြင်သံကြားဇာတ်လမ်း Le Petit Theatre de Jean Renoin (၁၉၇၁) တို့ ပါဝင်ကြသည်။ ရေနွားသည် ပြဇာတ်ရေးသားခြင်းနှင့် ညွှန်ကြားခြင်းကိုလည်း လုပ်ကိုင်ခဲ့သကဲ့သို့ ဝတ္ထုရှည် တစ်ပုဒ်နှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်တွဲကိုလည်း ရေးသားခဲ့သေးသည်။ ကိုယ် တိုင်ရေးအတ္ထုပ္ပတ္တိတွဲမှာ **ကျွန်တော့်ဘဝနှင့် ကျွန်တော်ရုပ်ရှင်များ** (My Life and My Films) (၁၉၇၄) နှင့် **ကျွန်တော့်အဖေ ရေနွား** (Renoir, My Father) (၁၉၆၂) တို့ ဖြစ်ကြသည်။

## အလိန်း ရက်စ်နိုင့် [ Alain Resnais ]
## ( ၁၉၂၂ – )

### ▭ ပြင်သစ်ရုပ်ရှင်ဒါရိုက်တာ။

*လှိုင်းသစ်ရုပ်ရှင်သမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။*

ဗန်းနီးစ်မြို့၌ မွေးဖွားခဲ့သူ ရက်စ်နိုင့်သည် သရုပ်ဆောင်ပညာကို လေ့လာပြီး ရုပ်ရှင်အနုပညာသိပ္ပံကျောင်းသို့ တက်ရောက်ခဲ့သည်။ သူ၏ ဦးဆုံးဖန်တီးသော မှတ်တမ်းရုပ်ရှင်ကားမျိုးစုံထဲတွင် **ဗန်ဂိုး** (Van Gogh) (၁၉၄၈)၊ ရောဘတ်ဟက်ဆင်နှင့် ပူးတွဲရိုက်ကူးသော **ဂွာရာနီကာ** (Guernica) (၁၉၅၀) နှင့် Nuit et brouillard (၁၉၅၅) တို့ ပါဝင်ကြသည်။ ထို့နောက် သူ၏ ပထမဆုံးထူးခြားသည့်ကား ဖြစ်သည့် Hiroshima mon amour (၁၉၅၉) ကို စတင်ရိုက်ကူးသည်။ ထိုကားမှာ ပြင်သစ်အမျိုးသမီးနှင့် ဂျပန်အမျိုးသမီးတို့အကြားရှိ စိတ်ကူးယဉ်မှုအကြောင်းဖြစ်သည်။ ၎င်းနောက်တွင် ဗင်းနစ်ဂရန်းပရစ်ဆု ရရှိသော L'Annee derniere a Mar- ienbad (၁၉၆၁) ထွက်ရှိလာသည်။ တောက်လျှောက်ပင် ရက်စ်နိုင့်သည် မာဂူရိုက် ဒါးရပ်စ်၊ အလန်း ရော်ဘီဂရေးလက်၊ ဂျော့ဆမ်ပရမ်၊ ဂျက်ကွက် စဟန်းဘတ်

စသည့် စာရေးဆရာမများနှင့် ရင်းနှီးစွာတွဲဖက်လုပ်ကိုင်ခဲ့သည်။

သူသည် ထူးခြားသော နည်းစနစ်များဖြင့် ရိုက်ကူးရခြင်းကို နှစ်သက်ပြီး သူ့ ရုပ်ရှင်ကားများထဲတွင် မှတ်ဉာဏ်နှင့် အချိန်တို့အား ထပ်ခါထပ်ခါ အာရုံဝင်စားစေသော ပြကွက်များကို တင်ပြလေ့ရှိသည်။ ရက်စ်နိုင့်သည် ဆုမျိုးစုံရရှိခဲ့ရာတွင် ၁၉၈၀ ၌ Mon oncle d' Amerique ရုပ်ရှင်အတွက် ကိန်းရုပ်ရှင်ပွဲတော်မှ ပေးအပ်ခဲ့သော အထူးဆုလည်း ပါရှိလေ၏။ နောက် ပိုင်းထွက်သော ရုပ်ရှင်ကားများထဲ၌ La Vie est un roman (၁၉၈၃)၊ ချီးကျူးမှုများစွာ ရခဲ့သော L' Amour a mort (၁၉၈၅) နှင့် Melo (၁၉၈၇) တို့ ပါဝင်ကြ၏။

## ကလစ်ရစ်ချက် [ Cliff Richard ]
## ( ၁၉၄၀ – )

### ▫ ဗြိတိသျှ ပေါ့ပ်အဆိုတော်နှင့် သရုပ်ဆောင်။

*Cha - Cha သီချင်းအေးလေးများဖြင့် ရည်မွန်သောပုံရိပ်ကို ဖော်ကျူးခဲ့သူ။*

အမည်ရင်းမှာ **ဟယ်ရီရော်ဂျာဝက်ဘ်** (Harry Roger Webb) ဖြစ်သည်။ အိန္ဒိယ၌ မွေးဖွားခဲ့သည်။ မိသားစုနှင့်အတူ ဗြိတိန်သို့ ၁၉၄၇ တွင် ပြန်လာခဲ့သည်။ ရုပ်မြင်သံကြားစက်ရုံတွင် စာရေးအဖြစ် လုပ်ကိုင်နေစဉ် ဂစ်တာအဖွဲ့များနှင့်အတူ တီးခတ်၍ သီဆိုခဲ့သည်။ ၁၉၅၈ တွင် သူ၏ ပထမဆုံး ရေပန်းစားသည့် ဓာတ်ပြား Move It ကို သွင်းယူသည်။ မူလက Prifters ဟု အမည်ပေးခဲ့ပြီးနောက်ပိုင်းတွင် Shadows ဟု အမည်ထပ်ပြောင်းခဲ့သည့် သူ့ နောက်ခံတီးဝိုင်းသည် ၁၉၆၈ မတိုင်မီအထိ သူနှင့် လက်တွဲခဲ့သည်။ သူ၏ ပွဲဦးထွက်ရုပ်ရှင် Serious Charge ကို ၁၉၅၉ တွင် ရိုက်ကူးပြီးနောက် သူ၏ ရုပ်ရှင်ကားမျိုးစုံ ထွက်ပေါ်လာခဲ့သည်။ အများအားဖြင့် တေးသံစုံဓာတ်မြူးများဖြစ်ကြသည်။ Expresso Bongo (၁၉၆၀) တွင်

ပေါ့ပ်အဆိုတော်အဖြစ် သရုပ်ဆောင်ခဲ့ရပြီး Two a Penny (၁၉၆၈) တွင် ဖြောင့်မတ်သော ဇာတ်ကောင်အဖြစ် သရုပ်ဆောင်ခဲ့သည်။ သူသည် ကျယ်ပြန့်စွာ လှည့်လည်ဖျော်ဖြေခဲ့ရပြီး ၁၉၇၀ တွင် အရှေ့ဂျာမနီ နှင့် ဂျာမနီရုပ်သံတို့၌ ထင်ပေါ်လာခဲ့သည်။ ထိုနှစ်မှာပင် Five Finger Exercise အစီအစဉ်တွင် ပွဲဦးထွက်ဖျော်ဖြေခဲ့ရပြီး ၁၉၈၆ တွင် တေးသံစုံ Time in London ၌ ပါဝင်ရုပ်ဆောင်ခဲ့ရသည်။ ရစ်ချက်၏ ဂီတသည် အစပိုင်းတွင် ဆယ်ကျော်သက်ရော့ခ်အင်ရိုးလ် ပရိသတ်နှင့်အတူ စတင်ခဲ့ပြီး ၎င်းပရိသတ် သက်လတ်ပိုင်းရောက်လာချိန်၌ ပေါ့ပ်ပရိသတ်များ နှစ်သက် သည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ငါးဆယ်ကျော်လာသော ရစ်ချက်သည် ပေါ့ပ်ဆင်ဂဲလ် အရောင်းစာရင်းတွင် ဆက်လက်အောင်မြင်နေခဲ့သည်။ ကိုယ်စားရေးခိုင်းခဲ့သည့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ် Which One's Cliff? ကို ၁၉၇၇ တွင် ထုတ်ဝေသည်။

## မာ့က် ရကို [ Marc Rothko ]
## ( ၁၉၀၃ – ၁၉၇၀ )

□ **ရုရှားဖွား အမေရိကန် ဒြပ်မဲ့ပန်းချီဆရာ။**

အမည်ရင်းမှာ **မားကပ်စ်ရကိုဗစ်ချ်** (Marcus Rothkovitch) ဖြစ်သည်။ သူ့မိသားစုများ ရုရှားမှနေ၍ အော်ရီဂွန်ပြည်နယ်ရှိ ပေါ့တလန်သို့ ပြောင်းရွှေ့အခြေချစဉ်က ရကိုမှာ ဆယ်နှစ်သားသာ ရှိသေးသည်။ ၁၉၂၁ မှ ၂၃ အတွင်း ယေးလ်တက္ကသိုလ်တွင် သင်ယူခဲ့ပြီး ၁၉၂၅ တွင် ပန်းချီစဆွဲသည်။ ပန်းချီကျောင်းသားများ အစည်းအရုံးတွင် ခေတ္တမျှဝင်ရောက်ခဲ့ပြီးနောက် ၎င်းမှထွက်၍ မိမိဘာသာ ပန်းချီသင်ယူတတ်မြောက်ခဲ့သည်။ ၁၉၃၅ တွင် ရကိုသည် 'The Ten'အမည်ရ စိတ္တဇပန်းချီဂိုဏ်းကို ပူးပေါင်းထူထောင်သည်။ သို့သော် ၁၉၄၀ နှစ်များအလယ်တွင် သူသည် ဒြပ်မဲ့ဆာရီယယ်လစ်ပန်းချီကို လက်ခံကျင့်သုံးခဲ့သည်။ ပါးလွှာသော်လည်း ပြင်းထန်သော အရောင်များဖြင့် ပျော့ပျောင်းစွာ အနားသတ်ထားသည့် ဒေါင့်မှန် ဧရိယာအချို့ပါဝင်သော ပန်းချီကားများကို သူ ရေးဆွဲခဲ့သည်။ ၁၉၄၇ ကာလတွင် ရင့်ကျက်သောဟန် ပေါ်ပေါက်လာခဲ့သည်။ အရောင်များ အပြန်အလှန် အကျိုးသက်ရောက်ခြင်းအားဖြင့် ထွန်းလင်းတောက်ပသော ပြုလုပ်ချက်များကို မကြာမကြာ

ပင် သူ ဖန်တီးလေ့ ရှိသည်။ အလွမ်းအဆွေး မှ ဝမ်းမြောက်အားရခြင်းအထိ အကြောင်းအရာများ စီကာစဉ်ကာ ရေးဆွဲ ထားသော သူ့ပန်းချီကားများမှာ ကြည့်သူ့အား လွှမ်းခြုံစေသည့် စိတ် လှုပ်ရှားမှုဖော်ပြချက်များနှင့်အတူ အဆင့် မြင့်စွာ တည်ရှိနေကြသည်။ ရုကိုသည် ပန်းချီဆွဲခြင်းအား ဘာသာရေးအတွေ့ အကြုံအဖြစ် သတ်မှတ်သည်။ ထိုအချက်ကို သူ့လက်ရာများထဲတွင် ထည့် သွင်းဆက်စပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ သူ့ဘဝ၏ နောက်ဆုံးဆယ်စုနှစ်အတွင်း သူ့ပန်းချီကားများတွင် အရောင်များ ပိုမိုမည်းမှောင်လာကြပြီး ၁၉၇၀ တွင် သူ့ကိုယ်သူ အဆုံးစီရင် ခဲ့သည့် စိတ်ဓာတ်ကျဆင်းမှုကို ရောင်ပြန်ဟပ်နေကြ သည်။

## ဂျော့ ရူးအော့ [ Georges Rouault ]
## ( ၁၈၇၁ – ၁၉၅၈ )

### □ ပြင်သစ်စိတ္တဇနှင့် ဘာသာရေးပန်းချီဆရာ။

*သူ့ပန်းချီကားများသည် ပြတင်းပေါက်မှန်ဆေးသွင်းခြင်းကို ပြန်ပြောင်းသတိရစေသည်။*

ရူးအော့သည် ပါရီရှိ အိမ်ထောင်ပရိဘောဂလုပ်သူတစ်ဦး၏ သားဖြစ်သည်။ ၁၄ နှစ်အရွယ်တွင် သူသည် မှန်ဆေးသွင်းလုပ်ငန်း၌ အလုပ်သင်ဖြစ်လာခဲ့ပြီး ၎င်းနောက်တွင် အလယ်ခေတ် ဘုရားကျောင်းပြတင်းပေါက်များ၌ မှန်များကို ပြန်တပ်ပေးရသော လက်မှုပညာသည်တစ်ဦးထံတွင် လုပ်ကိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရူးအော့သည် ညနေပိုင်း ပန်းချီသင်တန်း တက်ရောက်ခဲ့သည်။ ၁၈၉၁ တွင် အနုပညာသိပ္ပံ၌ စတင်သင်ယူခဲ့ပြီး သူ့ဆရာတစ်ဦး၏ အကူအညီဖြင့် မားတိစ်နှင့် တွေ့ဆုံခဲ့သည်။ ၎င်းထံတွင် အရောင်၏ စွမ်းအားကို စိတ်ဝင်စားလာခဲ့သည်။ ၁၉၀၃ တွင် ရူးအော့သည် ဘာသာရေးအကြောင်းအရာများ ရေးဆွဲနေရာမှ ပြောင်းလဲပြီး ပြည့်တန်ဆာများ၊ ဖျော်ဖြေသူများ၊ အပယ်ခံများ စသည့်အကြောင်းအရာများကို အားသွန် ခွန်စိုက်တင်ပြခဲ့

သည်။ သူ၏ ဦးတည်ချက်ပြောင်းလဲမှုမှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ရပြီး မကောင်းမှုဒုစရိုက်၏ ကြောက်မက်ဖွယ်ကောင်းမှုများကို ထင်ဟပ်ပြနိုင်ခဲ့သည်။ ၎င်းပန်းချီကားများအတွင်းရှိ အောက်ခံမျဉ်းထူထူကြမ်းကြမ်း များအတွင်း၌ အလင်းရောင်ပေးသော ပုံစံကို ဖန်တီးသည့် အရောင်သုံးစွဲပုံ မှာ ပြတင်းမှန်ဆေးဆိုးပုံနှင့် ဆင်တူလှသည်။ ၁၉၀၈ တွင် သူရေးဆွဲသော အကြောင်းအရာများထဲ၌ တရားသူကြီးများကိုပါ ဖြည့်စွက်ထည့်သွင်းခဲ့သည်။ ၁၉၄၀ တွင် ဘာသာရေးအကြောင်းအရာများကို ပြန်လည်ရေးဆွဲခဲ့ပြီး ၎င်းနောက်ပိုင်းတွင် ချီးမွမ်းဂုဏ်ပြုမှုများစွာ ရရှိခဲ့သည်။ ကင်းဗတ်စပေါ်တွင် ရေးဆွဲသကဲ့သို့ပင် ကြွေထည်များပေါ်၌လည်း သူ ပန်းချီရေးဆွဲ ခဲ့သည်။ ၁၉၁၄ မှ ၁၉၂၀ အထိ စာအုပ်များအတွက် သရုပ်ဖော်ပုံများ ရေးဆွဲ ပေးခဲ့ရသည်။ ထို့အပြင် အထည်များနှင့် အော်ပရာများအတွက် ဒီဇိုင်းများ ကိုလည်း ပြုလုပ်ပေးခဲ့သေးသည်။ ဘဝနိဂုံးပိုင်းတွင် သူ့ပန်းချီကားများသည် ပိုမိုကြည်လင်၍ အေးချမ်းသောအရောင်များဖြင့် ဖုံးလွှမ်းလာခဲ့သည်။

## အတ်တာရူဘင်စတိန်း [ Artur Rubinstein ]
## ( ၁၈၈၈ – ၁၉၈၂ )

### ▭ ပိုလန်ဖွား အမေရိကန် စန္ဒယားဆရာ။

ဂီတသက်တမ်းတွင် အကြာမြင့်ဆုံး တင်ဆက်ဖျော်ဖြေခဲ့သူတစ်ဦး။

ဝါဆောတွင် မွေးဖွားသည်။ ကလေးဘဝတည်းကပင် ပါရမီထူးကဲသော ရူဘင်စတိန်းသည် ဂျိုးဆက် ဂျိုအက်ချ်ဟင်၊ ဟိန်းနရစ်ဘတ်နှင့် မက်စ်ဘရပ်ချ်တို့လက်အောက်တွင် သင်ယူခဲ့ရသည်။ ၁၉၀၀ ပြည့်နှစ်တွင် သူ၏ ပွဲဦးထွက် ဘာလင်ပွဲ၌ မိုးဇက်၏ A Major ကွန်ဆာတိုကို တီးခတ်ဖျော်ဖြေခဲ့သည်။ သူသည် ၁၂ နှစ်သားအရွယ်မှာပင် အာရုံထက်မြက်သူတစ်ဦးအဖြစ် သတ်မှတ်ခံရသည်။ ထိုမှတစ်ဖန် **ပါဒါရီစကီ** (Padere- wski) နှင့်အတူ အချိန်အနည်းငယ်မျှ သင်ယူခဲ့ပြီးနောက် ဥရောပ၊ အမေရိကားနှင့် တောင်အမေရိကတို့သို့ လှည့်လည်ဖျော်ဖြေခဲ့သည်။ ၁၉၃၂ တွင် အိမ်ထောင်ပြုပြီးနောက် ရူဘင်စတိန်းသည် နည်းစနစ်နှင့် ဂီတဝမ်းစာတို့ကို အသစ်ပြောင်းလဲ လေ့လာရန်အတွက် စင်မြင့်ဂီတပွဲများမှ အချိန်အတန်ကြာ အနားယူခဲ့သည်။ ၁၉၄၆ တွင် အမေရိကန်နိုင်ငံသားဖြစ်လာခဲ့ပြီး နောက်ထပ်သုံးနှစ်အတွင်း ဂီတခရီးစဉ်အများအပြားကို လှည့်လည်ဖျော်ဖြေခဲ့သည်။ ကွန်ဆာတို

နှင့် ခန်းမဂီတများကို တီးခတ်ခဲ့ပြီး ဓာတ်ပြားပေါင်း မြောက်များစွာ အသံသွင်းယူခဲ့သည်။ ၎င်းဓာတ်ပြားများထဲတွင် ရှူပင်၏ လက်ရာအပြည့်အစုံနှင့် ဗီသိုဗင်၏ ကွန်ဆာတိုများပါဝင်ကြသည်။ သူ၏ နောက်ဆုံး လန်ဒန်ဂီတပွဲကို အသက် ၈၈ နှစ်အရွယ် ၁၉၇၆ တွင် တင်ဆက်ခဲ့သည်။ ဆွဲဆောင်မှုနှင့် အသိဉာဏ်ကြီးမားသော ရှုဘင်စတိန်းသည် ရုပ်မြင် သံကြားများတွင် မကြာမကြာ အင်တာဗျူးခံရပြီး ကိုယ်ရေးအတ္ထုပ္ပတ္တိနှစ်တွဲ ဖြစ်သည့် **ကျွန်ုပ်နုစဉ်နှစ်များ** (My Young Years) (၁၉၇၃) နှင့် **ကျွန်ုပ် ၏ နှစ်များစွာ** (My Many Years) (၁၉၈၀) တို့ကိုလည်း ရေးသားခဲ့ သည်။

## ယန်းပေါ်ဆတ် [ Jean - Paul Sartre ]
## ( ၁၉၀၅ – ၁၉၈၀ )

### ▫ ပြင်သစ်ဝတ္ထုရေးဆရာ၊ ဒဿနပညာရှင်၊ ပြဇာတ်ရေးဆရာ နှင့် ဝေဖန်ရေးသမား။

*ဖြစ်တည်မှုဝါဒအား ဦးဆောင်၍ ရှင်းလင်းတင်ပြသူ။ ၁၉၆၄ တွင် စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခံရသော်လည်း ငြင်းပယ်ခဲ့သည်။*

ဆတ်အား ပါရီ၌ မွေးဖွားသည်။ ဖခင်ကွယ်လွန်ပြီးနောက် မိခင်ဘက်မှ အဘိုးတော်စပ်သူ ချားလ်စ်ရွိုက်ဇာ၏ အိမ်သို့ ရောက်ရှိလာရသည်။ (၎င်းမှာ အဲလ်ဘတ်ရွိုက်ဇာ၏ ဦးလေးဖြစ်သည်) ၁၉၂၉ တွင် ဘဝတစ်သက်တာ အဖော်မွန်ဖြစ်လာမည့် ဆီမွန်ဒီဘူးဗွားနှင့် ဆုံဆည်းခဲ့သည်။ ထိုနှစ်မှာပင် တက္ကသိုလ်မှ ဒဿနပညာဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၃၃ တွင် စာသင်သည့် အလုပ်ကို ရပ်နား၍ ဘာလင်၌ တစ်နှစ်ကြာ သွားနေခဲ့သည်။ ၎င်းတွင် ဆတ်သည် ဂျာမန်ဖီနိုမီနိုလိုဂျီ ပညာရှင်များဖြစ်သည့် **အက်ဒ်မန့်ဟပ်ဆပ်** (Edmund Husserl) နှင့် မာတင်ဟိုက်ဂါ (Martin Heidegger) တို့ထံမှ ဆည်းပူးလေ့လာခဲ့သည်။ ၎င်းတို့၏ သီအိုရီများအပေါ်တွင် ဆတ်၏ ဖြစ်တည်မှုဝါဒ

အမြင်မှာ အခြေခံလာခဲ့သည်။ ဆတ်သည် ပထမဆုံးရေးသော **အော့နှလုံး** (Nausea) (၁၉၃၈) ဝတ္ထုဖြင့် စာရေးဆရာအဖြစ် နာမည်ရလာခဲ့သည်။ ၎င်းနောက်တွင် ဝတ္ထုတို စုစည်းမှုဖြစ်သည့် **နံရံ** (The Wall) (၁၉၃၉) ထွက်ရှိလာခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဆတ်သည် ပြင်သစ်တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ပြင်သစ်သည် ဂျာမန်တို့လက်အောက်သို့ ကျရောက်သောအခါ ဆတ်မှာ အဖမ်းခံရပြီး ၁၉၄၁ တွင် ပြန်လွတ်လာခဲ့သည်။ ၁၉၄၃ တွင် သူ၏ဖြစ်တည်မှုအယူအဆများကို **ဖြစ်ခြင်းနှင့်မဖြစ်ခြင်း** (Being and Nothingness) စာအုပ်၌ အဓိပ္ပါယ်ဖွင့်ဆိုရှင်းပြခဲ့သည်။ ၎င်းစာအုပ်ကြောင့် ဆတ်သည် ထိုခေတ်၏ ဒဿနိကခေါင်းဆောင်ဖြစ်လာရသည်။ ဆတ်၏ ဖြစ်တည်မှုဝါဒမှာ တည်ရှိမှုကို အနှစ်သာရအပေါ်တွင် ဦးစားပေး၍ အလေးအနက် သဘောထားခြင်းပင်ဖြစ်သည်။ လူသည် တစ်ဦးတစ်ယောက်တည်း ဟာလာဟင်းလင်း မွေးဖွားလာသည်။ မွေးလာချိန်မှစ၍ လူ သည် သူ့ဘဝကို လွတ်လပ်စွာ ရွေးချယ်ပြီး ဆုံးဖြတ်၍ ပြုမူ၍ တက်လှမ်းသည်။ သူ့အတွက် သူ့မှာသာ တာဝန်ရှိသည်။ ရေးကံဖန်လာခြင်းအကြောင်း များနှင့် စကြဝဠာ၏ ကိုင်ဆုပ်မရသော သဘောတရားများကား ဖြစ်တည်မှု ဝါဒီလောက၌ နေရာမရှိချေ။ ဆတ်၏ နောက်ပိုင်းဒဿနလက်ရာများထဲ တွင် လွတ်လပ်မှုအတွက် လူမှုတာဝန်ကို တင်ပြသည့် L ' Existentialsme est un humanisme (၁၉၄၆) နှင့် ဖြစ်တည်မှုဝါဒအား မာ့က်စ်၏ လူမှုရေး သိပ္ပံပညာနှင့် ပေါင်းစပ်၍ ဆင်ခြင်ယူဆသောကြိုးပမ်းမှုဖြစ်သည့် Critu- que de la raison dialectique(၁၉၆၀) တို့ ပါဝင်ကြသည်။

၁၉၄၅ တွင် ဆတ်သည် "Les Temps modernes" အမည်ရ လက်ဝဲယိမ်းဂျာနယ်ကို ထူထောင်၍ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပိုပတ်သက်လာခဲ့သည်။ ထိုနှစ်မှာပင်သူသည် **ယုတ္တိခေတ်** (The Age of Reason) နှင့် **ယာယီသက်သာခွင့်** (Reprieve) တို့ကို ထုတ်ဝေသည်။ ပထမတွဲမှာ ဆွတ်ပျံ့ဖွယ်ပါရီမြင်ကွင်းများကို ရေးဖွဲ့ထားသည်။ ဒုတိယတွဲတွင်ကား စစ်ကြီးဖြစ်မည်ကို ရေးဖွဲ့ထားသည်။ တတိယတွဲဖြစ်သည့် **သံမဏိ စိတ်ဓာတ်** (Iron in the Soul) မှာ ၁၉၄၉ တွင် ထွက်ပေါ်လာသည်။ စတုတ္ထတွဲကိုလည်း စစ်မက်ဖြစ်ပွားချိန်တွင် ဆက်လက်ရေးသားခဲ့သည်။

၁၉၄၃ တွင် ဆတ်သည် ပြဇာတ်များ စတင်ရေးသားလာသည်။

သူ့ပြဇာတ်များက လူ့အဖွဲ့အစည်းအတွက် နိုင်ငံရေးတာဝန်နှင့် လှုပ်ရှားမှုတို့၏ အရေးပါပုံကို အလေးပေးပြောနေကြသည်။ ၁၉၄၃ တွင် အာဏာရှင်စနစ်ကို ဆန့်ကျင်ထားသည့် **ယင်ကောင်များ** (The Flies) ထွက်ရှိလာပြီး ၁၉၄၄တွင် **တရားသူကြီးစဉ်းစားခန်းထဲမှာ**(In Camera) ထွက်လာခဲ့သည်။ သူ၏ စစ်ပြီးခေတ် လူသိအများဆုံးပြဇာတ်များမှာ **ပြစ်မှုသန်သူ** (Crime Passionel) (၁၉၄၉)၊ **မာရ်နတ်နှင့် ဘုရားသခင်** (Lucifer and the Lord) (၁၉၅၁)၊ **ကီးန်** (Kean) (၁၉၅၄) နှင့် **ရှုံးသူ့အနိုင်** (Loser Wins) (၁၉၆၀) တို့ဖြစ်ကြသည်။ ဆတ်သည် Les Jeux sont faits (၁၉၄၇) နှင့် L ' Engrenage (၁၉၄၈) စသည့် ရုပ်ရှင်ဇာတ်ညွှန်းများ ကိုလည်း ရေးသားခဲ့သေးသည်။

Les Temps modernes ဂျာနယ်တွင် ဆတ်သည် ကိုယ်ပိုင်ဝေဖန်ရေးအက်ဆေးများကို ပုံနှိပ်ဖော်ပြခဲ့သည်။ ၎င်းတို့ကို **စာပေအက်ဆေးများ** (Literary Essays) အဖြစ် ၁၉၄၇ တွင် ထုတ်ဝေခဲ့သည်။ ထို့နောက်တွင် စာပေခေါင်းဆောင်များဖြစ်သည့် ဘို့ဒလဲ၊ ယန်း ဂျန်းနက်တို့အား ဝေဖန်သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၇၁ မှ ၇၂ အတွင်း ကျယ်ပြန့်သော်လည်း အပြီးသတ်မသွားသည့်ကိုယ်ရေးအတ္ထုပ္ပတ္တိ L ' Idiot de la famille ကို ရေးသားခဲ့သည်။ **အခြေအနေများ** (Situations) သည်ကား သူ၏ ဆောင်းပါးများ၊ အက်ဆေးများနှင့် အခြားသော သောင်းပြောင်းထွေလာအရေးအသားများကိုစုဆောင်းပြုစုထားခြင်းဖြစ်၏။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် **စကားလုံးများ** (Words) အတွင်း၌ စိတ်ကူးယဉ်လောကတို့အား ဖော်ပြထားခဲ့သည်။ ဆတ်၏ အတွင်းကျကျ အသေးစိတ်ဘဝကို ဆီမွန်ဒီဘူးဗွား၏ ကိုယ်တွေ့မှတ်တမ်း၌လည်း လေ့လာနိုင်သည်။ ၎င်းတွင် သူတို့၏ ကျောင်းနေစဉ်ကာလများမှသည် ဆတ်ကွယ်လွန်သည်အထိ ဆယ်စုနှစ် ငါးခုစာ ခြုံငုံရေးမှတ်ထားခဲ့ပြီး နှစ်ဆယ်ရာစု၏ ဉာဏ်ကြီးရှင်တစ်ယောက် အကြောင်းကို ရုပ်လုံးပေါ်စေခဲ့သည်။



# အန်ဒရေ ဆီဂိုးဗီးယား [ Andre's Segovia ]
# ( ၁၈၉၃ – ၁၉၈၇ )

□ **စပိန်ဂစ်တာပညာရှင်။**

*၂၀ ရာစုနှစ်၏ အခမ်းနားကြီးကျယ်ဆုံး ဂန္ထဝင် (Classical) ဂစ်တာပညာရှင်အဖြစ် ပြိုင်ဘက်မရှိ ကျော်စောခဲ့သည်။ ဂစ်တာတူရိယာအား ပြန်လည်ခေတ်စားလာစေရန် ကြီးစွာဆောင်ရွက်ခဲ့သူဖြစ်သည်။*

၁၈၉၄၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် စပိန်နိုင်ငံတောင်ပိုင်း၊ လီနာရက်စ် မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က စန္ဒရားအတီးသင်ခဲ့သော်လည်း ဂစ်တာကို သာ စိတ်ဝင်စားခဲ့သည်။ ထိုကာလက ဂစ်တာကို လူရာမသွင်းသေးသည့် အပြင် ဂစ်တာတီးနည်းကို ကျွမ်းကျင်စွာ သင်ပြနိုင်သူမရှိသေးသည့် အတွက် ဂစ်တာကို ဆရာလွတ်သင်ယူခဲ့ရသည်။ ဂရန်နာဒါရှိ ဂီတကျောင်း၌ ပညာ ဆည်းပူးခဲ့သည်။ ဂစ်တာတီးရန်အတွက် မိသားစုကို အတိုက်အခံ ပြုခဲ့ရသည်။ သူ၏ ပထမဆုံး ဂီတဖျော်ဖြေပွဲကို ၁၅ နှစ်အရွယ်တွင် ဂရန် နာဒါ၌ ကျင်းပခဲ့ သည်။ ၎င်းပွဲ၏ အောင်မြင်မှုက ဘဝတစ်လျှောက်လုံး ဂစ်တာသမားအဖြစ် အသက်မွေးသွားချင်သည့် သူ့ဆန္ဒကို အားပေးသကဲ့ သို့ ဖြစ်ခဲ့သည်။ ၁၉၁၆

တွင် လက်တင်အမေရိကား ဂီတခရီးစဉ်၌ မက်ဒရစ် နှင့် ဘာစီလိုနာတို့တွင် ဖျော်ဖြေတင်ဆက်ခဲ့သည်။ ထို့နောက် ၁၉၂၄ တွင် ဥရောပနှင့် ရုရှားဂီတခရီးစဉ်ကို ပါရီ၌ ပွဲဦးထွက်ဖျော်ဖြေခဲ့သည်။ ၁၉၂၈ တွင် အမေရိကားသို့ ပထမဆုံးအကြိမ် ခရီးထွက်ခဲ့ပြီးနောက် ကမ္ဘာအနှံ့ ကျော်စောလာခဲ့သည်။ လက်ထိပ်များနှင့် လက်သည်းများကို အသုံးပြု၍ သူမတူ ထူးကဲစွာ ကျယ်ပြန့်လှသည့် အသံအရောင်အသွေးကို ပံ့ပိုးပေးသော သူ့ကိုယ်ပိုင် နည်းစနစ်များသည် လူငယ်ဂစ်တာသမားများအပေါ် အဆုံးစွန်အထိ လွှမ်းမိုးခဲ့သည်။ သူ၏ ဂစ်တာတီးကွက်များမှာလည်း အချိုးအစား သင့်မြတ်လှသည်။ ဆီဂိုးဗီးယားသည် (ဘတ်ချ်အပါအဝင်) ဂန္ထဝင်ဂီတ အရေအတွက်များစွာကို ဂစ်တာဖြင့် ပြန်လည်တီးခတ်နိုင်မည့် တီးကွက်များ ရှာပေးခြင်းဖြင့် ဂီတလောကကို တိုးတက်စေခဲ့သည်။ ဗီလာလိုဘိုစ်၊ ပိုဒရီဂို၊ ဖောလာနှင့် ကက်စတယ်နျူအိုဗို တီဒက်ဆိုစသည့် ဂီတစာဆိုများ ကလည်း ဂစ်တာလာရောက်တီးခတ်ပေးပါရန် အလုပ်အပ်ကြလေသည်။ အသက် ၉၀ ကျော်လာသည့်တိုင် ကမ္ဘာတဝှမ်းတွင် တစ်နှစ်အတွင်း ပွဲ ၆၀ မျှ တီးခတ်ဖျော်ဖြေနေဆဲဖြစ်သည်။ ၁၉၈၇ ခုနှစ် ဇွန်လတွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကွယ်လွန်ခဲ့သည်။

## ရာဗီရှန်ကာ [ Ravi Shankar ]
## ( ၁၉၂၀ – )

□ **အိန္ဒိယလူမျိုး စီတာပညာရှင်နှင့် ဂီတစာဆို။**

*၂၀ ရာစုနှစ်၏ နောက်ဆုံးအနှစ်သုံးဆယ်ကာလအတွင်း အနောက်တိုင်းသို့ အိန္ဒိယဂီတအား စိတ်ဝင်စားလာစေရန် ကြီးစွာစွမ်းဆောင်နိုင်ခဲ့သူ။*

အရွယ်နှင့်မလိုက်အောင် အသိပညာရင့်သန်သော အကသမားနှင့် ဂီတပညာရှင်ရှန်ကာသည် အစ်ကိုဖြစ်သူ **ယူဒေရှန်ကာ** (Uday Shankar) က သူ့အား ဆယ်နှစ်အရွယ်တွင် ပါရီသို့ မခေါ်မီကာလအထိ ပုံမှန်ပညာရေး အနည်းငယ်သာ သင်ယူခဲ့ရသည်။ ၁၉၃၆ တွင် သူသည် အူစတန်အော်လော်ဒင်စန်၊ နောင်တွင် သူ့ဇနီးဖြစ်လာမည့် **အန်နာပူရ်နာ** (Annapura) တို့နှင့် အတူ မိုင်ဟာ၌ ပညာသင်ယူခဲ့ရသည်။ ၁၉၄၀ နှစ်များအလယ်ကာလတွင် ရှန်ကာသည် တေးလက်ာရွတ်ဆိုခြင်းကို ကောင်းစွာ နာယူသင်ကြားခဲ့ရသည်။ ၁၉၄၆ တွင် အောလ်အင်ဒီးယန်း ရေဒီယိုအသံလွှင့်ဌာနနှင့် ဆက် သွယ်မိပြီး တူရိယာကဏ္ဍအတွက် ညွှန်ကြားသူအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ၁၉၅၆ တွင် သူသည် ဥရောပနှင့် အမေရိကားသို့ ဂီတခရီးလှည့်လည်၍ ဖျော်ဖြေပြီး ဂီတပွဲ

နှင့် လက်ာရွတ်ဆိုပွဲတို့၌ ထင်ပေါ်လာခဲ့သည်။ ၁၉၅၈ တွင် ပါရီရှိ ယူနက်စကို ဂီတပွဲ၌ သူဖျော်ဖြေခဲ့ရသည်။ ၁၉၆၃တွင် အီဒင်ဘတ် (Edinburgh) ပွဲတော်၌ ဖျော်ဖြေခဲ့သည်။ ၁၉၆၇ တွင် နယူးယောက်ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဂီတပွဲ၌ တယောပညာရှင် **ရဟူဒီမေနုဟင်** (Yehudi Menuhin) နှင့် တွဲဖက်၍ တီးခတ်ပေးခဲ့သည်။ သူတို့နှစ်ဦးသည် ရပ်မြင်သံကြား အစီအစဉ်များ၌လည်း မကြာမကြာ တွဲ ဖက်ဖျော်ဖြေခဲ့ကြသည်။ ရှန်ကာသည် **ကင်နာရာ** (the Kinnara) အမည်ရ အိန္ဒိယဂီတကျောင်းတစ်ကျောင်းကို လော့အိန်ဂျယ်လိစ်၌ တည်ထောင်ခဲ့သည်။ သူ့ဂီတဖွဲ့ဆိုမှုများထဲတွင် စီတာနှင့် သံစုံတီးဝိုင်းတို့ တွဲဖက်တီးရန် ကွန်ဆာတို နှစ်ပုဒ်ပါဝင်သည်။ ရုပ်ရှင်နောက်ခံဂီတများလည်း သူရေးစပ်ခဲ့သည်။ ၁၉၈၉ တွင် A Broken Branch ရုပ်ရှင်အတွက် နောက်ခံဂီတ ကို ရေးဖွဲ့ပေးခဲ့သည်။ ၁၉၈၆ တွင် သူသည် အိန္ဒိယပါလီမန်လွှတ်တော်တွင် အဖွဲ့သားတစ်ဦး ဖြစ်လာခဲ့သည်။ အိန္ဒိယ ဂန္ထဝင်ဂီတကို နိုင်ငံတကာမြင် ကွင်းထဲသို့ တင်သွင်းပေးနိုင်ခြင်း၊ **စီတာ** (Sitar) ကို အခြေခံသော အိန္ဒိယ ရိုးရာဂီတကို ပိုမိုဖွံ့ဖြိုးကြွယ်ဝစေခြင်းကြောင့် ၁၉၉၂ တွင် ဖိလစ်ပိုင်နိုင်ငံ မှ မက်ဆေးဆေးဆု ချီးမြှင့်ခံခဲ့ရသည်။

## ဂျော့ဘားနတ်ရှော [ George Bernard Shaw ]
## ( ၁၈၅၆ – ၁၉၅၀ )

### ▢ အိုင်ယာလန်ပြဇာတ်ရေးဆရာ၊ ဝေဖန်ရေးဆရာနှင့် ဝါဒဖြန့်ချိသူ။

*၁၉၂၅ တွင် စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ရာ လက်ခံခဲ့သည်။ သို့သော် အခြားသော လူထုဂုဏ်ပြုမှုအားလုံးကို ငြင်းပယ်ခဲ့သည်။*

ရှော၏ မိဘများမှာ ဒဗ္ဗလင်မြို့မှဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့ဟန်ဆောင်တတ်သော လိုက်ဘက်ညီခြင်းမရှိသည့် ဆင်းရဲသားလင်မယားဖြစ်သည်။ ဖခင်ဖြစ်သူက အရက်သောက်ခြင်းကို လျှို့ဝှက်၍ ခွက်ပုန်းချသည်ကို တွေ့ရှိမှုသည် ရှော၏ ကလေးဘဝတွင် မမေ့နိုင်သော အတွေ့အကြုံပင်ဖြစ်တော့သည်။ ၁၈၇၆ တွင် ဝက်စလေကျောင်းသို့ တက်ရောက်ခဲ့ပြီး ကျောင်းစာ၌ စိတ်မဝင်စားခဲ့ပေ။ သို့သော်လည်း မိခင်၏ ဂီတဝါသနာပါမှုက သူ့အာရုံကိုလှုံ့ဆော်ပေးသောကြောင့် ငယ်စဉ်ကပင် ကျယ်ကျယ်ပြန့်ပြန့် စာဖတ်တတ်လာခဲ့သည်။ ၁၈၇၁ တွင် ရှောသည် အိုးအိမ်ဌာန၌ ရုံးစာရေး ဖြစ်လာခဲ့သည်။ ၁၈၇၅ တွင် မိခင်နှင့် ညီမနှစ်ယောက်သည် ရှေ့ရေးအတွက် ဒဗ္ဗလင်ကို စွန့်ခွာသွားကြရာ ရှောနှင့်ဖခင်သာ ကျန်ရစ်ခဲ့၏။ အလုပ်တွင် ရာထူးတက်ရန်ရှိသည့်ကြားမှပင် ရှောသည်လည်း ၁၈၇၆ တွင် ဒဗ္ဗလင်ကို ကျောခိုင်း၍ လန်ဒန်ရှိ

မိခင်နှင့် ဆက်သွယ်ခဲ့သည်။ ထို့နောက် နှစ်အတန်ကြာပင် ဆင်းရဲကျပ်တည်းစွာ နေထိုင်ခဲ့ရသည်။ အလုပ်အကိုင် မဖြစ်သည့် ထိုကာလအတွင်း မအောင်မြင်သော ဝတ္ထုများနှင့် ဆိုရှယ်လစ် အဘိဓမ္မာရှင်းလင်းချက်ကို ရေးသားနေခဲ့သည်။ လက်တွေ့ကျကျ အလုပ် လုပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ရှောသည် ထိရောက်သော တရားဟော ဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ ၁၈၈၄ တွင် သူသည် ဖာဘီယန်အသင်း၏ အစောဆုံးအဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။ ဗြိတိသျှ ပြတိုက် စာကြည့်တိုက်မှ အသိအကျွမ်းတစ်ဦးဖြစ်သည့် ပြဇာတ်ဝေဖန်ရေးဆရာ ဝီလျံအာချာ၏ အားပေးတိုက်တွန်းမှုကြောင့် ရှောသည် **ပေါမောဂေဇက်** (Pall Mall Gazette) တွင် စာအုပ်သုံးသပ်သူဖြစ်လာခဲ့ပြီး **ဝါးလ်** (World) စာစောင်တွင် ပန်းချီ ဝေဖန်ရေးသမားဖြစ်လာခဲ့သည်။ ၁၈၈၈ တွင် **စတား** (Star) စာစောင်၌ ကာနိုဒီဘက်ဆီတို အမည်ဖြင့် ဂီတဝေဖန်ရေးများ ရေးသားလေ ၏။ ၁၈၉၀ တွင် ဝါးလ်သို့ ပြောင်းရွှေ့၍ ဂီတဝေဖန်ရေးများ ရေးသားခဲ့သည်။ ၁၈၉၅ တွင် **စနေရီဗျူး** (Saturaday Review) ၌ ပြဇာတ် ဝေဖန်သူဖြစ်လာချေသည်။

၁၈၈၅ ကတည်းက အာချာနှင့် တွဲဖက်ရေးသားရန် ကြံစည်ခဲ့ သည့် သူ့ပထမဆုံးပြဇာတ် **မုဆိုးဖိုတို့၏အိမ်များ** (Widower's House) ကို ၁၈၉၂ တွင် ရေးသားဖြစ်ခဲ့၏။ သို့သော် ၁၈၉၀ နှစ်များတွင် ရေးသားခဲ့သည့် သူ့ပြဇာတ်များမှာ အတန်ကြာအထိ တင်ဆက်ခွင့်မရခဲ့ပေ။ **မစ္စဝါရင်၏ သက်မွေးဝမ်းကျောင်း** (Mrs Warren's Profession) ပြဇာတ် အား ၁၈၉၈ တွင် **ပြဇာတ်များ ကြိုက်ခြင်းမကြိုက်ခြင်း** (Plays Pleasant and Unpleasant) စာအုပ်၌ ထည့်သွင်းပုံနှိပ်ခဲ့ပြီး ၁၉၂၅ မတိုင်မီ အထိ စင်တင်ကပြရန် တားမြစ်ခံခဲ့ရသည်။ ၎င်းအတွဲရှိ ပြဇာတ်ခုနစ်ပုဒ်တွင် တစ်ပုဒ်စီတိုင်း၌ စကားချီး နိဒါန်းများပါဝင်ကြပြီး၊ နောက်ပိုင်းတွင် ရှောသည် သူ့ပြဇာတ်တိုင်း၌ ရှည်လျား၍ ရသမြောက်သော နိဒါန်းစကားကို အစဉ်ထည့်သွင်းလေတော့သည်။ ၎င်းတို့အား ကွဲပြားခြားနားသော သူ့ထင်မြင်ချက်များကို ဖော်ပြရန် အသုံးပြုလေ့ရှိပြီး ထိုနိဒါန်းအများစုမှာ ပြဇာတ် များနှင့် ဆက်စပ်မနေတတ်ကြပေ။ အခြားပြဇာတ်များမှာအောင်မြင်မှုအနည်း ငယ်သာရကြ၏။ **လက်နက်နှင့်လူ** (Arms and the Man) နှင့် **မာရ်နတ် ၏ သာဝက** (Devil's Disciple) ပြဇာတ်များမှာ ကားလက်ခံမှု ပိုရရှိလာခဲ့သည်။ ၁၈၉၈ တွင် ကြွယ်ဝသော အိုင်းရစ်သူလေး **ရှားလော့ပိန်း တောင်းရှင်း** (Charlotte Payne - Townshend) နှင့် လက်ထပ်သည်။ (၎င်းမှာ အလုပ်ပမ်း၍ သူနေမကောင်းဖြစ်စဉ်ပြုစုစောင့်ရှောက်ခဲ့သူဖြစ်သည်) မေတ္တာကြောင့်မဟုတ်ဘဲ စီးပွားရေးကို အခြေခံထား

သော ထိုအိမ်ထောင်ရေးသည် ဇနီးဖြစ်သူ မကွယ်လွန်မီ ၁၉၄၃ အထိ ခိုင်မြဲခဲ့သည်။ ၁၈၉၉ တွင် ရှော၏မိတ်ဆွေ မစ္စပက်ထရစ်ကမ်းဘဲလ်သည် သူ၏ **ဆီဇာနှင့် ကလီယိုပါထရာ** (Caesar and Cleopatra) ပြဇာတ်၌ ပါဝင်သရုပ်ဆောင်ခဲ့ သည်။ မည်သို့ဖြစ်စေကာမူ ရှောသည် ၁၉၀၄ မတိုင်မီအထိ လန်ဒန် ပြဇာတ်ရုံတွင် အမှန်တကယ် လက်ခံမှုမရရှိခဲ့ပေ။ ထိုစဉ်က သူ့ပြဇာတ်များတွင် **ဂျွန်ဘူးလ်၏အခြားသောကျွန်း** (John Bull's Other Island) နှင့် **လူသားနှင့် မဟာလူသား** (Man and Superman) တို့ ပါဝင်ကြသည်။ စစ်ကြိုခေတ်တွင် အောင်မြင်သည့် သူ၏ အခြားပြဇာတ်များတွင် **မေဂျာဘာဘရာ** (Major Barbara) (၁၉၀၅)၊ **ဆရာဝန့်ပြဿနာ** (The Doctor's Dilemma) (၁၉၀၆)၊ **အန်ဒရိုဆယ်နှင့် ခြင်္သေ့** (Androcles and the Lion) (၁၉၁၃) နှင့် **ပစ်ဂမာလီယွန်** (Pygmalion) (၁၉၁၄) တို့ပါဝင်ကြသည်။ ပစ်ဂမာလီယွန်အား **မိုင်ဖဲယားလေဒီ** (My Fair Lady) အမည်ဖြင့် ၁၉၆၄ တွင် တေးသံစုံဇာတ်အဖြစ် တင်ဆက်ခဲ့သည်။ ရှော၏ **စစ်အကြောင်းလူပြိန်းအတွေး** (Common Sense About the War) အက်ဆေးသည် လူအများစက်ဆုပ်မှုကြီးစွာ ခံခဲ့ရသည်။ သို့သော် စစ်ပြီးနောက် သူ့အောင်မြင်မှုက ၎င်းကိုဖုံးအုပ်သွားခဲ့သည်။ ၁၉၂၁ တွင် **အသည်းကွဲဂေဟာ** (Heartbreak House) ကို လန်ဒန်၌ စင်တင်သည်။ တစ်နှစ်အကြာတွင် ၎င်းပြဇာတ်ကို နယူးယောက်၌ ပထမဆုံးတင်ဆက်ခဲ့သည်။ ရှောသည် ၁၉၂၄ တွင် **စိန့်ဂျုန်း** (Saint Joan) ပြဇာတ်ဖြင့် နိုင်ငံတကာ၌ပါကျော်ကြားလာသည်။ နိုင်ငံရေးသရော်ချက်ဖြစ်သည့် **ပန်း သီးလှည်း** (The Apple Cart) ပြဇာတ်ကို ၁၉၂၉ တွင် ဝါဆောမြို့၌ ပထမဆုံးတင်ဆက်ဖျော်ဖြေခဲ့သည်။

သက်ကြီးပိုင်းရောက်လာသော ရှောသည် ခေတ်ပြိုင်စာစောင်များတွင် အားသွန်ခွန်စိုက် ဆက်လက်ရေးသားခဲ့ပြီး ၁၈၉၀ နှစ်များတွင် အိုက်ဘ်ဆန်နှင့် ဝဂ္ဂနာတို့၏ အားပေးမှုများကို ရရှိခဲ့သည်။ **ပညာတတ်အမျိုးသမီးကြီး၏ ဆိုရှယ်လစ်ဝါဒလမ်းညွှန်** (The Intelligent Woman's Guide to Socialism) (၁၉၂၈) နှင့် **လူမည်းမလေး ဘုရားသခင်ကို စွန့်စားရှာဖွေခန်းများ** (The Adventures of the Black Girl in her Search for God) (၁၉၃၂) ပြဇာတ်တို့မှာ ကျယ်ပြန့်စွာပင် ဖတ်ရှုအားပေးခံရ သည်။ ရှောသည် ပါရမီထူးကဲသော ပေးစာရေးသူဖြစ်သည့်အလျောက် မစ္စပက်ထရစ်ကမ်းဘဲလ်နှင့် အီလန်တယ်ရီတို့ထံ ဆက်သွယ်သော စာများသည်လည်း စိတ်ဝင်စားဖွယ်များဖြစ်လာကြလေသည်။

## ဖရန့် ဆင်နာထရာ
## [ Frank Sinatra ]
## ( ၁၉၁၅ – )



□ **အမေရိကန်အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်။**

အမည်ရင်းမှာ **ဖရန့်စစ် အဲလ်ဘတ်ဆင်နာထရာ** (Francis Albert Sinatra) ဖြစ်သည်။ အီတာလျံမိဘများမှ နယူးဂျာစီ ပြည်နယ်ရှိ ဟော့ဘ်ကန်၌ ဖွားမြင်ခဲ့သည်။ ၁၉၃၈ တွင် ရေဒီယို၌ ပထမဆုံးဓာတ်ပြား ရရှိခဲ့ပြီး ဟယ်ရီဂျိမ်း၊ တော်မီဒေါ်စီတို့၏ တီးဝိုင်းများနှင့် တွဲဖက်သီဆိုခဲ့သည်။ ၁၉၄၃ တွင် သူ့ကိုယ်ပိုင် ရေဒီယိုအစီအစဉ်ကို ထုတ်လွှင့်သည်။ ၁၉၄၀ နှစ်များ အလယ်ပိုင်းတွင် မီးကောင်ပေါက်အရွယ် ဆယ်ကျော်သက်မလေးများ၏ အသည်းစွဲဖြစ်ခဲ့သည်။ ၁၉၄၃ မှ ၁၉၅၁ အတွင်း သူ့တွင် လူကြိုက်အများဆုံး ဓာတ်ပြား ၂၈ ချပ်ရှိခဲ့ပြီး ရုပ်ရှင်ကားတစ်ဒါဇင်ကျော် ထွက်ရှိခဲ့သည်။ ၁၉၅၂ တွင် From Here to Eternity ရုပ်ရှင် ကားအတွက် အကယ်ဒမီဆု ချီးမြှင့်ခံခဲ့ရသည်။ ဒေါ်စီထံမှ သင်ကြားတတ် မြောက်ခဲ့သည့် ထရမ်ဘုန်းမှုတ်ခြင်း အတတ်ဖြင့် သီကုံးမှု၊ မိုက်ကရိုဖုန်းကို ကျွမ်းကျင်စွာ အသုံးချမှု၊ နယ်လ်ဆင် ရစ်ဒယ်စသည့် ထိပ်တန်းဂီတမှူးများ ကို သုံးစွဲနိုင်မှု စသည့်အရည်အသွေးများ က သူ့အား အမေရိကန် ဖျော်ဖြေပွဲများတွင် အကောင်းဆုံးအဆိုတော်တစ်ဦး

ဖြစ်စေခဲ့သည်။ ၁၉၆၀ နှစ်များတွင် ကိုယ်ပိုင် ခါတ်ပြားကုမ္ပဏီထူထောင်ပြီး ကျွမ်းကျင်သော ထုတ်လုပ်သူတစ်ဦးဖြစ်လာခဲ့သည်။ ကောင့်ဘက်စီ၊ ဂျူအယ် လင်တန်တို့၏ တီးဝိုင်းများဖြင့် I Remember Tommy (၁၉၆၂) ကဲ့သို့ သော အယ်လ်ဘမ်များကို ထုတ်လုပ်ခဲ့ သည်။ အဆိုတော်နှင့် သရုပ်ဆောင် နှစ်မျိုးစလုံးအဖြစ် ပါဝင်ရသည့် အခြားရုပ်ရှင်ကား ၃၀ ကို ဖန်တီးခဲ့သည်။ အနုပညာအလုပ်များမှ အနားယူ တော့မည်ဖြစ်ကြောင်း ကြေငြာခဲ့သော်လည်း ပရိသတ်ရှေ့စင်မြင့် မီးရောင် များအောက်မှ ရုန်းမထွက်နိုင်ခဲ့ပေ။ ဘဝနောက် ပိုင်းအချိန်တွင် ဈေးကွက်ဝင် ဝါရင့်အနုပညာရှင်ကြီးအဖြစ် နေထိုင်သွားခဲ့သည်။ ၁၉၉၈ မေလ ၁၄ ရက် တွင် လော့အိန်ဂျလိစ်၌ ကွယ်လွန်သည်။



## စတီဗင်စပီးဘတ်
## [ Steven Spielberg ]
## ( ၁၉၄၇ –        )

□ **အမေရိကန်ရုပ်ရှင်ဒါရိုက်တာနှင့်ထုတ်လုပ်သူ။**

*၁၉၇၀ နှင့် ၁၉၈၀ နှစ်များ၏ အအောင်မြင်ဆုံး စီးပွားဖြစ်ဒါရိုက်တာအဖြစ် ပေါ်ထွက်လာခဲ့သည်။*

အိုဟိုင်းအိုးရှိ ဆင်ဆင်နတီ၌ မွေးဖွားခဲ့သည်။ ကျောင်းသားဘဝမှာပင် အပျော်တမ်းရုပ်ရှင်ကား ရိုက်ကူးခဲ့ပြီး၊ နောက်ပိုင်းတွင် ယူနီဗာဆယ်ပစ်ချာကုမ္ပဏီနှင့်တွဲ၍ ရုပ်သံထုတ်လုပ်မှုများ ဖန်တီးခဲ့သည်။ ၎င်းရုပ်မြင်သံကြားဇာတ်လမ်းများအတွင်း အအောင်မြင်ဆုံးမှာ Duel (၁၉၇၁) ဖြစ်သည်။ ၎င်းဇာတ်လမ်းမှာ ယာဉ်မောင်းတစ်ဦးသည် အလွန်ကြီးမားလေးလံသော ကုန်းလမ်းပို့ဆောင်ရေးယာဉ်တစ်စီးကြောင့် ထိတ်လန့်ဖွယ် ကြုံတွေ့ရပုံကို တင်ပြထားခြင်းဖြစ်သည်။ ထိုဇာတ်လမ်းသည် ဥရောပဆုများ မျိုးစုံရရှိခဲ့ပြီး စပီးဘတ်၏ ဘဝတွင် ရုပ်ရှင်ကို အဓိကလုပ်ငန်းအဖြစ် ဆောင်ရွက်စေရန် တွန်းအားပေး

ခဲ့သည်။ လူသားစားငါးမန်းဖြူတစ်ကောင်အကြောင်း ရိုက်ကူးထားသည့် Jaws(၁၉၇၅) သည် ထာဝရအအောင်မြင်ဆုံး ရုပ်ရှင်ကားဖြစ်လာခဲ့ပြီး နောက်ဆက်တွဲဇာတ်လမ်းပေါင်းမြောက်များစွာ ပေါက်ဖွားစေခဲ့သည်။ စပီးဘတ်သည် ပရိသတ်များကို ထုနှင့်ထည်နှင့် ဆွဲဆောင်နိုင်မည့် ရင်ထိတ်သည်းဖိုနှင့် စိတ်ကူးယဉ်အကြောင်းအရာများကို ဆက်လက်အာရုံစိုက်ခဲ့ပြီး ဂြိုဟ်သားများအကြောင်းဖြစ်သည့် Third Kind(၁၉၇၇)၊ ပူးတွဲ ရေးသားထုတ်လုပ်ခဲ့သည့် သဘာဝလွန် လျှို့ဝှက်သည်းဖိုဇာတ်ကား Poltergeist(၁၉၈၂) တို့ကို ဆက်လက်ရိုက်ကူးသည်။ ၁၉၈၂ တွင် သူကိုယ် တိုင် ရိုက်ကူးထုတ်လုပ်သည့် အာကာသမှဇာတ်ကောင်တစ်ကောင်အကြောင်း ဖြစ်သည့် အာကာသစိတ်ကူးယဉ်ရုပ်ရှင် E.T ထွက်ပေါ်လာပြီး သောက်သောက်လဲအောင်မြင်ခဲ့သည်။ ၎င်းနောက်တွင် Riders of the Lost Ark(၁၉၈၁) ကို အစပြုပြီး Indiana Jones and the Temple of Doom(၁၉၈၄) နှင့် Indiana Jones and the Last Crusade(၁၉၈၉) အစရှိသည့် စွန့်စားမှုရုပ်ရှင်များ တန်းစီ၍ ရိုက်ကူးခဲ့သည်။ ရုံပြည့်လျှံသည့် Gremlins (၁၉၈၄)၊ Back to the Future(၁၉၈၆) နှင့် Who Framed Roger Rabbit?(၁၉၈၈) ကဲ့သို့သော ရုပ်ရှင်များကို ကိုယ်တိုင်ထုတ်လုပ်ခဲ့သကဲ့သို့ ဒါရိုက်တာတစ်ယောက်အဖြစ်လည်း Color Purple(၁၉၈၅) နှင့် Empire of the Sun(၁၉၈၈) တို့ အပါအဝင် လေးနက်သောဇာတ် ကားများ ရိုက်ကူးခြင်းဖြင့် နယ်ပယ်ချဲ့ထွင်ခဲ့ပြန်သည်။ လူကြိုက်များသည့် (သို့) လေးနက်သည့် သူ့ရုပ်ရှင်ကားအားလုံးသည် နည်းစနစ်ထူးချွန်မှု၊ အထူးပြုလုပ်ချက်များ ခမ်းနားမှုနှင့် အဆင့်မြင့်သော ထုတ်လုပ်မှုတို့ကြောင့် နှစ်သက်မြတ်နိုးခြင်း ခံကြရလေသည်။



**ဘရုစ် စပရင်းစတင်း [ Bruce Springsteen ]**
**( ၁၉၄၉ – )**

**□ အမေရိကန်ရော့ခ်အဆိုတော်နှင့် တေးရေးသူ။**

*အမေရိကားရှိ အလုပ်သမားလူတန်းစားအကြောင်း ရေးဖွဲ့ထားသော သူ၏သီချင်းများနှင့် စွမ်းအင်ပြည့်ဝသော စင်မြင့်ဖျော်ဖြေမှုများကြောင့် ဂုရုပြုခံခဲ့ရသည်။*

နယူးဂျာစီပြည်နယ်ရှိ ဖရီးဟိုးလ်၌ မွေးဖွားသည်။ အထက်တန်းကျောင်းမှာပင် စတင်းသည် သူ့ပထမဆုံး ရော့ခ်ဝိုင်းကို ဖွဲ့စည်းသည်။ ၁၉၆၉ မှနေ၍ နယူးယောက်နှင့် အရှေ့ကမ်းရိုးတန်းကလပ်များတွင် ပရိသတ်အား စိတ်လှုပ်ရှားစေသော စင်မြင့်ဖျော်ဖြေရေးသမားအဖြစ် ကျော်စောလာခဲ့ သည်။ စပရင်းစတင်း၏ အစောပိုင်း အယ်လ်ဘမ်များဖြစ်ကြသည့် Greetings from Asbury Park (၁၉၇၃) နှင့် The Wild, the Innocent, and the E-Street Shuffle (၁၉၇၄) တို့မှာ အဓိကအားဖြင့် နယူးဂျာစီလမ်းပေါ်မှ ဘဝ

များကို စိတ်ကူးညဏ်ကွန့်၍ ရေးဖွဲ့ထားသော ဇာတ်လမ်းများဖြစ်သော်လည်း ၎င်းသီချင်းများ၏ စာသားရေးဖွဲ့မှုကို ဘော့ဒိုင်လန်နှင့်ပင် နှိုင်းယှဉ်ခံခဲ့ရသည်။ ပြီးမြောက်အောင်မြင်သော တတိယအယ်လ်ဘမ် **ပြေးဖို့မွေးလာတာ** (Born to Run) (၁၉၇၅) သည် စပရင်းစတင်းအား ရော့ခ်အင်ရိုးသမားအဖြစ် သတင်းကြီးစေခဲ့သည်။ ရှေးကပင် တွဲခဲ့သော မန်နေဂျာတစ်ဦးနှင့် တရားဝင်ရန်ဖြစ်ခဲ့ပြီးနောက် စပရင်းစတင်းသည် ဓာတ်ပြားထုတ်လုပ်ခြင်းကို ရပ်နား၍ ကမ္ဘာလှည့်ဖျော်ဖြေရေးကို အာရုံစူးစိုက် ခဲ့သည်။ Darkness of the Edge of Town (၁၉၇၈)၊ The River (၁၉၈၁) အယ်လ်ဘမ်များဖြင့် စပရင်းစတင်းသည် ဓာတ်ပြားသွင်းယူခြင်းဘက်သို့ ပြန်လှည့်လာခဲ့သည်။ ၎င်းအယ်လ်ဘမ်များထက် ပို၍ စိတ်မသက်သာဖွယ်ရာ ဘဝများကို သရုပ်ဖော်ထားသည့် ၁၉၈၄ ထွက် Born in the USA အယ်လ်ဘမ်မှာ ထူးကဲစွာ အောင်မြင်ခဲ့ပြီး စပရင်းစတင်းမှာလည်း နိုင်ငံရေးကို သီချင်းများဖြင့် ဖော်ပြသည့် အမျိုးသားသူရဲကောင်းတစ်ယောက် ဖြစ်လာခဲ့သည်။ ၎င်းအောင်မြင်မှုကြောင့် သူသည် ဖျော်ဖြေပွဲများစွာ တင်ဆက်ခဲ့ရပြီး၊ အယ်လ်ဘမ်ငါးချပ်မှ လက်ရွေးစင်သီချင်းများကို စင်မြင့်ပေါ်တွင် ဖျော်ဖြေ၍ သွင်းယူခဲ့သော Tunnel of Love အယ်လ်ဘမ်မှာ ၁၉၈၈ တွင် ထွက်ပေါ်လာခဲ့သည်။

## ရင်ဂိုစတား [ Ringo Starr ]
## ( ၁၉၄၀ – )

### □ ဗြိတိသျှ ဒရမ်သမား၊ အဆိုတော် နှင့် ရုပ်ရှင်သရုပ်ဆောင်

*ဘီးတဲလ်စ်ဝိုင်း၏ ဒရမ်သမားအဖြစ်နှင့် ကမ္ဘာပေါ်တွင် လူသိအများဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ ထိုအဖွဲ့ ပြိုကွဲသွားချိန်၌မူ သူ့ဘဝဖြစ်စဉ်မှာ စိတ်ဝင်စားခံရမှု လျော့နည်းသွားရသည်။*

အမည်ရင်းမှာ **ရစ်ချက်စတာကီ** (Richard Starkey) ဖြစ်သည်။ လစ်ဗာပူမြို့၌ မွေးဖွားသည်။ မထင်ရှားသော ကျောင်းသားဘဝကုန်လွန်ပြီးနောက် အလုပ်သင်အင်ဂျင်နီယာ ဖြစ်လာခဲ့သည်။ ခရစ္စမတ်လက်ဆောင်အဖြစ် ဒရမ်တစ်စုံရရှိခဲ့ပြီးနောက်ပိုင်းတွင် ဂစ်တာအဖွဲ့တစ်ဖွဲ့နှင့်သူ ဆက်သွယ်မိသည်။ ၎င်းအဖွဲ့သည် ၁၉၆၁ တွင် ဂျာမနီ ဂီတခရီးစဉ်တစ်ခုကို ရော်ရီစတုမ်း၏ Hurricanes တီးဝိုင်းနှင့်အတူ လှည့်လည်ဖျော်ဖြေခဲ့သည်။ ၎င်းတွင် ဂျွန်လင်နွန်၊ ပေါလ်မက္ကနေ၊ ဂျော့ဟယ်ရစ်ဆင်တို့နှင့် သူ ဆုံဆည်းခဲ့သည်။ အဆိုပါနှစ်အတွင်းမှာပင် ဘီးတဲလ်စ်အဖွဲ့၏ ဒရမ်သမားအဖြစ် **ပိတ်ဘက်စ်** (Pete Best) ၏ နေရာတွင် သူ့အား အစားထိုးခဲ့သည်။သူ့ဒရမ်တီး

ဟန်က ပေါ့ပ်ဂီတလောကကို တွန်းထိုးတိုက်လှဲသွားခဲ့သည်။ နောက်ပိုင်း၌ ဘီးတဲလ်စ်အဖွဲ့သားတစ်ဦးအဖြစ် သီချင်းဝင်ဆိုခဲ့ သည်။ ကျေးလက်ဂီတမှ အတုခိုးထားသည့် Honey Don't နှင့် Act Naturally စသည့် သီချင်းများကို သီဆိုလေ့ရှိသည်။ သူ ပထမဆုံးသီဆို သည့်သီချင်းမှာ **Don't Pass Me By** (၁၉၆၈) ဖြစ်သည်။ **အဝါရောင် ရေငုပ်သင်္ဘော** (Yellow Sub-marine) ကာတွန်းရုပ်ရှင် ကားအတွက် အဓိကဖြစ်သော ခေါင်းစဉ်သီချင်းကိုလည်း သူဆိုခဲ့ရသည်။ သူ့တစ်ကိုယ်တော်ဘဝမှာ စိတ်ပျက်ဖွယ်ကောင်းသော **စိတ်ကူးယဉ်စေသောခရီး** (Sentimental Journey) အယ်လ်ဘမ်နှင့်အတူ ၁၉၇၀ ၌ စတင်သည်။ ယင်းအယ်လ်ဘမ်မှာ ရှေ့ခ်အကြိုကာလအဆင့် သီချင်းများကို စုစည်းထားခြင်းဖြစ်သည်။ ၎င်းနောက်မှထွက်သည့် အောင်မြင်သော အယ်လ်ဘမ်များမှာ **ရင်ဂို** (Ringo) (၁၉၇၃) နှင့် **ကောင်းသောညပါဗီယင်နာ** (Goodnight Vienna) (၁၉၇၄) တို့ဖြစ်သည်။ ၁၉၇၃ တွင် Born to Boogie အမည်ရ မှတ်တမ်းတင်ရုပ်ရှင်ကားတစ်ကား ရိုက်ကူးသည်။ အခြားသော ရုပ်ရှင်ကား ပေါင်းစုံ၌လည်း ပါဝင်ခဲ့လေရာ ၎င်းတို့အနက် That'll Be The Day (၁၉၇၃) ရုပ်ရှင်မှာ ထင်ရှားသည်။

## ဂါးထရုစတိန်း [ Gertrude Stein ]
## ( ၁၈၇၄ – ၁၉၄၆ )

### ▫ အမေရိကန် စာရေးဆရာမနှင့် ပန်းချီကားစုဆောင်းသူ။


*၁၉၃၀မှစ၍ ပါရီတွင်နေထိုင်ပြီး ထိုနေရာတွင် သူမသည် အမေရိကန် ပြေး စာပေအသိုင်းအဝိုင်း၏ ဆုံချက်ဖြစ်လာသည်။*

ပန်ဆိုက်ဗေးနီးယားပြည်နယ်၌ မွေးဖွားသော ဂါးထရုစတိန်းသည် ရက်ကလစ်တက္ကသိုလ်မှ ၁၈၉၇ တွင် ဘွဲ့ရခဲ့သည်။ ၎င်းတွင် **ဝီလျံဂျိမ်းစ်** (William James) ၏ ညွှဲဇာအောက်၌ စိတ္တဗေဒကို စိတ်ဝင်စားမှု ဖွံ့ဖြိုး လာခဲ့သည်။ စတိန်းသည် ဂျွန်ဟော့ပ်ကင်း၏ ဆေးကျောင်း၌ ဦးနှောက်၏ ဖွဲ့စည်းပုံကို လေ့လာရင်း နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့သည်။ သို့သော်လည်း လေ့လာမှုများကို တဖြည်းဖြည်းပင် စိတ်ပျက်လာခဲ့ပြီး ဥရောပရှိ အစ်ကိုဖြစ်သူ လီယို၏နောက်သို့ လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၀၃ တွင် ပါရီ၌ အခြေချခဲ့ပြီး မကြာမီပင် အဲလစ်၊ ဘီ၊ တော့ကလပ်ဆိုသူနှင့် ဆက် သွယ်မိသည်။ ထိုသူမှာ သူမဘဝအတွက် မှီခိုစရာ အပေါင်းအဖော်ဖြစ်လာ ခဲ့၏။ ဟောပြောပို့ချသည့် ခရီးစဉ်များအတွက် ၁၉၂၀ နှစ်များတွင် ဗြိတိန် သို့ သွားရောက်ခဲ့ပြီး ၁၉၃၄

တွင် အမေရိကားသို့ ရောက်ရှိခဲ့သည်။ သို့ သော်လည်း ကွယ်လွန်သည်အထိ ပြင်သစ်၌သာနေထိုင်သွားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း သူမသည် ပါရီမှ ကျေးလက်သို့ ဆုတ်ခွာခဲ့ပြီး ထိုအရပ် တွင် သူမကိုယ်တိုင်နှင့် အခြားသူများ အား ဂတ်စတာပိုပုလိပ်အဖွဲ့ရန်မှ ကာကွယ်ပေးသည့်အလုပ်ကို တက်တက်ကြွ ကြွပင် ဆောင်ရွက်ခဲ့သည်။ ပါရီကျသွားသောအခါ စတိန်းသည် လူငယ်များ အတွက် ယဉ်ကျေးမှုမျက်နှာစာအဖြစ် ဦးစီးခေါင်းဆောင်ခဲ့သည်။ အထူးသဖြင့် အားနက်စ်ဟဲမင်းဝေး ကဲ့သို့သော လူငယ်လေးများအတွက်ဖြစ်ပြီး ၎င်းတို့၏ စကားပြေရေးဟန် ကို သူမက ဩဇာသက်ရောက်ခဲ့သည်။ တိုအောင်ညှပ်ထား သော ဆံပင်နှင့် ပွရောင်းရောင်းအဝတ်အစားများဖြင့် သူမ၏ ပုံရိပ်မှာ နေရာတိုင်း တွင် အသိအမှတ်ပြုခံလာရသည်။ သူမ၏နေဟန်မှာ ကျွမ်းဝင်လွယ်သော် လည်း သူမ၏အရေးအသားများမှာကား ခက်ခဲ၍ ငြီးငွေ့ဖွယ်ကောင်းသည့် အတွက် ကျယ်ပြန့်စွာမဖတ်ရှုနိုင်ကြပေ။ စတိန်းသည် သူ့အစ်ကိုနှင့်အတူ ပီကာဆို၊ မားတိစ်နှင့် ဘရာ့ခ် စသည့် ခေတ်သစ်ပန်းချီဆရာများ၏ ပန်းချီကား များအား ၎င်းတို့နာမည်မကြီးသေးခင် ခပ်စောစောကာလကတည်းကပင် ဝယ် ယူစုဆောင်းခဲ့သည်။ ကုဗဝါဒနောင်တွင် ဖွံ့ဖြိုးလာသောအခါ အကျိုးအမြတ် ရရန် ရည်ရွယ်ခဲ့သည်။ ၎င်းရပိုင်ခွင့်အတွက် ပန်းချီဆရာအများစုသည် အပြင်း အထန်ပင် တိုက်ပွဲဝင်ခဲ့ရသည်။ သူမတွင် ပြင်သစ်နှင့်ပတ်သက်သည့် အသိ ဉာဏ်ဗဟုသုတ ခေါင်းပါးလှသည့်အတွက် စတိန်းသည် သူတို့ပန်းချီဆရာ များ၏ ရပိုင်ခွင့်နှင့်ပတ်သက်၍ အရိပ်အမြွက်ကလေးမျှပင် နားမလည်နိုင်ခြင်း ဖြစ်သည်ဟု ပန်းချီဆရာတစ်ဦးက မှတ်ချက်ချခဲ့သည်။ မည်သို့ပင်ဖြစ်စေ စတိန်းသည် ပန်းချီကားများကို ကောင်းစွာရွေးခြယ်၍ ခေတ်သစ်ပန်းချီကို အရောင်းမြှင့်တင်ပေးခဲ့သည်ကား အမှန်ပင်ဖြစ်သည်။ စတိန်း၏ အရေးအသား အများစုမှာ စမ်းသပ်ချက်ဆန်လှသည်။ ကြိုးပမ်းမှုတစ်ခုမှာကား အစဉ်မပြတ် သော ပစ္စုပ္ပန်အား အနည်းငယ်မျှ ကွဲပြားသော ထပ်ခါ ထပ်ခါ မူကွဲများဖြင့် ဖန်တီးရန်ဖြစ်ပြီး အခြားနည်းစနစ်များကိုလည်း စမ်းသပ်ခဲ့သေးသည်။ သူမ ရေးခဲ့သော စာအုပ်များထဲတွင် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် နားလည်လွယ် သော ဇာတ်လမ်းများဖြစ်သည့် **ဘဝသုံးခု** (Three Lives) (၁၉၀၉)၊ အတီး အမှုတ်ပစ္စည်းများနှင့် စပ်ဆိုင်သော ကဗျာဖြစ်သည့် **နူးညံ့သောကြယ်သီးများ** (Tender Buttons) (၁၉၁၄)၊ သူမ၏ ကိုယ်ပိုင်အတ္တုပ္ပတ္တိမှ အချက်အလက် ယူသည့် **အဲလစ်ဘီတော့ကလပ်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ** (The Au-

tobiography of Alice B. Toklas) (၁၉၃၃)၊ **ပြဇာတ်သုံးခန်းမှသူတော်စင်လေးယောက်** (Four Saints in Three Acts) (၁၉၃၄) အတွက် ဇာတ်သီချင်း၊ ဗာဂျီသွန် မဆင်၊ မားတိစ်၊ ပီကာဆိုနှင့် ဂါးထရုစတိန်းတို့ ပူးပေါင်းသည့် အော်ပရာ တစ်ခု (၁၉၃၈) နှင့် သူမ၏ ဖွဲ့စည်းပုံသီအိုရီနှင့် ဝိလျံဂျိမ်း၊ ဘက်ဂ်ဆင်တို့၏ဩဇာတို့ပါဝင်သော **အမေရိကားမှပို့ချချက်များ** (Lectures in America) (၁၉၃၅) တို့ ပါဝင်ကြသည်။

## ဂျွန်စတိန်းဘက်
**[ John Steinbeck ]**
**( ၁၉၀၂ – ၁၉၆၈ )**



□ **အမေရိကန် ဝတ္ထုရေးဆရာ။**

*ကျော်ကြားမှုနှင့် ဝေဖန်ဂုဏ်ပြုမှုနှစ်ခုစလုံးကို ရရှိခဲ့သည်။ ၁၉၄၀ တွင် ပူလစ်ဇာဆုရရှိခဲ့ပြီး ၁၉၆၂ တွင် စာပေနိုဘယ်ဆု ရရှိခဲ့သည်။*

အမည်အပြည့်အစုံမှာ **ဂျွန်အန်န့်စ်စတိန်းဘက်** (John Ernst Steinbeck) ဖြစ်သည်။ စတိန်းဘက်ကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆာလိနက်စ်၌ မွေးဖွားသည်။ ထိုဒေသကို သူ့စာအုပ်အများစုတွင် ဇာတ်အိမ်တည်၍ ရေးဖွဲ့လေ့ရှိသည်။ စတန်းဖို့ဒ်တက္ကသိုလ်တွင် အဏ္ဏဝါဇီဝဗေဒကို လေ့လာပြီးသည့်နောက် မိခင်ပြည်နယ်သို့ ပြန်မလာမီအထိ နယူးယောက်၌ စာနယ်ဇင်းသမားအဖြစ် လုပ်ကိုင်ခဲ့သည်။ သူ့ပထမဆုံးဝတ္ထုမှာ စိတ်ကူးယဉ် စွန့်စားခန်းဇာတ်လမ်းဖြစ်သည့် **ရွှေခွက်** (Cup of Gold) (၁၉၂၉) ဖြစ်သည်။ ၎င်းနောက်ထွက်ရှိသည့် **ကောင်းကင်ဘုံရှဲ့စားကျက်မြေများ** (The Pastures of Heaven) (၁၉၃၂) နှင့် **မသိသောဘုရားသခင်သို့** (To a God Unknown) (၁၉၃၃) တို့မှာ ပရိသတ်၏ အာရုံစိုက်မှု ကောင်းစွာရရှိခဲ့သည်။ မည်သို့ဖြစ်စေ ကယ်လီဖိုးနီးယားသားများ၏ ဟန်ဆောင်၍ စိတ်ကူးပေါက်ရာလုပ်သည့် စရိုက်များကို ရေးသားဖော်ပြထားသော **တော်တီလာဖလက်**

(Tortilla Flat) (၁၉၃၅) မှာ ရောင်းအကောင်းဆုံးစာအုပ် ဖြစ်လာခဲ့သည်။ ထိုအကြောင်းအရာမျိုးကို ထပ်မံရေးဖွဲ့သည့် **ကင်နရီရိုး** (Cannery Row) (၁၉၄၅)နှင့် **သာယာသောကြာသာပတေးနေ့** (Sweet Thursday) (၁၉၅၄) စသည့် ဝတ္ထုများဖြင့် စတိန်းဘက်သည် နောက်ပိုင်းနှစ်များတွင် အောင်မြင်မှု ခိုင်ခန့်စွာ စိုက်ထူနိုင်ခဲ့သည်။ နောက်ပိုင်းဝတ္ထု များတွင်မူ ရေးဖွဲ့သည့် လေသံ ပြောင်းလဲသွားကာ ပိုမိုလေးနက်၍ လာခဲ့ သည်။ ၎င်းတို့မှာ **သံသယဖြစ်ဖွယ် ကြိုးပမ်းမှု** (In Dobious Battle)(၁၉၃၆)၊ လူသိအများဆုံးဝတ္ထု **တို့ပိုင်တဲ့မြေ** (Of Mice and Men) (၁၉၃၇) နှင့် **ဒေါသမာန်** (Grapes of Wrath) (၁၉၃၉) တို့ဖြစ်ကြသည်။ (တို့ပိုင်တဲ့မြေကို ၁၉၃၉၊ ဒေါသမာန်ကို ၁၉၄၀ တွင် ရုပ်ရှင်ရိုက်ကူးခဲ့သည်) ဈေးကွက်ဝင်၍ လူကြိုက်များသည့် ၎င်းဝတ္ထုများတွင် ရှင်းလင်း လွယ်ကူသော ရေးဟန်နှင့် ပြင်းထန်သော လူမှုဝေဖန်ချက်တို့ ပါဝင်ရောစပ်နေကြသည်။ နောက်ပိုင်းလက်ရာများထဲတွင် **ကော့တက်ပင်လယ်** (Sea of Cortez) (၁၉၄၁)၊ ဝတ္ထုမဟုတ်သော ရသစာပေ ဖြစ်သည့် **ဗုံးများဝေးရာ** (Bombs Away) (၁၉၄၂) နှင့် **တစ်ခါကစစ်ပွဲ** (Once There Was a War) (၁၉၅၈)၊ ဝတ္ထုတိုဖြစ်သည့် **အနီရောင်မြင်းပုလေး** (The Red Pony) (၁၉၄၅)၊ **ပုလဲ** (the Pearl) (၁၉၄၇) နှင့် သောက်သောက်လဲ အောင်မြင်ခဲ့သည့် **ဧဒင်ဥယျာဉ်အရှေ့ဘက်** (East of Eden) (၁၉၅၂) တို့ပါဝင်သည်။ ဧဒင်ဥယျာဉ်အရှေ့ဘက်ကို ၁၉၅၅ တွင် ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။

## အဲဖရက် စတိုင်းဂလစ် [ Alfred Stieglitz ]
## ( ၁၈၆၄ – ၁၉၄၆ )

### ▭ အမေရိကန် ဓာတ်ပုံဆရာ။

*ပြခန်းများတွင် ပြသခြင်း ပုံနှိပ်ခြင်းတို့အားဖြင့် ဓာတ်ပုံပညာရပ်အား အနုပညာလက်ရာအဖြစ် အခြေစိုက်ပေးပြီး အမေရိကန်များအား ခေတ်သစ်အနုပညာနှင့် မိတ်ဆက်ပေးခဲ့သည်။*

သိုးမွေးကုန်သည်တစ်ဦး၏ သားဖြစ်သူ စတိုင်းဂလစ်ကို နယူးဂျာစီ၌ မွေးဖွားသည်။ သူသည် အစပိုင်းတွင် အင်ဂျင်နီယာပညာကို သင်ယူခဲ့သည်။ နယူးယောက်တွင် ဦးစွာသင်ယူ၍ ၁၈၈၁ တွင် ဘာလင်သို့ သွားရောက်ဆည်းပူးခဲ့သည်။ ဘာလင်တွင် သူ၏ ပထမဆုံးကင်မရာကို ဝယ်ယူပြီးနောက် ဓာတ်ပုံနှင့်ပတ်သက်သော သင်ခန်းစာများဘက်သို့ အာရုံပြောင်းသွားလေတော့သည်။ တာထွက်မှစ၍ပင် ဓာတ်ပုံပညာအား ကျိုးကြောင်းဆီလျော်သော အနုပညာပုံစံအဖြစ် အသိအမှတ် ပြုလာစေရမည်ဟု စတိုင်းဂလစ်က သံန္နိဋ္ဌာန်ချထားခဲ့သည်။ ညအချိန်နှင့် မိုးထဲနှင်းထဲတွင် ရိုက်ကူး သည့် ဓာတ်ပုံဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို သူစမ်းသပ်ခဲ့သည်။ ၁၈၉၀ တွင် အမေရိကန်

သို့ ပြန်ရောက်လာပြီး ထိုနှစ်များအတွင်း 'အမေရိကန် အမေချာဖိုတိုဂရပ်ဖာ' မဂ္ဂဇင်းကို တည်းဖြတ်ခဲ့သည်။ ထို့နောက် ဓာတ်ပုံလက်ရာအတွက် ဆုအများ အပြား ရရှိခဲ့သည့်အပြင် နိုင်ငံတကာမှ အသိ အမှတ်ပြုလာကြရသည်။ ၁၉၀၂ တွင် သူနှင့် အက်ဒွပ်စတိန်ချန် အပါအဝင် ဓာတ်ပုံဆရာတစ်စုသည် **ခွဲရေး ဓာတ်ပုံအဖွဲ့** (Photo - Secession) ကို ထူထောင်သည်။ ထိုအဖွဲ့၏ ရည်မှန်းချက်မှာ ဓာတ်ပုံများအား ပန်းချီကား ကဲ့သို့ ပြပွဲတင်၍ ပြသရန်နှင့် **ကင်မရာလက်ရာ** (Camera Work) အမည် ရှိ သုံးလတစ်ကြိမ် စာစောင် ထုတ်ဝေရန်ဖြစ်သည်။ စတိုင်းဂလစ်သည် ၁၉၀၅ တွင် လန်ဒန်မြို့တွင်း ငါးလမ်း၊ အမှတ် (၂၉) တွင် ပြခန်းငယ်ကလေးများ ဖွင့်လှစ်လေသည်။ '၂၉၁' အမည်ရ ပြခန်းတွင်ကား ဓာတ်ပုံတစ်မျိုးတည်းကို သာ ပြသသည်မဟုတ်ဘဲ ခေတ်သစ်ပန်းချီ ပန်းပုပညာရှင်များ၏ လက်ရာ များကိုပါ ပြသလေ့ရှိသည်။ ထိုပြခန်းတွင် ရိုဒင်၊ ဆေဇန်း၊ မားတိစ်နှင့် ပီကာဆိုတို့အပြင် မက်စ်ဝက်ဘာ၊ ဂျော်ဂျီယာ အိုကီးဖီး စသည့် ခေတ်ပြိုင် အမေရိကန်ပန်းချီဆရာများ၏ လက်ရာ များကိုပါ ပြသလေ့ရှိသည်။ စတိုင်း ဂလစ်သည် ပန်းချီဆရာမ အိုကီးဖီးနှင့် ၁၉၂၄ တွင် လက်ထပ်ခဲ့သည်။ ၁၉၁၇ တွင် ၂၉၁ ပြခန်းကို ပိတ်ခဲ့ပြီးနောက် ၁၉၂၅ တွင် **'မိတ်ဆွေရင်းပြခန်း'** ကို ထူထောင်ကာ ၁၉၃၀ တွင် မက်ဒီဆန်လမ်း ၌ **'အမေရိကန်မြို့တော်'** ပြခန်းကို ဖွင့်လှစ်ခဲ့သည်။

စတိုင်းဂလစ်သည် အမှောင်ခန်း လုပ်ငန်းစားမှုကို အနည်းဆုံးထား၍ ပွင့်ပွင့်လင်းလင်း ဓာတ်ပုံရိုက်ကူးရခြင်းကို ထောက်ခံသူဖြစ်သည်။ သူ၏ လူသိ အများဆုံး အစောပိုင်းလက်ရာများမှာ ဆီးနှင်းထဲတွင် မြင်းလှည်းသွား ပုံကို ဝန်းကျင်ပါမကျန် စေ့စေ့စပ်စပ်ရိုက်ပြထားသည့် **အဆုံးစွန်** (The Terminal) (၁၈၉၃) နှင့် သင်္ဘောကုန်းပတ်ပေါ်ရှိ ခရီးသည်များ မြင်ကွင်းကို ထက် ထက်မြက်မြက်ရိုက်ထားသော **ပွဲ့ကိုင်ခြင်း** (The Steerage) (၁၉၀၇)တို့ ဖြစ်ကြသည်။ ၁၉၂၀ မှ ၁၉၃၀ နှစ်များအတွင်း သူ့လက်ရာများထဲတွင် ဇရာမ ပုံကြီးချဲ့ထားသည့် အိုကီးဖီး၏ ပုံတူဓာတ်ပုံအတွဲများနှင့် အနုပညာရှင်၏ ကိုယ်ပိုင်မျှော်လင့်ချက်များ သောကများကို ရောင်ပြန်ဟပ် နေသည့် နေမင်းနှင့် မိုးတိမ်တို့၏ ဆင်တူသော ဓာတ်ပုံများ ပါဝင်ကြသည်။ ၁၉၃၀ နောက်ပိုင်းတွင် စတိုင်းဂလစ်သည် နေမကောင်းသောကြောင့် ရုပ်ပုံများ စုဆောင်းခြင်းကို ရပ်စဲခဲ့ ရသည်။ သို့သော်လည်း ကွယ်လွန်သည်အထိ သူပိုင်သည့် နယူးယောက်မှ ပြခန်းကို ဆက်လက်ဖွင့်လှစ်ထားခဲ့သည်။

## အိုင်ဂါ စထရာဗင်စကီး
**[ Igor Stravinsky ]**
**( ၁၈၈၂ – ၁၉၇၁ )**



□ **ရုရှားဂီတစာဆို။**

*အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။ The Rite of Spring မှ အသံကြောင်များက ခေတ်သစ်ဂီတကို တစ်ခန်းဖွင့်လှစ်ပေးခဲ့သည်။ သူ၏ နောက်ပိုင်းလက်ရာများတွင် ဂန္ထဝင်သစ်ဆန်သောဟန်က ဖွံ့ဖြိုးလာခဲ့ သည်။*

အမည်အပြည့်အစုံမှာ **အိုင်ဂါဖီရိုဒိုရိုဗစ် စထရာဗင်စကီး** (Igor Feodorovich Stravinsky) ဖြစ်သည်။ စိန့်ပီတာစဘတ်အော်ပရာမှ ဦးဆောင် ဘေ့စ်အဆိုတော်၏ သားဖြစ်သည်။ စထရာဗင်စကီးသည် စိန့်ပီတာစဘတ်တက္ကသိုလ်တွင် ဥပဒေပညာသင်ယူရန် စေလွှတ်ခြင်းခံရသည်။ ထိုနေရာတွင် **ရင်မ်စကီကော်ဆာကော့ဗ်** (Rimsky - Korsakov) နှင့် ဆုံဆည်းခဲ့ပြီး နောက်ပိုင်းတွင် ၎င်းနှင့်အတူ တေးရေးဖွဲ့ခြင်းကို သုံးနှစ်ကြာ လေ့လာခဲ့သည်။ သူ့ဂီတကို **ဆာဂျီးဒိုင်ယာဂီလက်** က မျက်စိကျသွားခဲ့ပြီး ပါရီရှိ သူ့ဘဲလေးပြဇာတ်အတွက် တေးရေးဖွဲ့ပေးပါရန် စထရာဗင်စကီးအား အပ်နှံခဲ့သည်။ ၎င်းအတွက် ရေးဖွဲ့သော The Firebird (၁၉၁၀) ၏ အောင်မြင်မှုကြောင့် စထရာဗင်စကီးသည် Petrushka (၁၉၁၁) နှင့် The Rite of Spring (၁၉၁၃) တို့ကို ဆက် လက်ရေးဖွဲ့လေတော့သည်။ The Rite of Spring

အား ပထမဆုံး တင်ဆက်သောပွဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ရင်းနှီးမှုမရှိသေးသော ခေတ်သစ်ဆန်သည့် အသံကြောင်များကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ တစ်နှစ်ကြာပြီးနောက် တီးဝိုင်းခေါင်းဆောင် **ပီယေးမွန်တက်စ်** (Pierre Monteux) ၏ ဝိုင်းဖြင့် နောက်တစ်ကြိမ် ပြန်လည်တင်ဆက်ရာ၌ အောင်မြင်ခဲ့ရသည်။ ပထမကမ္ဘာစစ်ဖြစ်ပွားသောအခါ စထရာဗင်စကီးသည် ဇနီးနှင့်ကလေးများကိုခေါ်၍ ရုရှားကို စွန့်ခွာပြီး ဆွစ်ဇာလန်တွင် အခြေချ နေထိုင်ခဲ့သည်။ ထိုနေရာတွင်နေရင်း ပိုမိုကျဉ်မြောင်းရလာသော တေးဂီတအပိုင်းအစများကို ရေးဖွဲ့မှုပြု၏။ ဥပမာအားဖြင့် The Soldier's Tale (၁၉၁၈) နှင့် Pulcinella (၁၉၁၉) တို့ ဖြစ်ကြသည်။ ယင်းတို့မှာ သူ၏ နှောင်းဂန္ထဝင်ဟန်ပေါ်လာသော ဦးဆုံးလက်ရာများပင်။ ၎င်းဟန်မှ ကွာဝေးသည့် လက်ရာများကိုမူ အကမြင်ကွင်းတစ်ခုဖြစ်သော The Fox (၁၉၁၅–၁၆) နှင့် တစ်ကိုယ်တော်အဆို၊ သံပြိုင်၊ စန္ဒရားလေး လက်နှင့် ဗုံတို့ပါဝင် သော ဘဲလေးပြဇာတ် The Wedding (၁၉၂၃) တို့၌ တွေ့မြင်နိုင်ပေသည်။ ၎င်းကာလအတွင်း စထရာဗင်စကီးသည် ဂျပ်ဇ်ဂီတကိုလည်း စိတ်ဝင်စားလာခဲ့ပြီး ၎င်းဝိသေသလက္ခဏာများသည် Ragtime for Eleven Instruments (၁၉၁၈) နှင့် Paino - Rag Music (၁၉၁၉) တို့ အဖြစ်ပေါ်ထွက် လာကြသည်။ ၁၉၂၀ နှစ်များအတွင်း သူ့တူရိယာ တေးသွားလက်ရာများ သည် (ကွန်ဆာတိုအငယ်စားကဲ့သို့ ဖြစ်နေသည့်) ကီးတစ်ခုတည်းအတွင်းရှိ ခြားနားသော အသံအုပ်စုများ၏ အခြေခံသဘောတရားနောက်သို့ အများဆုံး လိုက်ခဲ့သည်။ ရိုးစင်းမှုနှင့် ဒြပ်မဲ့ဆန်မှု ဟန်များ တိုးပွားလာသော ၎င်းကာလ တွင် **စန္ဒရား ကွန်ဆာတို** (၁၉၂၄) နှင့် Oedipus Rex (၁၉၂၇) အော်ပရာ တို့ဖြင့် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်။ ၎င်းအော်ပရာမှာ **ဂျင်းကော့တေး** (Jean Coctear) ဘာသာပြန်ဆိုသည့် လူများပါဝင်ပတ်သက်မှုမရှိသော လက်တင်မှ ဘာသာရေးပွဲအကြောင်း ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ဘော်စတွန် ဆင်ဖိုနီသံစုံတီးဝိုင်းမှ အပ်နှံခြင်းကြောင့် ရေးစပ်ခဲ့သော The Symphony of Psalms (၁၉၃၀) နှင့်အတူ စထရာဗင်စကီးသည် ပိုမို ကြွယ်ဝ၍ အရောင်အသွေးစုံလာသော ဂီတဖွဲ့ထုံးတစ်ခုဘက်သို့ ကူးပြောင်း လာခဲ့သည်။ ၁၉၂၀ တွင် စထရာဗင်စကီးသည် ဆွစ်ဇာလန်ကို စွန့်ခွာ၍ ပြင်သစ်သို့ထွက်လာပြီး ၎င်းအရပ်တွင် ၁၉၃၉ မတိုင်မီ နေထိုင်သည်။ အတ္တလန်တစ်သမုဒ္ဒရာကို ဖြတ်ကျော်၍ အမေရိကား သို့ သူသွားခဲ့ပြီး ၁၉၄၅ တွင် အမေရိကန်နိုင်ငံသား

ဖြစ်လာခဲ့သည်။ အမေရိကားတွင် နေစဉ်ကာလ အတွင်း အစဉ်အလာ ခရစ်ယာန်ဘုရားရှိခိုးပွဲကို အသုံးချထားသည့် The Mass (၁၉၄၈)၊ ဟိုးဂတ်၏ ပန်းချီကားများကို အခြေခံထားသည့် The Rake's Progress (၁၉၅၁) တို့ကို ဖန်တီးနိုင်ခဲ့သည်။ သူသည် ၁၉၅၀ နှစ်များအတွင်း အပိုင်းအစလေးများထဲတွင် နည်းစနစ်များကို အစဉ်လိုက် အသုံးပြုခြင်းအား စတင်စူးစမ်းရှာဖွေခဲ့သည်။ ယင်းစူးစမ်းလေ့လာမှုများထဲတွင် တန်နာအဆို၊ ကြိုးတပ်တူရိယာလေးလက်နှင့် ထရမ်ဘုန်းလေးလက် တို့အတွက် ရေးစပ်ထားသည့် In Memoriam Dylan Thomas (၁၉၄၅) သည် ဘယ်ခါမှ ချန်လှပ်ထား၍ရမည်မဟုတ်သော အော်ပရာဆန်သည့် တွဲစပ်မှုတစ်ခုပင် ဖြစ်ပေသည်။

## ရာဘင်ဒြာနတ်တဂိုး [ Rabindranath Tagore ]
## ( ၁၈၆၁ – ၁၉၄၁ )

### □ အိန္ဒိယ စာရေးဆရာကြီး။

*၁၉၁၃ တွင် စာပေဆိုင်ရာနိုဘယ်ဆု ချီးမြှင့်ခံရသည်။ ၁၉၁၅ တွင် သူကောင်းပြုခံရသည်။ သို့သော် ၁၉၁၉ တွင် အမ်ရစ္စတာ ဆန္ဒပြပွဲကို ထောက်ခံသောအားဖြင့် ဆာဘွဲ့ကို ပြန်လည်ပေးအပ်ခဲ့သည်။*

တဂိုးသည် ကာလကတ္တားရှိ ထင်ရှားသော ဘင်္ဂါလီမိသားစုမှ ပေါက်ဖွားလာခဲ့သည်။ သူ့ဖခင် **မဟာရိသျှိ ဒီဘန်ဒြာနတ်တဂိုး** (Maharishi Debendranath Tagore) မှာ ဟိန္ဒူပြုပြင်ပြောင်းလဲရေးသမား ဖြစ်ပြီး စိတ်တန်ခိုးလိုက်စားသူဖြစ်သည်။ ပုံမှန်ပညာ သင်ကြားခဲ့ရသော တဂိုးသည် ဘင်္ဂါလီနှင့် အင်္ဂလိပ်ကဗျာများကို ဖတ်ခဲ့ရပြီး အစောပိုင်းအရွယ် ကတည်းကပင် ကဗျာရေးဖွဲ့နေခဲ့လေပြီ။ ၁၈၇၇ တွင် ဥပဒေပညာသင်ရန် အင်္ဂလန်သို့ သွားရောက်ခဲ့သည်။ သို့သော် မကြာမီပင် ပြန်ရောက်လာခဲ့ပြီး ၁၈၈၃ တွင် အိမ်ထောင်ပြုလေ၏။ ထို့နောက် မိသားစုအိမ်ယာများကို ဦးစီးတာဝန်ယူခဲ့ရသည်။ အစောပိုင်း ၁၈၉၀ နှစ်များတွင် တဂိုးသည် ဘင်္ဂါလီဂျာနယ်များ ဦးဆောင်နိုင်ရန် အဓိက ပံ့ပိုးခဲ့သည်။ သူ့ ပထမဆုံး ကဗျာ စုစည်းမှုများဖြစ်ကြသည့် **မန်နာစီ** (Manasi) (၁၈၉၀)၊ **စိတြ** (Chitra) (၁၈၉၅) နှင့် **ဆိုနာတာရီ** (Sonar Tari) (၁၈၉၅) တို့အား ထုတ်ဝေခဲ့ရာ ၎င်းကဗျာများတွင် ပေါရာဏစာပေ

အသုံးအနှုန်းများအစား နေ့စဉ်သုံးစကား ဖြစ်သော ဘင်္ဂါလီစကားကို အသုံးပြုရန် ဦးဆောင်ခဲ့သည်။ သူ့စကားပြေများနှင့် ပြဇာတ်များ၌ ဘင်္ဂါလီစကားကိုပင် အတည်ပြု၍ ရေးသားခဲ့သည်။

၁၉၀၁ တွင် ကာလကတ္တားအနီးရှိ ဘိုလ်ပါ၌ **သျှန်တီနိကေတန်** (Shantiniketan) ကျောင်းကို ထူထောင်၏။ အနောက်တိုင်းကျောင်းများနှင့် အမျိုးသားကျောင်းများကို ရောစပ်ထားသည့် ၎င်းပညာရေးမှာ အောင်မြင်ကျော်ကြားလာခဲ့သည်။ ၁၉၀၈ တွင် သူ၏ အကောင်းဆုံးဝတ္ထု **ဂိုရာ** (Gora) ထွက်ပေါ်လာခဲ့ပြီး သူ၏ အကျော်ကြားဆုံး တေးကဗျာစုစည်းမှု ဖြစ်သည့် **ဂီတဉ္စလီ** (Gitanjali) မှာ ၁၉၁၀ တွင် ထွက်ရှိလာခဲ့သည်။ **အမှောင်ခန်းမရဲ့ဘုရင်ကြီး** (The King of the Dark Chamber) (၁၉၁၀) မှာ သူ့အအောင်မြင်ဆုံး ပြဇာတ်ဖြစ်သည်။ သူ့ပြဇာတ်အများစုမှာ သင်္ကေတဆန်လွန်းပြီး စာပေအပေါ်၌ ဩဇာသက်ရောက်ခဲ့သည်။ ၁၉၁၂ တွင် အင်္ဂလန်သို့ ခရီးထွက်ရာ၌ မိမိဘာသာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ထားသော ဂီတဉ္စလီကို ဝီလျံရိုသမ်စတိန်းနှင့် ဝီလျံဘတ်တယာယိစ်တို့အား ပြသခဲ့သည်။ ၎င်းတို့၏ ထောက်ပံ့အားပေးမှုဖြင့် ဂီတဉ္စလီကို အင်္ဂလန်၌ ထုတ်ဝေခဲ့သည်။ ၁၉၁၂ နှင့် ၁၉၁၃ တွင် အမေရိကန်နှင့် ဗြိတိန်သို့ ဟော ပြောပို့ချရန် လှည့်လည်ခဲ့ရပြီး၊ တဂိုးသည် အနောက်တိုင်း ပညာတတ် အသိုင်းအဝိုင်းအတွင်း၌ ပညာရှိတစ်ဦးအဖြစ် ကြိုဆိုခံရကာ စန်းပွင့်လာခဲ့ သည်။

တဂိုးသည် နိုဘယ်ဆုမှရရှိသောငွေများကို သျှန်တီနိကေတန်အား တိုးမြှင့်ရန်အတွက် သုံးစွဲခဲ့ပြီး ၁၉၄၁ တွင် စိုက်ပျိုးရေးကျောင်းတစ်ကျောင်းကို ထပ်မံဖြည့်သွင်းခဲ့သည်။ ထို့နောက် စာများ ဆက်လက်ရေးသားနေခဲ့ပြီး ၁၉၁၄ တွင် ကဗျာစုစည်းမှု **ဘလ္လာကာ** (Balaka) နှင့် ၁၉၁၆ တွင် **အိမ်နှင့်ကမ္ဘာ** (Home and the World) ဝတ္ထုတို့ ထွက်ရှိခဲ့သည်။ နိုင်ငံရေးရာ၌ သဘာဝကျကျရေးဆွဲမထားသော အိန္ဒိယစည်းမျဉ်းများအား ရှောင်ကျဉ်၍ ထို့အစား အရှေ့နှင့်အနောက် ကမ္ဘာ့အမြင်များအား သဟဇာတဖြစ်စေမည့် နည်းလမ်းများကို သူ ရှာဖွေနေခဲ့သည်။ နိဂုံးတွင် သျှန်တီနိကေတန်၌ နိုင်ငံတကာ တက္ကသိုလ်တစ်ခု ဖြည့်စွက်နိုင်ခဲ့ပြီး သူ့ဘဝ၏ နားနေချိန်များကို ထိုကျောင်း၏ ကိစ္စရပ်များနှင့် အရပ်ရပ်သို့ လှည့်လည်ပို့ချခြင်းများ၌ ခွဲခြမ်း၍ အသုံးပြုခဲ့သည်။ အိန္ဒိယဒဿနများအား အခြားယဉ်ကျေးမှုများအတွက် အဓိပ္ပါယ်ဖွင့်ဆိုပေးနိုင်ရန် သူ ရှာဖွေခဲ့၏။ ၁၉၃၀ တွင် အောက်စဖို့ဒ်၌ ပို့ချခဲ့သော သူ၏ ဟီဗရူးပို့ချချက်များအား စုစည်း၍ ၁၉၃၁ တွင် **လူ၏ ဘာသာရေး** (Religion of Man) အမည်ဖြင့် ထုတ်ဝေခဲ့သည်။

## **အတ်တာတမ် [ Art Tatum ]**
## **( ၁၉၁၀ – ၁၉၅၆ )**

□ **အမေရိကန် လူမည်းဂျပ်ဇ် စန္ဒရားသမား။**

*သူ၏ အံ့မခန်းကျွမ်းကျင်လှသော အနုပညာစွမ်းရည်၏ ဆွဲဆောင်မှုကြောင့် ဂန္ထဝင်စန္ဒရားပညာရှင် ဝေါ်လ်တာ ဂျစ်စီကင်းနှင့် ဗလာဒီမာ ဟိုးရစ်စသူများကပင် ညကလပ်များသို့ လာ၍ သူ့လက်သံကို အမြတ်တနိုး နားဆင်ကြရသည်။*

အမည်ရင်းမှာ **အာသာတာတမ်** (Arthur Tatum) ဖြစ်သည်။ မွေးကတည်းက မျက်စိနှစ်ဖက်စလုံး အတွင်းတိမ်ဖြစ်နေခဲ့ပြီး ခွဲစိတ်ကုသမှုအပြီး၌ မျက်လုံးတစ်လုံးမှာ ကွယ်သွားခဲ့၍ အခြားတစ်လုံးမှာ ခပ်ဝါးဝါးသာ မြင်ရတော့သည်။ အိုဟိုင်းအိုးရှိ ကိုလံဘတ်မြို့မှ မျက်မမြင်ကျောင်းတစ်ကျောင်းတွင် တက်ရောက်ခဲ့ရပြီး တိုလက်ဒိုတွင် ဂီတပညာကို နှစ်နှစ်ကြာ သင်ယူခဲ့သည်။ ပြည်တွင်း ကြေးစားဂီတသမားတစ်ဦးအဖြစ် စတင်ဖျော်ဖြေခဲ့ပြီး နောက်ပိုင်းတွင် ပြည်တွင်းရေဒီယိုအစီအစဉ်များတွင် ပါဝင်တင်ဆက်၍ နိုင်ငံတဝှမ်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ၁၉၃၈ တွင် ဥရောပ၌ ဖျော်ဖြေခဲ့သည်။

များသောအားဖြင့် သုံးယောက်ဝိုင်းတွင် ဘေ့စ်သမား၊ ဂစ်တာသမား တို့နှင့် တွဲဖက်၍ ဖျော်ဖြေလေ့ရှိသည်။ သူ၏ နောက်ဆုံးဂီတပွဲကြီးမှာ ၁၉၅၆ တွင် ဖျော်ဖြေခဲ့သော ဟောလိဝုဒ်လေဟာပြင်ပွဲဖြစ်သည်။ ၁၉၅၀ နှစ်များ အလယ်ပိုင်းတွင် တစ်ကိုယ်တော်တီးခတ်ထားသော ဓာတ်ပြား ၁၂၀ ကျော်ကို ဖန်တီးခဲ့ပြီး သုံးယောက်ဝိုင်း၊ လေးယောက်ဝိုင်းဖြင့် ဓာတ်ပြားမျိုးစုံကိုလည်း အသံသွင်းခဲ့သည်။ တန်နာဆက်ဆိုဖုန်းပညာရှင် ဘန်ဝက်စတာနှင့် တွဲဖက်၍ သွင်းယူသော လေးယောက်ဝိုင်းဓာတ်ပြားအများစုမှာ ၁၉၄၀–၄၁ အတွင်း သယ်ရလွယ်သော အသံသွင်းစက်များဖြင့် ဟာလန်ရှိ ညကလပ်များတွင် ဖျော်ဖြေနေစဉ် ဖမ်းယူခဲ့ပုံရသည်။ ၎င်းတို့မှာ ၁၉၇၃ တွင် **ဘုရားသခင် ကအိမ်ထဲမှာပါ** (God is in the House) အယ်လ်ဘမ် အဖြစ် ထွက်ရှိလာခဲ့သည်။



## ဒိုင်လန် သောမတ်စ် [ Dylan Thomas ]
## ( ၁၉၁၄ – ၁၉၅၃ )

□ **ဝေလနယ်သားကဗျာဆရာ၊ စာရေးဆရာနှင့် အသံလွှင့်သူ။**

နာမည်အပြည့်အစုံမှာ **ဒိုင်လန်မာလေ့စ် သောမတ်စ်** (Dylan Marlais Thomas) ဖြစ်သည်။ ဒိုင်လန်သောမတ်စ်ကို **ဆွမ်ဆီး** (Swansea) ၌ မွေးဖွားသည်။ ဆွမ်ဆီး သဒ္ဒါကျောင်းတွင် တက်ရောက်သည့် ကလေးအရွယ်ကပင် မျှော်လင့်ဖွယ် ကဗျာအရည်အသွေးရှိသူတစ်ဦးအဖြစ် အစွမ်းအစပြခဲ့သည်။ ၁၉၃၁–၃၂ တွင် ဆွမ်ဆီး၌ သတင်းထောက်အဖြစ် ခေတ္တတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကဗျာရေးခြင်းကို အာရုံစူးစိုက်လာခဲ့ သည်။ ၁၉၃၄တွင် **ကဗျာဆယ့်ရှစ်ပုဒ်** (Eighteen Poems) အမည်ရ ကဗျာစာအုပ်ကို ထုတ်ဝေခဲ့ပြီး ထိုနှစ်ကုန်တွင် သောမတ်စ်သည် လန်ဒန်သို့ ပြောင်းရွှေ့လေသည်။ **ကဗျာနှစ်ဆယ့်ငါးပုဒ်** (Twenty-five Poems) စာအုပ်မှာ ၁၉၃၆ တွင် ထွက်ပေါ်လာခဲ့သည်။ ထိုနှစ်တွင် သောမတ်စ်သည် **ကိုင့်တ်လင်း မက်နာမာရာ** (Caitlin Macnamara) နှင့် လက်ထပ်ပြီး လော့ဟန်း၌ အခြေချနေထိုင်လေသည်။ Potrait of Artist as a Young Dog (၁၉၄၀) သည် ကဗျာဆရာ၏ ဝေလပြည်နယ်မှ ကလေးဘဝကို ချစ်ခင်ကြင်နာစွာ ဇာတ်

ကြောင်းပြန်ထားခြင်းဖြစ်၏။ ၎င်းစာအုပ်တွင် သူ၏ နှစ်သက်အားရဖွယ်ရာ အကောင်းဆုံး စကားပြေအချို့ ပါဝင်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း သော မတ်စ်သည် လန်ဒန်၌ အဓိကနေထိုင်သည်။ ၎င်းတွင် ဘီဘီစီ (BBC) အသံလွှင့်ဌာနအတွက် ရေးသားပေးခဲ့ရသည်။ ၎င်းအပိုင်း အစများကို စုစည်းပြီး ၁၉၅၄ တွင် **အစောပိုင်းတစ်နံနက်၏ ငြိမ်ဆိတ်မှု** (Quiet Early One Morning) အမည်ဖြင့် ဖြန့်ချိခဲ့ရာ ထိုစာအုပ်မှာ သူကွယ်လွန်ပြီးမှ နာမည် ကြီးလာခဲ့သည်။ ရေဒီယိုသရုပ်ဆောင်သူနှင့် ကဗျာရွတ်သူတစ်ဦးအဖြစ် လွန်စွာ မှ ကျော်စောခဲ့သည်။ အထူးသဖြင့် Under Milk Wood ရေဒီယိုပြဇာတ်ဖြင့် လူသိများကြသည်။ (၁၉၅၃ တွင် ပထမအကြိမ် အသံလွှင့်ခဲ့သည်) ရုပ်ရှင် ဇာတ်ညွှန်းများနှင့် ပြီးဆုံးမသွားသော ဝတ္ထုရှည်တစ်ပုဒ်ကိုလည်း ရေးသားခဲ့ သေးသည်။ ထိုဝတ္ထုမှာ **အရေပြား ကူးသန်းရောင်းဝယ်ရေးစွန့်စားခန်းများ** (Adventures in the Skin Trade) ဟု အမည်ရပြီး ၁၉၅၅ တွင် ထွက်ရှိခဲ့သည်။ ၁၉၅၀ တွင် ဒိုင်လန် သောမတ်စ်သည် ဟောပြောပို့ချရန်အတွက် အမေရိကား ခရီးစဉ်တစ်ခုကို သွားရသည်။ အဓိကအားဖြင့် ငွေကြေးရရှိရန်အတွက် ဖြစ် သည်။ နှစ်ပေါင်းများစွာ အရက်အလွန်အကျွံသောက်သုံးမှုကြောင့် သူ့ကျန်းမာ ရေးမှာ ဆိုးဆိုးရွားရွား အားပျော့လာခဲ့သည်။ ၁၉၅၂ တွင် သူ၏ **လက်ရွေးစင် ကဗျာများ** (Collected Poems) ကို ထုတ်ဝေသည်။ ၁၉၅၃ နှောင်းပိုင်း၌ Under Milk Wood ကို ပါဝင်တင်ဆက်ရန် နယူးယောက်သို့ တစ်ခေါက် သွားခဲ့သည်။ ၎င်း အသံလွှင့်မှုမှာ အောင်မြင်မှုရရှိခဲ့သည်။ သို့သော် ရက် အနည်းငယ်အတွင်း ၌ပင် အရက်အဆိပ်သင့်၍ ကွယ်လွန်ခဲ့ရလေသည်။



**ဂျိမ်းစ် သာဘာ [ James Thurber ]**
**( ၁၈၉၄ – ၁၉၆၁ )**

□ **အမေရိကန် ဟာသစာရေးဆရာ၊ ပန်းချီဆရာ။**

*New Yorker မဂ္ဂဇင်းနှင့် ကာလကြာရှည်စွာ လက်တွဲ၍ စာပြောင် များ ရေးသားခဲ့သည်။*

အမည်အပြည့်အစုံမှာ **ဂျိမ်းစ်ဂရိုဗာ သာဘာ** (James Grover Thurber) ဖြစ်သည်။ အိုဟိုင်းအိုပြည်နယ်ရှိ ကိုလံဘတ်ဒေသတွင် မွေးသည်။ သာဘာမှာ အိုဟိုင်းအိုတက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၁၉ တွင် ဘွဲ့ရရှိခဲ့သည်။ (ကလေးဘဝက ထိခိုက်မှုတစ်ခုကြောင့် မျက်လုံးတစ်ဖက် ကွယ်သွားခဲ့သည်။ အမြင်အားနည်းမှုက ပညာရေးကို ကြန့်ကြာစေပြီး သူ့ လက်ရာ၌ အကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်) ဝါရှင်တန်ပြည် နယ်ဌာနတွင် ဥပဒေစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်း တွင် ပါရီရှိ သံရုံးသို့ စေလွှတ်ခံခဲ့ရသည်။ များမကြာမီပါရီတွင် ပုံနှိပ်ထုတ် ဝေသည့် **ချီကာဂိုထရီဗျူး** (Chicago Tribune) သတင်းစာတွင် အလုပ် ရှာဖွေရရှိသည်။ ၁၉၂၆ ထိ ပါရီတွင် ဆက်လက်နေထိုင်ခဲ့သည်။ အမေရိကား သို့ပြန်လာပြီးနောက် စာရေး

ဆရာ အီး၊ ဘီ၊ ဝှိုက်၏ အကူအညီကိုတောင်းခံပြီး New Yorker မဂ္ဂဇင်း၌ အလုပ်သစ်ရှာဖွေရရှိခဲ့သည်။ ထိုမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် ခြောက်လကြာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထို့ မကြာမီမှာပင် မဂ္ဂဇင်း၏ ရှေ့မျက်နှာစာတွင် ပါဝင်သည့် **မြို့စကား** (Talk of the Town) ကဏ္ဍမှာ သူနှင့် ကိုက်ညီကြောင်း သာဘာ တွေ့ရှိသွားလေသည်။ နယူးယောက်ကားမဂ္ဂဇင်းနှင့် သူ၏ တွဲဖက်လုပ်ကိုင်မှုမှာ ခိုင်မြဲလာခဲ့ပြီး၊ အကျော်ကြားဆုံးအယ်ဒီတာ **ဟာရိုး ရော့စ်** (Harold Ross) ၏ လက်အောက်တွင် ၎င်းမဂ္ဂဇင်း၏ အဖွံ့ဖြိုးဆုံး ကာလများကို **ရော့စ် နှစ်ကာလများ** (The Years with Ross) စာအုပ်ဖြင့် မှတ်တမ်းတင်သူ ဖြစ်လာခဲ့သည်။ သာဘာ၏ ဟာသတွင် တိကျသောကြေကွဲမှုနှင့် မညည်း မညူ သည်းခံမှုတို့ကို ပုံပြင်၊ ဇာတ်လမ်းနှင့် ရသစာ ပုံစံတို့ဖြင့် ရေးမှတ်လေ့ ရှိသည်။ သူ့စာများတွင် သူရဲဘောနည်းသော ယောကျ်ားများ၊ အထက်စီးမှ ဆက်ဆံတတ်သော မိန်းမများနှင့် တိရစ္ဆာန်များသည် မျှော်လင့်မထားသော နေရာများတွင် အဓိပ္ပါယ်ကောက်ရခက်စွာ ပေါ်ပေါက်လာပုံများကို မဖွံ့ဖြိုးသေးဟု ထင်ဖွယ်ရှိသောမျဉ်းများဖြင့် မကြာမကြာ သရုပ်ဖော်ရေးဆွဲလေ့ရှိ သည်။ (သူပုံတစ်ပုံဆွဲသောအခါ၌ မည်သို့ပေါ်ထွက်လာမည်ကို ကြိုသိမထားပါဟု သာဘာက ပြောခဲ့ဖူးသည်) နယူးယောက်ကားတွင် သူ ရေးသားခဲ့သည့် စာတိုပေစ အားလုံးကို စုစည်းသည့် စာအုပ်များအနက် **လိင်ကိစ္စဟာ လိုအပ်သလား** (Is Sex Necessary?) (၁၉၂၉) ကို အီး၊ ဘီ၊ ဝှိုက်နှင့် ပူးတွဲထုတ်ဝေခဲ့သည်။ ၎င်းမှာ လိင်လက်စွဲ စာအုပ်များကို သရော်ထားသည့်စာအုပ်ဖြစ်သည်။ ကျန်ရှိသောစာအုပ်များမှာ **ထပ်ခိုးထဲက ဇီးကွက်နှင့် အခြားစိတ်ရှုပ်စရာများ** (The Owl in the Attic and Other Perplexities) (၁၉၃၁)၊ **အိပ်ခန်းထဲမှ ပင်လယ်ဖျံနှင့် အခြားအကျဉ်းအကျပ်များ** (The Seal in the Bedroom and Other Predicaments) (၁၉၃၂)၊ **ကျွန်ုပ်ဘဝနှင့် ခက်ခဲသောကာလများ** (My Life and Hard Times) (၁၉၃၃)၊ **ပျံသန်းနေသောကောင်းကင်ဘားတန်းပေါ်မှ အလယ်ခေတ်လူသား** (The Middle Aged Man on the Flying Trapeze) (၁၉၃၅)၊ **ကျွန်ုပ်တို့ခေတ်၏ ပုံပြင်များနှင့် သရုပ်ဖော်ထားသော ထင်ရှားကျော်ကြားကဗျာများ** (Fables for Our Times, and Famous Poems Illustrated) (၁၉၄၀)၊ **ကျွန်ုပ်၏ကမ္ဘာနှင့် ၎င်းမှကြိုဆိုပါ၏** (My World - And Welcome to It) (၁၉၄၂) တို့ဖြစ်ကြသည်။ **ဝေါလ်တာ**

**မစ်တီ၏ လျှို့ဝှက်သောဘဝ** (The Secret Life of Walter Mitty) (၁၉၄၅) မှာ သာဘာ၏ ကျော်ကြားသောပုံဝတ္ထုဖြစ်သည်။ ၁၉၄၅ ထွက် **သာဘာပွဲတော်** (The Thurber Carnival) မှာလည်း ထင်ရှားသည်။ ကလေးများအတွက်လည်း စာပေါင်းစုံ ရေးသားခဲ့သေးသည်။ ၎င်းတို့အနက် **နာရီဆယ့်သုံးလုံး** (The Thirteen Clocks) (၁၉၅၈) နှင့် (အီးလီးယော့နျူးဂျင့်နှင့် ပူးတွဲထုတ်ဝေခဲ့သည့်) **ဖိုသတ္တဝါ** (The Male Animal) (၁၉၄၀) ဟာသပြဇာတ်တို့ပါဝင်ကြသည်။



## အာတူရို တော်စကန်နီနီ [ Arturo Toscanini ]
## ( ၁၈၆၇ – ၁၉၅၇ )

### ▭ အီတလီ ဝိုင်းအချက်ပြဆရာ။

*သူ့ခေတ်တွင် အကောင်းဆုံးဂီတ စကားပြန်တစ်ဦး။*

ကိုးနှစ်အရွယ်တွင် တော့စကန်နီနီသည် ပါးမားဂီတကျောင်းသို့ တက်ရောက်ခဲ့ပြီး ၎င်းတွင် ချယ်လိုတယော၊ စန္ဒရားနှင့် တေးရေးဖွဲ့မှုတို့ကို ဆည်းပူးခဲ့သည်။ ၁၈၈၅ တွင် အမှတ်အများဆုံးဖြင့် ဘွဲ့ရရှိခဲ့သည်။ ကြေးစား ဂီတသမားဘဝကို သံစုံတီးဝိုင်းတယောသမားအဖြစ် စတင်ပြီး ၁၈၈၇ တွင် ဂီတစာဆို **ဗားဒီ** (Verdi) ၏ Otello ကို ပထမဆုံး တင်ဆက် ဖျော်ဖြေခဲ့ရ သည်။ ၁၉ နှစ်သားအရွယ်တွင် အီတလီအော်ပရာအဖွဲ့တစ်ဖွဲ့နှင့်အတူ ဘရာဇီး သို့ သွားရောက်ဖျော်ဖြေခဲ့သည်။ ၎င်းတွင် ဗားဒီ၏ Aida ကို တင်ဆက်ရန် တော်စကန်နီနီအား အချက်ပြညွှန်ကြားသူအဖြစ် အစားထိုးခဲ့ရာတွင် သူက တစ်ပုဒ်လုံးကို အလွတ်ညွှန်ကြားနိုင်သောကြောင့် ကြီး စွာ အောင်မြင်ခဲ့သည်။ ၁၈၉၂ နှင့် ၁၈၉၆ တို့တွင် ပထမဆုံးအနေဖြင့် I pagliacci နှင့် La Boheme တို့ အပါအဝင် အချက်ပြသည့် တာဝန်များ ထမ်းဆောင်ခဲ့ပြီးနောက် လာစကာ

လာနှင့် မီလန်ရှိ အီတလီအော်ပရာဇာတ်ရုံ များတွင် ဂီတဒါရိုက်တာတစ်ဦး ဖြစ်လာခဲ့သည်။ လာစကာလာသို့ ပြန် မရောက်မီအထိ ၎င်းအော်ပရာအဖွဲ့တွင် **ပူစီနီ** ၏ Turandot ကို ၁၉၂၆ တွင် ပထမဆုံး အချက်ပြ၍ တင်ဆက်ခဲ့ပြီး ဝဂ္ဂနာနှင့် ရစ်ချက်စရပ်တို့၏ ဂျာမန်အော်ပရာများကို အီတာလျံပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သည်။ နောက်ပိုင်းတွင် သူသည် ၁၉၂၉ မှ ၃၆ အတွင်း နယူးယောက်ဖီလာ ဟာမိုးနစ် သံစုံတီးဝိုင်း၏ အချက်ပြခေါင်းဆောင်လုပ်ခဲ့ပြီး (၁၉၃၇–၅၃) တွင် အမျိုးသားအသံလွှင့်ကုမ္ပဏီသံစုံတီးဝိုင်း၌ အချက်ပြဆရာ ဖြစ်လာခဲ့သည်။ မတိမ်းစောင်းဘဲ မြဲမြံသောပညာပြည့်ဝသူ တော်စကန်နီနီသည် တီးမှုတ်သူ အဖွဲ့သားများထံမှ စုပေါင်းတာဝန်ယူမှုကို တောင်းခံတတ်သည်။ ဦးဆောင်အချက်ပြမှု ပြုလုပ်ချိန်၌ ဖြစ်ပွားလာသော အမြင်ကျဉ်းမှုများကို သူ၏ ထူးခြားသောအာရုံဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်စိတ်ချလေ့ရှိသည်။

## ဂျွန် အပ်ပဒိုက်
**[ John Updike ]**
( ၁၉၃၂ – )



□ **အမေရိကန် ဝတ္ထုရေးဆရာ နှင့် ကဗျာဆရာ။**

*သူ၏ ရယ်စရာမောစရာဖြစ်၍ ရသမြောက်သောရေးဟန်ဖြင့် ယုန် ထင်ကြောင်ထင်ဖြစ်စေရန် ရေးဖွဲ့လေ့ရှိသော်လည်း သူ ပြောလိုသည့် လေးနက် သောအရာများကိုမူ ဖုံးကွယ်မထားခဲ့ပေ။*

အပ်ပဒိုက်ကို ပန်ဆိုက်ဗေးနီးယားပြည်နယ်ရှိ ရှီလင်တန်၌ မွေးဖွား သည်။ ဟားဗတ်မှ ဘွဲ့ရရှိပြီးနောက် အောက်စဖို့တက္ကသိုလ်တွင် တစ်နှစ်ကြာ အချိန်ကုန်ခဲ့သည်။ ၁၉၅၅ တွင် **နယူးယောက်ကား** (New Yorker) မဂ္ဂဇင်း အတွက် သတင်းထောက်ဖြစ်လာသည်။ ထိုကာလအတွင်း ဝတ္ထု မဟုတ်သော စာတိုပေစများနှင့် ဝတ္ထုတိုကဲ့သို့သော ကဗျာများ အပါအဝင် သူ့အစောပိုင်း လက်ရာများဖြင့် အစွမ်းအစပြခဲ့သည်။ သူ၏ ပထမဆုံးပုံနှိပ် စာအုပ်မှာ ကဗျာ စုစည်းမှုဖြစ်သည့် The Carpentered Hen and Other Tame Creatures (၁၉၅၈) ဖြစ်သည်။ ၎င်းနောက် တစ်နှစ်အကြာတွင် ပထမဆုံးဝတ္ထု စာအုပ်ဖြစ်သည့် The Poorhouse Fair ထွက်ရှိခဲ့သည်။ သူ၏ အကျော်ကြား ဆုံးစာအုပ်မှာ Rabbit, Run (၁၉၆၀) ဖြစ်ပြီး ၎င်း၏ နောက်ဆက်တွဲများ

အဖြစ် Rabbit Redux (၁၉၇၁)၊ ပူလစ်ဇာဆုရရှိသည့် Rabbit is Rich (၁၉၈၁)၊ ဒုတိယမြောက် ပူလစ်ဇာဆုရရှိသည့် Rabbit at Rest (၁၉၉၀) တို့ ထပ်မံထွက်ရှိလာကြသည်။ The Centaur (၁၉၆၃)၊ Of the Farm (၁၉၆၅)၊ The Witches of Eastwick (၁၉၈၄) အပါအဝင် အခြားသော ဝတ္ထုများတွင် ခေတ်ပြိုင်စာရေးဆရာတိုင်းကို ယှဉ်ပြိုင်နိုင် သည့် အပ်ပဒိုက်၏ နက်ရှိုင်းသော ထိုးထွင်းသိမြင်နိုင်စွမ်းနှင့် နည်းစနစ် ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတို့ကို ထုတ်ဖော်ပြသခဲ့သည်။ နောက်ပိုင်းထပ်မံ ထွက်ရှိခဲ့သည့် အခြားသော လက်ရာများထဲတွင် ကဗျာစာအုပ်ဖြစ်သည့် **သဘာဝကိုရင်ဆိုင်ခြင်း** (Facing Nature) (၁၉၈၅)၊ ဝတ္ထုတိုလက်ရွေး စင်စာအုပ်ဖြစ်သည့် **ယုံကြည်ပါ** (Trust Me) (၁၉၈၇) နှင့် ပင်ကိုယ်ရေး အတ္ထုပ္ပတ္တိဖြစ်သည့် **ကိုယ်ပိုင်အသိတရား၊ ကိုယ်တွေ့မှတ်တမ်း** (Self- Consciousness: Memoirs) (၁၉၈၉) တို့ ပါဝင်ကြသည်။

## အန်ဒီ ဝါးဟိုး [ Andy Warhol ]
## ( ၁၉၃၀ – ၁၉၈၇ )

### □ အမေရိကန် ပေါ့ပ်ပန်းချီဆရာ။

*ပေါ့ပ်ပန်းချီကို ဦးဆောင်ခဲ့သူ။ ရုပ်ဒီမိတ်အနုပညာကို တင်ပြ ခဲ့သူ။*

တိုင်းတစ်ပါးမှ ပြောင်းရွှေ့အခြေချခဲ့သော ချက်လူမျိုး မိဘများ၏ သားဖြစ်သူ ဝါးဟိုးသည် ပန်ဆိုက်ဗေးနီးယားပြည်နယ်၌ မွေးဖွားကြီးပြင်းခဲ့ သည်။ အမည်ရင်းမှာ **အန်ဒရူးဝါးဟိုးလား** (Andrew Warhola) ဖြစ် သည်။ ကာနက်ဂျီနည်းပညာသိပ္ပံတွင် ရုပ်ပုံဒီဇိုင်း ပန်းချီရေးဆွဲခဲ့ဖူးသည်။ ပထမဆုံး တစ်ကိုယ်တော်ပြပွဲပြသခဲ့ပြီးနောက် ဆယ်နှစ်အကြာတွင် သူသည် လူသိအများဆုံးနှင့် အငြင်းပွားဖွယ်အဖြစ်ဆုံး ပေါ့ပ်ပန်းချီဆရာတစ်ဦးဖြစ် လာခဲ့သည်။ ဝါးဟိုးသည် မဂ္ဂဇင်းများမှ စိတ်ဝင်စားဖွယ်ကင်းမဲ့သော သရုပ် ဖော်ပုံများအား ယူငင်၍ ၎င်းတို့အား အနည်းငယ်သာ ကွာဟမှုရှိသော မူကွဲ ပုံများကို ထပ်ကာထပ်ကာ အသုံးပြု၍ ပြန်လည်ဖန်တီးခဲ့သည်။ (ဥပမာအား ဖြင့် သူဆွဲသည့် **စွပ်ပြုတ်ဗူး ၁၀၀** (100 Soup Cants) (၁၉၆၂) ကဲ့သို့ သော ပန်းချီကားမျိုး ဖြစ်သည်။) သူ့လက်ရာများထဲတွင် ပုဂ္ဂိုလ်စွဲကင်းမဲ့

နေစေရန်နှင့် စက်နှင့်လှည့်ထုတ်သကဲ့သို့ အစုလိုက် အပုံလိုက် ထုတ်လုပ်ပေးနိုင်ရန် သူ ရည်ရွယ်ထားခဲ့သည်။ 'ကျွန်တော် ယန္တရားတစ်ခုဖြစ်ချင်ပါတယ်' ဟု သူ ပြောခဲ့သည်။ 'လူတိုင်းဟာ အတူတူဖြစ်နေခဲ့ရင် သိပ်ကြောက်စရာကောင်းမှာပဲလို့ ကျွန်တော် တွေးမိတယ်ဗျာ' ပုံနှိပ်ပိုးထည်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် သူ ပြုလုပ်ခဲ့သည်။ ၎င်းတို့ကို **'စက်ရုံ'** ဟု သူ့ဘာသာ အမည်ပေးထားသည့် ကိုယ်ပိုင်စတူဒီယိုတွင် လက်ထောက်များ အကူအညီဖြင့် ဖန်တီးခဲ့ခြင်းဖြစ်သည်။ 'ငွေ့စရာကောင်းတဲ့အရာတွေကို ကျွန်တော်ကြိုက်တယ်' ဟု သူ၏ သဘောပေါက်ရန်ခက်သည့် ခြောက်နာရီကြာသော ရုပ်ရှင် **အိပ်ခြင်း** (Sleep) (၁၉၆၄) တွင် ပြောကြားခဲ့သည်။ ၁၉၆၅ တွင် ပန်းချီဆရာအဖြစ်မှ အနားယူပြီး ရုပ်ရှင်လောက၌ နှစ်မြုပ်ခဲ့သည်။ သူ၏ **ချယ်လက်စီမိန်းကလေးများ** (Chelsea Girls) မှာ စီးပွားဖြစ်ရုပ်ရှင်ရုံများတွင် ပြသသည့် ပထမဆုံး မြေအောက်ရုပ်ရှင်ကား ဖြစ်သည်။ ထို့နောက် (The Velvet Underground) အပါအဝင် ရော့ခ်အဖွဲ့များအတွက် ပုံများရေးဆွဲပေးခဲ့သည်။ ၁၉၇၅ တွင် ထွက်ရှိသည့် သူ၏ **အန်ဒီဝါးဟိုး အဘိဓမ္မာ** (The Philosophy of Andy Warhol) စာအုပ်၌ 'စီးပွားဖြစ်ပန်းချီသည် ပန်းချီ၏ အနုပညာနောက်၌ ထွက်ပေါ်လာ သည့် လှေကားထစ်ဖြစ်ပေသည်' ဟု ရေးသားခဲ့လေသည်။



**ဗာဂျီးနီးယားဝုဖ် [ Virginia Woolf ]**
**( ၁၈၈၂ – ၁၉၄၁ )**

## ▭ ဗြိတိသျှဝတ္ထုရေးဆရာမနှင့် ဝေဖန်ရေးဆရာမ။

*စိတ်ပိုင်းဆိုင်ရာ ချူချာသော အမျိုးသမီး၊ စိတ်ကျရောဂါစွဲကပ်ခဲ့ပြီး အဆုံးတွင် မိမိကိုယ်ကိုပင် အဆုံးစီရင်သွားခဲ့သည်။ သူမ၏အရေးအသားများတွင် ခေတ်ပြိုင်စာရေးဆရာမများ၏ အပေါ်ယံဆန်သောရုပ်ဝါဒကို ငြင်းပယ်ခဲ့ပြီး ကိုယ်ပိုင်စရိုက်သဘာဝများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ခံစားမှုများကို ခမ်းနား၍ ကဗျာဆန်သော အရှိန်ပြင်းသည့် အရေးအသားဖြင့် တင်ပြ၏။ နေရာသစ်သို့ ဖောက်ထွက်နိုင်ခဲ့သည်။*

အမည်အပြည့်အစုံမှာ **အဒီလိုင်း ဗာဂျီးနီးယားဝုဖ်** (Adeline Virginia Woolf) ဖြစ်၏။ ထင်ရှားသော စာပေပညာရှင် ဆာလက်စလီ စတီဖင်၏ ဒုတိယဇနီးမှ မွေးသော သမီးဖြစ်သည်။ ငယ်မည်မှာ **ဗာဂျီးနီးယားစတီဖင်** (Virginia Stephen) ဖြစ်သည်။ ကလေးဘဝ၌ တုန်လှုပ်တတ်ပြီး နုံးညံ့သော ဗာဂျီးနီးယားသည်အိမ်မှာပင် ပညာသင်ကြားခဲ့ရသည်။ ဖခင်က အဓိက သင်ကြားပေးရသည်။ ၁၈၉၅ တွင် မိခင်ကွယ်လွန်ပြီး ၁၉၀၄

တွင် ဖခင်ကွယ်လွန်ရခြင်းက သူမအား ပထမဆုံးအကြိမ် ကျန်းမာရေးကို ချို့ယွင်းစေခဲ့သည်။ ၎င်းနောက်တွင် ဗာဂျီးနီးယား၊ သူ့မောင် သော်ဘီနှင့် အစ်မ ဗန်နက်ဆာ တို့သည် လန်ဒန်ရှိ ဘလွမ်းဘယ်ရီဒေသရှိ နေအိမ်တွင် အခြေချခဲ့ကြရသည်။ ကိန်းဘရစ်တက္ကသိုလ်တွင် သော်ဘီနှင့် အဖွဲ့ကျလာသော ဘလွမ်းဘယ်ရီစာရေးဆရာ ပန်းချီဆရာများအုပ်စုနှင့် သူမ ထိတွေ့လာရသည်။ ထိုအုပ်စုတွင် စာရေးဆရာ လီယိုနာ့ဒ်ဝုဖ်နှင့် ကလိုက်ဘဲလ်တို့ ပါဝင်ကြသည်။ မကြာမီပင် ဗန်နက်ဆာမှာ ကလိုက်ဘဲလ်နှင့် လက်ထပ်ခဲ့သည်။ အခြားအဖွဲ့ဝင်များမှာ ရော်ဂျာဖရိုင်း၊ ဂျေ – အမ် – ကိုင်နီးစ်နှင့် လိုင်တွန်စရားရီးတို့ ဖြစ်ကြသည်။ ၁၉၀၆ တွင် သော်ဘီမှာ အူရောင်ငန်းဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ရသောကြောင့် ဗာဂျီးနီးယားမှာ နောက်ထပ် ကျန်းမာရေးချို့ယွင်းလာခဲ့ရပြန်သည်။

၁၉၁၂ တွင် ဗာဂျီးနီးယားသည် လီယိုနာ့ဒ်ဝုဖ်နှင့် လက်ထပ်သည်။ သူက ဗာဂျီးနီးယား၏ စိတ်ကျန်းမာရေးကို အလေးထားစောင့်ရှောက်ပေးခဲ့ပြီး သူမကို တည်ငြိမ်၍ စာရေးလာနိုင်စေရန် ကူညီပေးခဲ့သည်။ သူမ၏ ပထမဆုံးဝတ္ထုရှည်များဖြစ်ကြသည့် **ပင်လယ်ခရီး** (The Voyage Out) (၁၉၁၅) နှင့် **ညနဲ့နေ့** (Night and Day) (၁၉၁၉) တို့တွင် တီထွင် ဆန်းသစ်မှု မပါရှိကြသေးပေ။ သို့သော် **ဂျက်ကော့၏အခန်း** (Jacob's Room) (၁၉၂၂) ဖြင့် သူမအား တီထွင်ဆန်းသစ်သော တန်းမြင့်စာရေးဆရာအဖြစ် စတင် အသိအမှတ်ပြုလာရသည်။ ၁၉၂၀ နှစ်များတွင် သူမခင်ပွန်းသည် နေးရှင်းသတင်းစာ၏ စာပေအယ်ဒီတာဖြစ်လာသည်။ သူတို့ နှစ်ဦးသည် ၁၉၁၇ တွင် စာအုပ်ထုတ်ဝေရေးအတွက် ဟိုးဂတ်ပုံနှိပ်တိုက်ကို အတူတကွ တည်ထောင်ခဲ့ကြသည်။ ထိုကာလအတွင်း ဗာဂျီးနီးယားဝုဖ်သည် သူမ၏ အကောင်းဆုံးဝတ္ထုရှည်နှစ်ပုဒ်ဖြစ်သည့် **မစ္စက်ဒယ်လိုဝေး** (Mrs Dallo- way) (၁၉၂၅) နှင့် **မီးပြတိုက်သို့** (To the Lighthouse) (၁၉၂၇) တို့အားရေးဖွဲ့သည်။ ထိုဝတ္ထုနှစ်ပုဒ်စလုံးတွင် ဇာတ်အိမ်မှာ လွန်စွာမှ နည်းပါး၍ အရေးမပါလှဘဲ သူမ၏ စရိုက်များ၊ အတွေးများနှင့် ဆက်စပ်မှုများကိုသာ ဦးစားပေးရေးဖွဲ့ထားသည်။ ၎င်းဝတ္ထုများအပြင် သူမ၏ အက်ဆေးများကို စုစည်းထားသည့် ပထမဆုံးစာအုပ်မှာ **သာမန် စာဖတ်သူ** (The Common Reader) အမည်ဖြင့် ၁၉၂၅ တွင် ထွက်ပေါ်ခဲ့ သည်။ **တစ်ဦး ပိုင်အခန်း** (A Room of One's Own) (၁၉၂၉) တွင် မဟာအမျိုးသမီး ဝါဒအပေါ် စိတ်ဝင်စားမှုကို ဝန်ခံ

ထားခဲ့သည်။ သူမ၏ စိတ်ကူးဉာဏ်အရင့် သန်ဆုံးလက်ရာဖြစ်နိုင်သည့် ၁၆ ရာစုနောက်ခံ စိတ်ကူးယဉ်ဇာတ်လမ်း **အော်လန်ဒို** (Orlando) (၁၉၂၈) သည် ပရိသတ်အား အတော်အတန် အုတ်အုတ်ကျွတ်ကျွတ်ဖြစ်စေခဲ့သည်။ သူမနှင့် လိင်တူဆက်ဆံသော အချစ်တော်စာရေးဆရာမ ဗီတာဆက်ဗီလီဝက်စ်အား ရည်စူး၍ ဤစာအုပ်ကို ရေး သားခဲ့ခြင်းဖြစ်သည်။ ထိုဝတ္ထုကို စတက်ဗီလီဘိုးစဉ်ဘောင်ဆက်နေအိမ်တွင် ဇာတ်အိမ်တည်ထားပြီး လေးရာစုအကွာမှ အော်လန်ဒိုနှင့် ဆက်သွယ်ပေးထားသည်။ အဓိကဇာတ်ကောင်ဖြစ်သည့် အော်လန်ဒိုသည် ဒုတိမြောက် ချားလ်စ်ဘုရင်လက်ထက်တွင် လိင်ပြောင်းလဲ ခြင်းကို တွေ့ကြုံခံစားရပုံအား ရေးဖွဲ့ထားသည်။ ထိုသို့ စာရေးခြင်းကြောင့် အာရုံကြောနွမ်းနယ်ပင်ပန်းနေသည့်အကြားမှာပင် ဗာဂျီးနီးယားဝုဖ်သည် မှန်မှန်ပင် စာအုပ်ဆက်ထုတ်နေခဲ့သည်။ **လှန့်သံ** (Flush) (၁၉၃၃)မှာ အဲလိဇဘက်ဘဲရက်ဘရောင်းနင်း၏ ခွေးပုလေးအကြောင်း ထင်မိထင်ရာ စိတ်ကူးပေါက်ရောက် ရေးဖွဲ့ထားသော အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ သူမ၏ အရေးအပါဆုံး နောက်ပိုင်းလက်ရာများမှာ **လှိုင်းများ** (The Waves) (၁၉၃၇) နှင့် ကွယ်လွန်ပြီးမှ ထုတ်ဝေသော **ဟန်ဆောင်မှုများအကြားမှာ** (Between the Acts) (၁၉၄၁) တို့ဖြစ်သည်။ ၎င်းအပြင် အက်ဆေးနှင့် ဝတ္ထုတိုများကိုလည်း ရေးသားခဲ့သေးသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး မကြာမီပင် ဝုဖ်သည် လန်ဒန်ကို ကျောခိုင်း၍ ရော့မဲလ်ရှိ ဆက်ဆက်စ် နေအိမ်တွင် သွားရောက်နေထိုင်လေ၏။ ဤတွင် ဗာဂျီးနီးယား၏ စိတ်ကျ ရောဂါမှာ ပိုမိုဆိုးရွားလာပြီး ၁၉၄၁ ဆောင်းရာသီတွင် မြစ်ထဲခုန်ချ၍ သူ့ကိုယ်သူ သတ်သေသွားခဲ့သည်။ သူမ၏ တည်းဖြတ်ထားသော ပေးစာ များနှင့် မှတ်တမ်းများသည် သူမ၏ စာပေနှင့် အနုပညာ အသိုင်းအဝိုင်း အတွင်း ထိစပ်မှု၊ သူမ၏ ရောဂါဝေဒနာပြင်းထန်မှုတို့နှင့် ဆက်စပ်နေကြောင်း ထုတ်ဖော်ပြသနေပေသည်။

# ဝီလျံ ဘတ်တလာယိစ်
**[ William Butler Yeats ]**
**( ၁၈၆၅ – ၁၉၃၉ )**



□ **အိုင်ယာလန်ကဗျာဆရာ၊ ဝေဖန်ရေးဆရာနှင့် ပြဇာတ်ရေး ဆရာ။**

*စာပေဆိုင်ရာ နိုဘယ်ဆုကို ၁၉၂၃ တွင် ရရှိခဲ့သည်။*

ယိစ်သည် ဒဗ္ဗလင်မြို့အနီးရှိ ပရိုတက်စတင့်မိသားစုအတွင်းမှ ပေါက်ဖွားလာသည်။ ဖခင်မှာ ပန်းချီဆရာဖြစ်၍ ညီဖြစ်သူမှာ ပန်းချီဆရာ **ဂျက်ယိစ်** (Jack Yeats) ဖြစ်သည်။ သူသည် လန်ဒန်၌ တစ်ပိုင်း၊ မိခင်အိမ်ရှိရာ ဆလီဂို ဒေသ၌ တစ်ပိုင်း ကြီးပြင်းလာခဲ့သည်။ ဆလီဂိုတွင် ယိစ် သည် တောပိုင်းဒေသ၏ အလှကို အာရုံဝင်စားခဲ့ပြီး သူ့အစောပိုင်းအရေး အသားပေါ်တွင် အကျိုးသက်ရောက်စေမည့် အိုင်ယာလန် ဒဏ္ဍာရီများကို ရှာဖွေတွေ့ရှိခဲ့သည်။ ၁၈၈၀ တွင် ယိစ်သည် ဒဗ္ဗလင်အထက်တန်းကျောင်း သို့ စေလွှတ်ခံရသည်။ သို့သော် ၁၈၈၇ တွင် သူ့မိသားစု လန်ဒန်သို့ ပြန်လာရချိန်၌ သူလည်း အတူ လိုက်ပါလာခဲ့ရသည်။ သူ့ပထမဆုံး ကဗျာ စာအုပ် **အွိုင်ဆင်၏ခရီးများ** (The Wanderings of Oisin) (၁၈၈၉) ကို လက်ခံမှုရရှိခဲ့ခြင်းက အနုပညာကျောင်း၌ စာပေသင်ယူရန် တွန်းအားဖြစ်လာခဲ့သည်။ သူ့ပထမဆုံးကဗျာ ပြဇာတ် **မြို့စားကတော် ကက်သလင်း** (The Countess Cathleen) (၁၈၉၂) ၊ **ဖြိတိန်၏ ဝိုးတဝါးအတိတ်ကာလ** (The Celtic Twilight)


(၁၈၉၃) မှ ဇာတ်လမ်းများ၊ **ကဗျာများ** (Poems) (၁၈၉၅) မှ ကဗျာဖွဲ့နည်းများနှင့် **ကျူရိုးကြားတိုက်တဲ့လေ** (The Wind Among the Reeds) (၁၈၉၉) တို့သည် အိုင်ယာလန်ရိုးရာ အကြောင်းအရာများကို မြတ်နိုးမှုနှင့် သူ၏ စာရေးသူအဖြစ် ပြည့်စုံရှင်သန် လာမှုနှစ်ခုစလုံးကို သရုပ်ဖော်ပြသနေပေသည်။ ထိုကာလအတွင်း အိုင်ယာ လန်ရီပတ်ဘလစ်ကန်လှုပ်ရှားမှုကိုလည်း သူ စိတ်ဝင်စားလာခဲ့သည်။ သူ့အား ဖန်နီယမ်၊ ဂျွန်အိုလီယာရီနှင့် မော့ဒ်ရန်းတို့က ကြီးစွာလွှမ်းမိုးခဲ့သည်။ မော့ဒ်ရန်းကို သူ့အချစ်ကဗျာထဲ၌ပင် အာရုံဝင်စား၍ ရေးဖွဲ့ခဲ့သည်။ သူ့ အစောပိုင်းနှစ်ကာလများအတွင်း အဖြစ်အပျက်များကို ဇာတ်ကြောင်းပြန်ရေး သားထားသည့် **ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများ** (Autobiographies) မှာ ၁၉၂၆ တွင် ထွက်ရှိခဲ့သည်။ ၎င်းတွင် **ကလေးဘဝနှင့် လူငယ်ဘဝကို ကျော်လွန် စိတ်ကူးယဉ်ခြင်း** (Reveries over Childhood and Youth) နှင့် **အဖုံးအကွယ်၏တုန်လှုပ်ခြင်း** (The Trembling of the Veil) (၁၉၂၂) တို့ ပါဝင်ကြသည်။

၁၈၉၇ တွင် လေဒီဂရီဂေါရီ၏ တိုက်တွန်းအားပေးခံရသော ယိစ်သည် အိုင်ယာလန်အမျိုးသားဇာတ်ရုံထူထောင်ရန် ဆန္ဒပြင်းပြခဲ့သည်။ ၁၈၉၉ တွင် ဒဗ္ဗလင်၌ မြို့စားကတော်ကက်သလင်းကို တင်ဆက်သောအခါ၌ တက်ကြွရဲရင့်သော ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခြင်းအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ၎င်းပြဇာတ်သည် အက်ဆီဇာတ်ရုံ၌ ပိုမိုဖွံ့ဖြိုးကြီးထွားလာခဲ့သည်။ မော့ဒ်ရန်းအား အဓိကဇာတ်ကောင်နေရာမှထားသည့် ယိစ်၏စကားပြေပြဇာတ် **ကက်သလင်း နီ ဟိုလီဟန်** (Cathleen ni Houlihan) (၁၉၀၂) သည် အက်ဘီဇာတ်ရုံတွင် အစောဆုံးအောင်မြင်ခဲ့သည့် ပြဇာတ်တစ်ပုဒ် ဖြစ်သည်။ ယိစ်သည် ထိုဇာတ်ရုံ၏ ဒါရိုက်တာအဖြစ် မကွယ်လွန်မီအထိ ထမ်းဆောင်ခဲ့ပြီး ပြဇာတ်အများအပြား ရေးသားပေးခဲ့သည်။ ၎င်းတို့အထဲ တွင် **ဒိုင်းယားဒရီး** (Deirdre) (၁၉၀၇)၊ **အစိမ်းရောင်သံခမောက်** (The Green Helmet) (၁၉၁၀)၊ ဂျပန်ပြဇာတ်၏ သြဇာသက်ရောက်သော **ကြောင်နှင့်လမင်း** (The Cat and the Moon) (၁၉၂၄)၊ ပျံလွှားငှက် အကြောင်း ရေးဖွဲ့ထားသည့် **ပြတင်းမှန်ပေါ်မှ စကားလုံးများ** (The Words Upon the Window Pane) (၁၉၃၄) တို့ ပါဝင်ကြသည်။ ပြ ဇာတ်နှင့် ကဗျာများအပြင် ယိစ်ရေးသည့် ဝေဖန်ရေးနှင့် စာပေအက်ဆေးများ မှာလည်း အတွဲနှင့်ချီ၍ ရှိပေသည်။ ၎င်းတို့အထဲတွင် **ကြောင်ကျောက်တစ်လုံးကို ဖြတ်တောက်ခြင်း** (The Cutting

of an Agate) (၁၉၁၂)၊ **ပါ အမေရိကားဆိုင်လန်တီယာလန်နေး** (Per America Silentia Lunae) (၁၉၁၈)၊ **ပြဇာတ်များနှင့် အငြင်းအခုံများ** (Plays and Controversies) (၁၉၂၃) တို့ ပါဝင်ကြသည်။ **အမြင်တစ်ခု** (A Vision) (၁၉၂၅) က လျှို့ဝှက်ဆန်းကြယ်နှင့်အတူ သူ့အာရုံစူးစိုက်မှု ကြီးထွားလာခြင်းကို ပြသနေသည်။

ယိစ်၏ အစောပိုင်း အိမ်လွမ်းစိတ္တဇ ကဗျာအဖွဲ့အနွဲ့သည် ဇာတ်ခုံထက်မှ အကြောင်းအရာများအဖြစ် သန်စွမ်းလာခဲ့ပြီး အိုင်ယာလန်နိုင်ငံရေး သရုပ်မှန်များနှင့် ပါဝင်ပတ်သက်လာခဲ့သည်။ **တာဝန်များ** (Responsibilities) (၁၉၁၄) နှင့် **ကူလာမှ ငန်းရိုင်းများ** (The Wild Swans at Coola) (၁၉၁၇) တို့က ထိုအပြောင်းအလဲကို ပြသနေသည်။ ၎င်းဟန်မှာ **မိုက်ကယ်ရိုဘာတီနှင့် ကချေသည်** (Michael Robartes and the Dancer) (၁၉၂၁) တွင် တောင့်တင်းခိုင်မာလာခဲ့သည်။ ၁၉၂၂ မှ ၁၉၂၈ အထိ ယိစ်သည် အိုင်ယာလန်လွတ်မြောက်ရေးပြည်နယ်တွင် အထက်လွှတ်တော်အမတ်ဖြစ်ခဲ့သည်။ သို့သော် ဒဿနနှင့် နက်နဲသောအယူအဆတို့ သည် အိုင်ယာလန်နိုင်ငံရေးထက် ပိုမိုအရေးကြီးသည်ဟု ယူဆလာချိန်၌ ဘဝ၏ နောက်ပိုင်းနှစ်များကို စာရေးခြင်း၌သာ မြှုပ်နှံစူးစိုက်လေတော့ သည်။ **မျှော်စင်** (The Tower)(၁၉၂၈) နှင့် **ကြောင်လိမ်လှေကား** (The Winding Stair) (၁၉၃၃) တို့တွင် သူ၏ အကျော်ကြားဆုံးနှင့် အခက်ခဲဆုံး ကဗျာအချို့ ပါဝင်သည်။ ၁၉၃၃ တွင် ယိစ်၏ **လက်ရွေးစင်ကဗျာများ** (Collected Poems) ကို ထုတ်ဝေသည်။ သူ၏ **လက်ရွေးစင် ပြဇာတ်များ** (Collected Plays) (၁၈၉၂–၁၉၃၄) မှာကား ၁၉၃၄ တွင် ထွက်ရှိလာခဲ့သည်။

**ရန်နောင်ဦး**


၂၀ရာစု